

ဦးမင်းရှိန်

# အပ္ပနာဈာန်လမ်း

ကိုယ်တိုင်အားထုတ်သော သမထလက်တွေ့သိပ္ပံနည်း

ဦးမင်းရှိန်

ကိုယ်တိုင်အားထုတ်သော သမထ
လက်တွေ့သိပ္ပံနည်း

# အပ္ပနာဈာန်လမ်း

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

ဇွဲစာပေရိပ်မြုံ
အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

F 1

ပထမ အကြိမ်

( ၁၉၇၄ ခု၊ ဇွန်လ ၁ )

အုပ်ရေ - ၂၀၀၀

—

အဖိုး ၅-ကျပ်

ပန်းချီ-စံတိုး

ချုပ်နှောဖုံးရိုက်- ဒွေး

ပထမတွဲ

၂၉-၃-၇၄) စာသားရေးဆိုင်ရာခွင့်ပြုချက် (မ ၉၉၀-က) နှင့်

ဒုတိယတွဲ

(၃-၄-၇၇) စာသားရေးဆိုင်ရာခွင့်ပြုချက် [၇၁၂၃]

—

ပုံနှိပ်/ထုတ်ဝေ

ဒေါ်ဒေါ်ခင်းရင် [မြ ၀၁၁၃၂] ဇွဲစာပေရိပ်မြုံ၊ အမှတ် ၁၉၅၊ ခ-၄၊ ၃၃-လမ်း၊ ရန်ကုန်မြို့ကထုတ်ဝေ၍။ ဒေါ်ဒေါ်ခင်းရင် [မြ-၀၁၅၅၅] ဇွဲ-စာပုံနှိပ်တိုက် ၁၇၂၊ ၃၃-လမ်း ရန်ကုန်မြို့က ရိုက်နှိပ်သည်၊

# မာတိကာ


၁။ ပဏာမ .... ၇

၂။ နိဒါန်း .... ၉

၃။ စာရေးသူ၏အမှာ .... ၁၁

၄။ အတ္တုပ္ပတ္တိအကြောင်း .... ၁၇

၅။ သမထအကြောင်း .... ၄၁

၆။ စရိုက်(၆)ပါး .... ၄၇

၇။ စရိုက်နှင့်ကမ္မဋ္ဌာန်း .... ၄၈

၈။ သမထ(၄၀)တွင်နုတ်ချစ်သည့်ကမ္မဋ္ဌာန်း .... ၄၉

၉။ သမထအကျိုး .... ၅၂

၁၀။ ကသိုဏ်း ၁၀-ပါးအားထုတ်ပုံ .... ၅၄

၁၁။ သတိတရားဖြစ်ပေါ်လာခြင်းအကြောင်း .... ၆၉

၁၂။ တေဇောကသိုဏ်းအားထုတ်ပုံအစီအစဉ် .... ၇၃

၁၃။ နိမိတ် ၃-ပါးအကြောင်း .... ၈၁

၁၄။ ပီတိ ၅-ပါးအကြောင်း .... ၈၃

၁၅။ ဝသီဘော် ၅-ပါးအကြောင်း .... ၈၅

၁၆။ တေဇောကသိုဏ်းရှုနည်းဇယား .... ၈၉

၁၇။ ပထမဆင့် မျက်စိအကျင့်ပြုလုပ်နည်း .... ၉၀

၁၈။ ဒုတိယဆင့် တေဇောကသိုဏ်းအားထုတ်နည်း .... ၉၅

၁၉။ တတိယဆင့်တေဇောကသိုဏ်းအားထုတ်နည်း .... ၁၀၂

၂၀။ စတုတ္ထဆင့် တေဇောကသိုဏ်းအားထုတ်နည်း .... ၁၀၈
၂၁။ ပဉ္စမဆင့် တေဇောကသိုဏ်းအားထုတ်နည်း .... ၁၁၄
၂၂။ ဈာန်တက်ရန် ဆရာရှာခြင်း .... ၁၁၉
၂၃။ အပ္ပနာဈာန်တက်ရန် အစီအစဉ် .... ၁၂၁
၂၄။ ပထမဈာန်သို့ တက်ပုံအကြောင်း .... ၁၂၈
၂၅။ ပထမဈာန်ကို ဝင်စားခြင်း .... ၁၃၁
၂၆။ ဒုတိယဈာန်ကို ဝင်စားခြင်း .... ၁၃၆
၂၇။ တတိယဈာန်ကို ဝင်စားခြင်း .... ၁၄၁
၂၈။ စတုတ္ထဈာန်ကို ဝင်စားခြင်း .... ၁၄၆
၂၉။ အပ္ပနာဈာန်ဇော ဝိထိကျပုံ .... ၁၄၉
၃၀။ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပုံ .... ၁၅၂
၃၁။ အာနာပါနဿတိ အကြောင်း .... ၁၅၆
၃၂။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ တိုက်တွန်း-
နှိုးဆော်သော အာနာပါနအကြောင်း .... ၁၆၂
၃၃။ ထိုင်ခြင်းအကြောင်း .... ၁၆၆
၃၄။ လက်ထားခြင်းအကြောင်း .... ၁၆၈
၃၅။ အာနာပါန ထွက်သက်ဝင်သက်ရှုခြင်း .... ၁၇၁
၃၆။ တရားထိုင်နည်း .... ၁၇၃
၃၇။ အမျှပေးဝေခြင်း .... ၁၇၆
၃၈။ နီဝရဏတရား ၅-ပါးအကြောင်း .... ၁၇၉
၃၉။ ပထမဆင့် အာနာပါန အားထုတ်မှုစခန်း .... ၁၈၁
၄၀။ ဒုတိယဆင့် အာနာပါန အားထုတ်မှုစခန်း .... ၁၉၈
၄၁။ တတိယဆင့် အာနာပါန အားထုတ်မှုစခန်း .... ၂၁၈
၄၂။ အပ္ပနာဈာန်သို့တက်ရန် အစီအစဉ်အကြောင်း.... ၂၃၁

၄၃။ အပ္ပနာစျာန်စိတ်၏ အကျိုးဖြစ်ပေါ်ပုံ .... ၂၃၉
၄၄။ အဘိဉာဉ်ပြုလုပ်ပုံအကြောင်း .... ၂၄၃
၄၅။ အဘိဉာဉ် ၅-ပါး .... ၂၄၆
၄၆။ စာရေးသူ၏ တင်ပြရှင်းလင်းချက် .... ၂၅၄
၄၇။ နိဂုံး .... ၂၆၅
၄၈။ သစ္စာပြုဆုတောင်း .... ၂၆၇

# ပဏာမ

## ဗုဒ္ဓံ ဓမ္မံ သံဃံ အဟံဝန္ဒာမိ

ဗုဒ္ဓါဒိရတနတ္တယံ၊ ဝန္ဒိတွာနသာဒရံ။
မာတာပိတုအာစရိယံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။

### အနက်

ဗုဒ္ဓါဒိ၊ ဘုရားအစရှိကုန်သော။ ရတနတ္တယံ၊ ရတနာမြတ်သုံးပါးတို့ကို။ သာဒရံ၊ ရိုသေစွာ။ ဝန္ဒိတွာန၊ ရှိခိုးဦး၍။ မာတာပိတုအာစရိယံ၊ မိဘဆရာသမားတို့ကို၊ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ လက်ဆယ်ဖြာကို ထိပ်မှာ တင်မိုး၍၊ ရှိခိုးကန်တော့လိုက်ပါ။

ဤသို့ရတနာမြတ်သုံးပါးနှင့် မိဘဆရာသမားတို့အား ရှိခိုး ကန်တော့ပြီးပါ၍ ဤလောကကြီး၌ အပ္ပနာစျာန်တန်ခိုးဖြင့် သာသနာပြုသွားနိုင်ကြရန်အတွက် ပုဂ္ဂိုလ်မြတ်တို့က ကျွန်ုပ်အား အပ္ပနာစျာန်လမ်းကို အားထုတ်ရန် တိုက်တွန်း နှိုးဆော်စေခိုင်း သည်၊ ထိုလမ်းစဉ်ကို ဖတ်ရှုသူတိုင်း မှတ်သား၍ လိုလားကြ ပါလျှင် အားထုတ်သွားကြနိုင်ရန် ရည်ညွှန်းသောစေတနာဖြင့် သေချာဂဏ ဖေါ်ပြရေးသားခြင်းတို့ကို ပဏာမ အနေဖြင့် ထည့်သွင်းရေးသား မှာကြားအပ်ပါသည်။

# နိဒါန်း

ဝိပဿနာယာနိကကို လိုလားတောင့်တ၍ အားထုတ်နေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ သမထယာနိကကိုလိုလားတောင့်တ၍ အားထုတ်နေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အပ္ပနာဈာန်လမ်းခရီးဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုသွားလို ဆိုက်ရောက်လိုကြပါလျှင် ကျွန်ုပ်သည်ဖြောင့်တန်းသော စေတနာဖြင့် လက်တွေ့သိပ္ပံအားထုတ်မှု အလုပ်စခန်းကို ထုတ်ဖော်ရေးသားရာတွင် ဟုတ်မှန်သည့် အတိုင်းမဆိုင်းမချို့၊ မလျှို့မဝှက်ဘဲ အချက်ကျကျနှင့် အားထုတ်ရာတွင် မခက်ရအောင် ရည်ဆောင်ဖော်ပြ နိဿယျလုပ်ထုံး အကုန်လုံးကို သိမ်းကျုံးထည့်သွင်း ဖော်ပြရေးသားထားပါသည်။

ဤနည်း၊ ဤလမ်း၊ ဤစခန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြပါလျှင် မကြုံစဖူး၊ မတွေ့ဘူးသေးသော ပတ္တမြားရတနာကို တွေ့မြင်ရရှိကြသလို ရင်ခွင်မှာပိုက်၍ နှစ်ခြိုက်အားရ ဝမ်းမြောက်ရဘိသကဲ့သို့ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်ကို ရလာသည့်အခါတွင် မနောဓာတ်ဒယ ကြည်ရွှင်၍ နှလုံးမွေ့လျော် အလွန်ပျော်ဘွယ်ရာဖြစ်လာပေသည်။ ထိုမှတဖန် ဈာန်လမ်းအဆင့်ဆင့်ကို တက်၍ အားထုတ်ပြန်သော် အပ္ပနာဈာန်ကို ဆိုက်ရောက်လာသည့်အခါ ချမ်းသာပျော်မွေ့ ငြိမ်းအေးခြင်းကိုတွေ့ရ၍ ကြားစရာရှိလျှင် ကြားလာရသည်။ မြင်စရာရှိလျှင် မြင်လာရသည်။ သိစရာရှိလျှင်လည်း သိလာရသည်။ ထိုမှတဖန် ဈာန်စောကိုချ၍ ဈာန်မှထပြီးသောအခါ ခန္ဓာရုပ်နာမ် ကိုယ်သန္တာန်ပေါ်တွင်

ဖြစ်ပေါ်မှု တိလက္ခဏာတွေကို တွေ့မြင်ပေ၍၊ ထွေထွေပေါင်းစပ်၊ ကလာပ်မှုံမွှား၊ မီးဖွါးများကဲ့သို့ ရှုပြားမပြတ်၊ သင်္ခါရလောကဓာတ်တွင်၊ စပ်ခါစပ်ခါ ဖြစ်ပေါ်လာလျက် ဉာဏ်ကွန်ရွက်ဖြင့် ဝိပဿနာတင်ရှု၊ ပွါးများခြင်းကို ပြုလိုက်သော်၊ ပါရမီကံအလျောက် တချက်တည်း တခါတည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ဆိုက်ရောက်သွားကြပေမည်။ ထိုမှတဖန် မဆိုက်ရောက်ပြန်သော်၊ အပ္ပနာဈာန်ကို အကြိမ်ကြိမ်အဖန်ဖန် ခံစား၍နေပြီးနောက်၊ ဒိဗ္ဗစက္ခုသမာဓိမှန်ပြောင်းနှင့် ရုပ်ပေါ် နာမ်ပေါ်မှာ ချိန်၍ကြည့်လိုက်လျှင် ဝိပဿနာဉာဏ်အမြင်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ကြပေမည်။ ထိုမှတပြား၊ သာသနာကို ကိုးစားလျက်၊ အကျိုးများစေရန် ရည်ရွယ်ကာမျှော်ကိုးပြီး၊ ဈာန်အဘိဉာဏ်တန်ခိုးဖြင့် အမျိုးမျိုးသာသနာ ပြုသွားနိုင်ကြရန် အားထုတ်ပြုလုပ်သွားကြမည်ဆိုလျှင် မနောမယ စိတ်တန်ခိုးဖြင့် ပြီးစီးနိုင်သော အပ္ပနာဈာန်လမ်းကောင်းတရပ်ကို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့က ညွှန်ကြားပြသ၍ တိုက်တွန်းနှိုးဆော်သဖြင့် ကျွန်ုပ်အားထုတ်လာခဲ့သော လမ်းစဉ်အတိုင်း အားထုတ်ရန် လိုလားတော်တသူတို့ အားထုတ်နိုင်ကြရန် စေတနာနှင့် ရည်သန်၍ နိဒါန်းစကားရေးသားလိုက်ပါသည်။

# စာရေးသူ၏အမှာစကား

ကျွန်တော်သည် ဤတေဇောကသိုက်းကမ္ဘဌာန်းစျာန်လမ်းကို အားထုတ်ရာ၌ အခြားသော သူတို့ အားထုတ်ပြုလုပ်နေသည်ကိုလည်း မတွေ့မမြင်ဘူးခဲ့ပါ။ ကမ္မဋ္ဌာန်းဆရာများ ထံ၌သည်း ဤကမ္မဋ္ဌာန်းကို ဆောင်းယူ၍ အားထုတ်ခဲ့ခြင် လည်းမဟုတ်ပါ။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့က ကျွန်ုပ်အား အိပ်မက်ဖြင့်တလီ၊ ပြောသည်ကာတလှည့်၊နိမိတ်ထင်မြင်လာသည်ကတဖုံ၊အလုံးစုံတိုက်တွန်းနှိုးဆော်မှုတွေကြောင့် သတိပြီး ဤကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ရပါသည် ။အတ္ထုပ္ပတ္တိအကြောင်းမှာကြည့်ပါ။

ဤသို့အားထုတ်လာခဲ့ရာ၌ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို ရပြီးသည့်နောက် ဈာန်ချဉ်းအပ္ပနာသို့ ဆိုက်ရောက်ရှိသည့်အခါ ရောက်လျှင်ရောက်ခြင်း၊ ကျွန်ုပ်အား တိုက်တွန်းနှိုးဆော်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားဖြင့် ပြောပြလိုက်သည်ကို ကြားသိရသည်။ ကြားပင်ကြား၍ သိပါသော်လည်း ပါဠိဘာသာဖြစ်၍ အနက်အဓိပ္ပါယ်တို့ကို မသိရပါ၊ ၎င်းနောက် တရားထိုင်တိုင်းထိုင်တိုင်း အပ္ပနာဈာန်ကို ဝင်စားတိုင်း ဝင်စားတိုင်းအခါတို့မှာ ကျွန်ုပ်သည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကပြောသော စကားတို့ကို သောတဒွါရ အားဖြင့် မနောဝိညာဉ်စိတ်ဖြစ်ပေါ်လာပြီး တဖွားဖွား ကြားသိခဲ့ရလေသည်။

ဤကဲ့သို့သော မဂဓပါဠိဘာသာစကားတို့ကို ကြားသိနေရပါသော်လည်း ပညာအခံမရှိသည့် အတွက်ကြောင့် အဓိပ္ပါယ်

တို့ကို မသိရဘဲ ဖြစ်နေသဖြင့် ပါဠိကိုတတ်သော ပုဂ္ဂိုလ်များထံသို့ သွားရောက်မေးသောအခါ ထိုပုဂ္ဂိုလ်များက ဤသို့ပြောသော စကားတို့သည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်သော နတ်ကပြောသည့် “မဂဓပါဠိဘာသာစကား” ဖြစ်သည်။ ဤမဂဓ ပါဠိဘာသာ စကားတို့သည် ပုဒ်၊ ဝိဘတ်၊ ကာရံ၊ ဝါကျတို့မမှန်ကြဘဲလျက် ပါဠိပျက်နေသော ဖြစ်သဖြင့် သဒ္ဒါနည်းနှင့် ကိုက်ညီအောင် အနက်ပေးခြင်းငှာ မဖြစ်နိုင်ဟုပြောပြီး အနက်အဓိပ္ပါယ်တို့ကို မပေးလိုက်ပါ။

ကျွန်ုပ်သည် ထိုမဂဓပါဠိဘာသာစကားတို့၏အနက်အဓိပ္ပါယ်တို့ကို မသိရသဖြင့် မကျေနပ်သေးသောကြောင့် ရန်ကုန်မြို့ ပုဇွန်တောင်မှ ရှိသော ပါဠိဆရာကြီးတဦးထံသို့ သွား၍ အနက်အဓိပ္ပါယ်တို့ကိုမေးရာတွင် ပါဠိဆရာကြီးက ဖြေဆိုပြောပြသည်မှာ “အပနာစျာန၊ အာရမ္မဏာန၊ အာရမ္မဏိကာ၊ ဘဝိဿတိ” ဟူသော စကားမှာ သဒ္ဒါနည်းနှင့်မကိုက်ညီသော မဂဓ ပါဠိဘာသာ စကားတိုင်ဖြစ်သည်။ ဤသို့နတ်က ပြောသောစကားကို သဒ္ဒါနည်းနှင့် အနက်ပေးခြင်းငှာ မဖြစ်နိုင်ပါ၊ အဓိပ္ပါယ်သဘောနည်း အားဖြင့်ယူ၍ အဓိပ္ပါယ်အနက်ကို ပေးရသည်ဟုပြောပြပါသည်။

အပ္ပနာစျာနသည် အပ္ပနာစျာန်ဖြစ်သည်။

အာရမ္မဏာနသည် အာရုံပြုခြင်းဖြစ်သည်။

အာရမ္မဏိကာသည် (စိတ်)အာရုံပြုတတ်သောစိတ်

ဘဝိဿတိသည် ဖြစ်သတံ့ဖြစ်သည်။

(ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် နတ်သားကပြောသော စကား)

အပ္ပနာစျာန၊ အာရမ္မဏာန၊ အာရမ္မဏိကာ၊ ဘဝိဿတိ။

## ဘာသာပြန်အဓိပ္ပါယ်နက်

အာရုံပြုတတ်သောစိတ်သည် အာရုံပြုသဖြင့် အပ္ပနာစျာန်ကို ဖြစ်လတံ့ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သော နတ်သားက မဂဓပါဠိ ဘာသာစကားဖြင့် ဟောပြောသော အပ္ပနာစျာန်အကြောင်း စကားတရားတွေကို ကျွန်ုပ်ကြားနာရသည့်အတိုင်း မဂဓပါဠိ ဘာသာစကားဆိုတာ ဘယ်ပုံ ဘယ်နည်း ဘယ်လိုဘဲဆိုတာကို သိမြင်ဖတ်ရှုကြရ၍ ဗဟုသုတ ရှိကြစေခြင်းငှာ အနည်းငယ် ဆက်လက်၍ရေးသားတင်ပြလိုက်ပါသည်။

နဟိ တေဟိဓမ္မေဟိ၊ သမ္ပန္နာဂတာယ၊ ဣမံ
အာရမ္မဏံကံစျာနံ၊ အပ္ပနာယသမေန္တု။

## ဘာသာပြန်အဓိပ္ပါယ်နက်

ထိုတရားအပေါင်းတို့နှင့် ပြည့်စုံသောစျာန်ကို ဤအာရုံပြု တတ်သောစိတ်သည် အပ္ပနာအကျိုးငှာ ပြည့်စုံကုန်၏။

ထိုတရားအပေါင်းတို့နှင့် မပြည့်စုံသော စျာန်ကို အာရုံပြု တတ်သော စိတ်သည် အပ္ပနာအကျိုးငှာ မပြည့်စုံကုန် ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

အပ္ပနာစျာနေနှ၊ ဥဒကောပိစဝဋ္ဋာအဓော၊ အာရမ္မဏာ
နဋ္ဌိတောဝိယ၊ နအာယာသ ပယာသ ဘဝတိ၊ တေပိစျာနံ၊
အဝဿဝရံ။

## ဘာသာပြန် အဓိပ္ပါယ်နက်

အပ္ပနာစျာန်ဖြင့်အာရုံကိုခံစားလျက်နေခြင်းသည် ရေအောက်လည်း အောက်မှာငုပ်လျှိုးနေသကဲ့သို့ ထွက်သက်ဝင်သက်တို့သည် မဖြစ်

ထိုစျာန်သည်လည်း မချုတ်ကော၊ မြတ်သောဈာန်ဖြစ်ကုန်၏ ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

> ဣမသ္မိံ ဇမ္ဗုဒီပေ၊ အနာဂတကာလေ၊ အပ္ပနာဈာ
> နသာ မဟာတေဇဝန္တော၊ သာသနဿဟိတော၊
> ဝစ္ဆန္တိ။

## ဘာသာပြန် အဓိပ္ပါယ်နက်

ဤဇမ္ဗုဒီပါကျွန်းတွင် နေသောအခါ အနာဂတ်ကာလတို့၌ အပ္ပနာဈာန်ဖြင့် အလွန်တန်ခိုးကြီးသော ပုဂ္ဂိုလ်သည် သာသနာတော်၏ အကျိုးစီးပွါးကို တိုးပွါးစေကုန်၏ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ဟောပြောသော တရားတို့ကိုလည်းကောင်း ပြောသော စကားတို့ကို လည်းကောင်း၊ ဓမ္မာစရိယ ဆရာတော်များတို့နှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်အား တင်ပြမေးမြန်း လျှောက်ထားရာတွင် ဆရာတော်များက ပြောကြသည်မှာ....ရှေးအခါက မဂဓတိုင်းသူတိုင်းသားတို့သည် ဒီလိုဘဲ မဂဓစကားကို ပြောဆိုကြသည်။ ရူပသိဒ္ဓိကျမ်းမှ ဖေါ်ပြသောအဆိုမှာ--

(၁) ဘုရား၊ (၂) ဗြဟ္မာ၊ (၃) ကမ္ဘာဦးသူ၊ (၄) လူသံမကြားဘောကြီးသားတို့ဖြစ်၏။ (အမိ၏စကားကို တခါဘူးမျှ မကြားဘူးသေးသော ကလေးသူငယ်)တို့ဖြစ်သည်။

> သာမာဂဓိမူလဘာသာ၊ နရာယာယာဒိကပ္ပိကာ၊
> ဗြဟ္မာဏောစဿုတာလာပါ၊ သမ္ဗုဒ္ဓါစာပိဘာသရေ။

# အနက်

ယာယ ဘာသာယ၊ အကြင်ဘာသာဖြင့်။ အာဒိကပ္ပိကာ၊ ကမ္ဘာဦး၌ဖြစ်ကုန်သော။ နရာ၊ လူတို့သည်ရင်း။ ဗြဟ္မာနောစ၊ ဗြဟ္မာတို့သည်ရင်း။ စဿုတာလာပါ၊ သုတပါးတို့ စကားကို မကြားဘူးကုန်သော။ သောနရာ၊ ဘောအရပ်၌ ဖြစ်ကုန်သော လူတို့သည်ရင်း။ သမ္ဗုဒ္ဓါပိ၊ မြတ်စွာဘုရားတို့သည်ရင်း။ ဘာသရေ၊ ပြောဆိုကြကုန်၏။ ဘာဘာသာ၊ ထိုဘာသာသည်။ မာဂဓိ မူလဘာသာ မဂဓတိုင်းသူတို့ ပြောဆိုကြသော မူလဘာသာ မည်၏ဟူ၍ ဆရာတော်များက ဖြေဆိုပြောပြကြပါသည်။

ဤပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သော နတ်သားက ဟောပြောသည့် မဂဓပါဠိစကားတို့ကို အပ္ပနာဈာန်လမ်းတွင် ဖော်ပြရေးသားသွားမည်မဟုတ်ပါ။ ယခုအမှာစကားတွင် ထည့်သွင်းရေးသားတင်ပြခြင်းမှာ အာဒိကမ္မိက၊ အစပြုလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် အပ္ပနာဈာန်ကို ဝင်စားအားထုတ်နေသည့်အခါ ဤကဲ့သို့ ကြားစရာရှိလျှင်ကြားလာရတတ်သည်၊ မြင်စရာရှိလျှင် မြင်လာရတတ်သည်၊ သိစရာရှိလျှင်လည်း သိလာရတတ်သည်ဟူ၍ ရေးသားတင်ပြ မှာကြားခြင်းသာဖြစ်သည်။

# အဋ္ဌုပ္ပတ္တိအကြောင်း

သာသနာတော် သက္ကရာဇ် ၂၄၉၇-ခု၊ ကောဇာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်းသို့ ရောက်သောအခါတွင် အိပ်မက်တွေ့ အထူးတလည် ထူးထူးဆန်းဆန်း မကြာခနဖြစ်ပေါ်လျက် တဖွားဖွားဖြင့် ပန်းပုင်မှပန်းများ ကြွေကျသကဲ့သို့ မြင်မက်ဆိုက်ရောက်လာရခြင်း အကြောင်းတို့ကို ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ဝေဖန်ထောက်ရှု ဉာဏ်စက္ခုဖြင့် သိမှုထွေထွေဖြစ်ပေါ်၍ သိကြပါစေရန် ရည်သန်လျက် လျှို့ဝှက်စွာဖြင့် ထားခဲ့ခြင်းမှ အပ္ပနာဈာန်ကို ရရာရကြောင်း အဋ္ဌုပ္ပတ္တိ အနည်းငယ်ကို ထုတ်ဖော်ရေးသား တင်ပြအပ်ပါသည်။

ကျွန်ုသည် အထူးသဖြင့် မြင်မက်ဆိုက်ရောက်လာခဲ့ရသော အိပ်မက်တို့သည်ကား....

တနေ့သောညဥ့်ချမ်း သန်းခေါင်ယံ အချိန်၌ မေးမှိတ်အိပ်ပျော်နေစဉ်၊ 'အစိန္တာမယ' 'အသုတာမယ' 'ဝိသာမယ'ဟူသော ပါဠိစကားသုံးခွန်းကို ကျွန်ုပ်အိပ်နေသော ခေါင်းရင်းမှနေ၍ ပြောလိုက်သောအသံကို ကြားလိုက်ရသည်ဟူသော အိပ်မက်ကို မြင်မက်ရခြင်းသည်လည်းကောင်း။

တနေ့သောညဥ့် သန်းခေါင်ယံ အချိန်တွင် အိပ်မက်၌ မြင်မက်ရသည်မှာ၊ အနောက်အရပ်မှ ပျံသန်းလာသော ရွှေဟင်္သာငှက်သည် ကျွန်ုပ်၏ ညာလက်ရုံးပေါ်သို့ ဝင်နားပြီးလျှင် တဖန် အရှေ့အရပ်သို့ပင်လျှင် ပျံသွားလေသည်ဟူသော အိပ်မက်ကို မြင်မက်ရခြင်းသည်လည်းကောင်း။

တနေ့သောညဥ့် အခါကာလ၌ အိပ်မက်မှမြင်မက်သည်မှာ၊ ကေသရာဇာခြင်္သေ့မင်းသည် ကျွန်ုပ်၏အိမ်ပေါ်သို့ တက်လာပြီးလျှင်၊ ကျွန်ုပ်အိပ်နေသော အိပ်ခန်းအတွင်းသို့ဝင်လာ၍ ခြေရင်း၌ပြားပြားဝပ်လျက် သူ၏လက်နှစ်ဖက်တို့ကို ရှေ့မှာချခင်းပြီးလျှင် ဥက္ကောင်းကို သုံးကြိမ်တိုင်တိုင် ညွတ်လျိုးပြီး ကျွန်ုပ်အား အလေးပြုလေသည် ဟူသော အိပ်မက်ကို မြင်မက်ရခြင်းသည်လည်းကောင်း။

တနေ့သောညဥ့်အခါကာလ၌၊ အိပ်မက်မှမြင်မက်ရသည်မှာ ရွှေပြည်စိုးငှက်ယ်လေးတကောင်သည် ကျွန်ုပ်၏ဥက္ကောင်းပေါ်၌ အမြဲတစေနားလျက် ကျွန်ုပ်သွားလေရာ ခရီးတို့တွင် လိုက်ပါပြီးလျှင် 'ရွှေပြည်စိုး' 'ရွှေပြည်စိုး'ဟူ၍ သာယာလှသော အသံကလေးဖြင့် အော်မြည်တွန်သလျက် ရှိလေသည်ဟူသော မြင်မက်ရခြင်းသည်လည်းကောင်း။

တနေ့သောညဉ့်အခါကာလ၌ အိပ်မက်မှမြင်မက်ရသည်မှာ၊ ကျွန်ုပ်သည် ကွင်းပြင်ကြီးအလယ်၌ အရှေ့အရပ်သို့ လျှောက်သွားနေရာတွင် ရှေ့မှသွားနေသော နဂါးကို တွေ့မြင်သောအခါ နဂါးမင်းသည် ကျွန်ုပ်ကို တွေ့မြင်သည်နှင့်တပြိုင်နက်၊သူ၏ဦးခေါင်းပြန်လှည့်ကာ၊ ပုဇွန်တုပ်ကွေး ကွေးလျက် ဦးခေါင်းကို မြေသို့လျှိုး၍ ကျွန်ုပ်အား ပြားပြားဝပ်ပြီး အလေးပြုလေသည် ဟူသောအိပ်မက်ကို မြင်မက်ရခြင်းသည်လည်းကောင်း။

တနေ့သောညဉ့်အခါကာလ၌ အိပ်မက်မှမြင်မက်ရသည်မှာ၊ အရှေ့တောင် အဂ္ဂိဒေါင့်အရပ်မှ ပျံသန်းလာသော ငှက်ဂဠုန်မင်းသည် ကျွန်ုပ်၏နေအိမ်ပေါ်သို့ ရောက်သောအခါ၊ အောင်မြင်ပီတိသောအသံဖြင့် တွန်မြည်ပြီးလျှင် လက်ဝဲရစ် သုံးပတ်လှည့်လည်ပျံဝဲပြီး ကျွန်ုပ်အားအလေးပြု၍ အရှေ့တောင်အရပ်သို့ ပင်လျှင် ပြန်လှည့်သွားလေသည်ဟူသော အိပ်မက်ကို မြင်မက်ရခြင်း ဖြစ်ခဲ့လေသည်။

ဤသို့ အိပ်မက်ထူးတွေ့ ဖြစ်ပေါ်ဆိုက်ရောက် မြင်မက်ခဲ့ရခြင်းတို့ကြောင့်၊ စိတ်၌ တုန်လှုပ်ချောက်ချားလာပြီး စိတ်နှလုံး မသာမယာ ဖြစ်လာခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဝိပဿနာတရားကို အားထုတ်တော့မည်ဟု စိတ်မပိုင်းဖြတ်ပြီးလျှင် တရားကို အားထုတ်ဘူးသောပုဂ္ဂိုလ်နှင့် မိမိအိမ်မှာ တရားသင်တန်းကိုယူပြီး နေ့တိုင်းနေ့တိုင်း အာနာပါန ထွက်သက်ဝင်သက်ကိုရှုပြီး တရားထိုင်ခဲ့လေသည်။

ထိုသို့ တရားကိုဆက်လက်၍ အားထုတ်ထိုင်လာခဲ့ရာတွင် (၁၄) ရက်မျှကြာသောအခါ၌ ပုဗ္ဗနိမိတ်အိပ်မက်ထူးကို တဖန် မြင်မက်

ရပြန်လေသည်မှာ၊ ၁၃၁၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့် ၁၁-နာရီ ၄၅-မိနစ်အချိန်တွင်၊ အိပ်မက်မှ မြင်မက် ရသည်မှာ.... ထိုအိပ်မက်၌ ကျွန်ုပ်သည် အိမ်ရှေ့မှာ လျှောက်သွားနေစဉ်တွင် ဆင်ဖြူတော်တကောင်သည် အိမ်ရှေ့သို့ ဝင်ရောက်လာ၍ ကျွန်ုပ်အား သူ၏နှာမောင်းဖြင့် ပွေ့ချီယူကာ ဟိမဝန္တာတောအတွင်းသို့ ယူဆောင်သွားပြီးလျှင်၊ အနောဒတ္တ ရေအိုင်သို့ရောက်သောအခါ၊ ထိုရေအိုင်၏ တောင်ဘက် သောင်နှ ခမ်းမှာချထားပြီးလျှင် ဆင်ဖြူတော်သည် ရေအိုင်သို့ဆင်း၍ သူ၏ နှာမောင်းဖြင့် အိုင်ထဲကရေကိုငုတ်ယူပြီးလျှင် ပြန်တက်လာလျက် ကျွန်ုပ်၏ လည်ဂုတ်ပေါ်မှနေ၍ သူ၏နှာမောင်းဖြင့် လောင်းချ ခါ ရေချိုးပေးလေသည်ဟူ၍ အိပ်မက်မှ မြင်မက်ရလေသည်။

ဤသို့ အိပ်မက်မြင်မက်ရာ၌ တွေ့မြင်ခဲ့ရသည်မှာ ထိုအိုင်သည် စိမ်း စိမ်းညို့ညို့ မိုးမောက်လျက်ရှိသော ဟိမဝန္တာတောအတွင်း ၌တည်ရှိလျက်၊ အိုင်၏အနီး ပတ်ပတ်လည်တို့မှာ မြင့်မားသော သစ်ပင်တို့သည် ညွှတ်ကိုင်းလျက်ရှိကြလေ၏။ ထိုအိုင်ထဲမှာရှိသော ရေသည်၊ မြရောင်မြအဆင်းရှိပြီး အေးမြကြည်လင်၍ မြကျောက် သားမှန်ပြင်ကဲ့သို့ တည်ရှိလေ၏။ ထိုအိုင်ရေကို ကြည့်လိုက်လျှင် အောက်သို့ပေါက်အောင်ပင် မြင်ရလောက်အောင် ကြည်လင်နေ သည်ကို တွေ့မြင်ရလေသည်။ ဆင်ဖြူတော်သည် ကျွန်ုပ်ကိုယ်ပေါ် သို့ ထိုရေကိုလောင်းချလိုက်သောအခါတွင် ရေခဲရေကဲ့သို့ ချမ်း အေးသဖြင့် အိပ်မက်မြင်မက်နေရာမှ နိုးလာလေသည်။

ဤသို့လျှင် ထိုအိပ်မက်ကို မြင်မက်လိုက်ရသည်နှင့်တပြိုင်နက်၊ ပိုမို၍ထိတ်လန့်လျက် ရင်းညဉ့်အဖို့၌သည်ကား အိပ်၍ပင် မပျော်

နိုင်လောက်အောင် ထိတ်လန့်ခြင်း ဖြစ်ခဲ့လေသည်။ ဘုရား အလောင်းတော် သိဒ္ဓတ္ထကလေးကို ပဋိသန္ဓေစွဲစဉ်အခါက မယ်တော်မာယာဒေဝီ မိဘုရားကြီး အိပ်မက်ခဏ်းတွင် နတ်မင်းကြီး လေးယောက်တို့သည် မယ်တော်မာယာဒေဝီကို သလွန်နှင့်တကွ ဟိမဝန္တာတောသို့ ယူဆောင်သွားပြီးလျှင် နတ်မိဖုရားများက အနဝတတ်အိုင်ရေဖြင့် ချေချိုးပေးပြီး အမွှေးနံ့သာများတို့ဖြင့် ထုံပေးကြလေသည်ဟူသော အိပ်မက်ခဏ်းကို ဗုဒ္ဓဝင်တွင် ထင်ရှားတွေ့မြင် ဖတ်ကြည့်ခဲ့ရဘူးသော်လည်း ယခုငါမြင်မက်တဲ့အိပ်မက်သည် အနဝတတ်အိုင်မဟုတ်ဘူး၊ အနောတတ္တအိုင်သာလျှင် ဖြစ်လေသည်ဟူ၍ တွေးတောပြီး ထိုညဉ့်အဖို့၌တွင် အိပ်မပျော်နိုင်လောက်အောင် ထိတ်လန့်စွာဖြင့် သောကရောက်ခဲ့လေသည်။

ဤသို့သောအိပ်မက်ကို မြင်မက်ခဲ့ရခြင်းကြောင့် တနေ့ဖြင့် သော်လည်း စိတ်နှလုံးမသာယာ၊ တနေ့ဖြင့်သော်လည်း စိတ်သောကမအေးဘဲရှိလျက်နေရာ၊ မေးမြန်းစုံစမ်းပါသော်လည်း ပိုင်းခြား၍သိစေရန် ဖြေဆိုပြောပြနိုင်သူတို့ မရှိပါသဖြင့် ပါဠိဆရာကြီး ဦးစံထွန်းထံသို့ သွားရောက်၍ ထိုကဲ့သို့သော အိပ်မက်၏ အကြောင်းတို့ကို စုံလင်အောင်ပြောပြရာတွင် ထိုပါဠိဆရာကြီးက အနဝတတ်အိုင်နှင့် အနောတတ္တအိုင်တို့ဟာ အတူတူပင်ဖြစ်သည်။ အနောတတ္တအိုင်ဆိုတာ ပါဠိလိုခေါ်တယ်၊ အနဝတတ်အိုင်ဆိုတာ မြန်မာလိုပြန်ဆို၍ခေါ်တယ်၊ အခေါ်ပွါးခြင်း အတူတူပင်ဖြစ်သည် ဟူ၍ ပြောပြလေသည်။ ဟိမဝန္တာတွင် အိုင်ခုနစ်အိုင်တို့သည် ရှိကြလေ၏။ ထိုအိုင်တို့သည်ကား....(၁) အနဝတတ်အိုင်ခေါ် အနောတတ္တအိုင်၊ (၂) ကဏ္ဏမုဏ္ဍအိုင်၊ (၃) ရထကာရကအိုင်၊ (၄) ဆဒ္ဒန်အိုင်၊ (၅) ကုဏာလအိုင်၊ (၆) မန္ဒာကိနီအိုင်၊

(၇)သိဟာပွပါတအိုင်ဟူ၍ ခေါ်ကြလေသည်ဟု မဖြေဆိုပြောပြ လိုက်လေသည်။

နောက်တနေ့နံနက်ပိုင်း၌ ကျိုက်လတ်မြို့၊ ပုဗ္ဗာရုံဆရာတော် ဦးဝါယမသည် ရန်ကုန်မြို့ မြေနီကုန်း ခြံမြေတွင် ကမ္မဋ္ဌာန်း ကျောင်းဖြင့် သီတင်းသုံးနေထိုင်တော်မူရာ၌၊ ကျွန်ုပ်သည် သွား ရောက်၍ ဤသို့သောအိပ်မက် မြင်မက်ရခြင်း အကြောင်းတို့ကို ဆရာတော်အား လျှောက်ထားသောအခါ ဆရာတော်ဘုန်းတော် ကြီးကလည်း ပြောပြသည်မှာ အနောဒတ္တရေအိုင်ဟာ အနဝတတ် ရေအိုင်ဘဲဖြစ်တယ်၊ ဒီရေအိုင်ကရေကို ချိုးရတယ်၊ သောက်ရ တယ်လို့ မြင်မက်ရခြင်းဟာ အလွန်တရာ ထူးကဲမြင့်မြတ်ခြင်းဖြစ် တဲ့အိပ်မက်ဖြစ်တယ်၊ အလောင်းတော်များတို့နှင့် ပတ်သက်သည် မှတပါး အခြားသောကိစ္စတို့ကို မြင်မက်ခြင်းငှာမဖြစ်နိုင်၊ ရှေ့သို့ ဖြစ်ပေါ် ဆက်ရောက်လာမည့် အလောင်းတော်တို့၏ ပုဗ္ဗနိမိတ် တခုပင်လျှင် ကေန်အမှန်ဖြစ်လေသည်ဟူ၍ ပြောပြလေသည်။

ဘုန်းတော်ကြီးက ငါ့တပည့် မင်းကို နတ်ကောင်း နတ်မြတ် များက သတိပေးနှိုးဆော်နေတယ်၊ မင်းအိပ်မက်နှင့် မင်း ပုဗ္ဗ နိမိတ်အတိုင်းဆိုလျှင် မင်းနဝင်္ဂသီလကို ဆောက်တည်ပါ၊ အဓိ ဋ္ဌာန်အားဖြင့် (၉)ရက်၊ သို့မဟုတ်လျှင် (၁၅)ရက် ဆောက်တည် ရမည်ဟူ၍ အမိန့်ရှိရာတွင် ကျွန်ုပ်သည် အာမဘန္တေခံယူ၍ ၁၃၁၆ ခုနှစ်၊ နတ်တော်လဆန်း ၃-ရက်၊ တနင်္ဂနွေနေ့၊ ဤနံနက်တွင်ပင် လျှင် နဝင်္ဂသီလကို(၉)ရက် အဓိဋ္ဌာန်ပြု၍ ဆရာတော်ထံ ခံယူ ဆောက်တည်ခြင်းမှာ နောက်နောင်သော အခါက မဆောက် တည်ဘူးခဲ့သေးသော ဤနဝင်္ဂသီလကို ယခုပထမအကြိမ် ရှေးဦး စွာဆောက်တည်သော နဝင်္ဂသီလပင်ဖြစ်လေသည်။

ဤနေ့နံနက် ဆရာတော်ထံမှ နဝင်္ဂသီလကို ခံယူဆောက်တည်ပြီးသော်၊ နေ့လည် ၁၂-နာရီအချိန်မှာ၊ ရန်ကုန်မြို့ စွန်းလွန်းဂူကျောင်းတိုက်၌ ဆရာတော် ဦးသုန္ဒရထံတွင် တရားအားထုတ်ရန် လျှောက်ထားပါသဖြင့် ဆရာတော်က သူ၏ရှေ့မှာ တရားပြ၍ အာနာပါနကမ္မဋ္ဌာန်း ထွက်သက်ဝင်သက်ကို အရှုခိုင်းလေ၏။ ထိုသို့ အာနာပါန ထွက်သက်ဝင်သက်ကို တနာရီမျှလောက်ရှုပြီး နေရာမှ အရှုကိုရပ်စဲလျက်၊ ၎င်းရှုထားသော သမာဓိနှင့် မိမိခန္ဓာကိုယ်ပေါ်မှာ အာရုံစိုက်ပြီး ဝေဒနာအလိုက်ခိုင်းသည်တွင် အာရုံသည် ကိုယ်ပေါ်သို့ မရောက်ဘဲလျက်၊ ဖွဲ့ဝင်းသောအလင်းရောင်ကြီးသည် ရှေ့တွင် တည်ရှိလျက်နေလေ၏။ ယင်းသို့ တည်ရှိနေသော အလင်းရောင်ကြီးထဲမှ နဝရတ်ကိုးပါးနှင့် ချယ်စီထားသော နဝရတ်တကဲပလ္လင်နှင့်တကွ ထီးဖြူတော် လေးယက်တို့ကို ရှေ့တွင် တွေ့မြင်ရပြီးလျှင် မကိုဋ်တန်ဆာမာလီကာတို့ကို ဝတ်ဆင်လျက်ရှိသော သိကြားမင်းသည် ပလ္လင်၏တောင်ဘက် ကျွန်ုပ်၏လက်ျာဘက် ထီးဖြူတိုင်နှစ်တိုင်တို့၏ အနီးအနားတွင် မတ်တတ်ခြေစုံရပ်လျက် ပေါ်လာပြီးလျှင်၊ ကျွန်ုပ်အား ရှိခိုးတောင်းပန်ပြောဆိုခြင်းကို တွေ့မြင်ရလေသည်။ ထိုသို့လျှောက်ထား တောင်းပန်ပြောဆိုသော စကားကိုပင်လည်း ကြားသိရလေသည်။ ဤစကားသည်ကား 'တရားကိုသည်းခံ၍၊ သီလကို ကိုးစားဆောက်တည်တော်မူပါ'ဟုဆိုလေ၏။ ဤသို့သောနိမိတ်ကို အထင်အရှားပကတိမျက်စိကဲ့သို့ အာရုံမျက်မြင် တွေ့ရလေသည်ဖြစ်သည်။

ကျွန်ုပ်သည် အိပ်မက်တွေ့ မြင်မက်ခြင်းကြောင့်လည်း၊ နဝင်္ဂသီလကိုစောင့်ပြီး၊ တရားကို အားထုတ်တော့မည်ဟု စိတ်က မြဲဋ္ဌာန်းပြီး၊ အဓိဋ္ဌာန်ပြုလျက် ယခုတရားကို အားထုတ်ပြန်သော်

လည်း၊ တရားအားထုတ်ရာမှ နိမိတ်တွေမြင်လာရတယ်။ ကြားလာရတယ်၊ ဘယ်လို ဘယ်အကြောင်း မှန်းလဲမသိ၊ အဘယ့်ကြောင့်၊ ဤလိုထပ်ခါထပ်ခါ ဖြစ်ပေါ် ဆိုက်ရောက်နေပါသလဲ၊ အဲဒီတော့.... ငါမြင်ရတဲ့ နတ်က သိကြားမင်းဖြစ်တယ်။ ပြောတဲ့စကားကတော့ တရားကို သည်းခံတော်မူပါတဲ့။တိုက်တွန်းတာအာတော့ သီလကို ကြိုးစားဆောက်တည်တော်မူပါဟူ၍ တိုက်တွန်းလေသဖြင့် အဲဒီတော့.... ငါယခု နဝင်္ဂသီလကို(၉)ရက် ဓိဋ္ဌာန်၍ဆောက်တည်ပြီးသော်။ ရှေ့သို့လဲ လတိုင်း လတိုင်း လပြည့်နေ့ကစ၍ စောင့်သည်ရှိသော် လဆုတ်(၇) ရက်နေ့အထိ (၉)ရက်၊ လကွယ်နေ့ကစ၍စောင့်သည်ရှိသော် လဆန်း (၇)ရက်နေ့အထိ (၉)ရက်၊ တလတွင်နှစ်ကြိမ် ဆောက်တည်ခြင်းဖြင့် ကိုးရက်ကိုးကြိမ်ဆောက်တည်ခြင်းကို ရှေးဦးစွာ ပထမအကြိမ် အဓိဋ္ဌာန်ပြုလိုက်ခြင်း ဖြစ်လေသည်။

ဤသို့လျှင် နဝင်္ဂသီလကို ဆောက်တည်ရန် အဓိဋ္ဌာန်ပြုခြင်းသည်၊ ဤကိုးရက် ကိုးလအကြိမ်သာလျှင် အဓိဋ္ဌာန်ပြုခြင်းဖြစ်သဖြင့် ရှေ့သို့လဲ ဆက်လက်၍ ဆောက်တည်ရန် မရည်ရွယ်ခဲ့ပါ။ သို့သော်လည်း ဤကိုးရက် ကိုးလ နဝင်္ဂသီလပြည့်သော ညတွင်၊ ၁၃၁၆ ခုနှစ်၊ နယုန်းတန်ခူးသဆန်း ၇ ရက်နေ့ ညဥ့်သန်းခေါင်ကျော်အချိန်တွင် အိပ်မက်မှ မြင်မက်ရလေသည်။ ကျွန်ုပ်အိပ်နေသော ခေါင်းရင်းမှနေ၍ ပြောလိုက်မှာ "မနော်မယ ရဘနာကို ရပါလိမ့်မည် နဝင်္ဂသီလကို တအင်္ဂါပြည့်အောင် ကြိုးစားအားထုတ်ဆောက်တည်တော်မူပါလော့"ဆို၏။ ဤသို့ပြောလိုက်သော စကားသည်၊ အသံကိုသာ နားမှ ဆတ်ဆတ်ကြားရ၍၊ နတ်လား လူသား ပုဂ္ဂိုလ်ကိုထင်ရှား မမြင်ရပါ၊ ထိုသို့ ပြောလိုက်

သော အသံကိုသာ ကြားလိုက်ရသဖြင့်၊ကျွန်ုပ်သည် အိပ်ရာမှနိုး၍ ထလေသည်။

ဤသို့ အိပ်မက်မှ လာပြောသော တအင်္ဂါဟူသော စကားသည်၊ အဓိပ္ပာယ်ကို မစဉ်းစား မဆင်ခြင်နိုင်အောင် ဖြစ်နေရလေသည်၊ တအင်္ဂါဟူသည်မှာ အရေအတွက် ဘယ်လောက်ကို တအင်္ဂါခေါ်သည်ဟူ၍ မသိရသည့်အတွက်ကြောင့်၊ မေးမြန်းစုံစမ်းပါသော်လည်း၊ တိကျမှန်ကန်စွာ ဖြေဆိုပြောပြနိုင်သူတို့မရှိပါ၊ အချို့သောပုဂ္ဂိုလ်တို့က ပြောသည်မှာ နဝင်္ဂသီလ တအင်္ဂါကိုတော့ မပြောတတ်ဘူး၊ ပေစာတအင်္ဂါကိုတော့ တဆယ့်နှစ်ချပ်ရှိသည်ဟု ပြောပါသည်။

ထိုသို့ ဆိုခဲ့ပြီးသော ကိုးရက် ကိုးကြိမ်နဝင်္ဂသီလ အဓိဋ္ဌာန်ဖြင့် ဆောက်တည်ခဲ့သော ရက်အတွင်းမှာပင်လျှင်၊ အိပ်မက်၌ ခေါင်းရင်းမှလာပြောသော ပါဠိစကားသည်ကာ "ဒုတိယ အနုသယ မေတ္တာနဝင်္ဂသီလ"ဟူ၍ ပြောသော ပါဠိစကားကို ကြားလိုက်ရခြင်းသည်၊ ထိုပါဠိစကား၏ အနက်အဓိပ္ပာယ်ကို မသိပါသဖြင့်၊ ပါဠိဆရာကြီးထံသို့ သွားရောက်၍ မေးသောအခါ ထိုပါဠိဆရာကြီးက ဖြေဆိုပြောပြလိုက်သည်မှာ "အနုပုနပ္ပုနံ သေတိတိ၊ အနုသယာ" "အနုပုနပ္ပုနံ၊ အဖန်ဖန်လဲလဲ အမြဲမပြတ်။ သေတိ၊ ကိန်းအောင်းတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အနုသယာ၊ အနုသယမည်ကုန်၏။"ဟူ၍ ဖြေဆိုပြောပြလိုက်သည်၊ အဓိပ္ပာယ်ကတော့ မင်းယာခု ဆောက်တည်နေသော နဝင်္ဂသီလဟာ ပြီးဆုံးသွားလျှင် ဒုတိယအကြိမ်မြောက် ဆောက်တည်သော အခါ၌ အနုသယမေတ္တာဓာတ် ကိန်းအောင်းနေအောင် မေတ္တာဘာဝနာ

ဘိက္ခုပုဒ်ကို ပွားများအားထုတ်လျက်နေပါ။ သို့မဟုတ် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါဟူ၍.... မင်းကို နှုတ်ကောင်းနှုတ်မြတ်တို့ကာ တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်ဟု ပြောပြလိုက်လေသည်။

ဤသို့ နဝင်္ဂသီလကို ဆောက်တည်လာခဲ့ရာတွင် အဓိဋ္ဌာန်ပြုသည့်အတိုင်း ကိုးရက်တကြိမ်အားဖြင့်၊ ကိုးကြိမ်မြောက် ပြီးဆုံးသွားသည့်အခါ "ဒုတိယ" အနုသယမေတ္တာ နဝင်္ဂသီလဟူ၍ ညွှန်ကြား ပြောဆိုသည့်အတိုင်း၊ နဝင်္ဂသီလ(၉)ရက် (၉)ကြိမ်ဆောက်တည်ခြင်းကို "ဒုတိယ"အကြိမ်မြောက် ထပ်မံ၍ ဆောက်တည်ရန် အဓိဋ္ဌာန်ပြုပြီး ဆောက်တည်ရခြင်း ဖြစ်သည်။

ထိုနဝင်္ဂသီလကို ဆောက်တည်၍ ရက်များ မကြာမီအတွင်း တနေ့သော ညဥ့်သန်းခေါင်ကျော် အချိန်တွင်၊ အကျွန်ုပ်အိပ်နေသော ခေါင်းရင်းမှနေ၍ ပြောလိုက်သည်မှာ "တအင်္ဂါဟု ဆိုသည်မှာ ကိုးရက်တကြိမ် ကိုးကြိမ်တဆင့် ကိုးဆင့်တအင်္ဂါဟု ခေါ်သည်"ဟူ၍ ပြောလိုက်သောအသံကို အိပ်မက်၌ နားဆတ်ဆတ်ကြားလိုက်ရသည်နှင့် တပြိုင်နက် အိပ်ရာမှထ၍၊ ဩော်-ငါသည် တအင်္ဂါ၏ အရေအတွက်ကို မသိရဘဲဖြစ်နေသည့် အတွက်ကြောင့် နှုတ်ကောင်း နှုတ်မြတ်ကလာပြီး ပြောပြခြင်းဖြစ်သည်ဟု သိရလေသည်။

သို့အတွက်ကြောင့်၊ တရားထိုင်နေရာတွင် သိကြားမင်းကလည်း လာရောက်၍ သီလကိုဆောက်တည်ရန် တိုက်တွန်းနှိုးဆော်ညွှန်ကြား ပြောဆိုခြင်းဖြစ်သည်၊ ထိုနဝင်္ဂသီလကို၊ ၁၃၁၆ခုနှစ်၊ နတ်တော်လဆန်း(၃)ရက်နေ့မှစ၍၊ ၁၃၁၉ ခုနှစ်၊တပေါင်းလဆန်း

(၈)ရက်ခနေ့အထိ(၃နှစ် ၄လ) အချိန်ကာလမျှတိုင်တိုင် အဓိဋ္ဌာန် ပြုပြီး၊ လပြည့်နေ့မှစ၍၊ လဆုတ်(၈)ရက်နေ့အထိ၊ လကွယ်နေ့မှ စ၍၊ လဆန်း(၈)ရက်နေ့အထိ၊ (၉)ရက်(၉)ရက် မပျက်မကွက် အဓိဋ္ဌာန်ပြု၍ နဝင်္ဂသီလ တအင်္ဂါကို ပြည့်အောင် ထိန်းသိမ်း ဆောက်တည်သွားရခြင်းကို ပြုလုပ်အားထုတ် ရလေတော့သည်။

ဤနဝင်္ဂသီလကို နောက်နောက်သော အခါကာ၊ မစောင့်ခဲ့ဘူး ခြားသော်လည်း၊ ယခုနတ်များက စောင့်ရန် တိုက်တွန်းနှိုးဆော် ပေးကြသဖြင့် စောင့်ရပါသည်၊ နဝင်္ဂသီလဆိုသည်မှာ ရဟန်း များ စောင့်ထိန်းသောသီလ၊ စကြာမင်းများ စောင့်ထိန်းသော သီလဖြစ်သည်။သာမညလူတို့ စောင့်ထိန်းခြင်းငှါ၊ မေတ္တာဘာဝ နာ သိက္ခာပုဒ်သို့ ထိန်းသိမ်းရန် ခဲယဉ်းလှပေသည်၊ ယခုအခါမှာ ကျွန်ုပ်အား နဝင်္ဂသီလကို စောင့်ထိန်းရန် တိုက်တွန်းနှိုးဆော်၍ အစောင့်ခိုင်းသဖြင့်၊ စောင့်ထိန်းနေရသည့် အတွက်ကြောင့်၊ ကျွန်ုပ်၏အမည်သည် မိဘများက "ဘရိန် ဘရှိန်"ဟု အမည်ပေး ခေါ်ခဲ့ပါသော်လည်း၊ စကြာမင်းတို့ စောင့်သောသီလကို စောင့် ရပါသဖြင့် ဦးဘရှိန်ဟူသော အမည်အပြင် 'ဦးမင်းရှိန်'ဟူသော အမည်ကို ပြင်ဆင်ထည့်သွင်း ခေါ်ဆိုနိုင်ရန် 'ဦးဘရှိန်' (ခေါ်) 'ဦးမင်းရှိန်'ဟူ၍ မှတ်ပုံတင်အမည် ထည့်သွင်းပြောင်းလိုက်ရခြင်း ဖြစ်ပါသည်။

နဝင်္ဂသီလတအင်္ဂါကို အဓိဋ္ဌာန်ပြု၍ ဆောက်တည်လျက်နေရ သော အချိန်ကာလအတွင်းမှာ ဤကမ္ဘာလောကကြီး၌ သာသ နာတော်၏ အကျိုးစီးပွားတို့ကို တိုးတက်အောင် ပြုပြင်ဆောင် ရွက်နိုင်သည့် အထွဋ်အထိပ်ဆုံးသို့လာ၍ ဆိုက်ရောက်တော်မူလ တံ့ကုန်သော အလောင်းတော်တို့အတွက် မြင်မက်လာခဲ့ရသော

ပုဗ္ဗနိမိတ် အိပ်မက်တို့သည်လည်းကောင်း၊ ဤကမ္ဘာလောကကြီးတွင် အလောင်းတော်တို့အတွက် ပုဗ္ဗနိမိတ်တို့သည် နေလနက္ခတ်တာရာကြယ်အပေါင်းတို့ အမျိုးမျိုးအဖုံဖုံ အံ့သြ၍ မကုန်နိုင်အောင် ရာဇဝင်တွင် မင်းအဆက်ဆက်တို့မှစ၍ မမြင်မက်ခဲ့ဘူးသေးသော၊ မထင်ရှား ခဲ့ဘူးသေးသောနေလနက္ခတ်တာရာကြယ်အပေါင်းတို့၏ အိပ်မက်ခဏ်း (၁၂) ခဏ်းတို့ကို လည်းကောင်း၊ အပွန်းစျာန်ကို ရရာရကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေါ်ဆိုက်ရောက်လာလျက်၊ အိပ်မက်မှ မြင်မက်ရခြင်းသည်လည်းကောင်း၊ ဤသို့ဖြစ်ပေါ်ဆိုက်ရောက် မြင်မက်လာခဲ့ရသော အကြောင်းတို့သည် ကား နောင်သောအခါ အနာဂတ်ကာလ၌ ဤကမ္ဘာ လောကကြီးတွင် သာသနာပြုမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သောအလောင်းတော်တို့အတွက် ပုဗ္ဗနိမိတ်အိပ်မက်ခဏ်း (၂၇)ခဏ်းတို့ကို အိပ်မက်မှ မြင်မက်ခဲ့ရခြင်းဖြစ်လေသည်။

ယိုသို့ မြင်မက်ဆိုက်ရောက်လာခဲ့သော ပုဗ္ဗနိမိတ်အိပ်မက်ခဏ်း (၂၇)ခဏ်းမှထုတ်နုတ်၍၊ အပွန်းစျာန်ကို ရရာရကြောင်းဖြစ်သော အိပ်မက်ခဏ်းအမှတ် (၄)နှင့် (၂၁) (၂၂)တို့ကို ဤယခုရေးသားအံ့သော တေဇောကသိဏ်း အပွန်းစျာန်လမ်းနှင့် အကြောင်းအကျိုး သက်ဆိုင်ပါဝင်နေသော ပုဗ္ဗနိမိတ်တို့ ဖြစ်ပါသဖြင့် ထုတ်ဖေါ်ထည့်သွင်း ရေးသားတင်ပြလိုက်ပါသည်။

## အမှတ်(၄)အိပ်မက်ခဏ်း

၁၉၅၅-ခု၊ ဧပြီလ ၃-ရက်နေ့၊ ၁၃၁၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁-ရက်၊ တနင်္ဂနွေနေ့၊ ညဥ့်သန်းခေါင်ကျော် ၃-နာရီအချိန်တွင် မြင်မက်ရသော အိပ်မက်သည်ကား....

အိပ်မက်၌ ကျွန်ုပ်မှာသားကလေး(၂)ယောက် ရှယ်တူအမွှာ ပူးရရှိထား၍ သုံးလလေးလသားအရွယ်ခန့်ရှိကြလေသဖြင့် ညနေ ခင်းသဖွယ် သာယာကြည်နူးဘွယ်ကောင်းသော အချိန်မှာ အိမ် ရှေ့တွင် ကလေးတို့ကို ပိတ်ဖြူဖြင့်ထွေးပတ်ကာ လက်တွန်းလှည်း ယာဉ်ထဲတွင် သိပ်ထားပြီးလျှင်၊ကလေးအထိန်းတော် အခါတော် များကိုထွန်းစေလျက် ကျွန်ုပ်သည်ကား ပိတ်ဖြူကိုဝတ်လျက် မတ် တတ်ခြေစုံရပ်ပြီးလျှင် အနားမှာ စောင့်ကြည့်နေရလေသည်။

ထိုကလေး(၂)ယောက်တို့သည် အကြီးဖြစ်သော ကလေးမှာ သူ၏ကိုယ်အင်္ဂါ ထွားထွားကျိုင်းကျိုင်း ရှိ၏၊ အသားဝါ၏၊ ဥကျွောင်းသည်ဝိုင်း၍ မျက်လုံးမျက်ခုံးကောင်း၏၊ မျက်နှာလည်း ဝိုင်းဝိုင်းစက်စက်နှင့်၊ခန့်ညားသော ကိုယ်အင်္ဂါရုပ်ရှိလေ၏။အငယ် ဖြစ်သောကလေးမှာသူ၏ကိုယ်အင်္ဂါသေးသွယ်လျက် အသားဖြူ၏ မျက်လုံးမျက်ခုံးကောင်း၍ နှာတံပေါ်၏၊ ဥကျွောင်းသည် အ ပေါ်သို့ မို့မောက်သောဥကျွောင်းရှိလေသည်။

ဤသို့လျှင် ကျွန်ုပ်သည် ထိုကလေးတို့ကို စောင့်ရှောက်ကြည့်ရှု ထိန်းနေစဉ်၊ ပိတ်ဖြူကိုဝတ်ထားသော အဘိုးအိုကြီး တယောက် သည် ရုတ်တရက် ကျွန်ုပ်အနားသို့ ဝင်ရောက်လာ၍ သူသည် ထို ကလေးတို့ကိုကြည့်ပြီးလျှင် သူ၏လက်ညှိုးဖြင့်ထိုးလျက် ပြောသည် မှာ ထိုကလေး(၂)ယောက်တို့သည် အလောင်းတော် ကလေးများ ဖြစ်ကြသည်။ ယုံယုံပိုက်ထွေးကာ ကျွေးမွေးထိန်းသိမ်းပါ၊အကြီး ဖြစ်သောကလေးမှာ သူ၏အမည် 'ဇမ္ဗုပတိ'ဟုခေါ်သည်။အငယ် ဖြစ်သောကလေးမှာ သူ၏အမည် 'နရပတိ'ဟုခေါ်သည်ဟု ပြော လေသည်။

ထိုသူငယ်တို့သည် တနေ့တနေ့လျှင် တကျပ်သားကျစီ ကြီးထွားကြလေသဖြင့် (၇)နှစ်သားကျလျှင် အရွယ်သို့ရောက်ကြပါလိမ့်မည်ဟုပြောပြီးလျှင်၊ စာရွက်ငယ်ကလေးအပေါ်တွင် 'သက္ကရာဇ် ၂၅၀၆-ခုနှစ်'ဟူ၍ မတ်တတ်ရပ်လျက်ရေးပြီးလျှင် ထိုစာရွက်ငယ်ကို ကျွန်ုပ်လက်ထဲသို့ ထည့်ပေးပြီး ထွက်သွားလေသည်ဟု အိပ်မက်မှထူးခြားစွာ မြင်မက်ရလေသည်။

## အမှတ်အသားမပြုခဲ့သော အိပ်မက်ခဏ်း

တနေ့သောညဉ့်တညဉ့်၌ ညဉ့်သန်းခေါင်ကျော် အချိန်တွင် အိပ်မက်မှ မြင်မက်ခဲ့ရသည်မှာ ဘိက္ခုနီမတပါးသည် တောင်အရပ်မှ မြောက်အရပ်သို့ အထက်မိုးကောင်းကင်ပေါ်မှ အဘိဉာဉ်စျာန်ခရီးဖြင့် ကြွလာတော်မူသည်ကို ကျွန်ုပ်မြင်ရသည်နှင့် ကြည့်မြင်တိုင်အောက်လမ်းတွင် ဟုမ်းလမ်းအနီးမှ ရပ်စောင့်လျက် ကြည့်နေရာ၊ ဘိက္ခုနီမသည် ဟုမ်းလမ်းသို့ရောက်လာသောအခါ အမြင့်မှအနိမ့်သို့ဆင်း၍ လူတရပ်လွတ်ရုံမျှ ကြွလာလေ၏။ ထို ဘိက္ခုနီမသည် အသက်အရွယ်အားဖြင့် (၇၀)မျှလောက် ရှိသည်ဖြစ်၍ ကြွလာပုံသည် ခြေစုံရပ်လျက် လေတိုက်၍လွင့်ပါသွားသလို သွားနေသည်။ ဤသို့သွားနေခြင်းကို ကျွန်ုပ်သည် သဒ္ဓါကြည်ညိုဖြစ်လျက် ဘိက္ခုနီမနောက်က အပြေးလိုက်ပါသွားသော အခါတွင် ဘိက္ခုနီမသည် ဗားကရာချောက်လမ်းမှ ဥယျာဉ်တိုက်ကျောင်းတကျောင်း အပေါ်သို့ တက်သွားသောအခါ ကျွန်ုပ်သည် ကျောင်းပေါ်သို့တက်လိုက်၍ လက်အုပ်ချီကာ ဦးသုံးကြိမ်ရှိခိုးလျက် 'ဤလိုစျာန်ကို ရပါလို၏'ဟု ဆုတောင်းသောအခါ ဘိက္ခုနီမက ဆုပေးတော်မူသည်မှာ 'ပြည့်စုံချမ်းသာပါစေ

'ပြည့်စုံချမ်းသာပါစေ'ဟူ၍ ဆုပေးလေသည်။ ဇီကွျုနိုဟေုခေါ် ဆိုသော စကားသည်၊ ယခုခေတ်အခါတွင် "သီသရှင်"ဟု ခေါ်သည်ဟူ၍ သိအပ်မှတ်အပ်ကြပေသည်။

## အမှတ်အသား မပြုခဲ့သောမီးအိပ်မက်ခဏ်း

အခါတပါး၌ တည္ဆိုးသာအခါမှာ အိပ်မက်မှ မြင်မက်ခဲ့ရသည်မှာကား- ကျွန်ုပ်သည် အိမ်ပေါ်မှ အောက်သို့ဆင်း၍ အိမ်ရှေ့လမ်းတွင် မြောက်အရပ်သို့ လျှောက်သွားရာ၊ ဤလမ်းတွင် မြောက်အရပ်မှလာသော ပုဂ္ဂိုလ်တယောက်သည်၊ပိတ်ဖြူစင်ကြယ်ကို ဝတ်လျက်ဖြစ်၍၊ ကျွန်ုပ်အနားသို့ ရောက်လာသောအခါ၊ ကျွန်ုပ်၏ ဥကွောင်းပေါ်သို့ သူ၏လက်တွင် အသင့်ယူဆောင်ပါလာသည့် တရွတ်ခွေကဲ့သို့သော ဘုရင်မင်းမြတ်တို့၏ အသုံးအဆောင် ဖေါလုံးဘောင်းတော်ကို စွပ်ပေးလိုက်သည်တွင် ထိုဖေါ့လုံးဘောင်းတော်ကို ခေတ်ဆီဆွတ်၍ မီးတို့ပေးလိုက်သကဲ့သို့ အလိုအလျှောက် အားဖြင့်၊ ထိုဖေါလုံး ဘောင်းတော်ကို မီးတောက်လောင်လျက်၊ ဥကွောင်းတခုလုံး ထိန်ထိန်တောက်ပြီး မီးအရောင်တို့ဖြင့် တောက်လောင်လျက် နေရာတွင်၊ ကျွန်ုပ်သည် ပူခြင်း လောင်ခြင်းမရှိဘဲလျက် "မီး....မီး"ဟု အာရုံပြု နှလုံးသွင်းလျက်နေရာ၊ မြေပေါ်မှရပ်ထားသော ခြေသည်၊ မြေမှလွတ်ကင်းပြီး အပေါ်သို့ နှစ်တောင်ခန့်မြင့်တက်၍၊"မီး.... မီး...."ဟူသော အာရုံကိုခံစားလျက်နှင့်ပင်၊ သိမ်မွေ့စွာ နေရလေသည်ဟု အိပ်မက်မှ မြင်မက်ခဲ့ရလေသည်။

## အမှတ် (၂၁) အိပ်မက်ခက်

၁၉၅၆ ခု၊ အောက်တိုဘာလ (၂၃)ရက်နေ့၊ ၁၃၁၈ ခုနှစ် သီတင်းကျွတ်လဆုတ် (၄) ရက်၊ အင်္ဂါနေ့ညဥ့်ဦးယံ ၁၀-နာရီ အချိန်တွင်၊ မြင်မက်ရသော အိပ်မက်သည်ကား ကျွန်ုပ်သည် ညဥ့်ဦးယံအချိန်၌ ဘုရားရှိခိုး၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပြီး အိပ်သောအခါ တနာရီမျှလောက် အိပ်ပျော်သွားခိုက်တွင်၊ ဤအိပ်မက်ကို ရုတ်တရက် ထူးဆန်းစွာ မြင်မက်ရလေသည်။

ဤမြင်မက်ရသော အိပ်မက်မှာ အိပ်မက်၌ ကျွန်ုပ်၏အိမ်ရှေ့တွင် အလွန်အသရေရှိ၍ သာယာစိုပြေလှသော ကွင်းပြင်ကျယ် ကြီးဖြစ်လျက် နေသည်ရှိ၏၊ ထိုမြေပြင်အလယ်မှာ ကျွန်ုပ်သည် တင်ပြင်ခွေထိုင်လျက်၊ ကမ္မဋ္ဌာန်းဖြင့် ဈာန်ကိုဝင်စားနေစဉ်ခဏ၌ အာရုံမှ အလင်းရောင်တွေ ဖြစ်ပေါ်လျက်နေခိုက်၊ အထက်မိုးသီး ကောင်းကင်ပေါ်မှ သားသူငယ်ကလေး(၂)ယောက်တို့သည်၊ နေ လ နက္ခတ် တာရာ ကြယ်အပေါင်းတို့နှင့်တကွ ခြံရံလျက်၊ ကျွန်ုပ်၏ ရှေ့မျက်မှောက်တွင် လက်ျာဘက် ဒူးနားမှာ "လ"နှင့်တကွ ကလေးတယောက်၊ လက်ဝဲဘက်ဒူးနားမှာ "နေ"နှင့်တကွ ကလေး တယောက် ပတ်ပတ်လည် အရှေ့ အနောက်တောင်မြောက်တို့တွင် နက္ခတ်တာရာ ကြယ်အပေါင်းတို့သည်၊ လျှပ်စီးရောင်ပမာ အလင်း ရောင်တို့နှင့် မြေပြင်သို့ ရုတ်တရက်ခလာကြကုန်သည်၊ ကျလာ ကြကုန်သည်ဟူ၍ ဤသို့ ထူးဆန်းစွာ မြင်မက်ရလေသည်။

## အမှတ် (၂၂) အိပ်မက်ခဏ်း

၁၉၅၆ ခု၊ ဒီဇင်ဘာလ(၂၆)ရက်နေ့၊ ၁၃၁၈ခုနှစ်၊ နတ်တော်လဆုတ် ၉-ရက်၊ ဗုဒ္ဓဟူးနေ့၊ ညဥ့်သန်းခေါင်ကျော် ၂-နာရီ ၁၅ မိနစ်အချိန်တွင် မြင်မက်ရသော အိပ်မက်သည်ကား-

အိပ်မက်၌ ကျွန်ုပ်၏အိမ်ရှေ့တွင် လန်ချားပမာ၊ နွားယောက် ထိုင်နိုင်သော ဘီးလေးဘီးရှိ၍ မင်္ဂလာကြွတ်သရေနှင့် ပြည့်စုံသည့် ရထားယာဉ်တစီးသည်၊ အလိုအလျောက် ပေါ်ပေါက် ရောက်ရှိလာလေသည်၊ ထိုရထားယာဉ်ပေါ်သို့ ကျွန်ုပ်သည် တက်ထိုင်သောအခါတွင် ကလေး(၂)ယောက်တို့သည်၊ ကျွန်ုပ်၏ လက်ဝဲလက်ျာဘေး၌ လွှားခနဲထိုင်လျက်သား ; ရောက်ရှိလာကြလေသည်၊ ထိုအခါ၌ ကျွန်ုပ်သည် ဈာန်ကို ဝင်စားလိုက်သည်တွင် ရထားယာဉ်သည် မြေပြင်မှ ကောင်းကင်ခရီးသို့ တယူဇနာအမြင့်မျှ တက်ရောက်သွားပြီးနောက်၊ မြေပြင်သို့တဖန်ပြန်၍ သက်ဆင်းကျရောက်ရလေသည်၊ ထိုသို့ မြေပြင်မှာ ကျရောက်သောအခါ၌ လူထုအပေါင်းတို့သည် ဝိုင်းအုံကြည့်ရှု လာကြ လေသည်တွင် ကျွန်ုပ်သည်ကား ဈာန်အာရုံဖြင့် သိမ်မွေ့စွာ ဝင်စားပြီး မှိန်းလျက်ပင် ရှိနေလေ၏၊ ထိုအခါ လူထုအပေါင်းတို့က ဟစ်အော်ကြလေသမှာ "အိုမင်းတရားကြီးဘုရား၊ အိုမင်းတရားကြီးဘုရား အိုမင်းတရားကြီးဘုရား"ဟူ၍ ဟစ်အော်ကြသောအခါ ကျွန်ုပ်သည် ဈာန်အာရုံကိုဖြုတ်၍ မျက်စိ ဖွင့်ကြည့် လိုက်သည်တွင် မြေပြင်မှာ အသွန်များပြားလှသော လူထုအပေါင်းတို့၏ အလယ်၌ သားသူငယ်ကလေး (၂)ယောက်နှင့်တကွ ရထားယာဉ်ပေါ်

F 3

မှာ ထိုင်လျက်သား သိမ်မွေ့စွာဖြင့် မြေပြင်တွင် ကျရောက်နေရသည်ဟု အိပ်မက်မှ အထူးတလည် မြင်မက်ရလေသည်။

ဤသို့ရေးသားတင်ပြသော အိပ်မက်ခဏ်း(၄)တွင် မြင်မက်လာခဲ့ရသော အကြောင်းသည်၊ သက္ကရာဇ် ၂၅၀၆ ခုဟူ၍ဆိုသည်မှာကား၊ ဤနှစ် ဤအချိန်ကာလမှာ သတိတရားဖြစ်ပေါ်ရရှိလျက်၊ တေဇောကသိုဏ်း ကမ္မဋ္ဌာန်းကို အားထုတ်ရလတ္တံ့သော ပုဗ္ဗနိမိတ်ဆိုက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

အမှတ်အသားမပြုခဲ့သော အိပ်မက်ခဏ်း(၂)ခုတို့သည်၊စျာန်ကို အလိုရှိ၍ တေဇောကသိုဏ်းကို အားထုတ်ရလတ္တံ့သော ပုဗ္ဗနိမိတ်တို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အိပ်မက်ခဏ်းအမှတ်(၂၁)နှင့်(၂၂)တို့သည်ကား၊ တေဇောကသိုဏ်းကို အားထုတ်ပြီး၊ အပ္ပနာစျာန်ကိုရရှိ၍၊ သိမ်မွေ့စွာဝင်စားနေရလတ္တံ့သော ပုဗ္ဗနိမိတ် ဆိုက်ရောက်လာခဲ့ရခြင်း ဖြစ်သည်။

(မှတ်ချက်)"ဤအိပ်မက်ခဏ်းအမှတ်(၄)နှင့်(၂၁)(၂၂)တို့တွင်၊ အိပ်မက်မှ မြင်မက်ဆိုက်ရောက်လာခဲ့ရသော ကလေး(၂)ယောက်တို့၏ ပုဗ္ဗနိမိတ်အကြောင်းသည်ကား-

ဤတေဇောကသိုဏ်းကို အားထုတ်၍ အပ္ပနာစျာန်ကို ရရှိလာသည့်အခါတွင်၊ သာသနာပြုမည့် အလောင်းတော်ဖြစ်သော 'ဇမ္ဗုပတိ'နှင့် 'နရပတိ'တို့၏ အတ္တုပ္ပတ္တိ အကြောင်းအရာတို့ကို သိခဲ့ရသည် ကြားခဲ့ရသည် ဖြစ်ပါသော်လည်း ထုတ်ဖော်ရေးသားရန် မလွယ်ကူလှပါသေးသဖြင့် ဤအပ္ပနာစျာန်လမ်းတွင် ထည့်သွင်းမရေးသားဘဲ ချန်လှပ်ထားခဲ့ပါသည်။

ထိုမြင်မက်ဆိုက်ရောက်လာခဲ့ရသော ပုဗ္ဗနိမိတ်အကြောင်းတို့သည် ဈာန်ကိုဝင်စား၍ အလင်းရောင်ကိန်းအောင်းဖြစ်ပေါ်နေရခြင်းသည်လည်းကောင်း၊ ဈာန်ကို ဝင်စားပြီး ဈာန်အာရုံဖြင့် ခံစားလျက် သိမ်မွေ့စွာနေရခြင်းသည် လည်းကောင်း၊ ထိုအချိန်အခါက ဈာန်ဟူသောစကားကို နားမလည်ခဲ့ပါပေ၊ ဤအိပ်မက်၏ ပုဗ္ဗနိမိတ်အကြောင်းကြောင့် နောင်သော အခါကာလတို့တွင် ဤကဲ့သို့သော ဈာန်အလင်းရောင်တို့ကို ဖြစ်ပေါ်ကိန်းအောင်း ဆိုက်ရောက်လတံ့။ ဤကဲ့သို့သော ဈာန်ချမ်းသာကြီးကိုလည်း ခံစား၍နေရလတံ့ဟူ၍ နိမိတ်ဖတ်ကြားပြီး တွေးတောထင်မြင်ခဲ့ရပါသည်။

နဝင်္ဂသီလကို တအင်္ဂါပြည့်အောင် အဓိဋ္ဌာန်ပြု၍ ဆောက်တည် ၊ မေတ္တာဘာဝနာကို ပွားများလျက်နေရသော နှစ်ကာလအချိန်အတွင်းမှာ စိတ်သည် ကြည်လင်သန့်ရှင်းနေရ၍ အိပ်သောအခါ၌မတွေ့ဝေဘဲအိပ်ရသည်။ နိုးသောအခါ၌လည်း မတွေဝေဘဲ ကြည်လင်စွာဖြင့် နိုးလာရသည်။ မကောင်းသော အိပ်မက်တွေကို မမြင်မက်ရဘဲလျက် ကောင်းသောအိပ်မက်တွေ ရှေ့သို့ဖြစ်ပေါ်ဆိုက်ရောက် လတံ့သော ပုဗ္ဗနိမိတ်အိပ်မက်မျိုးတွေကိုသာ ဆက်ကာဆက်ကာ မြင်မက် ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ရှေးပညာရှိများက မေတ္တာအကျိုး(၁၁)ပါးကို ရေးသားဖော်ပြ စပ်ဆိုသားခဲ့သည်မှာ 'အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်လတ်နတ်များ၊ ထိပါးမရှိ၊ သမာဓိတည်၊ ဝင်းကြည်မျက်နှာ၊ သေခါမတွေ၊ မဂ်ကင်းခြေသော်၊ နတ်ပြေပြဟ္မာ၊ လားတုံရာသည်၊ ဤကား မေတ္တာအကျိုး

ဆယ့်တစ်တည်း' ဟူ၍ ဤသို့ ရေးသားစပ်ဆိုထားခြင်း ဖြစ်လေသည်။

သို့ပါ၍ ကျွန်ုပ်သည် မေတ္တာကို အားလပ်သောအချိန်ကာလတိုင်းတို့မှာ အမြဲတစေ မနေမနား ပွားများအားထုတ်မှုကြောင့် အနုသယ မေတ္တာခေတ်ကိန်းအောင်းလာလျက် ဖြစ်နေသည်။

ထိုသို့နဝင်္ဂသီလကို အားထုတ် စောင့်ထိန်းလာခဲ့ရာတွင် ဒုတိယဆင့် နဝင်္ဂသီလကို စတုတ္ထအကြိမ်မြောက် ဆောက်တည်သော အဓိဋ္ဌာန်ရက်အတွင်းမှာ တနေ့သော ညဉ့်ဦးယံအခါ၌ထိုင်လျက် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၍နေရာတွင် သတိလစ်သွားပြီးလျှင် အာရုံဓာတ်ပျောက်သွားကာ အမှောင်လောကကြီးသည် ဖြစ်ပေါ်လျက် တည်ရှိနေလေ၏။ အချိန်အတော်ကြာကြာ တည်နေရာမှ မီးတောက်သည် ဖွားကနဲ ဖွားကနဲ တောက်လောင်ပေါ်ပေါက်လာပြီးလျှင် ချုပ်ကွယ်ပျောက်၊ ချုပ်ကွယ်ပျောက်၍ သွားလေ၏။ ဤသို့ ဖွားကနဲပေါ်လာပြီး ချုပ်ကွယ်ပျောက်၍သွားသောနေရာမှ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော နေမင်းကြီးနှင့်တူစွာ မီးကသိုဏ်းဝန်းကြီး တခုသည် ဖြစ်ပေါ်လာပြီး တည်လျက်နေလေ၏။ ဤသို့ဖြစ်ပေါ်တည်ရှိနေသော ကသိုဏ်းဝန်းကို အာရုံပြု၍ အတော်ကြာကြာ ကြည့်နေရပြီးသည့်နောက် ချုပ်ငြိမ်း ကွယ်ပျောက်၍သွားလေသည်။ ၎င်းနောက် အမှောင်လောကကြီးပင်လျှင်ဖြစ်၍ တည်ရှိနေပြန်လေ၏။ ထိုအမှောင်လောကကြီးထဲမှတဖန် အဖြူရောင်သည် ပွက်ကာ ပွက်ကာ တဖွားဖွား ပေါ်လာပြန်လေ၏။ ဤသို့ တဖွားဖွား ပေါ်လာသောနေရာမှ အရှေ့လောကဓာတ်မှ ညဉ့်အချိန်အခါတွင် ထွက်ပေါ်

လာသည့် ပြည့်ဝန်းသောလမင်းကြီးနှင့်တူစွာ ညြဒါတအဖြူရောင် ကသိုဏ်းဝန်းကြီးတခုသည် ဖြစ်ပေါ်လာပြီး တည်လျက်နေလေ၏။ ထိုအဖြူဝိုင်းကြီးကို အာရုံပြု၍စိုက်ကြည့်နေရာတွင်၊ ကြည့်ရင်းကြည့်ရင်းနှင့်ပင်လျှင် ကြီးကြီးလာလျက် ၎င်းအဖြူဝိုင်းထဲမှ လက်ျာတောင်ဘက် အဝိုင်းနံရံကို နောက်ကျောမှီပြီး မြောက်သို့မျက်နှာပြုလျက်နေသော အသောင်းတော်ဟူသော သားသူငယ်ကလေးတယောက်သည် ခြေဆင်းထိုင်လျက် ပေါ်လာလေတော့၏။ ထိုကလေးသည် အသားဖြူ၍ ဝဝဖြိုးဖြိုးနှင့် ထွားကျိုင်းလှသော ကလေးတယောက်ပင် ဖြစ်လေသည်။ သူ၏ဦးခေါင်းသည် ဝိုင်း၍ကြီး၏၊ မျက်ခုန်းကောင်း၍ ဝိုင်းသောမျက်လုံးလည်းရှိ၏၊ ဦးထိပ်ပြင်သည်လည်း ညီညွတ်ပြေပြစ်စွာရှိ၏၊ ဤသို့ တွေ့မြင်နေရာမှတဖန်၊ သူ၏မျက်နှာသည် ကျွန်ုပ်၏ မျက်နှာဘက်သို့ ခပ်စောင်းစောင်းလှည့်လျက် ပြုံးရွှင်ကြည်လင်သော မျက်နှာဖြင့် ကျွန်ုပ်အား သူ၏နှုတ်ခမ်းကို ဖွင့်ဟလျက် စကားတခွန်း လှမ်းပြောလိုက်လေ၏။ ထိုစကားသည် 'အသျှင် ဤသို့သောတရားနှစ်ပါးတို့ကို နှောင်သောအခါ အားထုတ်ပါလော့'ဟု ဆိုလေ၏။ ၎င်းနောက် အာရုံနိမိတ်သည် ချုပ်ငြိမ်းပျောက်ကွယ်၍ သွားလေသည်။ ကျွန်ုပ်မှာကား အိပ်မက်ပင်မဟုတ်သော်လည်း အိပ်မက်မှမြင်မက်ရသကဲ့သို့ပင် ဖြစ်နေလေ၏။ ငါသည် မေတ္တာကမ္မဋ္ဌာန်းကို ဝင်စားပွားများနေတာဟာ အိပ်၍ပင်ပျော်သွားသလားဟု စဉ်းစားလျက် အိပ်ပျော်သွားသည်မဟုတ်၊ တရားထိုင်နေရာမှ နိမိတ်ကိုမြင်တာဘဲ၊ ဩော်-ချမြင် ခုပျောက်သွားရသော နိမိတ်သည်ကား အနိစ္စ အနိစ္စ အမြဲမရှိ အမြဲမရှိဟူ၍ နှလုံးသွင်းလိုက်လေတော့သည်။

ဤသို့ နဝင်္ဂသီလကို တအင်္ဂါ အဓိဋ္ဌာန်ပြု၍ မပြည့်မခြင်း အောင်မြင်ရန် ကြိုးစားအားထုတ်လျက် ဆောက်တည်၍ နေရသည်တွင် နောင်သောအခါ ကာလတို့တွင် သာသနာပြုကြမည်ဖြစ်သော အလောင်းတော်တို့အတွက် ပုဗ္ဗနိမိတ် အိပ်မက်ခဏ်း (၂၇)ခဏ်းတို့ကို မြင်မက်ဆိုက်ရောက် ဖြစ်ပေါ်လာသည်။ ၁၃၁၉-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်နေ့သို့ ရောက်သောအခါတွင် ထိုနဝင်္ဂသီလ တအင်္ဂါကို ပြီးဆုံးသောနေ့ပင်ဖြစ်လေသည်။ ဤသို့ နဒင်္ဂသီလတအင်္ဂါ အဓိဋ္ဌာန်ပြီးဆုံး၍ (၄)နှစ်ကျော်ကျော်ရောက်ရှိလာသောအခါ သာသနာတော်နှစ် ၂၅၀၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၄-ခုနှစ်ကဆုန်လပြည့်ကျော် ၁-ရက်နေ့သို့ရောက်သောအခါကျမှ သတိတရားဖြစ်ပေါ် ရရှိလာသဖြင့် စဉ်းစားလိုက်သည်တွင် အိပ်မက်ခဏ်း အမှတ် (၄) မှာ ငါ့အားသို့ 'သက္ကရာဇ် ၂၅၀၆-ခုနှစ်' ဟု စာရွက်ငယ် ကလေးဖြင့် ရေးပေးသွားခြင်းသည် ဤ သာသနာတော်နှစ် ၂၅၀၆-ခုနှစ်ပင် ဖြစ်သည်။ နောက်ထပ် အိပ်မက်မှမြင်မက်ဆိုက်ရောက်လာသောအမှတ် (၂၀) နှင့် (၂၂) တို့သည်ကား ဈာန်ကိုဝင်စား၍ အလင်းရောင်တွေ ရရှိနေခြင်းနှင့် ဈာန်အာရုံဖြင့် ခံစားလျက် သိမ်မွေ့စွာနေရခြင်းတို့သည် ငါ့အား ဈာန်တရားကိုရအောင် အားထုတ်ရန် ဖြစ်ပေါ်ဆိုက်ရောက်လာသော ပုဗ္ဗနိမိတ်ပင်ဖြစ်ခဲ့လေသည်။ သို့ပါသောကြောင့် ငါသည်ဈာန်ကိုရအောင် အဘယ်ကမ္မဋ္ဌာန်းကို အားထုတ်ရမည်နည်း၊ မည်သည့်ကမ္မဋ္ဌာန်းဆရာတော်ထံတွင်သွား၍ ကမ္မဋ္ဌာန်းကိုလျှောက်ထားတောင်းဆိုရမည်နည်းဟု စဉ်းစားနေသည့်အခါ နောက်နောက်က မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်နေစဉ်အခါက ဖြစ်ပေါ်ဆိုက်ရောက်လာသော အာရုံ

နိမိတ်တွင် အလောင်းတော်ဟူသောသားသူငယ်ကလေးက ပြော သောစကားသည်ကား 'အသျှင်....ဤသို့သောတရားနှစ်ပါးတို့ကို နောင်သောအခါ အားထုတ်ပါလော့'ဟူ၍ပြောတယ်၊ ဤတရား နှစ်ပါးဟုဆိုသည်မှာ ထိုအခါက ဖြစ်ပေါ်ဆိုက်ရောက်လျက်မြင် လာရသော ပဋိနိမိတ်သည် နေဝန်းကဲ့သို့သော မီးကသိုဏ်းဝန်း နှင့် လဝန်းကဲ့သို့သော အဖြူကသိုဏ်းဝန်းတို့ကို အလောင်းတော် ဟူသော သားသူငယ်ကလေးက ညွှန်ကြားပြောဆိုခြင်းဖြစ်သည်။ သို့ပါ၍ ငါသည် တေဇောကသိုဏ်းကို ကျင့်ကြံအားထုတ်ရပေ တော့မည်၊ ဤသို့တေဇောကသိုဏ်းကိုအားထုတ်ကြည့်ရှု၍ ပဋိ ဘာဂနိမိတ်ကိုရလာသောအခါ ချောမွေ့ငြိမ်သက်လျက်နေသဖြင့် ဝင်စားပြီးခံစားလိုသောစိတ်သည်ဖြစ်ပေါ်လာ၏၊ ဈာန်ကိုတက် လိုသောဆန္ဒသည်ဖြစ်ပေါ်လာ၏၊ ဈာန်ကိုတက်ရန်မှာ မတက် တတ်ပါသဖြင့် အဘယ်သို့ အဘယ်လို တက်ရမည်နည်းဟူ၍ ဆရာကိုစုံစမ်းရှာဖွေခဲ့ပါသော်လည်း မတွေ့ရှိဘဲလျက်နေခဲ့ရာတွင် တနေ့သောအခါ နေ့ခင်းယံအချိန်မှာ ကျွန်ုပ်သည် အားထုတ်မှု ကြောင့်ဖြစ်ပေါ်ရရှိနေသော ပဋိဘာဂနိမိတ်အာရုံကို နှလုံးသွင်း ပွားများနေရင်း မှေးမှိတ်အိပ်ပျော်သွားခိုက် အိပ်နေသော ခေါင်းရင်းမှနေ၍ ပြောလိုက်သည်မှာ 'အာစာရ-အကျင့်-ဝိစာရ ဖြစ်အောင်လုပ်ပေးရသည်၊ အားထုတ်ရသည်'ဟူ၍ ပြောလိုက် သောအသံကိုကြားလိုက်ရသည်နှင့် မှေးမှိတ် အိပ်ပျော်နေရာမှ နိုးလာပြီးသော် ငါ့အား ကိုနတ်ကပြောလိုက်သော စကားပင်ဖြစ် သည်။ ထိုအခါက တတ်ကျွမ်းနားလည်သော ပုဂ္ဂိုလ်တို့အား မေးမြန်းသောအခါတွင် ထိုပုဂ္ဂိုလ်ကပြောသည်မှာ အာစာရဆို တာ ယခုသူပြောတဲ့စကားအတိုင်း 'အကျင့်' ဘဲဖြစ်တယ်၊

ဝိစာရ ဆိုတာကတော့ ပွားများမှု နှလုံးသွင်းမှုကိုခေါ်တယ်၊ အဲဒီတော့ မီးကသိုဏ်းဝန်းကိုကြည့်ရှုနေသည်မှာ အာစာရအကျင့်ဖြစ်သည်၊ အဲဒီအကျင့်ကိုပြုလုပ်အားထုတ်မှုကြောင့် ဤသို့ဖြစ်ပေါ်ရရှိလာသော ပဋိဘာဂနိမိတ်ကို အဖန်ဖန်နှလုံးသွင်းလျက်ကြည့်ရှုပွားများနေခြင်းသည် 'ဝိစာရ' ဖြစ်သည်၊ အဲဒီတော့မင်းကို နတ်ကစျာန်အတက်ခိုင်းနေတာဖြစ်ပေလိမ့်မည်ဟု ဖြေဆိုပြောပြတော့မှ သိနားလည်၍ မီးကသိုဏ်းကိုခွာပြီး 'ဝိစာရ'ကိုပွားများနှလုံးသွင်းလျက် ထိုမှတဖန် 'ပီတိ' 'သုခ' ဥပေက္ခာဧကဂ္ဂတာ'ဟူ၍ စတုက္ကနည်းအတိုင်း စျာန်ကိုတက်သောအခါ၌ ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်နေ့တွင် စျာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဥပစာရစျာန်ကိုရရှိခဲ့ပါသည်ဖြစ်၍ ဝါဆိုလဆန်း ၁၅-ရက်နေ့ ညဉ့် ၈-နာရီအချိန်တွင် စျာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော 'အပ္ပနာပထမစျာန်'သို့ဆိုက်ရောက်လျက် ရှေးဦးစွာဖြစ်ပေါ်ရရှိသော စျာန်သုခ စျာန်ချမ်းသာကြီးကိုခံစားလျက်ခံစားလျက်နေစဉ် ထိုအခါ၌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကဟောပြောသော မဂဓပါဠိဘာသာစကားတို့ကိုကြားနာရ၍ သိခဲ့ရသည့်အကြောင်းတွေကိုမှတ်တမ်းတွင် ရေးသားထားပါသည်။

# သမထအကြောင်း

## သမထ ၄၀ အကြောင်း ဖော်ပြခြင်း

ပွားများအပ်သော ဘာဝနာကို အားထုတ်မှု၏တည်ရာ အာ-ရုံဖြစ်သော ကမ္မဋ္ဌာန်းသည် သမထ ၄၀ မည်၏၊ သမေတိတိ၊ သမထော၊ သမေတိတိ၊ ငြိမ်းအေးစေတတ်သောကြောင့်။ သမထော၊ 'သမထ'မည်၏။ ဟူ၍ဆိုသည်။ ထို့ကြောင့် ပွားများ အားထုတ်ကြရန် သမထအမည်တို့ကို ရေးသားဖော်ပြပါမည်။

### သမထ ကမ္မဋ္ဌာန်း (၄၀) ဟူသည်ကား

| | | |
|---|---|---|
| ၁။ | ကသိုဏ်း | ၁၀ ပါး။ |
| ၂။ | အသုဘ | ၁၀ ပါး။ |
| ၃။ | အနုဿတိ | ၁၀ ပါး။ |
| ၄။ | အပ္ပမညာ | ၄ ပါး။ |
| ၅။ | အာရုပ္ပ | ၄ ပါး။ |
| ၆။ | အာဟာရေပဋိကူလသညာ | ၁ ပါး။ |
| ၇။ | စတုဓာတုဝဝတ္ထာန် | ၁ ပါး။ |
| | | ၄၀ ပါး ဖြစ်သတည်း။ |

ဤကား သိအပ် မှတ်အပ်သော သမထ ၄၀ ဖြစ်၏။

## ကသိုဏ်း ၁၀ ပါးဟူသော်ကား

၁။ ပထဝီကသိဏ — မြေကသိုဏ်း
၂။ အာပေါကသိဏ — ရေကသိုဏ်း
၃။ တေဇောကသိဏ — မီးကသိုဏ်း
၄။ ဝါယောကသိဏ — လေကသိုဏ်း
၅။ နီလကသိဏ — ညိုသောအဆင်းကသိုဏ်း
၆။ ပီတကသိဏ — ရွှေသောအဆင်းကသိုဏ်း
၇။ လောဟိတကသိဏ — နီသောအဆင်းကသိုဏ်း
၈။ ဩဒါတကသိဏ — ဖြူသောအဆင်းကသိုဏ်း
၉။ အာကာသကသိဏ — ကောင်းကင်အပေါက်ကသိုဏ်း
၁၀။ အာလောက ကသိဏ — အလင်းရောင်ကသိုဏ်း

ဤသို့လျှင် ကသိုဏ်း(၁၀)ပါးဖြစ်သည်။

## အသုဘ ၁၀ ပါးဟူသော်ကား

၁။ ဥဒ္ဓုမာတက ....ဖူးဖူးရောင်ကြွ ပုပ်ပွသော အကောင်ပုပ်။

၂။ ဝိနီလက ....အနီအဖြူရောနှော ညိုမဲသော အကောင်ပုပ်။

၃။ ဝိပုဗ္ဗက ....ပြည်အစိုစို စီးယိုပေါက်ကွဲသော အကောင်ပုပ်။

၄။ ဝိစ္ဆိဒ္ဒက ....ထက်အောက်မစပ်၊ အောက်ပိုင်း ပြတ်သော အကောင်ပုပ်။

၅။ ဝိက္ခာယိတက ....ခွေးလင်းဒတို့ အမျိုးမျိုး ခဲစား
အပ်သော အကောင်ပုပ်။

၆။ ဝိက္ခိတ္တက ....ဖရိုဖရဲ ပြန့်ကြဲပင်လွင့်အပ်သော
အကောင်ပုပ်။

၇။ ဟတဝိက္ခိတ္တက ....ဓါးဖြင့်မွန်း၍၊ ဖရိုဖရဲ ပြန့်ကြဲပစ်
လွင့်အပ်သော အကောင်ပုပ်။

၈။ လောဟိတက ....သွေးများယိုလျှံ၊ တကိုယ်လုံး
ပေကျံသော အကောင်ပုပ်။

၉။ ပုဠုဝက ....ပိုးသောက်တွေပြည့် ကျိကျိတက်
နေသော အကောင်ပုပ်။

၁၀။ အဋ္ဌိက ....အရိုးစုပေါင်း ရှုံ့ဘွယ်ကောင်း
သော အကောင်ပုပ်။

ဤသို့လျှင် အသုဘ(၁၀)ပါးဖြစ်သည်။

## အနုဿတိ(၁၀)ပါး ဟူသော်ကား

၁။ ဗုဒ္ဓါနုဿတိ ....ဘုရားဂုဏ်ကို၊ အဖန်ဖန်အောက်
မေ့ခြင်း။

၂။ ဓမ္မာနုဿတိ ....တရားဂုဏ်ကို၊ အဖန်ဖန်အောက်
မေ့ခြင်း။

၃။ သံဃာနုဿတိ ....သံဃာဂုဏ်ကို၊ အဖန်ဖန်အောက်
မေ့ခြင်း။

၄။ သီလာနုဿတိ ....မိမိ၏သီလဂုဏ်ကို၊ အဖန်ဖန်
အောက်မေ့ခြင်း။

၇။ စာဂါနုဿတိ ....မိမိ၏စွန့်ကြဲခြင်းဂုဏ်ကို၊ အဖန်ဖန် အောက်မေ့ခြင်း။

၆။ ဒေဝတာနုဿတိ ....နတ်တို့ကို သက်သေထား၍၊ မိမိ၏ နတ်ဖြစ်ကြောင်း ကုသိုလ်တရားကို အဖန်ဖန်အောက်မေ့ခြင်း။

၇။ ဥပသမာနုဿတိ ....နိဗ္ဗာန်၏ ငြိမ်းအေးပုံကို၊ အဖန်ဖန် အောက်မေ့ခြင်း။

၈။ မရဏာနုဿတိ ....သေရမည်ကို၊ အဖန်ဖန်အောက် မေ့ခြင်း။

၉။ ကာယဂတာသတိ ....သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသ၌၊ အာရုံပြုသော သတိတရား။

၁၀။ အာနာပါနဿတိ ....ထွက်သက်ဝင်သက်ကို၊ အာရုံပြု သော သတိတရား။

ဤသို့လျှင် အနုဿတိ(၁၀)ပါး ဖြစ်သည်။

## အပ္ပမညာ(၄)ပါး ဟူသော်ကား

၁။ မေတ္တာ ....သတ္တဝါအများကို အာရုံပြု၍ ချစ်ခင်ခြင်း။

၂။ ကရုဏာ ....ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားခြင်း။

၃။ မုဒိတာ ....သုခိတသတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်ခြင်း။

၄။ ဥပေက္ခာ ....သတ္တဝါအများကို အာရုံပြု၍ လျစ်လျူရှုခြင်း။

ဤသို့လျှင် အပ္ပမညာ(၄)ပါးဖြစ်သည်။

## အာရုပ္ပ(၄)ဂါး ဟူသော်ကား

၁။ ဤအာရုပ္ပ ကမ္မဋ္ဌာန်း ၄ ပါးကို ပွားများ အားထုတ်၍ အာရုပ္ပဈာန် ၄ ပါးကိုရပုံ၊ အစဉ်အတိုင်း ပြဆိုရေးသားအံ့။

၁။ ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို၊ အာရုံပြု၍ ကောင်းကင်သည် အဆုံးမရှိ အဆုံးမရှိဟု စီးဖြန်းသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနဈာန်ဖြစ်လေသည်။

၂။ အာကာသာနဉ္စာယတနဈာန်ကို၊ အာရုံပြု၍ ငါခိုရပြီးသော အာကာသာနဉ္စာယတန ဈာန်သည် အဆုံးမရှိ၊ အဆုံးမရှိဟု စီးဖြန်းသော ပုဂ္ဂိုလ်အား၊ ဝိညာဉ္စာယတန ဈာန်ဖြစ်လေသည်။

၃။ အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို၊ အာရုံပြု၍ ငါခိုရပြီးသော အာကာသာနဉ္စာယတနဈာန်သည်၊ မရှိမရှိဟု စီးဖြန်းသော ပုဂ္ဂိုလ်အား၊ အာကိဉ္စညာယတနဈာန် ဖြစ်လေ၏။

၄။ အာကိဉ္စညာယတနဈာန်ကို၊ အာရုံပြု၍ ငါရပြီးသော အာကိဉ္စညာယတနဈာန်သည် ငြိမ်သက်၏၊ ငြိမ်သက်၏

ဟု စီးဖြန်းသော ပုဂ္ဂိုလ်အား၊ နေဝသညာနာ သညာသယ-
တနစျာန် ဖြစ်လေ၏။

ဤသို့လျှင် အာရုပ္ပ(၄)ပါးဖြစ်သည်။

အာဟာရေ ပဋိကူလသညာ (၁)ပါးဟူသော်ကား။

အာဟာရ၌ စက်ဆုပ်ဘွယ် စက်ဆုပ်ဘွယ်ဟု ထင်လာအောင် မှတ်သော သညာဖြစ်သတည်း။

စတုဓာတုဝဝတ္ထာန်(၁)ပါးဟူသော်ကား။

ဓာတ်ကြီးလေးပါးကို ပိုင်းခြား၍ မှတ်သားတတ်သော ဉာဏ် ဖြစ်သတည်း။

ဤတွင်သမထကမ္မဋ္ဌာန်း (၄၀) အကျယ်ကို ရေးသား
ဖော်ပြပြီးပါပြီ။

# စရိုက်(၆)ပါးကို ဖော်ပြခြင်း

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်ဟူ၍ စရိုက်(၆)ပါးရှိသည်။

ဤသမထ ကမ္မဋ္ဌာန်း (၄၀)ကို စီးဖြန်း အားထုတ်လိုသော ပုဂ္ဂိုလ်သည်၊ မိမိတို့၏ စရိုက်နှင့် လျော်ညီသော ကမ္မဋ္ဌာန်းကို ကြည့်၍ အားထုတ်သွားသင့်သည်။

၁။ ရာဂစရိုက်ရှိသောသူသည်၊ လောဘကြီး၏။
၂။ ဒေါသစရိုက်ရှိသောသူသည်၊ အလွန်စိတ်တို၏။
၃။ မောဟစရိုက်ရှိသောသူသည်၊ တွေဝေထိုင်းမှိုင်း၏။
၄။ သဒ္ဓါစရိုက်ရှိသောသူသည်၊ ရတနာသုံးပါးကို အလွန်ကြည်ညို၏။
၅။ ဗုဒ္ဓိစရိုက်ရှိသောသူသည်၊ ဉာဏ်ပညာထက်မြက်၏။
၆။ ဝိတက်စရိုက်ရှိသောသူသည်၊ အကြံအစည်များ၏။

ဤကားစရိုက်(၆)ပါး၏ သဘောကို ဖော်ပြခြင်းဖြစ်သည်။

## စရိုက်နှင့်ကမ္မဋ္ဌာန်းကို တွဲစပ်၍ဖော်ပြခြင်း

(၁) ရာဂစရိုက်ရှိသူတို့သည် အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ ဤ(၁၀)ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်သင့်၏။

(၂) ဒေါသစရိုက်ရှိသူတို့သည် အပ္ပမညာ ၄-ပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ ကသိုဏ်း ၄-ပါး၊ ဤ(၈)ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်သင့်၏။

(၃) မောဟစရိုက် ရှိသူတို့သည် အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်။

(၄) သဒ္ဓါစရိုက်ရှိသူတို့သည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဤ(၆)ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်သင့်သည်။

(၅) ဗုဒ္ဓိစရိုက်ရှိသော သူတို့သည် မရဏ နုဿတိ၊ ဥပသမာနုဿတိ၊သညာ၊ ဝဝတ္ထာန် ဤ(၄)ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်သင့်သည်။

(၆) ဝိတက်စရိုက်ရှိသော သူတို့သည် အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်။

၎င်းအပြင်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက၊ ဤကသိုဏ်း (၆)ပါးနှင့် အာရုပ္ပ ၄-ပါး၊ ဤ(၁၀)ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ရန် အများနှင့်သက်

ဆိုင်၏၊ ဘယ်သူမဆို လျှောက်ပတ်၏။ အားထုတ်ရန်သင့်လျှော်ကြလေသည်။

ဤတွင် မောဟစရိုက်ရှိသူတို့သည် ကြီးသောကသိုဏ်းဝန်းနှင့် သင့်တော်သည်။ ဝိတက်စရိုက် ရှိသူတို့သည် ငယ်သောကသိုဏ်းဝန်းနှင့်သင့်တော်သည်။

ကသိုဏ်းဝန်းအငယ်ဆုံးကား တထွာနှင့် လက်လေးသစ်ခန့်ဖြစ်သည်။

ကသိုဏ်းဝန်းအကြီးဆုံးကား ကောက်ငယ်တလင်းခန့် ရှိသည်ဟူ၍ ကျမ်းဂန်များမှပြဆိုသဖြင့် ရေးသားဖော်ပြခြင်းဖြစ်သည်။

## သမထ(၄၀)ကို နတ်များက ချစ်ခင်ကြည်ညိုကြသော ကမ္မဋ္ဌာန်းကို ခွဲခြားပြခြင်း

(၁) ဗုဒ္ဓါနုဿတိ၊ဓမ္မာနုဿတိ၊သံဃာနုဿတိ၊သီလာနုဿတိ၊ စာဂါနုဿတိ၊ဒေဝတာနုဿတိ၊ ၆-ပါး၊မေတ္တာ၊ဂရုဏာ၊ မုဒိတာ ၃-ပါး၊ ဤ ၉-ပါးသော သမထကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း၊ အောက်နတ်များ အပေါင်းတို့နှင့်တကွ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၊ တန်ခိုးကြီးသော အထက် သမ္မာဒေဝ နတ်များ အပေါင်းတို့က ချစ်ခင်ကြည်ညို လေးစားလျက် စောင့်ရှောက်ကြသည်။ ဤတွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် မေတ္တာကမ္မဋ္ဌာန်းကို ပိုမို၍နှစ်သက်ကြသည်။ နတ်များက လူတို့အား ဤကမ္မဋ္ဌာန်း (၂)ပါးကို အားထုတ်ကြရန် နှိုးဆော်တိုက်တွန်း ပေးတတ်ကြလေသည်။

(၂) ကသိုဏ်း ၁၀-ပါးနှင့် အာနာပါနာနုဿတိ၊ ပေါင်း (၁၁)ပါးသော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာဈာန် ငါးပါးလုံးကို ရ၍ တန်ခိုးအကြီးဆုံးသော ကမ္မဋ္ဌာန်းများ ဖြစ်သည့်အတွက် ဤကမ္မဋ္ဌာန်းတို့ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် အထက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အပေါင်းတို့က ချစ်ခင်ကြည်ညိုကြလျက် လာရောက်ကြသည်၊ စောင့်ရှောက်ကြသည်။ ဤတွင် အာနာပါနာနုဿတိ ကမ္မဋ္ဌာန်းမှာ အပ္ပနာဈာန်သို့မတက်မီ အာနာပါနဈာန်နှင့် ခံစားမွေ့လျော်ဝင်စားအားထုတ်နေစဉ်တွင် အောက်နတ်၊အထက်နတ်များတို့နှင့်တကွ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများတို့က လာရောက် စောင့်ရှောက်ကြသည်။ ဤသို့ လာရောက်ကြခြင်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့က တွေ့မြင်ကြရပေသည်။

(၃) ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ ၃-ပါး၊ အသုဘ ၁၀-ပါး၊ ဥပေက္ခာ ၁-ပါး၊ အာရုပ္ပ ၄-ပါး၊ အာဟာရေပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ဤအပါး(၂၀)သော ကမ္မဋ္ဌာန်းတို့ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် လောကီဗဟိဒ္ဓအာရုံ ကာမဂုဏ်တို့ မရှိကြဘဲလျက် အပျက်သဘောသတ္တကိုသာရှု၍ နေသည်ဖြစ်သဖြင့် လောကီပြုဘွယ်ကိစ္စဟူသမျှတို့ မရှိကြသည့်အတွက်ကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများတို့နှင့် နတ်ကောင်း နတ်မြတ် အပေါင်းတို့က မလာမရောက် ကူညီသမှု မပြုကြဘဲရှိချေသည်။

အထက်က ပြဆိုရေးသားခဲ့ပြီးသော ကမ္မဋ္ဌာန်း နှစ်ရပ်တို့ကို သာသနာပြုရန် လိုလားတောင့်တကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် အားထုတ်သင့်သည်ဟူ၍ ရေးသားဖေါ်ပြပါသည်။

ဤကမ္မဋ္ဌာန်းတို့ကို ခွဲခြားဖော်ပြခြင်းသည် ကျမ်းဂန်အရ မဟုတ်ငြားသော်လည်း ကိုယ်တိုင်အားထုတ်မှု လက်တွေ့အသိဉာဏ်နှင့် ဗဟုသုတ ရှာဖွေရခြင်း ဖြစ်ပါသဖြင့် မှတ်သားကြ၍ အားထုတ်မှုယုံကြည်ချက် အပြည့်အဝထားပြီး သာသနာပြုနိုင်ရန် ရည်သန်ကိုးစားလျက် အကျိုးများအောင် အားထုတ်သွားနိုင်ကြပါသည်။

# သမထ၏အကျိုး

ယက္ကန်းစင်တောင်ဆရာတော်၊ ထွက်ရပ်ပျော်သည့်၊ ထေရ်မေဝဲမိန့်ကြား၊ တပည့်များကို၊ လိုလားသိပ္ပ၊ သမထဟု၊ မှာတမ်းပြုသည်၊ မှတ်မှုသေချာမလွဲတည်း။

မန္တာန်ဆေးဝါး၊ နတ်ဆေးများနှင့်၊ ပယောဂကုထုံး၊ အသုံးချလေ၊ သမထပေ။

အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့မန္တာန်၊ သိဒ္ဓိနှံ့နှင့်၊ တတန်နတ်ဆေး၊ ထိုးနှံ့ပေးက၊ အားထုတ်ကြလေ၊ သမထပေ။

ဓာတ်ပိန္ဒောဆေး၊ လိုရာပေးလို့၊ မနေ့းရောဂါ၊ ပျောက်ကင်းကွာအောင်၊ အားထုတ်ဆောင်လေ၊ သမထပေ။

လက္ခဏာဗေဒင်၊ ရာသီခွင်နှင့်၊ ထို့ပြင်တဝ၊ အင်္ဂဝိဇ္ဇာ၊ အခါလည်းပေး၊ ရက်ရွေးမင်္ဂလာ၊ အာရုံမှာထင်၊ အမြင်ဟောလေ၊ သမထပေ။

သတ္တဝါတွေ၊ ထွေထွေရောဂါ၊ ပျောက်စေရာတို့၊ မိန့်မှာစေခိုင်း၊ အထက်ဂိုဏ်းက၊ အာဏာရ၍၊ကုကြပါလေ၊ သမထပေ။

ကြံစည်လုပ်ငန်း၊ စီးပွားလမ်းမှာ၊ တိုးတက်ပါစေ၊ ဓိဋ္ဌာန်ပေ၍၊ နေ့ရှည်ရက်များ၊ ပွားများပါလေ၊ သမထပေ။

ရာထူးတိုးမှု၊ အာရုံပြု၍၊ ရေ့ရှုပွားများ၊ ဂုဏ်တော်များကို၊ စိတ်ကဆို၍၊ ထောင်ပြည့်တသီး၊ ပုတီးစိပ်လေ၊ သမထပေ။

ကုသိုလ်ကောင်းမှု၊ အကြောင်းပြု၍၊ ကောင်းမှုဖြာဖြာ၊ သာသနာကို၊ မှမ်းမံလိုလား၊ ဘုရားတည်မှု၊ ပြုစုကျိုးဆောင်၊ အောင်မြင်ကြလေ၊ သမထပေ။

မင်္ဂလာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရောက်အောင်၊ ပို့ဆောင်တတ်လေ၊ သမထပေ။

ဤသို့သမထလုပ်ငန်းစခန်းတို့ကို ထုတ်ဖေါ်ရေးသားဘင်ပြခြင်းသည် ယောဂီအပေါင်းတို့ လေးလေးစားစားနှင့်တရားကိုအားထုတ်နိုင်ကြ၍ အမှုကိစ္စတို့ကို၊ဆောင်ရွက်ခြင်းမှု အောင်မြင်၊ အောင်မြင်ခြင်းသို့ ရောက်ကြပါစေသတည်း။

# ကသိုဏ်း(၁၀)ပါးကို

## အားထုတ်ရန် ပြုလုပ်ပုံနည်း

ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ သမထအကောင်းဆုံးကို တွေ့မြင်ဆိုက်ရောက်လိုကြပါလျှင် ဤသမထ (၄၀) မှ ကသိုဏ်းဆယ်ပါးကို ပြုလုပ်အားထုတ်၍ နိဗ္ဗာန်ရွှေမြို့တော်ကြီးကို မဂ္ဂင်ရထားဖြင့် အပြေးအလွှားသွားနိုင်သော မကြာမပန်းဘဲ ချမ်းသာလွယ်ကူသဖြင့် နိဗ္ဗာန်ကိုထင်မြင်နိုင်အောင်ဉာဏ်အမြင်ကိုရခြင်း ရောက်ခြင်းငှာစွမ်းနိုင်သည့် သမာဓိဟူသောမျက်မှန် မှန်ပြောင်းဖြင့် တပ်ချိန်၍ကြည့်ရှုကြရန် သမာဓိမှန်ပြောင်းပြုလုပ်ရပုံအစီအရင် သမာဓိလမ်း သမထကမ္မဋ္ဌာန်းတို့ကို ရေးသားဖော်ပြလိုက်ပါသည်။

(၁) ပထဝီကသိုဏ်း၊ (၂) အာပေါကသိုဏ်း၊ (၃) တေဇောကသိုဏ်း၊ (၄) ဝါယောကသိုဏ်း၊ (၅) နီလကသိုဏ်း၊

(၆) ပိတကသိုဏ်း၊ (၇) လောဟိတကသိုဏ်း၊ (၈) ဩဒါတကသိုဏ်း၊ (၉) အာလောက ကသိုဏ်း၊ (၁၀) အာကာသကသိုဏ်း။ ။ဟူ၍ ကသိုဏ်းဆယ်ပါးဖြစ်သည်၊ ဤကသိုဏ်းဆယ်ပါးတို့ကို အားထုတ်ကြရန် ကသိုဏ်းဝန်းတို့ကို ပြုလုပ်ပုံပြုလုပ်နည်းသိနားလည်ထားမှ ပြုလုပ်အားထုတ်တတ်ကြပေမည်၊ ကသိုဏ်းဝန်းပြုလုပ်နည်းကိုမသိပါက အားထုတ်ရန်အလိုရှိငြားသော်လည်း အားမထုတ်နိုင်ကြသည်ဖြစ်၍ ပြုလုပ်အားထုတ်ရန်အစီအစဉ်တွေကို ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

## (၁) ပထဝီကသိုဏ်းဝန်းပြုလုပ်ပုံနည်း

ပထဝီကသိုဏ်းဝန်းကို ကြည့်ရှုပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ပြုလုပ်အားထုတ်ရသည်၊ ညို၊ ရွှေ၊ နီ၊ ဖြူ၊ လေးဆူသော ဝဏ္ဏကသိုဏ်းတို့နှင့် မရောယှက်စေခြင်းငှာရင်း၊ စိတ်ကိုကျပ်ကျပ် ပျော်မွေ့စေခြင်းငှာရင်း၊ နေအာရုဏ်ရောင် အဆင်းရှိသည့် မဝါလွန်းမနီလွန်းသော မြေနီနုန်း၊ မြေနီစေးစေးကို သဲအမှိုက်မပါရအောင်ညက်စွာဆင့်၍ ရေနှင့်ဖျော်လျက် ညက်စွာနယ်ပြီးလျှင် မိမိအထွာဖြင့်တထွာလောက် အလျားအနံ ကျယ်ပြန့်စွာဖြင့် လှည်းဘီးငယ်ကဲ့သို့ ကျောက်ပျဉ်ကဲ့သို့ အဝိုင်းမြေချပ်ပြုလုပ်ရသည်၊ မိမိကြည့်ရှုမည့်ဘက်ကချောမှုန့်ညက်ညောစွာ စည်မျက်နှာကဲ့သို့ပြုလုပ်ရသည်၊ အဝိုင်း၏ကလနား၌ ယပ်ဝန်းအနားပတ်ကဲ့သို့ ဒန်ပူဘပြားလောက် အဖြူဖြစ်စေ၊ အစိမ်းဖြစ်စေ၊ ဆေးမှင်အနားပတ်သုတ်လိမ်းတင်ထားရမည်၊ အကယ်၍ ဤကဲ့သို့ပြုလုပ်ရန် ထိုမြေမလုံလောက်ခဲ့ပါလျှင် တပါးသော မြေကို အတွင်းကဝမ်းစာခံ၍ ပြင်ရန်က ထိုမြေနီနုန်းမြေကို

ထည့်၍လုပ်ရပါသည်၊ အကယ်၍ မြေနီမရခဲ့ပါလျှင် သစ်သား အခန်းကိုဖြစ်စေ၊ သားရေအခန်းကိုဖြစ်စေ၊ မြေနီစေးသုတ်လိမ်း၍ ပြုလုပ်ရသည်ဖြစ်သည်။

ယောဂီအပေါင်းတို့။ ကသိုဏ်းဝန်းအငယ်ဆုံးကား တထွာနှင့် လက်လေးသစ်ခန့်ဖြစ်သည်၊ ကသိုဏ်းဝန်းအကြီးဆုံးကား ဘောက်ငယ်ဘလင်းခန့်ရှိသည်ဟူ၍ ကျမ်းဂန်များမှ ပြဆိုသဖြင့် ရေးသားဖော်ပြခဲ့ပါသေးသည်။ ဤတွင်ကသိုဏ်းဝန်း ပြုလုပ်ရာ၌ တထွာအောက်လျှော့လိုလျှင် လက်နှစ်သစ်သုံးသစ်လောက် လျှော့အပ်သည်၊ တထွာထက်ပိုလိုလျှင် လက်လေးသစ် လက်ရှစ်သစ်လောက်ပိုလုပ်အပ်သည်၊ ကသိုဏ်းဝန်းငယ်လျှင် စိတ်နိုင်လွယ်သည်၊ နိမိတ်ရလွယ်သည်၊ စိတ်မူကား ကျပ်ကျပ် မကြီးထွားနိုင်ဘဲဖြစ်သည်၊ ကသိုဏ်းဝန်းကြီးလျှင် စိတ်နိုင်ခဲသည်၊ နိမိတ်ရခဲသည်၊ စိတ်မူကားကြီးထွား၍နေတတ်သည်၊ ထိုသို့ပြုလုပ်ထားသော ကသိုဏ်းဝန်းကို အညစ်အကြေးမစွန်းရ မပွန်းရအောင် ကောင်းမွန်ရိုသေစွာထားရသည်၊ ဘုရားဓာတ်တော်ကဲ့သို့ ရိုသေစွာထားအပ် သိမ်းဆည်းအပ်ကြသည်။ ဤကား ပထဝီကသိုဏ်းဝန်းပြုလုပ်ပုံတည်း။

ဤကဲ့သို့ ပထဝီမြေကသိုဏ်းဝန်းကို ပြုလုပ်ရရှိပြီးသောအခါ ဥဂ္ဂဟနိမိတ်ကိုရအောင်ကြည့်ရှုယူရာ၌ ဤမြေဝန်းကြီးကို စိတ်ထဲကသာ 'မြေ' 'မြေ'ဟု မှတ်လျက် မျက်စိနှင့်သာကြည့်၍ မြင်သောအတိုင်း စိတ်ထဲ၌စွဲကပ်ထင်မြင်၍ ပါလာအောင် မျက်စိဖြင့်သာ ကြည့်ရှုနေရသည်။

ဤသို့နိမိတ်ယူရာ၌ အချို့သောသူမှာ အလွယ်တကူဖြင့်ပင် နိမိတ်ရနိုင်သည်၊ အချို့သောသူတို့မှာကား ဤကဲ့သို့

ပင် ပင် ပန်း ပန်း သက် စွန့် ကြိုး စား ကြာ ကြာ အား ထုတ်မှ ပင်ရသည်။ ဤသို့ စိတ်ထဲ၌ စွဲကပ်လျက်နေအောင် ယူ၍ ရသောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟုခေါ်သည်။ ပြင်ဘက်က ကသိုဏ်းဝန်းမြေချပ်ကိုကား ပရိကမ္မနိမိတ်ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်သည်ကား၊ ပရိကမ္မနိမိတ်နှင့် တထပ်ထည်းတူ၍နေသည်။ ဤဥဂ္ဂဟနိမိတ်ကို ရလာသည့်အခါ စိတ်၌ထင်၍နေသည်။ စိတ်သည် သံလိုက်ကောင်းကောင်းကို အပ်တွယ်သကဲ့သို့ ဤမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍ တွယ်၍နေတော့သည်။ စိတ်သည် ဘယ်ကိုမှ ပေးမသွားတော့ဘဲ မြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ မြင်မြင်နေရသည်။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ရလာသောအခါ ပြင်ဘက်မှာထား၍ကြည့်ရသော ပရိကမ္မနိမိတ် မြေကသိုဏ်းဝန်းကို မကြည့်သည့်အခါတွင် စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါနေသော ဥဂ္ဂဟနိမိတ်ကိုသာ သွားရင်းလာရင်း၊ နေရင်းထိုင်ရင်း လျောင်းရင်းအခါတို့မှာ ကြည့်ရှုပွားများ အားထုတ်ရသည်။ ထိုသို့ အမြဲအစွဲကြည့်ရှုပွားများ အားထုတ်သောအခါ ဤဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်း တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ အကြင်အခါ၌ မှန်သားကဲ့သို့ထင်၏။ ဥဂ္ဂဟနိမိတ်ထက် အဆတရာမက သာလွန်ချောမွေ့ ငြိမ်သက်၍လာသည်။ စိတ်အလွန်နှစ်သက် ပျော်မွေ့ဘွယ်ကောင်းသောအဖြစ်သို့ ရောက်၍လာ၏။ စိတ်သည် ဘယ့်လောက်ပင်ကြာအောင် ကြည့်၍နေသော်လည်း ပျင်းမုန်းခြင်း အားရခြင်း မရှိနိုင်တော့ပြီ။ ထိုအခါ ဤကဲ့သို့သောနိမိတ်ကို ပဋိဘာဂနိမိတ်ဟုခေါ်သည်။

ဤသို့ ပဋိဘာဂနိမိတ်ကို ရပြီးရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် အလွန်ချစ်ခင်နှစ်သက်မြတ်နိုးပြီး စောင့်ရှောက်လျက် မမေ့မလျော့ မဲ့ပေါ့မဆသော လုံ့လဝီရိယဖြင့် အထပ်ထပ် အားထုတ်ကြောင့်ရှုဖန်များသောအခါ စိတ်သည် တဖြည်းဖြည်း ရင့်သန်ကြီးထွားပြီး အားကောင်းငြိမ်သက်လျက် ဖြစ်လာသည်။ ထိုအခါ၌ အာရုံကို ခိုင်မြဲစွာတွယ်၍ အာရုံထဲသို့ ဝင်ဘိသကဲ့သို့ဖြစ်၍ စိတ်ဝိဥာဉ်သည် မလှုပ်မရှားငြိမ်သက်လျက် အာရုံ၌စူးစိုက်ပြီး ငြိမ်၍မြဲ၍ ခံစား၍ ဖြစ်ပေါ်နေတော့သည်။ ဤကား ပဋိဘာဂနိမိတ် ဈာန်စိတ် ဖြစ်ပေါ်လာပုံတည်း။ ထိုအခါ၌ ဈာန်ကိုတက်၍ အားထုတ်ရသည်။

## (၂) အာပေါကသိုဏ်းဝန်း ပြုလုပ်ပုံနည်း

အာပေါကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးအတိတ်နှီးသောဘဝက ရေကသိုဏ်းကို ရခဲ့ဘူးသော အထုံဝါသနာပါရမီ အင်္ဂါရရှိခဲ့လျှင် မပြုပြင်ဘဲ ပတိသော မြစ် သမုဒ္ဒရာ၊ အိုင်၊ ရေကန်၊ ရေတွင်းတို့ကို ကြည့်ရုံမျှဖြင့် အလွယ်တကူနှင့်ပင် ရေနိမိတ်ကိုရနိုင်သည်။ ဤကဲ့သို့ အဓိကာရ မရှိခဲ့လျှင် တဘောင်လောက်၊ တောင်ဆုပ်လောက် အဝကျယ်ပြီး အထက်နက်သော အိုးခွက်ညပ်ပိုင်းထဲ၌ ကြည်လင်စွာသောရေကိုထည့်၍ ကြည့်ရှုပွားများ အားထုတ်ကြရသည်။ ဤကား အာပေါကသိုဏ်းဝန်း ပြုလုပ်ပုံတည်း။

ဤအာပေါ ရေကသိုဏ်း၌ ဥဂ္ဂဟနိမိတ်ရပုံကား ပြင်ဘက်မှာရှိသော ပရိကမ္မနိမိတ်ရေနှင့် တထပ်တည်းတူ၍နေသည်။ ပြင်ဘက်ရေကဲ့သို့ပင် လှုပ်ရှားလျှင်လှုပ်ရှားသည့်အတိုင်း၊ အပွက်ပေါ်လျှင်

အပွက်ပါသည့်အတိုင်း ဥဂ္ဂတနိမိတ်ထင်သည်။ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံသည် အပွက်မရှိ၊ လှုပ်ရှားခြင်းမရှိ၊ အလွန်ငြိမ်သက်လျက် ဖြစ်ပေါ်၍နေသည်။ မှန်ညိုသားကဲ့သို့ ကြည်လင်စွာ ထင်၍နေသည်။ ဈာန်စိတ်ဖြစ်ပေါ်လာပုံမှာ ပထဝီကသိုဏ်းမှာ ရေးသားဖော်ပြထား သကဲ့သို့ပင် ဖြစ်ပေါ်လာပုံခြင်း အတူတူ ဖြစ်ပေါ်လာသည်။

## (၃) တေဇောကသိုဏ်းပြုလုပ်ပုံနည်း

တေဇောကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးကအားထုတ်ခဲ့ဘူးသော အထုံသီ ပါရမီ အဓိကာရရှိခဲ့လျှင် ပကတိသော မီးပုံ၊ မီးကျီး၊ မီးတောက်၊ ဆီမီး တို့ကိုပင်ကြည့်ရှု၍ နိမိတ်ရနိုင်သည်။ ဤသို့ အဓိကာရ မရှိခဲ့လျှင် မီးတောက်ကိုသော်လည်းကောင်း၊ မီးကျီးစုကိုသော်လည်းကောင်း မပူလောင်သောနေရာမှာထား၍ ကြည့်ရှုရသည်။ ဖျာ-သင်-ရိုင် စသည်တို့ကို တထွာလောက် အပေါက်ကိုဖောက်၍ ထိုအပေါက် ဖြင့် မီးကိုတားဆီး၍သော်လည်း ကြည့်ရှုရသည်။ ဤသို့ ပွား များအားထုတ် ကြည့်ရှုကြရပေသည်။ ဤကား တေဇောမီး ကသိုဏ်းဝန်း ပြုလုပ်ပုံတည်း။

ဤတေဇောမီးကသိုဏ်း၌ ဥဂ္ဂဟနိမိတ်ရပုံကား ပြင်ဘက် ပရိကမ္မနိမိတ်အတိုင်း မီးခဲဖြစ်လျှင် အခိုးအငွေ့ အရှိန်နှင့်တကွ မီးခဲတွေ အစိတ်စိတ်ကွဲလျက်ပင်ထင်၏။ မီးတောက်ဖြစ်လျှင် အခိုး အငွေ့နှင့်တကွ တရှိန်ရှိန် တောက်လောင်လျက်ထင်၏။ အပေါက် ဖြင့်ကာဆီးလျက်ကြည့်သော ဥဂ္ဂဟနိမိတ်သည် အဝန်းအဝိုင်းဖြင့် ထင်ပြီ၊ အခိုးအငွေ့ တရှိန်ရှိန်နှင့်တကွထင်၏။ ကြည့်ရင်းကြည့်ရင်း

နှင့်အခိုးအငွေ့ဘေတာထသာသည်။ထွက်လာသည်ဖြစ်သည်။ပဋိဘာဂ နိမိတ်မှာ အခိုးအငွေ့အရှိန်မရှိ၊ ငြိမ်သက်စွာ မှန်သားကဲ့သို့ ဖြစ်ပေါ်၍ထင်နေသည်။ ဈာန်စိတ်ဖြစ်ပေါ်လာပုံမှာ ပထဝီကသိုဏ်းမှာ ရေးသားဖော်ပြသည့်အတိုင်း နည်းတူဖြစ်ပေါ်သည်။

## (၄) ဝါယောကသိုဏ်းပြုလုပ်ပုံနည်း

ဝါယောကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးက နီးသောဘဝက ဝါယောကသိုဏ်းကို ရခဲ့ဘူးသော အထုံဝါသီ ပါရမီ အဓိကာရရှိခဲ့လျှင် ပကတိသော ကောင်းကင်ပြင်မှာ လွင့်တိုက်နေသောလေကို ဖမ်းယူကြည့်ရှု၍ နိမိတ်ရနိုင်သည်။ အဓိကာရမရှိခဲ့လျှင် မြက်ပင်ဖျား၊ ပြောင်းပင်ဖျား၊ ကြံပင်ဖျား၊ ဝါးရုံပင်ဖျား၊ သစ်ကိုင်းဖျားတို့မှစ၍ ၎င်းအပြင် ဆံပင်လက်လေးသစ်မျှလောက်ရှည်သော ဆံတို ဆံပင်များတို့ကို လေသည် တဖျတ်ဖျတ်တိုက်ခတ်၍ လှုပ်နေသောအခါ ထိုတိုက်ခတ်သော မြက်ပင်ဖျားစသည်တို့ဖြင့်မှတ်၍ တိုက်ခတ်သောလေကို ဤနေရာ၌ လေတွေပြေးလွင့်၍ တိုက်လျက် နေသည်ဟု နှလုံးသွင်း၍ လေကိုသတိသညာဖြင့် မှတ်၍စိတ်ကူး၍ လေ-လေဟု ကြည့်ရှုဖမ်းယူအပ်ကြသည်။ ၎င်းအပြင် လေတိုက်သောအခါ ကိုယ်ကိုလေတိုက်ခံ၍သော်လည်း ထိုသောတိုက်သဖြင့် လေတိုက်၍ ထိသောနေရာ၌ လေကိုနှလုံးသွင်း၍ သတိသညာဖြင့် မှတ်ယူလျက် စိတ်ကူး၍ လေကို ဖမ်းယူအပ်ကြသည်။ ဤကား ဝါယောကသိုဏ်းပြုလုပ်အားထုတ်ပုံတည်း။

ဤဝါယောလေကသိုဏ်း၌ ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်ပုံကား၊ ရေတွေ့ကဲ့သို့လည်းကောင်း၊ မီးခိုးကဲ့သို့လည်းကောင်း၊ စီးသွား

ပြေးလွင့်သော အခြင်းအရာအားဖြင့် လှုပ်ရှားလျက် ထင်နေ၏။ ပဋိဘာဂနိမိတ်ကား မလှုပ်မရှား ငြိမ်သက်စွာ ထင်မြင်၍လာသည်။ လေတွေကိုသာ မျက်စိနှင့် မမြင်ရသော်လည်း မီးခိုးကဲ့သို့လည်းကောင်း၊ ရေကဲ့သို့လည်းကောင်း၊ စိတ်၌ ထင်၍မြင်၍နေသည်။ ဈာန်စိတ်ဖြစ်ပေါ်လာပုံမှာ ရှေးနည်းတူ ပထဝီကသိုဏ်းမှာ ဖြစ်ပေါ်လာပုံကဲ့သို့ပင် ဖြစ်ပေါ်လာသည်။

## (၅) နီလ-အညိုကသိုဏ်းပြုလုပ်ပုံနည်း

နီလ-အညိုကသိုဏ်းကို ကြည့်ရှု ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးကနီးသောဘဝက နီလကသိုဏ်းကို ရခဲ့ဘူးသော အထုံဝါသနာ ပါရမီအဓိကာရရှိခဲ့လျှင် မပြုပြင်ဘဲ ညိုညို အဆင်းကိုမြင်သမျှ အားလုံးသော အညိုဝတ္ထုတို့ကိုပင် ကြည့်ရှု အားထုတ်၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်သည်။ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တထွာလောက် အလျားအနံ ကျယ်ပြန့်သော သစ်သားကို ယပ်ဝန်းကဲ့သို့ ရေအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အညိုဆုံးဆေးကို အချောဆုံးအလှဆုံးနေအောင် သုတ်လိမ်း၍ အနား၌ အညိုရောင်ကို တောက်ပစေတတ်သောဆေး၊ အနီကိုဖြစ်စေ၊ အဖြူကိုဖြစ်စေ၊ ရရာတခုခုကို ဒန်ပူတပြားလောက် အနားပတ်တင်ထား သုတ်လိမ်းပေးရသည်။ 'အညို' 'အညို' ဟု စိတ်ထဲက မှတ်ယူပြီး ကြည့်ရှု၍ နိမိတ်ယူရသည်။ ဤကား နီလ-အညိုကသိုဏ်းပြုလုပ်ပုံတည်း။

ဤနီလ-အညိုကသိုဏ်း၌ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်ပုံကား ပြင်ဘက်ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူသော အညိုရောင်ကို

မျက်စိနှင့်မြင်သည့်အတိုင်းပင် ထင်နေသည်။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ညိုချောပြောင်ဝင်းလျက် အလွန်နှစ်သက်ဘွယ်ကောင်းသော ပတ္တမြားအညိုယပ်ဝန်းကဲ့သို့ ထင်နေသည်။ စျာန်စိတ် ဖြစ်ပေါ်လာပုံမှာ ရှေးနည်းအတိုင်း ပထဝီကသိုဏ်းမှာ ဖြစ်ပေါ်လာပုံကဲ့သို့ပင် ဖြစ်ပေါ်လာသည်။

## (၆) ပီတ-အဝါကသိုဏ်းပြုလုပ်ပုံနည်း

ပီတ-အဝါကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးကနီးသောဘဝက ပီတကသိုဏ်းကို ရခဲ့ဘူးသော အထုံဝါသီပါရမီအခါကာရှိခဲ့လျှင် မပြုပြင်ဘဲ ဝါဝါ အဆင်းကိုမြင်သမျှ အားလုံးသော အဝါဝတ္ထုတို့ကိုပင် ကြည့်ရှုအားထုတ်၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်သည်။ အခါကာရမရှိခဲ့လျှင် ယခင်အညိုကသိုဏ်းဝန်းကဲ့သို့ ကသိုဏ်းဝန်း ပြုလုပ်၍ အဝါဆုံးဆေးကို အချောဆုံးအလှဆုံးနေအောင် သုတ်လိမ်း၍ အနားၤ၌ အဝါရောင်ကို ဖောက်ပစေတတ်သောဆေး၊ အနီကိုဖြစ်စေ၊ အစိမ်းကိုဖြစ်စေ၊ ရရာတခုခုကို ဒန်ပူတပြားလောက် အနားပတ်တင်ထားသုတ်လိမ်းပေးရသည်။ ထိုအဝါကသိုဏ်းဝန်းကို 'အဝါ' 'အဝါ' ဟု စိတ်ထဲကမှတ်ယူပြီး ကြည့်ရှု၍ နိမိတ်ယူရသည်။ ဤကား ပီတအဝါကသိုဏ်း ပြုလုပ်ပုံတည်း။

ဤပီတအဝါကသိုဏ်း၌ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်ပုံကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူသော အဝါရောင်ကို မျက်စိနှင့်မြင်သည့်အတိုင်းပင် ထင်နေသည်။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ဝါချော ပြောင်ဝင်းလျက်

အလွန်နှစ်သက်ဘွယ်ကောင်းသော အဝါယပ်ဝန်းကဲ့သို့ပင်ထင်နေသည်။ ချာန်စိတ် ဖြစ်ပေါ်လာပုံမှာ ရှေ့နည်းအတိုင်း ပထဝီကသိုဏ်းမှာ ဖြစ်ပေါ်လာပုံကဲ့သို့ပင် ဖြစ်ပေါ်လာသည်။

## (၇) လောဟိတ-အနီကသိုဏ်းပြုလုပ်ပုံနည်း

လောဟိတ-အနီကသိုဏ်းလို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးက နီးသောဘဝက လောဟိတကသိုဏ်းကို ရခဲ့ဘူးသော အထုံသိပါရမီ အဓိကာရရှိခဲ့လျှင် မပြုပြင်ဘဲ နီနီအဆင်းကိုမြင်သမျှ အားလုံးသော အနီဝတ္ထုတို့ကိုပင် ကြည့်ရှုအားထုတ်၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်သည်။ အဓိကာရမရှိခဲ့လျှင် အထက်က ရေးသားဖော်ပြခဲ့သော အညိုကသိုဏ်းဝန်းကဲ့သို့ ကသိုဏ်းဝန်း ပြုလုပ်၍ အနီးဆုံးဆေးကို အချောဆုံး အလှဆုံးနေအောင် သုတ်လိမ်း၍ အနားဌ် အနီရောင်ကို တောက်ပစေတတ်သောဆေး၊ အစိမ်းကိုဖြစ်စေ၊ အဖြူကိုဖြစ်စေ၊ ရရာဘာခုကို ဒန်ပူဘပြားလောက် အနားပတ် သုတ်လိမ်းတင်ပေးရသည်။ ထိုအနီကသိုဏ်းဝန်းကို 'ဇာနီ' 'အနီ' ဟု စိတ်ထဲကမှတ်ယူပြီး ကြည့်ရှု၍ နိမိတ်ယူရသည်။ ဤကား လောဟိတအနီးကသိုဏ်း ပြုလုပ်ပုံနည်း။

ဤလောဟိတ အနီကသိုဏ်း၌ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်ပုံကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့် တထပ်ထည်းတူသော အနီရောင်ကို မျက်စိနှင့်မြင်သည့်အတိုင်းပင် ထင်နေသည်။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက နီချောပြောင်ဝင်းလျက် အလွန်နှစ်သက်ဖွယ်ရာကောင်းသော ပတ္တမြား အနီယပ်ဝန်းကဲ့သို့ပင် ထင်

နေသည်။ ဈာန်စိတ်ဖြစ်ပေါ်ပုံမှာ ရှေးနည်းအတိုင်း ပထဝီကသိုဏ်းမှာ ဖြစ်ပေါ်လာပုံကဲ့သို့ပင် ဖြစ်ပေါ်လာသည်။

## (ဂ) ဩဒါတ-အဖြူကသိုဏ်းပြုလုပ်ပုံနည်း

ဩဒါတ-အဖြူကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးက နီးသော ဘဝက ဩဒါတ အဖြူကသိုဏ်းကို ရခဲ့ဘူးသော အထုံဝါသိပါရမီအဓိကာရရှိခဲ့လျှင် မပြုပြင်ဘဲ ဖြူဖြူအဆင်းကို မြင်သမျှ အားလုံးသော အဖြူ ငွေတုံ့တို့ကိုပင် ကြည့်ရှုအားထုတ်၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်သည်။ အဓိကာရမရှိခဲ့လျှင် အထက်က ရေးသားဖော်ပြခဲ့သော အညိုကသိုဏ်းဝန်း ပြုလုပ်ပုံကဲ့သို့ ကသိုဏ်းဝန်းပြုလုပ်၍ အဖြူဆေးကို အချောသုံး အလှဆုံးနေအောင် သုတ်လိမ်း၍ အနား၌ အဖြူရောင်ကို တောက်စေတတ်သော ဆေးအစိမ်းကိုဖြစ်စေ၊ အနီကိုဖြစ်စေ၊ ရရာဘခုကို ဒန်ပူဘပြားလောက် အနားပတ် သုတ်လိမ်းပေးရသည်။ ထိုအဖြူကသိုဏ်းဝန်းကို 'အဖြူ' 'အဖြူ' ဟု စိတ်ထဲကမှတ်ယူပြီး ကြည့်ရှု၍ နိမိတ်ယူရသည်။ ဤကား ဩဒါတ အဖြူကသိုဏ်း ပြုလုပ်ပုံတည်း။

ဤဩဒါတ အဖြူကသိုဏ်း၌ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်ပုံကား ပြင်ဘက်ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူသော အဖြူရောင်ကို မျက်စိနှင့် မြင်သည့်အတိုင်းပင် ထင်နေသည်၊ ထိုပရိကမ္မနိမိတ် အဖြူကိုကြည့်ရှုသောအခါ၌၊ ရေကဲ့သို့ လှုပ်လှုပ်ရှားရှား တအိအိ ဖြစ်ပေါ်လျက် တချက်တချက် အလွန်ဖြူဖွေးနုနယ်သောအရောင် ဖြစ်ပေါ်လာသည်၊ ပဋိဘာဂ နိမိတ်ဖြစ်ပေါ်ပုံမှာ ဥဂ္ဂဟနိမိတ် ထက် အဆအရာမက များစွာသာလွန်၍ ဖြူချောနုနယ် ပြောင်

ဝင်းလျက်ရှိသည်၊ အရှေ့အရပ်မှ ထွက်ပေါ်လာသော လမင်းကြီးကဲ့သို့ ဖွူဖွူဖွေးဖွေး နုနယ်လျက်ဖြစ်လာသည်၊အလွန်နှစ်သက်ဘွယ်ရာကောင်းသော အဖြူယပ်ဝန်းကဲ့သို့ပင် ထင်၍နေသည်။ ဈာန်စိတ်ဖြစ်ပေါ်ပုံမှာ ရှေ့နည်းအတိုင်း ပထဝီကသိုဏ်းမှာ ဖြစ်ပေါ်လာပုံကဲ့သို့ပင် ဖြစ်ပေါ်လာသည်။

## (၉) အာလောက အလင်းကသိုဏ်း ပြုလုပ်ပုံနည်း

အာလောက အလင်းကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ အလင်းကသိုဏ်း နိမိတ်ကိုရအောင် ကြည့်ရှုအားထုတ်ရန်မှာ အမိုးပေါက် နံရံပေါက်များမှ နေရောင်ဝင်လာ၍၊ အိုမ်ခန်း ကျောင်းခန်းအတွင်း ကြမ်းပြင်နံရံများမှ ထင်နေသော နေရောင်ကွက်ကိုဆိုလိုသည်၊ ထိုနေရောင်ကွက်ကို "အလင်း" "အလင်း"ဟု စိတ်ထဲကမှတ်၍ မျက်စိနှင့်မြင်သည့်အတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် ကြည့်ရှုယူရသည်၊ ဤကဲ့သို့ နေရောင်အလင်း ကြာရှည်မခံ၍ ရအောင်မယူနိုင်လျှင် မှန်ကိုနေပူ၌ အခန်းတွင်းသို့ မျက်နှာပြထား၍ ထိုမှန်မှလာသော နေရောင်အလင်းကွက်ကို ကြည့်ရှုယူရသည်၊ ညဉ့်အခါ အခန်းတွင်းနံရံ၌ တပါးမှလာ၍ ထင်နေသော ဓာတ်မီးရောင်အလင်းကွက်ကိုသော်လည်း ကြည့်ရှု၍ယူရသည်၊ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် နံနက်ပိုင်းအချိန်အခါတွင် အရှေ့အရပ်မှ ထွက်လာသော နေအလင်းရောင်ကို မပူလောင်သေးသော အချိန်၌ ကြည့်ရှု၍ယူရသည်၊ ဤကား အာလောကအလင်း ကသိုဏ်းပြုလုပ်ပုံတည်း။

ဤအာလောက ကသိုဏ်း၌ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်လာပုံကား၊ ပြင်ဟာက်ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူစွာ မျက်စိဖြင့်မြင်သည့် အတိုင်းပင် ထင်လာသည်၊ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် သာလွန်၍ လင်းလျက် ထူးကဲစွာသော အရောင်လုံး အရောင်ခဲ ကြီးကဲ့သို့ပင်ထင်သည်။ ဈာန်စိတ်စိတ်ဖြစ်ပေါ်ပုံမှာ ရှေးနည်းတူ ဖြစ်ပေါ်လာသည်။

## (၁၀) အာကာသ ကောင်းကင်ကသိုဏ်း ပြုလုပ်ပုံနည်း

အာကာသ ကောင်းကင်ကသိုဏ်းကို ကြည့်ရှုပွားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အာကာသကောင်းကင်ကသိုဏ်းနိမိတ်ကိုယူရာ၌ အမိုးပေါက်နံရံပေါက် ပြူတင်းပေါက် များကိုဆိုသည်၊ ကြည့်ရှုလိုသောအခါ ဝိုင်းဝိုင်းစက်စက် လှပစွာဖြစ်အောင် အမိုးကိုဖြစ်စေ နံရံကိုဖြစ်စေ မိမိအထွာဖြင့် နှစ်ထွာလောက် ဝိုင်းဝိုင်းစက်စက် အပေါက်ကို ဖေါက်ပြီးလျှင်၊ ထိုအပေါက်ကို ကြည့်ရှု၍"ကောင်းကင်ဟင်းလင်း" "ကောင်းကင်ဟင်းလင်း"ဟု စိတ်ထဲကမှတ်၍ မျက်စိနှင့်မြင်သည့်အတိုင်း ဟင်းလင်း ကောင်းကင်ကွက်ကို စိတ်ထဲ၌စွဲကပ်ထင်မြင်၍ ပါလာအောင်ကြည့်ရှုယူရသည်၊ ထိုအမိုးမှသာမဟုတ် လေးထောင့် ပြူတင်းပေါက်ကိုလည်း ကြည့်ရှုရပါသည် နိမိတ်ကိုရအောင် ယူရပါသည်၊ နိမိတ်ရသည်သာ လိုရင်းတည်း။ ။ဤကား အာကာသကောင်းကင် ကသိုဏ်း ပြုလုပ်ပုံတည်း။

ဤအာကာသ ကောင်းကင်ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်ပုံကား၊ အမိုးစွန်း နံရံစွန်းနှင့်တကွ ထင်သည်၊ ပဋိဘာဂနိမိတ်မှာ အစွန်းပျောက်လျက် ကောင်းကင်ဟင်းလင်းကွက် သက်သက်

ချည်း ထင်နေသည်။ ဈာန်စိတ်ဖြစ်ပေါ်လာပုံမှာ ရှေးနည်းတူ ဖြစ်ပေါ်လာသည်။

ယောဂီပုဂ္ဂိုလ် အပေါင်းတို့၊ ဤရေးသား ပြဆိုခဲ့ပြီးသော ဝဏ္ဏကသိုဏ်းတို့၌၊ ကဏှမည်းနက်သော အဆင်း၊ ဟရိတစိမ်းသောအဆင်းတို့ကိုလည်း ကြည့်ရှု၍ နိမိတ်ရနိုင်သည် ဈာန်ရနိုင်သည်။ဤကဏှကသိုဏ်း၊ ဟရိတကသိုဏ်တို့ကို နီလကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်သည်၊ ထို့နည်းတူ အဝါနှင့် နီးစပ်သည့် အလုံးစုံသော အဆင်းကသိုဏ်းတို့ကို၊ အဝါကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်သည် အနီနှင့်နီးစပ်သည့် အလုံးစုံသော အဆင်းတို့ကို အနီကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက် အပ်သည်၊ အဖြူနှင့်နီးစပ်သည့် မဲပြာပြာ၊ ပြာစိမ်းစိမ်းစသော အလုံးစုံသောအဆင်းတို့ကို အဖြူကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်သည်၊ လောက၌ မျက်စိနှင့်မြင်မြင်သမျှ ကသိုဏ်းချည်းပင် ဖြစ်သည်၊ နိမိတ်ရအောင်သာ ကြည့်ရှုပွားများအားထုတ်၍ ယူကြကုန်လော့။

ဤကသိုဏ်းကို ကြည့်ရှုပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းဆယ်ပါးတို့တွင် မိမိချစ်ခင်နှစ်သက်သည့် အာရုံနိမိတ်တွယ်လွယ်ပုံရသော တခုခုသောကသိုဏ်းကို ရှေးဦးစွာကြည့်ရှု၍ နိမိတ်ယူရသည်။ ဈာန်ငါးပါးလုံးကို ဖြစ်စေအပ်ကြပေသည်၊ ဤသို့အားထုတ်ပြီးမှ ကြွင်းသောကသိုဏ်းနိမိတ်တို့ကိုယူ၍ ဈာန်တို့ကိုဖြစ်စေရာ၏၊ ကသိုဏ်းနိမိတ်တခုကိုရပြီးလျှင် ကြွင်းသောကသိုဏ်းနိမိတ်တို့ကို အလွယ်တကူဖြင့်ပင် ရနိုင်သည်၊ ရှေးက အာစိဏ္ဏရမရှိသော ပကတိသောပုဂ္ဂိုလ်မှာ ပထဝီကသိုဏ်းလည်း

ခက်သည်၊ နိမိတ်ရခဲသည်၊ ဝါယောကသိုဏ်း အာလောကကသိုဏ်းတို့လည်း ခက်သည်၊ နိမိတ်ရခဲသည်၊ ရေကသိုဏ်း၊ မီးကသိုဏ်း ကောင်းကင်ကသိုဏ်းတို့လည်း တော်တော်လွယ်၏၊ အလွယ်ဆုံးမှာ ဝဏ္ဏကသိုဏ်းတို့သာ၍ လွယ်သည်၊ အလုပ်ရ အကြည့်ရလွယ်သည်၊ နိမိတ်လည်း ရလွယ်သည် ဖြစ်သည်။

ဤဝဏ္ဏကသိုဏ်းတို့တွင်လည်း၊ အာဒိကမ္မိက အစပြုလုပ်အားထုတ်သော ပုဂ္ဂိုလ်အား ထိနမိဒ္ဓကို လျင်မြန်စွာ ကင်းကွာစေတတ်လျက် အလွန်စိတ်ဉာဏ်ကို ကြည်စေတတ်သည်ဖြစ်၍ နိမိတ်မရခင် လမ်းခရီး၌ပင် အထည်ဝတ္ထုအဆင်းဟူသမျှတို့ကို အလိုရှိတိုင်း ဖြစ်စေတတ်သည့် အလွန် တန်ခိုးအာနုဘော် ကြီးသော ကသိုဏ်းတို့တွင် အမြတ်ဆုံး အသာဆုံးဟူ၍ ဘုရားရှင်က ဧကဒဂ် ထားတော်မူသော အဖြူ "ဩဒါတ" ကသိုဏ်းကို ရှေးဦးစွာကြည့်ရှုပွားများ အားထုတ်အပ်ကြပေသည်ဟူ၍ ရေးသားဖော်ပြပါသည်။

သမထပိုင်း ပြီး၏။

# သတိတရားဖြစ်ပေါ်လာခြင်း
# အကြောင်း

၁၃၂၄ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်နေ့သည်ကား မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်မှစ၍ ထားတော်မူခဲ့သော သာသနာတော်နှစ်သည် (၅၀၀၀)ဖြစ်၍ယခု သာသနာတော်တဝက်ကျော်လို့ ခြောက်နှစ်စွန်းလာသဖြင့် ရောက်လာတော်မူသော သာသနာတော်နှစ်သည် (၂၅၀၆)ခု နှစ် သို့ ရောက် ရှိပေပြီ၊ နောက်ပိုင်းသာသနာကို သိကြားမင်းကစောင့်ရမည်အမှန်ဖြစ်သောကြောင့် ဣန္ဒသာသနာ (၂၅၀၀)ဟူ၍ ခေါ်ဆိုသမုတ်ကြလေသည်။ ယခုအချိန်မှာ ခြောက်နှစ်စွန်းလာသည်။

ငါသည်ကား ၁၃၁၆ ခုနှစ်မှစ၍ ၁၃၁၉ ခုနှစ်သို့တိုင်အောင် ပုဗ္ဗနိမိတ်အိပ်မက်တွေ အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်ဆိုက်ရောက်လျက် မြင်မက်ရခြင်းအကြောင်းတို့ကြောင့် ယိုအချိန်အခါက တရားကိုအားထုတ်ရန်ပြုလုပ်ခဲ့ရာတွင် အတ္ထုပ္ပတ္တိအကြောင်းမှာ ရေးသားဖော်ပြခဲ့သည့်အတိုင်း သိကြားမင်းက လာ ရောက်

တောင်းပန်လျက်ပြောသည်မှာ 'တရားကိုသည်းခံ၍သီလကိုကြိုးစာ ဆောက်တည်တော်မူပါ'ဟူသော စကားကို ဆိုသည့်အတွက်ကြောင့် နဝင်္ဂသီလကိုဆက်လက်၍ တအင်္ဂါပြည့်အောင်အဓိဋ္ဌာန်ပြုပြီး ဆောက်တည်ခဲ့ရာတွင် ၁၃၁၉ ခုနှစ် တပေါင်းလဆန်း ၈ ရက်နေ့အထိ သုံးနှစ်လေးလအချိန်ကာလပတ်လုံး အားထုတ်ဆောက်တည်မှုကြောင့် နဝင်္ဂသီလ တအင်္ဂါကိုပြီးဆုံးအောင်မြင်ခြင်းသို့ရောက်ခဲ့ပေပြီ။

ဤသို့နဝင်္ဂသီလကိုစောင့်ထိန်းလျက်နေစဉ် နှစ်ကာလအတွင်းမှာ လွန်ကဲထူးဆန်းလှသည့်ရှေ့သို့ ဖြစ်ပေါ်ဆိုက်ရောက်လတံ့သော ပုဗ္ဗနိမိတ်အိပ်မက်ခဏ်း (၂၇) ခဏ်းတို့ကို အမျိုးမျိုး အဖုံဖုံအံ့ဩ၍ မကုန်နိုင်အောင် မြင်မက်ဆိုက်ရောက်လာခဲ့သည်မှာ အမှတ် (၂၁) အိပ်မက်ခဏ်းတွင်လည်းကောင်း၊ အမှတ် (၂၂) အိပ်မက်ခဏ်းတွင်လည်းကောင်း၊ ဈာန်ကိုဝင်စားနေရသည်၊ ဈာန်အာရုံဖြင့်မိန်းပြီးခံစားလျက် သိမ်မွေ့စွာနေရသည်ဟူ၍လည်းကောင်း၊ ဤသို့သော အကြောင်းတို့ကိုကြည့်သဖြင့် ငါသည် ပေါ့ပေါ့ဆဆနှင့် နေထိုင်ခြင်းငှာမသင့်ပေ၊ ဈာန်ကိုကျင့်ကြံအားထုတ်ရပေမည်။

ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက တို့၏ ကျင့်ရာ ကျင့်ကြောင်းဖြစ်သော လမ်းကောင်းကိုလိုက်၍ ငါသည် ကျင့်ကြံအားထုတ်ပြုလုပ်ရပါတော့မည်၊ ဈာန်ကိုရအောင် အဘယ်ကမ္မဋ္ဌာန်းကိုဆောင်ရမည်နည်း၊ အဘယ်စာသိုက်ကိုအားထုတ်ပြုလုပ်ရမည်နည်းဟူ၍စဉ်းစားဆင်ခြင်လိုက်သည်ရှိသော် ငါသည် နဝင်္ဂသီလကို အဓိဋ္ဌာန်ဆောက်တည်၍

ဓမ္မတ္ထာဘာဝနာကမ္မဋ္ဌာန်းကို ပွားများ အား ထုတ် ခဲ့ စဉ် အ ခါ (အတ္ထုပ္ပတ္တိအခန်းမှာပြန်ကြည့်ပါ) ဤသို့သော အာရုံနိမိတ်တခု ဖြစ်ပေါ်လျက် အထူးသဖြင့်တွေ့မြင်ခဲ့ရသည်။

ထိုသို့တွေ့မြင်ခဲ့ရသောအကြောင်းမှာ 'တေဇော'မီး ကသိုဏ်း ဝန်းကြီးသည် ရှေးဦးစွာဖြစ်ပေါ်လာခြင်းကို တွေ့မြင်ရပြီးနောက် 'ဩဒါတ'အဖြူရောင်ကသိုဏ်းဝန်းကြီး တဖန်ဖြစ်ပေါ်လာသည်။ ထိုအဖြူရောင် 'ဩဒါတ' ကသိုဏ်းဝန်းကြီးထဲမှ တဖန်အလောင်း တော်ဟူသော သားသူငယ်ကလေးတယောက် ဖြစ်ပေါ်လာပြီး လျှင် ပြုံးရွှင်ကြည်လင်သောမျက်နှာဖြင့် ကျွန်ုပ်အားသို့ စကား အခွန်းလှမ်းပြောလိုက်သည်မှာ 'အသျှင်ဤသို့သောတရားနှစ်ပါး တို့ကို နှောင်သောအခါ အားထုတ်ပါလော့' ဟု ဆိုလေသည်၊ ဤသို့ပြောခြင်းသည် ငါ့ကိုစျာန်ရအောင် တရားအားထုတ်ခိုင်း သောစကားပင်ဖြစ်သည်ဟူ၍ တွေးတောထင်မြင်ယူဆလေသည်။

သာသနာတော်နှစ် ၂၅၀၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၄ ခုနှစ် ကဆုန်လဆုတ် ၁-ရက်နေ့မှစ၍ သတိတရားဖြစ်ပေါ်လျက် စဉ်းစားဝေဖန်လာခဲ့သည်မှာ နယုန်လဆုတ် ၈-ရက်၊ တနင်္ဂနွေ နေ့သို့ ရောက်လာသောအခါ အမှတ် (၄) အိပ်မက်ခဏ်းကို သတိရပါ၍ စဉ်းစား ဝေဖန်ကြည့်လိုက်သည်ရှိသော် ထူးဆန်း သောအမည်နှင့် အလောင်းတော်ဟူသော သားသူငယ်ကလေး ၂-ယောက် 'ဇမ္ဗုပတိ'နှင့် 'နရပတိ'တို့ကိုရရှိ၍ ထိန်းသိမ်း စောင့် ရှောက်နေရသည်ဟူသော အိပ်မက်ခဏ်းတွင် ပိတ်ဖြူကိုဝတ်လျက် ရှိသော အဘိုးအိုကြီးတယောက်က စာရွက်ငယ်ကလေးဖြင့် မတ်တတ်ရပ်လျက် ရေး၍ ကျွန်ုပ်အားသို့ ပေးသွားသည်မှာ

‘သက္ကရာဇ် ၂၅၀၆ ခုနှစ်’ ဟူသော အကြောင်းကို သတိရ၍ ကွက်ကွက်ကွင်းကွင်း ပေါ်လာလေတော့သည်။

ဩော်....ငါသည်....ဤနှစ်-ဤလ- ဤရက်ကအစပြု၍ မြတ်သော တရားဖြစ်သော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ရန်ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ဖြစ်ပေသည်၊ အဘယ်ကမ္မဋ္ဌာန်း တရားတို့ကို အားထုတ်ရပါမည်နည်း ဟူသော် နောက်က နိမိတ်ဖြစ်ပေါ် ဆိုက်ရောက်၍ မြင်လာရသော အဖြူဝိုင်းထဲမှ အလောင်းတော်သားသူငယ်ကလေး ပြောသောစကားသည် တေဇောကသိုဏ်းနှင့်ဩဒါတကသိုဏ်းတို့ ဖြစ်တန်ရာ၏။ ထိုတရား(၂)ပါးတို့သည် ငါနှင့်လျော်ညီတော့၏။ ငါသည် နေ့အချိန်တွင် အလုပ်တာဝန်ရှိသောသူဖြစ်၍ ညဉ့်အချိန်မှာသာလျှင် ‘တေဇော’မီးကသိုဏ်းကို ကြည့်ရှုရခြင်းငှါ အထူးသင့်လျော်လေသည်။ ဤတေဇောကသိုဏ်းမှရသော ဈာန်နှင့်နေလိုသောဆန္ဒရှိ၏။ သို့ဖြစ်ပါ၍ ဤကသိုဏ်းကို ရှေးဦးစွာ ၁၃၂၄ ခုနှစ်၊ နယုန်လဆန်း ၈-ရက်၊ တနင်္ဂနွေနေ့ညဉ့်မှာ အစပြု၍ အားထုတ်ကြည့်ရှုရခြင်းဖြစ်သည်။

# တေဇောကသိုဏ်း

## အားထုတ်ပြုလုပ်ပုံအစီအစဉ်

တေဇောကသိုဏ်းကို အားထုတ်ကြရန် အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် သူတော်ကောင်းတရား(၇)ပါး တို့ကို လက်ကိုင်ထား၍ ပြုလုပ်အားထုတ် ကျင့်ကြံသွားရမည် ဖြစ်သည်။ သူတော်ကောင်းတရား (၇)ပါးဟူသည်မှာ....

(၁) သဒ္ဓါ၊ (၂) ဟိရိ၊ (၃) ဩတ္တပ္ပ၊ (၄) ဗဟုသုတ၊ (၅) ဝီရိယ၊ (၆) သတိ၊ (၇) ပညာ။ ။ဟူ၍ (၇)ပါး ဖြစ်သည်။ ဤ ၇-ပါးတို့တွင် 'ဗဟုသုတဆိုသည်မှာ ကမ္မဋ္ဌာန်း၌ များသော ဗဟုသုတရှိနေစေရမည်။ 'သတိ'ဆိုသည်မှာ ဥပဋ္ဌိတ သတိ ထင်မြင်နေသော သတိနှင့် ဖြစ်နေစေရမည်၊ သို့မှသာလျှင် ဤကမ္မဋ္ဌာန်းကို ပြုလုပ်အားထုတ်ရာ၌ အာရုံစွဲကပ်လျှပ် သတိ အမြဲမပြတ်ရရှိနေမှုကြောင့် ဥဂ္ဂဟနိမိတ်ကို အလွယ်တကူရကြ၍ ပဋိဘာဂနိမိတ်ကို ဆောလျင်မြန် ရလွယ်-ရောက်လွယ်နိုင်ကြခြင်း ဖြစ်သည်။

ထိုပါ၌ တေဇောကသိုဏ်း-ကမ္မဋ္ဌာန်း- အပ္ပနာစျာန်လမ်းကို ကျွန်ုပ်ပြုလုပ်အားထုတ်ပုံနှင့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန်ကြား တိုက်တွန်းစေခိုင်းပုံတွေကို ကိုယ်တွေ့အဖြစ်အပျက် အတွေ့အကြုံ ဖြစ်ပေါ်လာမှုတွေ၊ လက်တွေ့သိပုံနည်းအရကို ယောဂီအပေါင်း တို့ သိလွယ်မှတ်သားကြပါစေရန် ရေးသား တင်ပြသွားပါမည် ဖြစ်သည်။

ဤတေဇောကသိုဏ်းကမ္မဋ္ဌာန်းကို ကျွန်ုပ်အားထုတ်ရခြင်းမှာ အတ္ထုပ္ပတ္တိအကြောင်း၌ ပြဆိုရေးသားခဲ့သော ရှေးဦးစွာ ဖြစ် ပေါ် ဆိုက်ရောက်လာသည့် ပုဗ္ဗနိမိတ်အကြောင်းတို့သည် အိပ် မက်၌ စျာန်ကိုဝင်စား၍ အလင်းရောင်တွေ ကိန်းအောင်း ဖြစ် ပေါ်လျက် နေခြင်းသည်လည်းကောင်း၊ အိပ်မက်၌ စျာန်အာ ရုံဖြင့် ဝင်စားပြီး ခံစားလျက် သိမ်မွေ့စွာ မှိန်း၍နေရခြင်းသည် လည်းကောင်း၊ မေတ္တာကမ္မဋ္ဌာန်းကို ဝင်စားပွါးများနေရာ၌ လည်း နိမိတ်ဖြစ်ပေါ် ဆိုက်ရောက်လာသည့် အလောင်းတော် ဟူသော သားသူငယ်ကလေးက ပြောသော စကားကြောင့် လည်းကောင်း၊ သတိတရား ဖြစ်ပေါ်လာသည်ဖြစ်၍ တရား အားထုတ်ရန် အကြံအစည် ပြုနေသည်နှင့်အမျှ၊ ဤသို့အားထုတ် ရန် အချိန်သို့ ကျရောက်လာသည်လည်းကောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကလည်း ပြင်ပကနေ၍ တိုက်တွန်းနှိုးဆော်လျက် နေမှုကြောင့်လည်းကောင်း ဤတရားကို အားထုတ်မှု အလုပ် စခန်းကို မလုပ်ရလျှင် မနေနိုင်လောက်အောင် ပြင်းပြင်းထန်ထန် ကြံစည်အားထုတ်လိုသောစိတ်သည် တဖွါးဖွါး ပေါ်လာလေ သည်။

ဤတေဇောကသိုဏ်းကို အားထုတ်ရန် ကျမ်းဂန်မှညွှန်ကြား ပြဆိုရေးသားထားသည့်အတိုင်း ပြုလုပ်အားထုတ်ရာ၌ ဖျာကို တထွာလောက် အပေါက်ဖေါက်၍ မီးအိမ်ကိုထားပြီး ကြည့်ရှုရာတွင် အလေ့အကျင့်မရှိသော မျက်စိသည် မမှိတ်မသုန်ဘဲ စိတ်အာရုံ ခိုင်ခံ့စွာဖြင့် တာရှည်ကြည့်ရှုနေရာ၌ မီးရောင်၏ ရူပါရုံတည်းဟူသော အလင်းဓါတ်ကို အနီး၌ထား၍ ကြည့်နေခြင်းငှါ မခံနိုင်အောင်ရှိနေသည်။ ဤသို့ မျက်စိကိုဖွင့်လျက် မကြည့်နိုင်လောက်အောင် ဖြစ်၍နေသဖြင့် ရုပ်ဆိုင်းလျက် ထားလိုက်ရခြင်းဖြစ်သည်။

ဤသို့ ရုပ်ဆိုင်းထားလိုက်ရပြီးနောက် ညဉ့်ဦးယံ အချိန်၌ အိပ်ရာသို့ဝင်အိပ်သောအခါ အိပ်ပျော်သွားခိုက်တွင် အိပ်မက်၌ 'အနီးကိုမကြည့်နှင့်ဦး အဝေးကိုကြည့်လော့' ဟူ၍ ပြောလိုက်သော စကားသံကို ကြားလိုက်ရသည်ဟု မြင်မက်သဖြင့် သိရသည်ဖြစ်သည်။ နောက်တညဉ့်အခါ၌ ငါဘယ်လို ကြံစည်အားထုတ်ရပါ့မလဲ၊ ငါ့ကိုတော့ အဝေး၌ရှိသော မီးကိုကြည့်လို့ ပြောတယ်၊ အဝေးသို့လဲ ငါမီးကိုထားခြင်းငှါမဖြစ်ဟူ၍ ကြံစည်နေဆဲတွင် အိမ်အပြင် ဘိနပ်ချွတ်ကပြင်မှာ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေရာတွင် ကျွန်ုပ်၏အိမ်မှ ပေ ၅၀-မျှလောက်ကွာဝေးသော အိမ်တအိမ်မှ ထွန်းထားသည့် ဓါတ်မီးသည် ပါဝါ ၅၀-အားမျှရှိသော မီး၏အလင်းရောင်ဖြစ်သည်။ ကျွန်ုပ်ထိုင်နေသောနေရာသို့ ထို မီးအလင်းရောင် ဝင်လာလေတော့သည်။

ဤမီးအလင်းရောင်သည်ကား ငါနှင့် အထူးသင့်လျော်လေသည်။ ဤမီးအလင်းရောင်ကို ငါ တေဇောကသိုဏ်း၏ အလေ့

အကျင့် ပြုလုပ်အားထုတ်ကြည့်ရှုခြင်းကို အထူးသင့်လျော်လေသဖြင့် ဤတွင် စတင်အာရုံပြုကြည့်ရှုခြင်းကို ပြုလုပ်ရလေသည်ဖြစ်သည်။ ဤသို့ ပြုလုပ်အားထုတ် အာရုံပြု ကြည့်ရှုရသော အကြောင်းတို့ကို မျက်စိအကျင့် ပြုလုပ်ပေးနည်းတွင် ရေးသားဖော်ပြ ညွှန်ကြားသွားပါမည်။

ဤသို့ အဝေးမှာရှိသော မီးအဆောင်ကို ကြည့်ရှုရသည့် အကြောင်းကို ရေးသားဖော်ပြပြီးသည့်နောက်၊ ကသိုဏ်းကို ဝင်၍ ကြည့်ရှုရသည့် အကြောင်းကို ရေးသားတင်ပြပါမည်။ ထိုသို့ အဝေးမှရှိသောမီးကို အာရုံပြုကြည့်လျက် မျက်စိအကျင့်ကိုရ၍ မမှိတ်မသုံ စိတ်အာရုံ ခိုင်မြဲစွာဖြင့် အချိန်တာရှည်စွာ ကြည့်နေနိုင်သောအခါ ကသိုဏ်းကို ပြုလုပ်၍ကြည့်ရန် ကြံစည်ပြုလုပ်ရသည်။ ပဏ္ဍိတဝေဒနီယကျမ်းမှ ရေးသား ဖော်ပြထားသော နည်းအတိုင်း ဖျောရိုင်-သင်စသည်တို့ကို တထွာလောက် အပေါက်ဖောက်၍ ပြုလုပ်ရသည်။

ထိုဖျောအပေါက်ဖြင့် မီးအိမ်ကို ကာဆီးလျက်ထားပြီး သုံးတောင်အကွာအဝေး မပုလောင်သော နေရာမှထိုင်လျက် အာရုံပြုကြည့်ရှုသောအခါတွင် ဤပြုလုပ်ထားသော အပေါက်သည် ထွာရှိသောအပေါက်ဖြစ်သဖြင့် အာရုံပြုကြည့်ရှုရာ၌ မီးအလင်းရောင်သည် ဤအပေါက်မှဖြာပြီး ပိုမို၍ကြီးနေမှုကြောင့် ပရိကမ္မနိမိတ်သည်လည်း ကြီးနေ၏။ စိတ်သည်လည်းကြီးနေ၏။ သို့အတွက်ကြောင့် စိတ်ကိုနိုင်အောင် မထိန်းသိမ်းနိုင်ဘဲရှိ၍နေသည်ဖြစ်ပါ၍ ဤမီးကသိုဏ်းမှခွါပြီး ငါသည် အဘယ်ကဲ့သို့ ပြုလုပ်အားထုတ်ရပါမည်နည်းဟူ၍ စဉ်းစားစိတ်ကူးလျက် ထိုင်နေရာ

တွင် များမကြာမီအတွင်း အာရုံ၌တဖွားဖွား ဖြစ်ပေါ်သာပြီး မီးတသိုက်ပြုပြင်ပြုလုပ်ရန် အစီအစဉ်တွေကို သိလာသည် မြင်လာသည်ဖြစ်သည်။

'တေဇော' မီးကသိုဏ်းကို အားထုတ်ပုံ အားထုတ်နည်းကို မရေးသားမီ ကသိုဏ်းဝန်းပြုလုပ်ရန် အစီအစဉ်ကို ရေးသားဖေါ်ပြပါမည်။

ကျွန်ုပ်ပြုလုပ်အားထုတ်သော နည်းသည် မီးအိမ်သည် မိမိတို့အိမ်မှာသုံးစွဲသော လက်ဆွဲမှန်အိမ်ကြီးကိုဖြစ်စေ၊ အလပ်ကိုဖြစ်စေ၊ မီးရောင်ဖြာလျှက်နေအောင် မီးဇာကို ညီညွတ်အောင်ပြုပြင်၍ လုပ်ပေးရပါသည်။ ၎င်းမီးအိမ်ကိုတင်သော ခုံသည် ရေနံဆီသံပုံးကိုဖြစ်စေ၊ သို့မဟုတ် အလားတူ ခုံတခုကို ပြုလုပ်ရသည်။ မီးအိမ်ကိုထွန်းညှိ၍ ၎င်းမီးအိမ်မှ ဖြာလျှက်နေသောမီးကို ဗဟိုပြု၍ ဂျပ်စက္ကူမထူမပါးအောက်က အလျားလက်မ(၂၀)သို့မဟုတ် လက်မ(၃၀)အပေါ် အမြင့်မှာ (၂၄) လက်မကိုယူ၍ အောက်လက်မ(၃၀)ကို သုံးချိုးချိုးပြီး ခေါက်လိုက်ပါလျှင် သုံးမျက်နှာဖြစ်၍နေသည်။

ဤသို့ သုံးမျက်နှာတွင် အလယ်မျက်နှာအောက်ပိုင်းကို ပြဆိုခဲ့ပြီးသော မီးအိမ်မှဖြာနေသည့်မီးကို ဗဟိုပြု၍ အလယ်မျက်နှာဂျပ်စက္ကူအောက်နခမ်းမှာ ခဲစက်ဖြင့်မှတ်ယူထားပြီး ထိုမှတ်ယူထားသောခဲစက်ကို ဗဟိုထား၍ (၃)လက်မအပေါက်ဝိုင်းကလေးပြုလုပ်ရန် ကွန်ပါမရှိလျှင် ထိုခဲစက်ကိုဗဟိုထား၍ နို့ဆီဘူးခွက်ဖင်နှင့်ချ၍ ခဲနှင့်ဝိုင်းလိုက်ပြီးလျှင် ဆောက်စောင်းထိုး၍ ဝိုင်းအောင်ဖြတ်ပေးပါလျှင် လိုအပ်သော ၃-လက်မအပေါက်ဝိုင်းဖြစ်

နေပါသည်။ ဤသို့ပြုလုပ်ပြီးလျှင် ရေနံဆီသုံးပုံးကို တဖက်နံရံသို့ ကပ်လျက် မှန်အိမ်ကိုတင်ထားပြီး ထိုအဝိုင်းပေါက် ဖေါက်ထား သော ဂျပ်ကြေးကို မီးအိမ်၌ သုံးဘက်ကာလိုက်သောအခါ အ ပေါက်မှထွက်လာသော မီးရောင်အဝိုင်းသည် မိမိထိုင်နေသောနေ ရာမှာ ရင်ဘတ်မှာလည်း မနေစေရ၊ ဥကျောင်းပေါ်မှာလည်း မနေစေရ၊ မိမိ၏မျက်စိမျက်နှာကို ဗဟိုပြု၍ မီးရောင်အဝိုင်းကို တည်ရှိနေအောင် စက္ကူပြားကို ပြုပြင်ပေးရသည်။

ဤသို့ပြုလုပ်၍ မီးကိုမျက်စိဖြင့် အာရုံပြု ကြည့်လိုက်သော အခါတွင် မီးရောင်သည် ရှေးဦးစွာအစမှာ ကသိုဏ်းဝန်းအပေါက် (၃)လက်မသာတည်ရှိနေ၍ နောက် အာရုံစိုက်၍ ကြာကြာကြည့် နေသောအခါ အပေါက်၏ ပတ်ပတ်လည်၌ (၃)လက်မအရောင် ဖြာထွက်လျက် တည်ရှိနေသဖြင့်၊ ဤ ၃-လက်မ အပေါက်ဝိုင်း သည် (၉)လက်မအဝိုင်းရှိသော ပရိကမ္မအာရုံနိမိတ် ဖြစ်ပေါ် တည်ရှိနေခြင်းကို မမှိတ်မသုံ အာရုံကြန့်ခိုင်စွာဖြင့် အချိန်တာရှည် စွာ ကြည့်ရှုအားထုတ်နိုင်မှုကြောင့် ဥဂ္ဂဟနိမိတ်ကိုရသည်။

ဤသို့ ဥဂ္ဂဟနိမိတ်ကို ရပြီးသောအခါတွင် အာရဒ္ဓဝီရိယဖြင့် ထက်ထက်သန်သန် မွန်မွန်မြတ်မြတ် မရမနေ စိတ်ရှည်သောလုံ့လ ဖြင့် အချိန်ကိုတိုးမြှင့်၍ တိုးမြှင့်၍ ကြည့်ရှုအားထုတ်သွားသော အခါ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော နေဝန်းကြီး ကဲ့သို့ တည်ရှိငြိမ်သက်၊ ချောမွေ့လျက်နေသော စိတ်အာရုံ၌ နှလုံး မွေ့လျော် ပျော်ဘွယ်ရာဖြစ်သော ပဋိဘာဂနိမိတ်ကို ဖြစ်ပေါ် ရရှိလေသည်။ ဤသို့ ဖြစ်ပေါ်ရရှိလာခြင်းကို ရင့်သန်အားကောင်း လာအောင် အားထုတ်ရသည်။ အားထုတ်ရသော အကြောင်း

တို့ကို စတုတ္ထဆင့် အားထုတ်နည်းတွင် ကြည့်ရှုပါ။ ရဗ့်သန်အား ကောင်းလာမှသာလျှင် စျာန်ကိုတက်နိုင်ကြပေလိမ့်မည်။

ဤမီးကသိုဏ်းဝန်းပြုလုပ်ပုံ အစီအစဉ်အကြောင်း၌ အကွာ အဝေး အချိန်နာရီတို့ကို အားထုတ်ရန် ပြုလုပ်ဖေါ်ပြထားသော ဇယားကိုလည်း ရေးဆွဲပြထားပါသည်။ ဤတေဇောကသိုဏ်းကို အားထုတ်ရန် အလိုရှိကြကုန်သော ယောဂီအပေါင်းတို့သည် ဤသို့ပြုလုပ်၍ ဤသို့ အားထုတ်သွားကြပါလျှင် အပ္ပနာစျာန်ကို ရရှိ၍၊ ထိုစျာန်ကို အခြေပါဒကပြု၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လျှင်မြန်စွာ ဆိုက်ရောက်နိုင်ကြောင်း သမထယာနိကဖြစ်သော လမ်းကောင်းတရပ်ဖြစ်ပါသည်။

ယောဂီအပေါင်းတို့ သိမှတ်ကြပါစေရန် ကျွန်ုပ် အားထုတ်လာခဲ့သော ပြုလုပ်ပုံအစီအစဉ်တွေကို တင်ပြ ရေးသားခြင်းသည် ကိုယ်တွေ့အဖြစ်အပျက် အတွေ့အကြုံတွေကို သိပ္ပံနည်း လက်တွေ့မှုဇယားနှင့်တကွ ဖေါ်ပြပြီး မီးကသိုဏ်းမှ အကွာအားဖြင့်နေ၍ အားထုတ်ရန် အဆင့်လိုက်အဆင့်လိုက် အချိန်လည်း တိုး၍တိုး၍ အားထုတ်သွားကြရန် ဖြစ်သည်။ ဤသို့ အားထုတ်ပြုလုပ်ရာ၌ သမထ အလုပ်စခန်းဖြစ်သော လမ်းကြောင်းတွင် အာရုံ၌ဖြစ်ပေါ်လာမှု၊ နိမိတ်သုံးပါး အကြောင်းကို သိထားရမည်၊ စိတ်၌ဖြစ်ပေါ်လာမှု၊ ပီတိငါးပါး အကြောင်းကို သိထားရမည်ဖြစ်သည်၊ အလေ့အကျင့်၌ ဖြစ်ပေါ်လာမှုသည် ဝသီဘော် ငါးပါးဖြစ်သည်၊ ထိုဝသီဘော် ငါးပါးကို နိုင်နင်းစေမှုကိုလည်း စိတ်၌အလေ့အကျင့် ပြုလုပ်ပေးရသည် ဖြစ်သဖြင့်၊ ဝသီဘော် ငါးပါးအကြောင်းကို သိထားရမည်ဖြစ်သည်၊ ဤသို့သိထားအပ်

သော အကြောင်းတို့ကို သိမှသာလျှင် ထိုကမ္ဘာ့ဌာန်းကို အားသုတ်ရန် အလုပ်စခန်းတွင် လွယ်ကူသည်၊ သို့ဖြစ်ပါ၍ ဤသို့သိအပ်သော အကြောင်းအရာတို့ကို ဆက်လက်၍ ရေးသားတင်ပြသွားပါသည်။

# နိမိတ် ၃-ပါးအကြောင်း

သမထကမ္မဋ္ဌာန်းကို လိုလားတောင့်တ၍ အားထုတ်ရန် အလို ရှိကြကုန်သော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့။ ဤသမထ အရာ၌ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟူ၍ နိမိတ် ၃ ပါး ရှိလေသည်၊ ထိုနိမိတ် ၃ ပါးတို့သည်-

၁။ ရှေးဦးစွာ ပထမ မိမိကြည့်ရှုပြုလုပ်အပ်သော ကမ္မဋ္ဌာန်း ၏အာရုံကို ပရိကမ္မနိမိတ်ဟုခေါ်သည်။

၂။ ထိုပရိကမ္မအာရုံကို ကြည့်ရှုပါများ၍ သံလိုက်မှာ အပ် တွယ်ဘိသကဲ့သို့ စိတ်၌ အမြဲထင်မြင်စွဲကပ်၍ တည်နေ သောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်ပါသည်။

၃။ ထိုဥဂ္ဂဟနိမိတ်ကို ကြည့်ရှုပါများ၍ စိတ်၌ မလှုပ်မရှား ငြိမ်သက်စွာ ချောညက်သိမ်မွေ့စွာဖြစ်၍ တည်နေသော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်ပါသည်။

## တနည်း ရေးသား ဖော်ပြပါအံ့

၁။ ပရိကမ္မနိမိတ်ကသိုဏ်းဝန်းကို ကြည့်ရှုရသောအခါ စိတ်၌ ထင်မြင်ရရှိလာအောင် အချိန်တာရှည်စွာ မျက်စိမှိတ် မျက်တောင် မခတ်ဘဲလျက်၊ အာရုံစိုက်ပြီး အားထုတ် ကြည့်နေနိုင်မှုကို အင်္ဂလိပ်ဘာသာဖြင့်(Eye Power) မျက်စိအလင်းရောင် တန်ခိုးဟု ခေါ်ပါသည်။

၂။ ဥဂ္ဂဟနိမိတ်ကို ရလာသောအခါ စိတ်၌ အမြဲထင်မြင် စွဲကပ်နေ၍ အလိုရှိတိုင်း အလိုရှိတိုင်း၊ အာရုံနိမိတ်ဖြစ်ပေါ် ရရှိလာနိုင်မှုကို အင်္ဂလိပ်ဘာသာဖြင့် (Will Power) စိတ်တန်ခိုးဟု ခေါ်ပါသည်။

၃။ ပဋိဘာဂနိမိတ်ကို ရရှိလာသောအခါ စိတ်ဝိဉာဉ်သည် မလှုပ်မရှား ငြိမ်သက်စွာ ချောညက်သိမ်မွေ့စွာ ဖြစ်၍၊ တည်နေမှုကို အင်္ဂလိပ်ဘာသာဖြင့်(Spritual Power) ဝိဉာဉ်တန်ခိုးဟု ခေါ်ပါသည်။

ဤသို့သော နိမိတ်(၃)ပါးကိုခေါ်ပုံ ဖြစ်ပေါ်လာပုံတို့ကို ဤတေဇောသိုဏ်း ကမ္မဋ္ဌာန်း၊ အပ္ပနာစျာန်ကို အလိုရှိ၍ အားထုတ်ပွားလုပ်လိုကြကုန်သော ယောဂီအပေါင်းတို့သည် သိထားကြဘို့ မှတ်ထားကြဘို့ လိုအပ်ပေသည်ဟူ၍ ရေးသားမှာကြားအပ်ပါသည်။

# ပီတိ ၅-ပါးအကြောင်း

ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ "ပီတိ" ဟူ၍ ခေါ်ဆိုသည်မှာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ဖြစ်ပေါ်လာသည်ကို ပီတိဟုခေါ်သည်၊ ပီတိတို့မှာ ၄ါးပါးရှိသည်၊ ထို(၅)ပါးတို့သည်-

၁။ ခုဒ္ဒကာပီတိ....အနည်း ငယ်နှစ်သက်ခြင်း။

၂။ ခဏိကာပီတိ........တခဏ နှစ်သက်ခြင်း။

၃။ ဩက္ကန္တိကာ ပီတိ........သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့ သက်၍၊ သက်၍၊ ပြတ်သော နှစ်သက်ခြင်း။

၄။ ဥဗ္ဗေဂါပီတိ........ကိုယ်ကို ကောင်းကင်သို့ လွင့်တက်စေ တတ်သော နှစ်သက်ခြင်း။

၅။ ဖရဏာ ပီတိ........တကိုယ်လုံးနှံ့သော နှစ်သက်ခြင်း။

ဤပီတိငါးပါးတို့သည် ဓာတ်ဇောကသိုဏ်းဝန်းကို ကြည့်ရှု အားထုတ်ရာ၌ အဆင့်ငါးဆင့်ရှိသော အားထုတ်မှုစခန်းတို့တွင် အသီးအသီး ဖြစ်ပေါ်လာပုံကို၊ ရေးသား ဖော်ပြသွားပါမည် ဖြစ်သည်၊ သို့ပါ၍ ယောဂီအပေါင်းတို့ အားထုတ်မှုအလုပ်စခန်းကို မဝင်ခင်က၊ မှတ်ယူသိထားရန် လိုအပ်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ပီတိတို့၏ သဘောကိုမသိကြဘဲ၊ မီးကသိုဏ်းကို ဝင်၍ ကြည့်ရှုသောအခါတွင် ကြက်သီးတွေ တဖြန်းဖြန်း ထလိုထ တဆတ်ဆတ်တုန်လိုတုန်၊ ဖင်ကခုန်လိုခုန်နှင့် ဖြစ်ပေါ်လာသော အခါ နတ်ကပ်သလားဟု တွေးတောတတ်ခြင်း၊ ကြောက်လာတတ်ခြင်းတို့ ဖြစ်လာ၍၊ မိမိတို့အလုပ်စခန်း ပျက်တတ်သည် ဖြစ်သည်၊ သို့ပါ၍ ကြိုတင်သိမှတ်ထားကြရန် ရေးသားဖော်ပြ ထားခြင်း ဖြစ်သည်။

# ဝသီဘော် ၅-ပါးအကြောင်း

ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ ဤသမထ လမ်းကြောင်း ဖြစ်သော ဈာန်လမ်း၌၊ စိတ်ကိုနိုင်နင်းအောင် အလေ့အကျင့် ပြု လုပ်ရေးရသည်၊ ဤသို့ပြုလုပ်ပေးသော ‘အလေ့အကျင့်ကို ဝသီ ဘော်ငါးပါးဟူ၍ ခေါ်သည်၊ ထိုဝသီဘော်(၅)ပါးတို့ကို ထုတ် ဖော်ရေးသား ပြဆိုပါအံ့။

၁။ အာဝဇ္ဇနဝသီ၊

၂။ သမာပဇ္ဇနဝသီ၊

၃။ အဓိဋ္ဌာနဝသီ၊

၄။ ဝုဋ္ဌာနဝသီ၊

၅။ ပစ္စဝေက္ခဏဝသီ

ဟူ၍ ဝသီဘော်ငါးပါးရှိလေသည်။

၁။ မိမိအလိုရှိသော ခဏ၌၊ ဘဝင်ကို လျှင်စွာဖြစ်စေ၍' နိမိတ်အာရုံကို လျှင်စွာဆွဲယူ ထင်မြင်နိုင်မှုကို အာဝဇ္ဇနဝသီ-ဟု ခေါ်သည်။

၂။ အာရုံကိုထင်လျှင် ထင်ခြင်း၊ ဈာန်ဇောကို ချစေနိုင်မှုကို သမာပဇ္ဇနဝသီဟု ခေါ်ပါသည်။

၃။ မိမိအလိုရှိသော ကာလပတ်လုံး စျာန်ဇောကို ချထားနိုင်မှုကို အဓိဋ္ဌာနဝသီဟု ခေါ်ပါသည်။

၄။ မိမိအလိုရှိသောကာလ၌ မပိုမယုတ် စျာန်မှထနိုင်မှုကို ဝုဋ္ဌာနဝသီ ခေါ်ပါသည်။

၅။ စျာန်အင်္ဂါတို့ကို ဆင်ခြင်သောအခါ ဆင်ခြင်သော ပစ္စဝေက္ခဏဇောတို့ကို ၇-ကြိမ်မကျစေဘဲ ၆-ကြိမ်၊ ၅-ကြိမ် ၄-ကြိမ်မျှသောက်သာ ကျစေ၍ ဇောအာရုံ၌ ဘဝင်ကိုလည်း အနည်းငယ်မျှလောက်သာဖြစ်စေ၍ လျင်စွာလျင်စွာ စျာန်အင်္ဂါကို ကူး၍-ကူး၍၊ ဆင်ခြင်နိုင်မှုကို အလေ့အကျင့် ပြုလုပ်ပေးခြင်းသည် ပစ္စဝေက္ခဏဝသီဘော်ဖြစ်လာသည်။

ဤသို့သော ဝသီဘော်ငါးပါးတို့ကို သူ့နေရာနှင့်သူ အမြဲတန်း အလေ့အကျင့် ပြုလုပ်ပေးရသည်ဖြစ်သည်။ အဓိဋ္ဌာနဝသီကို ဓိဋ္ဌာန်၍အာရုံပြုထားလျှင် အဓိဋ္ဌာန်ပြုသော အချိန်နာရီပြည့်သည့်အခါ၌ ထစေနိုင်မှု အလေ့အကျင့်သည် ဝုဋ္ဌာနဝသီဖြစ်လေသည်။

သို့ပါ၍ ယောဂီအပေါင်းတို့သည် မိမိတို့ရရှိထားသော အာရုံနိမိတ်ကို ဝင်စားရာ၌လည်းကောင်း၊ စျာန်ကိုဝင်စားရာ၌ လည်းကောင်း၊ မိမိတို့အလိုရှိသောခဏ၌ အာရုံနိမိတ်ကို လျင်စွာဆွဲယူထင်မြင်စေနိုင်မှု အလေ့အကျင့်ဖြင့် သတိရတိုင်းရတိုင်း ပြုလုပ်ပေးခြင်းသည် အာဝဇ္ဇနဝသီဘော် ဖြစ်လာသည်။ ဥဂ္ဂဟနိမိတ်ကိုရလျှင် ပြုလုပ်ပေးနိုင်ပါသည်။

ယောဂီအပေါင်းတို့သည် ဆိုခဲ့ပြီးသော အာဝဇ္ဇနဝသီဖြင့် အာရုံနိမိတ်ကို လျင်စွာဆွဲယူ ထင်မြင်ရရှိလာသည်တွင် အာရုံကို

ထင်လျှင်ထင်ခြင်း ဈာန်ဇောကိုချစေနိုင်မှု၊ နာရီဝက် တနာရီ အလေ့အကျင့် ပြုလုပ်ပေးခြင်းသည် သမာပဇ္ဇနဝသီဘော် ဖြစ်လာသည်။ ပဋိဘာဂနိမိတ်ကိုရလျှင် ပြုလုပ်ပေးနိုင်ပါသည်။

ယောဂီအပေါင်းတို့သည် ဤသို့သမာပဇ္ဇန ဝသီဘော်ဖြင့် ပြုလုပ်ပေးသော အလေ့အကျင့်သည် အချိန်ကြာကြာ ဈာန်ဇောကိုချနေနိုင်ခြင်း ဖြစ်လာခဲ့ပါလျှင် အဓိဋ္ဌာန်ပြုလုပ်ရသည်။ အဓိဋ္ဌာန်ပြုဆိုသည်မှာ ပရိကံကို ဆောက်တည်၍ပြီးသောအခါ၌ မိမိလိုသောအချိန်နာရီကို အဓိဋ္ဌာန်ပြု၍ ထိုင်ရသည်ဖြစ်သည်။ အဓိဋ္ဌာန်ပြုပုံမှာ....'ဘုရားတပည့်တော်သည် တေဇောမီးအလင်းရောင်ဈာန်ကို တနာရီ ဝင်စားနေနိုင်ပါစေသတည်း' ဤသို့ အဓိဋ္ဌာန်ပြုလုပ်၍ အလေ့အကျင့်ပြုလုပ်ပေးခြင်းသည် အဓိဋ္ဌာနသီဘော် ဖြစ်လာသည်၊ ဈာန်ကိုရ၍ ဝင်စားနိုင်မှ ပြုလုပ်ပေးရသည်။

ယောဂီအပေါင်းတို့သည် ဤသို့အဓိဋ္ဌာန်ပြုလုပ်၍ တနာရီ အချိန်ကို ထိုင်နိုင်သောအခါ ဤဓိဋ္ဌာန်သောတနာရီအချိန် ပြည့်သောအခါတွင် ထစေနိုင်မှုကိုဝုဋ္ဌာနဝသီဘော်ဖြစ်အောင် ပြုလုပ်ပေးရသည် ဖြစ်သည်။ သို့ပါ၍ အဓိဋ္ဌာန် ဆောက်တည်သောအခါတွင် ဆက်လက်၍ဆိုရမည်မှာ.... 'တနာရီအချိန်စေ့သောအခါ၌ ဈာန်မှထနိုင်ပါစေသတည်း....' ဟူ၍ အဓိဋ္ဌာန်ပြုတိုင်း ပြုတိုင်း ဆောက်တည်ထားသောအခါ တနာရီ အချိန်ပြည့်သည်တွင် ဈာန်ဇောကျသွားပါ၍ ထနိုင်ခြင်းအလေ့အကျင့် ဖြစ်လာခြင်းသည် ဝုဋ္ဌာနဝသီဘော် ဖြစ်လာသည်။

ယောဂီအပေါင်းတို့သည် ဤတေဇောကသိုဏ်းကို အားထုတ်မှုကြောင့် ပဋိဘာဂနိမိတ်ကိုရရှိ၍ ရင့်သန်အားကောင်းလာသော

အခါ အာရုံနိမိတ်သည် ချောညက်သိမ်မွေ့လျက် ခံစားလိုသော စိတ်၊ ဝင်စားလိုသောစိတ်သည် ဖြစ်ပေါ် ဖြစ်ပေါ်၍လာသဖြင့် စျာန်ကိုတက်ရန် အလိုရှိလာသည်။ စျာန်တက်ရန်မှာ စျာန်အင်္ဂါ ငါးပါးရှိသည်။ ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ ဟူ၍ဖြစ်သည်။ ထိုစျာန်အင်္ဂါငါးပါးတို့ကို တပါးစီ တပါးစီ နှလုံးသွင်းလျက်ဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာဇောတို့ကို ၇-ကြိမ်မကျစေဘဲ ၆-ကြိမ် ၅-ကြိမ် ၄-ကြိမ်မျှလောက်သာ ကျစေ၍ တခုပြီးလျှင် တခုကို ဝင်စားရာ၌ အာရုံနိမိတ်သည် စိတ်သန္တာန်၌ ပြောင်း၍ ပြောင်း၍ဖြစ်ပေါ်လျက် ထင်မြင်လာခြင်းသည် ပစ္စဝေက္ခဏာဝသီဘော်ဖြစ်သည်။ စျာန်ကို ဝင်စားတိုင်း ဝင်စားတိုင်း ပြုလုပ်သွားရသည်ဖြစ်ပါသည်။ ပစ္စဝေက္ခဏာဝသီဘော်ကို နိုင်လာလျှင် လက်ဖျစ်တတွက်အချိန်မျှနှင့် စျာန်ကိုဝင်စားနိုင်ခြင်း ဖြစ်လာသည်။

ယောဂီအပေါင်းတို့၊ ဤ သမထလမ်းကြောင်းဖြစ်သော တေဇောကသိုဏ်း ဘာဝနာကို အားဆုတ်ရာ၌ ဗဟုသုတနှင့် ပြည့်စုံကြရန် မှတ်ယူဘို့၊ သိထားကြဘို့အလို့ငှါ သမထအရာ၌ပါဝင်သော အကြောင်းအမျိုးမျိုးတို့ကို ရေးသားဖော်ပြ၍ပြီးပါပြီ။

## တေဇောကသိုဏ်းကို ကြည့်ရှုအားထုတ်နည်းဇယားပုံ

| ပထမဆင့် | ဒုတိယဆင့် | တတိယဆင့် | စတုတ္ထဆင့် | ပဉ္စမဆင့် | အကြောင်း၊ အရာ |
|---|---|---|---|---|---|
| မျက်စိအကျင့် ပြုလုပ်နည်း | တေဇောကသိုဏ်း အားထုတ်နည်း | တေဇောကသိုဏ်း အားထုတ်နည်း | တေဇောကသိုဏ်း အားထုတ်နည်း | တေဇောကသိုဏ်း အားထုတ်နည်း | အဆင့်ခွဲခြားလျက် အားထုတ်မှုစခန်း |
| နယုံလ နာရီဝက် ဝါဆိုလတနာရီ ဝါခေါင်တနာရီခွဲ | တော်သလင်းလ သီတင်းကျွတ်လ တန်ဆောင်မုန်းလ | နတ်တော်လ ပြာသိုလ တပို့တွဲလ | တပေါင်းလ တန်ခူးလ ကဆုန်လ | နယုန်လ ဝါဆိုလ များနှင့် | ကသိုဏ်းကိုအား ထုတ်သောလများ |
| အဝေးမီးကို ကြည့်ခြင်း | ၅ ကောင် | ၄ ထောင်ယွာ | ၄ ကောင် | ၃ ကောင်ယွာ | မီးနှင့်အကွာအဝေး ထိုင်ခြင်း |
| တနာရီခွဲအထိ | နာရီဝက်အချိန် | တနာရီအချိန် | တနာရီခွဲအချိန် | နှစ်နာရီအချိန် | အချိန်သတ်မှတ်ချက် |
| ခုဒ္ဒကာပီတိ | ခဏိကာပီတိ | ဩက္ကန္တိကာပီတိ | ဥဗ္ဗေဂါပီတိ | ဖရဏာပီတိ | ပီတိဖြစ်ပေါ်လာခြင်း |
| ပရိကမ္မနိမိတ် | ပရိကမ္မနိမိတ် | ဥဂ္ဂဟနိမိတ် | ပဋိဘာဂနိမိတ် | ပဋိဘာဂနိမိတ် | နိမိတ်ဖြစ်ပေါ်ရရှိခြင်း |
| Eye Power | Eye Power | Will Power | Spritual Power | Stritual Power | အင်္ဂလိပ်ဖြင့်ခေါ်ပုံ |

## ပထမအဆင့်

# မျက်စိအကျင့်ပြုလုပ်နည်း

ရှေးဦးစွာ မျက်စိအကျင့် ပြုလုပ်ပေးခြင်းသည် နောက်နောက်သောဘာဝက အထုံဝသီပါရမီအခိကာရ မရရှိခဲ့ဘူးသော ပုဂ္ဂိုလ်တို့အတွက် အထူးသင့်လျော်သော အကျင့်စခန်းတခု ဖြစ်သည့်အကြောင်း မီးကသိုဏ်းကို မဝင်ခင်ကအလွတ်မီးကိုသော်လည်းကောင်း အစပြု၍ ကြည့်ရှုအားထုတ်ရသည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခြားသော နေရာအရပ်မှရှိသော မီးကိုသော်လည်းကောင်း၊ အခြားသောအိမ်တို့မှရှိသော မီးကိုသော်လည်းကောင်း၊ ပါဝါ ၅၀-အားရှိသော ဓာတ်မီးလုံး၏အရောင်ကို မိမိတို့၏ အိမ်ကျောင်းတို့မှ ပေ ၅၀-အကွာအဝေးခန့်နေ၍ ကြည့်ရှုရသည်။

သို့မဟုတ် မိမိတို့၏ အိမ်ကျောင်းအတွင်းမှသော်လည်းကောင်း အပြင်အပမှသော်လည်းကောင်း၊ ထွန်းထားသော ပါဝါ ၂၅-အားရှိသော ဓာတ်မီးလုံး၏အရောင်ကို မိမိတို့၏ အိမ်ကျောင်း

အတွင်းမှ ပေ ၂၅-အကွာအဝေးရှိသောမီးကို ကြည့်ရှု၍ဖြစ်သော နေရာတနေရာမှနေ၍ ပက်လက်ကုလားထိုင်၊ ဂုတ်တုတ်ကုလားထိုင်တို့နှင့်လည်း ကြည့်ရှုနေနိုင်သည်။ သင်ဖျာကိုခင်းပြီး တင်ပြင်ခွေထိုင်၍လည်း ကြည့်ရှုနေနိုင်ပါသည်။

ဤတေဇောကသိုဏ်းကို အလိုရှိ၍ အစပြု အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် စိတ်ကို ခိုင်ခိုင်မြဲမြဲထား၍ လုံ့လဝီရိယနှင့် ညဥ့်တိုင်းညဥ့်တိုင်း မပျက်မကွက် ကြည့်ရှုသွားနိုင်စေရမည်။ ဤသို့ပြုလုပ် အားထုတ်ကြည့်ရှုရာဥ္စ အဖျက်အဆီးတို့သည်လည်း ပေါ်လာတတ်သည်။ အဘယ်သို့ ပေါ်လာပါသနည်းဟူသော် 'ဤမီးကသိုဏ်းကို ကြည့်ရှုခြင်းငှါ မကောင်းဘူး မျက်စိပျက်တတ်သည်၊ မကြည့်ပါနှင့် မလုပ်ပါနှင့်'ဟူ၍ မိမိ၏ အိမ်သူအိမ်သားကသော်လည်းကောင်း၊ မိမိ၏မိတ်ဆွေများသော်လည်းကောင်း ဖျက်တတ်သည်။

တေဇောကသိုဏ်းဟာကောင်းသည်၊ ချောန်ကိုရနိုင်သည်ဟူ၍ တိုက်တွန်းအားပေးသော ပုဂ္ဂိုလ်သည် တဦးတယောက်မျှ မပေါ်လာပေ။ သို့ပါ၍ ဤမီးကို အစပြုကျင့်ခြင်းနှင့် ကသိုဏ်းမီးကို ကြည့်ခြင်းတို့သည် မျက်စိအနည်းငယ်သာပြာတတ်သည်။ မျက်စိ မကန်းနိုင်ပါဘူး၊ ကျွန်ုပ်ကိုယ်တိုင် အားထုတ်ခဲ့သည်မှာ မျက်စိ ပြာရုံမှတပါး ဘာမျှမဖြစ်ခဲ့ပါဘူး၊ ဇွဲသန်သန်နှင့် အချိန်မပျက် အားထုတ်မှုကြောင့် အပွနာချာန်သို့တိုင်တိုင် အောင်မြင်ရရှိခဲ့ပါသည်။

ဤသို့ မျက်စိအကျင့်ပြုလုပ်ရန် အစီအစဉ်တွေကို ရေးသားဖော်ပြခဲ့ပြီးသည့်နောက်၊ ကျွန်ုပ်ကိုယ်တိုင် အားထုတ်ပြုလုပ်သော အကျင့်စခန်းကို ရေးသားတင်ပြပါမည်။

၁၃၂၄-ခုနှစ်၊ ကဆုန်လဆန်း ၈-ရက်နေ့မှစ၍ အိမ်တအိမ်မှ ယွန်းထားသော ပါဝါ ၅၀-အားရှိသောမီးသည်မိမိနေအိမ် ဘိနပ်ချွတ်သို့ ပေ ၅၀-ကွာဝေးသည်။ ၎င်းဘိနပ်ချွတ်မှ ပက်လက်ကုလားထိုင်ဖြင့်ထိုင်၍ ပထမအစပြုသောလမှာ ညဥ့်တိုင်းညဥ့်တိုင်း မပျက်မကွက် တညဥ့်လျှင် နာရီဝက် နာရီဝက်ဲ အချိန်မှန်မှန် ကြည့်ရှုရသည်မှာ မျက်တောင်မခတ် မျက်စိမမှိတ်ဘဲ မျက်စိကိုဖွင့်၍ ပြူး၍ အာရုံစိုက်ပြီး ကြည့်ပေးသောအခါ မျက်တောင်တဆက်ဆက်ခတ်လျက်နေသော မျက်စိသည် မခတ်ဘဲစိုက်ကြည့်နေရသဖြင့် မနေနိုင်အောင် ဖြစ်လာသည်။ မျက်ရေတွေဝိုင်းလာသည်၊ ကျလာသည်။

ရံခါရံခါမှာ ၃-မိနစ် ၅-မိနစ်ကြာသောအခါမှ ခတ်ပေးရပြီး ရံခါရံခါမှာ ၁၀-မိနစ်အကြာမှ ခတ်ပေးရသည်။ ဤသို့ အလေ့အကျင့်ပြုလုပ်လျက် ကြည့်နေရာတွင် မျက်ရေတွေဝိုင်းလာသည်၊ မျက်ရေတွေ ကျလာသည်တွင် အသာအယာသုတ်ပေးပြီး မီးကိုသာလျှင် အာရုံဇောမပြတ်အောင် ကြည့်ရှုနေရသည် ဖြစ်ပါသည်။

ဤနာရီဝက်စခန်းပြီး၍ နယုန်လသို့ ရောက်လာသောအခါ အချိန်ကိုတိုးမြှင့်၍ ညဥ့်တိုင်းညဥ့်တိုင်း တနာရီကြည့်ရှုရသည်။ မျက်စိသည် ခဏခဏမှိတ်ခြင်းနှင့် မျက်တောင်ခတ်ခြင်းတို့ မပြုလုပ်တော့ဘဲ ခိုင်ခိုင်မြဲမြဲ ကြည့်ရှုလာနိုင်သည်၊ ရုပ်ရုံတည်းဟူသော 'တေဇော'မီး၏ အလင်းရောင်ကို စက္ခုတည်းဟူသောမျက်စိဖြင့် အာရုံပြုလျက် ကြည့်ရှုပွားများနေရာတွင် တချက်တချက်ပီတိဖြစ်ပေါ်လျက်၊ ဟဒယဝတ္ထုနှလုံးအိမ်၌ စိမ့်၍စိမ့်၍ နှောက်

ကျောက ဖြိုးဖြိုးဖျဉ်းဖျဉ်း ဖြစ်လာသည်။ ခုဒ္ဒကာပီတိ အနည်းငယ် နှစ်သက်ခြင်းတို့သည် ခဏခဏ ဖြစ်ပေါ်လာခြင်းကို သိရသည်။ ထိုမီးအလင်းရောင်သည် ပြန့်လျက်ဖြာလျက်နေရာမှ အာရုံစိုက်ပြီး ကြည့်နေရာတွင် အဝန်းအဝိုင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဤဘနာရီခန့်ပြီး၍ ဝါဆိုလသို့ ရောက်လာသောအခါ အချိန်ကိုတိုးမြှင့်၍ ညဥ့်တိုင်းညဥ့်တိုင်း တနာရီခွဲကြည့်ရှုရသည်။ မျက်စိသည် ခဏခဏမှိတ်ခြင်း မျက်တောင်ခတ်ခြင်းတို့ကို မပြုမလုပ်တော့ဘဲလျက် မီးကိုအာရုံစိုက်၍ အချိန်တာရှည်စွာ ကြည့်ရှုနေနိုင်တော့သည် ဖြစ်လာသည်။ ရေးသားဖေါ်ပြခဲ့သော ခုဒ္ဒကာပီတိသည် ပဒယတွေနှလုံးအိမ်၌ သိမ့်ကနဲ သိမ့်ကနဲ ခဏခဏဖြစ်ပေါ်ပြီး ကြက်သီးထလျက်နေတတ်သည်။ ဇော်အာရုံကိုစိုက်၍ကြည့်နေသောအခါ၌ အလင်းရောင်သည် မဖြာတော့ဘဲ ဘန်းလောက်၊ ဆန်ကောလောက် အဝန်းအဝိုင်းဖြစ်နေသည်။ ဤအဝန်းအဝိုင်းထဲမှ လူတွေ လျှောက်သွားလာနေကြသည်ဟု စိတ်အာရုံ၌ ဖြစ်ပေါ်လာ၍ မြင်နေရသည်၊ တွေ့နေရသည်။

ဤသို့ ကြည့်ရှုအားထုတ်သော မျက်စိသည် နေ့အချိန်တို့မှာ ခပ်လှမ်းလှမ်းမှာရှိသော တိုက်အိမ်ကျောင်းတို့၏ နံရံအကာတို့ကို မျက်စိဖြင့် လှမ်းကြည့်လိုက်လျှင် အလင်းရောင် အဝန်းအဝိုင်းဖြစ်ပေါ်နေသည်။ ဤသို့ဖြစ်ပေါ်နေသည်ကို အားတိုင်း အားတိုင်းအချိန်တို့မှာ မျက်စိဖြင့် အာရုံပြု၍ ဟိုကြည့် ဒီကြည့်ဖြင့် ကြည့်ပေးရသည်။ထိုအခါမှာ မျက်စိ၌ အဝေးမှာ ထင်မြင်ရရှိနေသော အလင်းရောင်တန်ခိုး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဤ

အလင်းရောင်တန်ခိုးကို အင်္ဂလိပ်ဘာသာဖြင့် 'Eye Power'ဟု ခေါ်ပါသည်။

ဤသို့ အလင်းရောင် တန်ခိုးကို ရရှိပြီးသည့်နောက် ကသိုဏ်း ကိုဝင်၍ ကြည့်ရှုအားထုတ်ရခြင်းသည် အာရုံနိမိတ်ကို အလွယ် တကူနှင့် တွယ်ယူရရှိနိုင်သည်။ သို့မဟုတ်လျှင် (၁) နှစ်နှင့် လည်း မရနိုင်၊ (၂) နှစ်နှင့်လည်း မရနိုင်ဘဲ ရှိနေတတ်သည်ဖြစ်၍ မျက်စိအကျင့်ကို ရှေးဦးစွာပြုလုပ်၍ ယူရပါသည်။

ယောဂီအပေါင်းတို့၊ ဤမျက်စိအကျင့်တားထုတ်မှု စခန်း၊ နှာရိုဝက်၊ တနာရီ၊ တနာရီခွဲ ၃-လ အကျင့်ဖြင့် ပြီးဆုံးခဲ့ပါလျှင် ရေးသားဖော်ပြထားသော တေဇောကသိုဏ်းကို ကြည့်ရှု အား ထုတ်နည်း ဇယားပုံအတိုင်းကိုကြည့်ရှု၍ ကသိုဏ်းကိုဝင်ပြီး အား ထုတ်သွားရမည်ဟူ၍ ရေးသားဖော်ပြပါသည်။

ပထမဆင့်ပြီး၏။

## ဒုတိယဆင့်

# တေဇောကသိုဏ်းကို ကြည့်ရှု အားထုတ်နည်း

ဤတေဇောကသိုဏ်း ဒုတိယဆင့်ကို ကျွန်ုပ်အားထုတ်လာခဲ့သော အကြောင်းသည် ၁၃၂၄-ခုနှစ်၊ တော်သလင်းလဆန်း ၁-ရက်နေ့မှအစပြု၍ တနေ့လျှင် နာရီဝက်၊ နာရီဝက် အားထုတ်မှုစခန်းကို ညဉ့်တိုင်းညဉ့်တိုင်း ၃-လတိုင်တိုင် မီးကသိုဏ်းဝန်းကို ငါးတောင် အကွာအဝေးမှ ထိုင်လျက် ကြည့်ရှု အားထုတ်သော အခါ၌ ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံတွေကို ပဏ္ဍိတဝေဒနီယကျမ်းနှင့် ညှိနှိုင်း၍ ရေးသားတင်ပြအပ်ပါသည်။

ဤတေဇောကသိုဏ်း ဒုတိယဆင့်ကို ကြည့်ရှု အားထုတ်ရန် အလိုရှိကြကုန်သော ယောဂီအပေါင်းတို့သည် နောက်က ရေးသားပြဆိုခဲ့ပြီးသော ဂျပ်စက္ကူလက်ဆွဲမှန်အိမ်နှင့် အောက်ကခံသော ရေနံဆီသံပုံးကိုယူ၍ မိမိတို့၏အိမ်ခန်း၊ ကျောင်းခန်းတို့

တွင် လူရှင်မနေ့သော ဆိတ်ငြိမ်သောအခါမှာ ရေနံဆီသံပုံးကို တဖက်နံရံအကာသို့ ကပ်လျက်ထား၍ သံပုံးဖင်ပေါ်မှာ မီးရောင်ဖြာနေသော လက်ဆွဲမှန်အိမ်ကို တင်လိုက်ပြီးလျှင် သုံးဘက်ချိထားသော မီးအကာ ဂျပ်စက္ကူကို ဖောက်ထားသော အပေါက်ကို ရှေ့ကထား၍ သုံးဘက်ကာလိုက်ပြီးလျှင် မှန်အိမ်ကိုမှီ၍ ထောင်ထားလိုက်ရသည်၊ အပေါက်မှထွက်၍ လင်းနေသော မီးရောင်အဝိုင်းသည် မိမိထိုင်လိုသောနေရာမှာ မျက်နှာကို ဗဟိုအလည်တည့်တည့် ဖြစ်နေစေရမည်။ ဤသို့ ပြုလုပ်ထားပြီးလျှင် ထိုင်ရန် အကွာအဝေးမှာ ရေနံဆီသံပုံးနှုတ်ခမ်းမှစ၍ မိမိတို့၏ အတောင်ဖြင့် ငါးတောင်ပြည့်သောနေရာမှာ မြေဖြူခဲနှင့် မှတ်သားထားလျက် သင်ဖျာကို ခင်းထားပြီး မှတ်ထားသော နေရာကို ဖင်လယ်တည့်တည့်ထိုင်ရမည် ဖြစ်သည်။

ဤထိုင်ပုံထိုင်နည်းသည် ဗောဓိခွေ တင်ပြင်ချိပ်၍လည်းမထိုင်ရ၊ ထက်ဝယ်ဖွဲ့ခွေလျက်လည်း မထိုင်ရ၊ ရိုးရိုးအားဖြင့် ဘယ်ခြေကိုခွေလျက်၊ တဖန် ညာခြေကို ဘယ်ခြေရှေ့တွင်ကပ်၍ခွေပြီး ထိုင်ခြင်းဖြင့် ထိုင်ရမည်။ လက်သည် မိမိ၏ဒူးနှစ်ဖက်ပေါ်မှာတင်၍သော်လည်းကောင်း၊ သို့မဟုတ် ခြေသလုံးကို အသာဆုပ်၍သော်လည်းကောင်း ထားရမည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဤမီးကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်ခြင်းတို့သည် စက္ခုအာရုံသည် ရူပါရုံဘည်းဟူသော မီးအလင်းရောင်နှင့် တွေ့ထိသောအခါ နှလုံးအိမ်၌ ပီတိတွေ့ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ တုန်လှုပ်နေတတ်သည်။ ဥက္ကောင်းသည် တဆတ်ဆတ်ခါ၍ နေတတ်သည်။ ခြေကားယား လက်ကားယား

ဖြစ်၍ဖြစ်၍ ဖင်ကလည်း တဆတ်ဆတ်ခုန်ခုန်နေတတ်သည်။ ဤသို့ ဖြစ်ပေါ်လာမှုတွေကြောင့် ရိုးရိုးတင်ပြင်ခွေထိုင်ခြင်းကို ထိုင်ရမည် ဖြစ်သည်။

ဤဒုတိယဆင့်တွင် ကြည့်ရှုအားထုတ်သောအခါ၌ ခဏိကာ ပီတိသဘော ဝင်လာတတ်သဖြင့် တချက်တချက် ကြက်သီးထ၍လည်း ဥက္ကောင်းက ဆတ်ခနဲဆတ်ခနဲ တဆတ်ဆတ်ခါခါ နေတတ်ကြသည်။ ဤသို့ ဖြစ်ပေါ်လာသည်ကို ပီတိဖြစ်ပေါ်သာမှန်း မသိကြဘဲလျက် နတ်ဝင်သည်၊ နတ်ကပ်သည်ဟူ၍ ထင်မှတ်နေတတ်ကြသည်။ သို့အတွက်ကြောင့် ပီတိအကြောင်းကို ရှေ့ဦးစွာ ကင်ပြရေးသားခဲ့ပါသည်။

ဤသို့ မီးကသိုဏ်းဝန်းကို ပြုလုပ်ပြင်ဆင်၍ ပြီးလျှင် လူရှင်မနေ့ာ ဆိတ်ငြိမ်လျက်နေသော အခန်းမှာ တယောက်တည်း ချမ်းသာစွာထိုင်လျက် ပြုလုပ်ထားသော မီးကသိုဏ်းဝန်း၏ မီးအလင်းရောင်ကို ကြည့်ရှုစမ်းသပ်ရာ၌ မိမိ၏မျက်စိနှင့် ပဏာမရသေးလျှင် ပြုပြင်ပေးရသည်။ ဤသို့ပြုပြင်၍ ညီညွတ်သောအခါမှ မီးကသိုဏ်းဝန်းကိုကြည့်လျက် ပရိကံပြုရမည်မှာ-

'မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား၊ ကိုယ်တော်မြတ်ကြီးအား ဘုရားတပည့်တော်သည် သဒ္ဓါရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ပူဇော်ပါ၏။ မြတ်နိုးပါ၏။ ကိုးကွယ်သည်းလျှောင်းပုန်းအောင်းပါ၏။ မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဤတေဇောကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်ရခြင်းကြောင့် တေဇော 'မီး' အလင်းရောင်စျာန်ကို ဆောလျင်မြန် ရနိုင်ပါစေ

သတည်း’ ဟုဆို၍ ရှိခိုးပြီးလျှင် ငါ၏ထက်ဝန်းကျင်၌ ရှိကြကုန်သော သတ္တဝါခပ်သိမ်းတို့သည် ဘေးရန်ကင်းကွာ၍ ချမ်းသာကြပါစေသတည်း၊ အခါခပ်သိမ်း ကောင်းမြတ်သော အာရုံတို့ကို မြင်ကြပါစေသတည်း၊ ငါသည်လည်း ကောင်းမြတ်သော အာရုံနိမိတ်ကို တွေ့မြင်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုပြီးလျှင်–

‘ငါသည် အိုနာသေရေးဒုက္ခဘေးအပေါင်းတို့မှ ကင်းလွတ်ရန် ဘုရားပစ္စေကဗုဒ္ဓါ အရိယာပညာရှိ သူတော်ကောင်းအပေါင်းတို့၏ ကျင့်စဉ်လမ်းကြောင်းကို ငါလိုက်၍ ကျင့်ရမည်’ဟု အောက်မေ့ဆင်ခြင်နှလုံးသွင်းပြီး ကသိုဏ်းဝန်းကို အရိုအသေပြုကာ ရှိခိုးလျက် ဤအကျင့်ဖြင့်ပင်လျှင် ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့သည် အိုနာသေရေး ဒုက္ခဘေးအပေါင်းတို့မှ ကင်းလွတ်ကြပေပြီ၊ ငါသည်လည်း ဤအကျင့်ဖြင့်ပင်လျှင် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်အံ့၊ ဤမီးကသိုဏ်းဝန်းအကျင့်သည် ငါ၏ ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု ဆင်ခြင်၍ မီးကသိုဏ်းဝန်း၌ အလွန်ချစ်ခင်နှစ်သက်လျက် အလွန်လိုချင်သော အာသာဆန္ဒဖြင့် ထိုကသိုဏ်းဝန်း ‘မီး’ကို ရှေ့ရှုကြည့်ရှုအပ်၏၊ ထိုကသိုဏ်းဝန်း’မီး’ကို မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍နေအောင် ကသိုဏ်းဝန်း၌ စိတ်ကို တစိတ်တဒေသ၌ မထားဘဲ ထိုမီး ကသိုဏ်းဝန်းတခုလုံးကို အကုန်အနှံ့စိတ်နှင့်ငုံ၍၊ အလယ်ကိုတည့်တည့် စိုက်ကြည့်ရှုအပ်သည်၊ ဤနည်း ဤအကျင့်ဖြင့်သာလျှင်၊ တနေ့လျှင် နာရီဝက် ညဉ့်တိုင်း ညဉ့်တိုင်း၊ အချိန်မှန်မှန် အားထုတ်ကြည့်ရှုရာ၏။

ဤကသိုဏ်းဝန်းဂျပ်စက္ကူပြား၌၊ ၃-လက်မအပေါက်ဖေါက်ထားသော်လည်း၊ “မီး”ကသိုဏ်းကို အာရုံစိုက်၍ ကြည့်နေသော

အခါမှာ အပေါက်၏သော နခမ်း ပတ်ပတ်လည်တို့တွင်၊ ၃-လက်မမီးအရောင်သည်၊ ကျယ်ပြန့်၍ ဖြာနေသဖြင့် ဤမီးကသိုဏ်းဝန်းသည်၊ ၉-လက်မရှိသော မီးကသိုဏ်ဝန်း ရောင်မှအာရုံနိမိတ်ဖြစ်နေလေသည်၊ ဤပရိကမ္မ မီးကသိုဏ်အာရုံကို စိတ်သန်သန်ခိုင်ခိုင်ကြီးထား၍၊ သတိသည်ဖြင့် ခိုင်ခိုင်မြဲမြဲမှတ်၍ ကသိုဏ်းဝန်း၏ ဖြာပြန့်နေသော "မီး"လုံးကို၊ စိတ်၌ အကုန်လုံး စွဲကပ်ထင်မြင်၍ ပါသာအောင် မျက်စိဖြင့်ပြူးပြူးစိစိ ကြည့်ရှုယူအပ်၏၊ ဤသို့ပြုလုပ် အားထုတ်ကြည့်ရှုရာ၌ မိမိ၏မျက်စိသည် အလင်းရောင်အပြည့်အဝ ဝင်လာလေသည်၊ နေ့အခါ၌ အခြားသော အပြင်အပတို့မှာ အာရုံစိုက်၍ ကြည့်လိုက်လျှင် နောက်ကပထမဆင့်မှာ မျက်စိအကျင့်ဖြင့်ရသော အလင်းရောင် ဝိုင်းထက်ပိုမိုထင်ရှားလာသည်၊ ညဥ့်အခါ၌ မိမိအိပ်ရာထဲတွင် မျက်စိကိုမှိတ်ပြီး အာရုံဖြင့် မှေးမှိတ်လျက် နေစဉ်တို့မှာ၊ မီးရောင်တွေဖြာလျက် ဖြာလျက်၊ မျက်စိအတွင်းမှာ နိမ့်ပြီး မီးအလင်းရောင်အပြည့်အဝ ဖြစ်နေသည်၊ မီးအလင်းရောင်တွေ ဖြာလျက် ဖြာလျက်နေသည်၊ ဤသို့ဖြစ်ပေါ်နေခြင်းသည် မျက်စိအတွင်း၌ဖြစ်ပေါ်လာသော အလင်းရောင် တန်ခိုးဖြစ်သည်၊ သို့ပါ၍အင်္ဂလိပ်ဘာသာဖြင့် (Eye Power) မျက်စိ အလင်းရောင်တန်ခိုးဟု ခေါ်ပါသည်၊ ဤတွင် ဒုတိယဆင့် (၃)လ အားထုတ်မှု အကျင့်စခန်းဖြစ်သည်။

ဒုတိယဆင့်ပြီး၏။

## တတိယဆင့်

# တေဇောကသိုဏ်းကို

## ကြည့်ရှုအားထုတ်နည်း

ဤတေဇောကသိုဏ်း တတိယဆင့်ကို ကျွန်ုပ် အားထုတ်လာခဲ့သော အကြောင်းသည်၊ ၁၃၂၄-ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့မှ အစပြု၍ တနေ့လျှင် တနာရီ၊ တနာရီအားထုတ်မှု စခန်းကို ညဉ့်တိုင်း ညဉ့်တိုင်း (၃)လတိုင်တိုင်၊ မီးကသိုဏ်းဝန်းကို လေးတောင်ထွာ အကွာအဝေးမှ ထိုင်လျက်၊ ကြည့်ရှုအားထုတ်သောအခါ၌ ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံတွေကို ပဋ္ဌိဘာဝေဒနိယကျမ်းနှင့် ညှိနှိုင်းရေးသား တင်ပြအပ်ပါသည်။

ဤတေဇောကသိုဏ်း တတိယဆင့်ကိုတက်၍ အားထုတ်လိုကြကုန်သော ယောဂီအပေါင်းတို့သည် နောက်က ပြုလုပ်ထားသော မီးကသိုဏ်းဝန်းကိုယူ၍ မိမိတို့၏ အိမ်ခန်း၊ ကျောင်းခန်း

တို့တွင် လူရှင်မနေ့ာ ဆိတ်ငြိမ်သောအခါ မီးကသိုဏ်းဝန်းကို မိမိ ၏မျက်စိနှင့်လျှော်ညီအောင် ပြုပြင်၍ လေးတောင်ထွာ ကွာဝေး သောနေရာမှ ရေးသားပြဆိုခဲ့ပြီးသော ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီး လျှင်၊ မီးကသိုဏ်းဝန်းကို ကြည့်လျက် ဘုရားရှင်၏ ဂုဏ်တော် များကို နှလုံး သွင်းပြီး၊ ထိုမီးကသိုဏ်းဝန်းကို ရှိခိုးလျက်၊ ပရိကံ ပြုရမည်မှာ-

"မြတ်စွာဘုရား- မြတ်စွာဘုရား မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးအား ဘုရားတပည့်တော်သည်၊ သဒ္ဓါရိုကျိုး လက်စုံမိုး ၍၊ ရှိခိုးပါ၏၊ပူဇော်ပါ၏၊ မြတ်နိုးပါ၏၊ ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းပါ၏၊ မြတ်စွာဘုရား ဘုရားဘပည့်တော်သည၊ ဤ တေဇောကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်ရခြင်းကြောင့်၊ တေဇောမီး အလင်းရောင်ဈာန်ကို ဆောလျှင်မြန်စွာ ရနိုင်ပါစေ သတည်း"ဟု ဆို၍၊ ရှိခိုးပြီးလျှင် နောက်က ဒုတိယဆင့်မှာ ရေး သားပြဆိုခဲ့ပြီးသော အကြောင်းတို့ကို၊ အချိန်အနည်းငယ် နှလုံး သွင်းပြီးလျှင်၊ မီးကသိုဏ် ဝန်း၌ အာသွန်ချစ်ခင် နှစ်သက်လျက် အလွန်လိုချင်သော အာသာဆန္ဒဖြင့်၊ ထိုကသိုဏ်းဝန်း "မီး"ကို ရှေ့ရှုကြည့်ရှုအပ်၏၊ ထိုမီးကသိုဏ်းဝန်းကို မျက်စိနှင့် မြင်သော အဘိုင်း၊ စိဘ်ထဲကစွဲက ပ်ထင်မြင်နေအောင်၊ မီးကသိုဏ်းဝန်း၌ စိတ်ကို တစိတ်တဒေသ၌ မထားဘဲ၊ ထိုမီ ကသိုဏ် ဝန်း တခုလုံး ကို အကုန်အနှံ့စိဘ်နှင့်ငုံ၍၊ အလယ်တည့်တည့် စိုက်ကြည့်ရှု အပ်၏။

ဥပမာဆိုသော် လိပ်ကိုကျွားစုတ်လျှင်၊ အသဲတွေ အသား တွေ အကုန်လုံးပါ၍လိုက်ရ၏၊ အခွံသာ ကျန်တော့၏၊ ထိုလိပ်

ကိုစုတ်ယူသော ကျား၏စိတ်ကဲ့သို့၊ စိတ်ကို သန်သန် ခိုင်ခိုင်ကြီး ထား၍၊ သတိသညာဖြင့် ခိုင်ခိုင်မြဲမြဲမှတ်၍ ကသိုဏ်းမီးတခုလုံး ကို စိတ်၌ အကုန်လုံးစွဲကပ် ထင်မြင်၍ ပါလာအောင် မြူးမြူး စွစိကြည့်ရှုယူအပ်၏။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ကိုရအောင် ကြည့်ရှုယူရာ၌ တေဇောက သိဏ် တေဇောကသိဏ်ဟူ၍ လည်းကောင်း၊ မီး.... မီး....ဟူ၍ လည်းကောင်း၊ ပါးစပ်က တတွတ်တွတ် မရွတ်ရဘူး၊ ဘယ်လိုမှ မရွတ်ရဘူး၊ 'တေဇော'ဆိုတာ ပါဠိလိုခေါ်သည်၊ မြန်မာလို အဓိပ္ပာယ် မှာ'မီး'ဟုခေါ်သည်၊ ဤမီးအဝန်းကို ကြည့်ရှု၍ ယူ သောအခါ စိတ်ကိုတချမ်းတွင်၊ တစိတ်တဒေသတွင် မထားမူ၍၊ မီးဝန်းတခုလုံးကို အကုန်အနှံ့ငုံ၍ ကြည့်ရှုရသည်၊ ဤသို့အကုန် ငုံ၍ ကြည့်ရှုအပ်သောကြောင့်၊ 'ကသိဏ'ကသိုဏ်းဟူ၍ ခေါ်ပါ သည်၊ ကသိုဏ်းဟု ခေါ်ပုံကိုမှတ်ထားကြရမည်။

ဤကဲ့သို့ အကြွင်းအကျန်မရှိ အကုန်လုံး အနှံ့ငုံ၍၊ ကြည့်ရှု ယူအပ်ခြင်းကြောင့်၊ ကသိဏမည်တဲ့ ဤမီးဝန်းကို စိတ်ထဲကသာ "မီး""မီး"ဟု မှတ်လျက် မျက်စိနှင့် မြင်သောအတိုင်း စိတ်၌စွဲ ကပ်ထင်၍ ပါလာအောင် မျက်စိဖြင့်သာ ကြည့်ရှုနေရသည်။ ကြည့်ရှုသောအခါမှာလည်း၊ မျက်စိကို မေးတုတ်မေးတုတ်လုပ်၍ မကြည့်ရဘူး၊ အိပ်ချင်လာတတ်သည်၊ စိတ်ပြောင် လာသည်ဖြစ်စေ လျှင် နိမိတ်ရခဲသည်၊ထို့ကြောင့် မျက်စိကိုဖွင့်နိုင်သမျှ ဖွင့်၍ကြည့် ရသည်၊ မျက်တောင်ကိုလည်း မခတ်ဘဲနေနိုင်သမျှနေ၍ ကြည့်ရ သည်၊ကြာလျှင်အိပ်ချင်၍ လာတတ်၏၊ အိပ်ချင်လေလေ၊ မျက်စိ ကိုပြူးလေလေ၊ပြူးရသည်၊ အိပ်ချင်၍လာသောအခါ မျက်စိကို

မွေးရာမှ မင်းရဲ့ စိတ်သညာကိုပြောင်းစေ၍ ကြည့်သော်လည်းကောင်း၊ မီးကသိုဏ်းဝန်း နှစ်ခုဖြစ်၍ဖြစ်၍လည်း နေတတ်သည်။ ရံခါရံခါ မှာ မီးကသိုဏ်းဝန်းသည် အပေါ်သို့ မြင့်မြင့်တက်သွားသည်ဟု စိတ်၌ ထင်၍ထင်၍နေတတ်၏။ ထိုမီးကသိုဏ်းဝန်းမှ အောက်သို့ အရောင်ဆင်းလျက် ခြေထောက်၌လည်း နေတတ်သည်။ ဤသို့ မနေအောင် စိတ်သညာကို သန့်သန့်ခိုင်ခိုင်ထား၍ ကြည့်အပ်၏။ သတိပေါ့လွတ်လျက် စိတ်သည် မီးကသိုဏ်းဝန်း၌မနေဘဲ အခြား အာရုံကို ပြေးသွားကြံစည်၍ ကြံစည်၍လည်း နေတတ်သည်၊မနေ စေအပ်။

မီးကသိုဏ်းဝန်း အာရုံမှတပါး ဘယ်ကိုမှမထွက်ပြေးစေအပ်။ ကျပ်ကျပ်သတိပြုအပ်ကြသည်။ စိတ်ဝိဘက်ကို ကျပ်ကျပ်နှိပ်ကွက် ၍ မီးကသိုဏ်းအာရုံ၌သာ မြဲစွဲစွာ သတိဖြင့် ဖွဲ့သွားအပ်၏။ ကြာသောအခါ စိတ်မောပြီး ဝီရိယလည်းလျော့ပြီး ပျင်းလာ တတ်သည်၊ မပျင်းစေအပ်၊ အကျိုးအပြစ်တို့ကို ဆင်ခြင်၍ စိတ် ဝီရိယကို ထက်သန်စေတတ်သော အာရုံများကိုဆင်ခြင်၍ မြင့်မိုရ် တောင်ကြီးကိုဖြိုရမည့် ယောကျ်ား၏ စိတ်ဝီရိယကဲ့သို့ စိတ်ဝီရိယ ကို အားကောင်းထက်သန်စေ၍ မရလျှင် မနေဘူးဟဲ့ဟု အံ့သွား ခဲ၍ စိတ်ခါးတောင်းကျိုက်ပြီး ကြည့်ရှုရာ၏။ စိတ်မောသဖြင့် ခွေးတွေကျလာပြီး ကိုယ်ပါမော၍ ပျင်းရိ၍ ခဏခဏ နားချင် တတ်၏။ သည့်ပြင်ဟာ တော်ရာကိုထ၍ လုပ်ချင်တတ်ကြသည်၊ နားရီ အချိန်မစေခင် ခဏခဏမနားအပ်၊ မလုပ်အပ်၊ ကျပ်ကျပ် ငွကောင်းကောင်းဖြင့် မီးကသိုဏ်းဝန်းကို ကြည့်ရှု၍ အားထုတ်ရ သည်။

ဤသို့ နိမိတ်ယူရာ၌ အချို့သောသူမှာ မကြာခင် အလွယ်တကူဖြင့်ပင် နိမိတ်ရနိုင်သည်။ အချို့သောသူတို့မှာကား ဤကဲ့သို့ ပင်ပင်ပန်းပန်း သက်စွန့်ကြိုးစားအားထုတ်မှ ကြာမှပင်ရသည်။ ဤသို့စိတ်ထဲ၌ယူ၍ရသော နိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။ ပြင်ဘက်ကသိုဏ်းဝန်းကိုကား ပရိကမ္မနိမိတ်ဟုခေါ်သည်။ ဥဂ္ဂဟနိမိတ် ကားပရိကမ္မနိမိတ်နှင့်တထပ်တည်းတူ၍နေသည်။ ဤဥဂ္ဂဟနိမိတ်ကို ရသောအခါ စိန်သည် သံလိုက်ကောင်းကောင်းကို အပ်တွယ်ဘိသကဲ့သို့ဤ 'မီး' ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍နေတော့၏။ ဘယ်ကိုမှမသွားတော့ မပြေးတော့ပြီ။

မျက်စိကိုဖွင့်ထားပြီးနေလျှင်ကား ရှေ့တူရူ မီးအဆင်းကိုမြင်၏။ မျက်စိကိုမှိတ်ထားလိုက်လျှင်လည်း ဘယ်ကိုမှမမြင်ရဘဲ ဤ 'မီး' ကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့သည်။ မျက်စိကိုမှိတ်၍ ပက်လက်အိပ်နေလျှင် မျက်နှာပေါ်က ကသိုဏ်းမီးဝန်းကြီးမိုးလျက်နေ၏။ မှောက်၍နေပြန်လျှင် အောက်က ကြမ်းရယ်ဖျာရယ်ဟုမမှတ်ဘဲ မီးဝန်းကြီးကိုသာလျှင် မြင်၍နေတော့သည်။ ရေထဲ၌ငုပ်၍နေလျှင်လည်း မျက်နှာရှေ့က ရေရယ်လို့မမှတ်ဘဲ မီးကသိုဏ်းဝန်းကြီးသာရှိ၍ မြင်၍နေတော့၏။ မျက်နှာကိုလက်ဝါးနှင့်ပိတ်ဖုံး၍ နေပြန်လျှင်လည်း လက်ဝါးဟူ၍ အမှတ်မထားဘဲ မီးကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့သည်။ ညဥ့်အိပ်ရာထဲတွင်လည်း မြင်မြင်နေသဖြင့် အိပ်၍မပျော်နိုင်တော့ပြီ။ ကျပ်ကျပ်အားထုတ်ကြ[illegible]လေလေ၊ နှလုံးသွင်းလေလေ၊ မျက်စိကျယ်လေဖြစ်၍ နေတော့သည်။ အိပ်ပျော်စေချင်သဖြင့် အားထုတ်၍ နှလုံးမသွင်းဘဲ နေတော့မှ တဖြည်းဖြည်း စိတ်နုန့်၍ ကသိုဏ်းဝန်း မီးအရောင်ကြီးကိုမြင်ရာက မေ့ကနဲဖြစ်၍၊ ဘဝင်

ကျ၍ အိပ်ပျော်၍သွားလေသည်။ အိပ်ရာမှ နိုးပြန်လျှင်လည်း မီးကသိုဏ်းဝန်းကြီးကိုပင် ထင်မြင်၍ နိုးပြီးလာသည်။ မျက်နှာရှေ့က မီးကသိုဏ်းဝန်းကြီး ဆီးလျက်သာနေတော့၏။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ရ၍ အတော်ခိုင်မာ ရင့်သန်လာသော အခါ မှောင်သောအခန်းမှာ မျက်စိကိုမမှိတ်ဘဲ ဖွင့်၍ထားသော်မီးကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့သည်။ ညဉ့်အိပ်ရာထည်းမှာလည်း မျက်စိကိုဖွင့်၍ ခြင်ထောင်ကို ကြည့်လိုက်ပြန်လျှင်လည်း မီးကသိုဏ်းဝန်းကြီးကို ခြင်ထောင်မှာ ထင်မြင်နေရတော့၏။ စကျင်ဝိသမကျတော့ပြီ။ စကြံသွားရင်းလည်း ရှု၍ဖြစ်တော့၏။ ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ထင်မြင်သည်မှစ၍ အိပ်ချင်ထိုင်းမှိုင်းသော ထိနမိဒ္ဓတို့သည် အဘန်ငယ်ကွာလျက် တဖြည်းဖြည်းပါးလျက် ငုပ်သွားကြလေတော့သည်။ ဤကား ဥဂ္ဂဟနိမိတ် ထင်မြင်လာပုံတည်း။

ဤတတိယဆင့် ဘေဇောကသိုဏ်းကို အားထုတ်ရာ၌ ပရိကမ္မနိမိတ်အာရုံကို စိတ်သန္တာန်၌ ထင်မြင်ရှိလာအောင် အားထုတ်သောအခါတွင် အာရုံနိမိတ်သည် တဖြည်းဖြည်း ထင်၍ ထင်၍မြင်လာရသည်။ ဤသို့ အာရုံနိမိတ်ကို ထင်မြင်လာသည်ဟု ထင်မှတ်လာလျှင် မီးကသိုဏ်းကို ကြည့်ရှုလျက်နှင့် မျက်စိကိုမှိတ်လိုက်ပြီး အာရုံပြုကြည့်လိုက်လျှင် မိမိကြည့်ရှုနေသော ပရိကမ္မနိမိတ်အာရုံအတိုင်း ထင်မြင်နေသည်။ ဤသို့ ဖြစ်ပေါ်ရရှိလာလျှင် ဥဂ္ဂဟနိမိတ်ကို ရှေးဦးစွာအစပြု၍ ထင်မြင်ရရှိလာခြင်းဖြစ်သည်။

ဤသို့ကြည့်ရှုအားထုတ်ရာ၌ ပီတိသည် ဒုတိယအဆင့်မှာဖြစ်ပေါ်ရရှိလာသော ပီတိနှင့်မတူဘဲ ထူးကဲစွာ ရှိလေသည်။ ယခု

တတိယဆင့်တွင် ဖြစ်ပေါ်လာပုံမှာ ဥက္ခောင်းနှင့် ကိုယ်သည် တဆတ်ဆတ်တုန်လျက် ခါခါနေတတ်သည်။ ဆတ်ကနဲ ဆတ်ကနဲ ပျက်ကာပျက်ကာ လှိုင်းထသကဲ့သို့ တုန်လှုပ်ခြင်းဖြစ်သည်။ ဤပီတိကို 'ဩက္ကန္တိကာပီတိ' ဟုခေါ်သည်။ ဤသို့တုန်လှုပ်လျက် ကိုယ်ကဆတ်ဆတ်ခါ၍ နေသည်ကို မကြောက်ကြနှင့် ယောဂီအပေါင်းတို့။ ဤဖြစ်ပေါ်လာမှုတွင် စက္ခုအာရုံသည် ရူပါရုံတည်းဟူသော မီးအလင်းရောင်နှင့် တွေ့ဆုံသောအခါ၌ ဤကဲ့သို့ ပီတိတွေ ထွေးထွေး ဖြစ်ပေါ်လာတတ်သည်။ ဤသို့ ဖြစ်ပေါ်လာတိုင်းလာတိုင်း ဘဆတ်ဆတ် တုန်နေတတ်ကြသည်။ ဤလို ပီတိတွေ ဖြစ်၍ဖြစ်၍ တဆတ်ဆတ် တုန်လာလေလေ ဥဂ္ဂဟနိမိတ်တိုးတက်ရင့်သန် အားကောင်းလာလေလေ ဖြစ်သည်။

ဤမီးကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်ရာတွင် စိတ်သန္တာန်၌ တဖြည်းဖြည်း မီးကသိုဏ်းဝန်း အာရုံနိမိတ်ကို ထင်၍ ထင်၍ မြင်မြင်လာသည်ဖြစ်၍ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်လာလျက်ရရှိသည်။ ဤသို့ရရှိလာသော ဥဂ္ဂဟနိမိတ်သည် ပရိကမ္မနိမိတ်အာရုံ၌ မြင်ရသော အတိုင်း(၃)လက်မ အပေါက်ဝန်းအဝိုင်းအတိုင်း ရှေးဦးစွာ အဖြူရောင်ဖြစ်ပေါ်၍ မြင်ရသည်။ ညဥ့်အခါ၌ မိမိ၏အိပ်ရာခြင်ထောင်ထည်းတွင် မျက်စိကို ဖွင့်ကြည့်လိုက်လျှင် အဖြူရောင်အဝန်းအဝိုင်း ဖြစ်ပေါ်နေသည်။ ဘယ်ဝတ္ထု ဘယ်အရာမျိုးတို့မရှိ မျက်စိဖွင့်ကြည့်လိုက်လျှင် အဖြူရောင်ဘဲ ဖြစ်ပေါ်၍သာ မြင်နေရသည်ဖြစ်သည်။ အားထုတ်၍ တလခွဲလောက် ရောက်ရှိလာသည့်အခါမှာ တဖြည်းဖြည်း ရင့်သန်အားကောင်းလာသဖြင့် ဤအဖြူအဝန်းအဝိုင်းသည် မီးကျီးခဲ အရောင်ကဲ့သို့ မီးရောင်အဝန်းအဝိုင်း ဖြစ်ပေါ်လာသည်။

ထိုဥဂ္ဂဟနိမိတ်သည် ပိုမိုလျက် ထင်ရှား အားကောင်းလာသည်ဖြစ်၍ အထက်က ရေးသားဖော်ပြခဲ့သည့်အတိုင်း သံလိုက်မှာ အပ်ဘုယ်ဘိသကဲ့သို့ စိတ်၌ အမြဲထင်မြင်စွဲကပ်နေသည်ဖြစ်၍ မျက်စိဖြင့် ဟိုကြည့်ဒီကြည့် ဘယ်ကိုဘဲကြည့်ကြည့် ကြည့်လိုက်တိုင်း မီးကသိုဏ်းဝန်း ဥဂ္ဂဟနိမိတ်ကိုသာ မြင်နေမှတော့သည်။ ဤသို့ ရင့်သန်အားကောင်းလာလျှင် ရရှိထားသော ဥဂ္ဂဟနိမိတ်ကို မျက်စိဖွင့်လျက် နေရာဘနေရာသို့ အာရုံစိုက်၍ ကြည့်လိုက်လျှင် မီးအဝန်းအဝိုင်း ဖြစ်ပေါ်နေရာမှ အခိုးအငွေ့နှင့်တကွ မီးအရှိန်တွေ တောက်လောင်လျက်လာသည်ကို မြင်ရသည် ဖြစ်သည်၊ ဤသို့ ရင့်သန်အားကောင်းသော ဥဂ္ဂဟနိမိတ်ကို ရရှိထားလျှင် မီးကသိုဏ်းဝန်းကို မကြည့်ရတော့ဘဲ ခွာ၍ ယက်လွှတ်၍ မိမိစိတ်သန္တာန်၌ ရရှိထားသော ဥဂ္ဂဟနိမိတ်ကိုသာ နှလုံးသွင်း အားထုတ်နေရသည်ဟု ကျမ်းဂန်မှ ပြဆိုထားသော်လည်း ကျွန်ုပ်သည် မီးကသိုဏ်းကို ညဉ့်အခါမှာကြည့်ရှု၍ နေ့အခါတို့မှာ သွားရင်းလာရင်း နေရင်းထိုင်ရင်းနှင့် အိပ်သောအခါတို့မှာလည်း ထိုဥဂ္ဂဟနိမိတ်ကိုသာ နှလုံးသွင်း ကြည့်ရှုနေပြီး အားထုတ်ရသည်၊

သို့ပါ၍ ဤဥဂ္ဂဟနိမိတ်ကို မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းသွားကြပါကုန်လော့။ ဤသို့ ဖြစ်ပေါ်ရရှိလာသော စိတ်ကို အင်္ဂလိပ်ဘာသာဖြင့် (Will Power) စိတ်ဘန်ခိုးဟုခေါ်သည်။ ဤတွင် တတိယဆင့် ၃-လ အားထုတ်မှုအကျင့်စခန်းဖြစ်သည်။

တတိယဆင့်ပြီး၏။

# စတုတ္ထဆင့်

# တေဇောကသိုဏ်းကို

# ကြည့်ရှု အားထုတ်နည်း

ဤတေဇောကသိုဏ်း စတုတ္ထဆင့်ကို ကျွန်ုပ်အားထုတ်လာခဲ့သော အကြောင်းသည် ၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း ၁-ရက်နေ့မှအစပြု၍ တနေ့လျှင် တနာရီခွဲ၊ တနာရီခွဲ အားထုတ်မှုစခန်းကို ညဥ့်တိုင်းညဥ့်တိုင် ၃-လတိုင်တိုင် မီးကသိုဏ်းဝန်းကို လေးဟောင်အကွာအဝေးမှထိုင်လျက် ကြည့်ရှုအားထုတ်သောအခါ၌ ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံတွေကို ပဏ္ဍိဘာဝေဒနိယကျမ်းနှင့် ညှိနှိုင်းရေးသားတပ်ပြအင်ပါသည်။

ဤတေဇောကသိုဏ်း စတုတ္ထဆင့်ကိုတက်၍ အားထုတ်လိုကြကုန်သော ယောဂီအပေါင်းတို့သည် နောက်က အားထုတ်၍ရရှိလာခဲ့သော ဥဂ္ဂဟနိမိတ်ကို နေ့အခါ၌ ပွားများနှလုံးသွင်း အားထုတ်၍ ညဥ့်အခါမှာ မီးကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်ရ

မည်ဖြစ်သည်။ သို့ပါ၍ ပြုလုပ်ထားသော ကသိုဏ်းဝန်းကိုယူ၍ မိမိတို့၏ အိမ်ခန်း၊ ကျောင်းခန်းတို့တွင် လူရှင်မနှော ဆိတ်ငြိမ်သောအခါ၌ မီးကသိုဏ်းဝန်းကို မိမိ၏မျက်စိနှင့် ပဏာရအောင်ထား၍ လေးတောင် ကွာဝေးသော နေရာမှထိုင်၍ ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသွင်းပြီး မီးကသိုဏ်းဝန်းကို ရှုခိုးလျက်နောက်က ရေးသားပြဆိုခဲ့သည့်အတိုင်း ပရိကံပြု၍ မီးကသိုဏ်းဝန်းကို အလွန်လိုချင်နှစ်သက်၍ ပဋိဘာဂနိမိတ်ကို အလွန်လိုချင်သော အာသာဆန္ဒဖြင့် ထိုမီးကသိုဏ်းဝန်း 'မီး' ကို ကြည့်ရှုအပ်၏။

ဤကဲ့သို့ နေ့အခါမှာ အမြဲအစွဲထားသော ဥဂ္ဂဟနိမိတ်ကို ကြည့်ရှုပြီး၊ ညဥ့်အခါမှာ မီးကသိုဏ်းကိုဝင်၍ အားထုတ်ကြည့်ရှု ဝေဖန်များသောအခါ ဤဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်း သိမ်မွေ့၍ အကြင်အခါ၌ အရာအဆာ အကြောင်းပြုတ်မရှိဘဲ မှန်သားများကဲ့သို့ ရသစ်စဥဂ္ဂဟနိမိတ်ထက် အဆအရာမကသာလွန်ချောညက်သိမ်မွေ့နူးနယ်၍ လာ၏။ အလွန်စိတ်နှစ်သက်ပျော်မွေ့ဘွယ်ကောင်းသောအဖြစ်သို့ ရောက်ရှိလာ၏။ စိတ်သည် ဘယ်လောက်ပင်ကြာအောင် ကြည့်၍နေသော်လည်း ပျင်းမုန်းခြင်း အားရခြင်း မရှိနိုင်တော့ပြီ၊ ထိုအခါ ထိုကဲ့သို့သော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။ ပဋိဘာဂနိမိတ်ဟု မှတ်ကြ။

ထိုပဋိဘာဂနိမိတ်သို့ ကျသောအခါ ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ၊ အမျက်ဒေါသဟူသော ဗျာပါဒနီဝရဏ၊ ငိုက်မျည်းထိုင်းမှိုင်းခြင်းဟူသော ထိနမိဒ္ဓနီဝရဏ၊ ပျံ့လွင့်ခြင်း၊ ပူပန်ခြင်း ဟူသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဤကဲ့သို့သော

ဝေဒနာကသိုဏ်းကို ကြည့်ရှုအားထုတ်လျှင် ဤကဲ့သို့ဖြစ်သည်ဟု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန် ကြား တိုက် တွန်း စေ ခိုင်း သော တရားလမ်းစဉ်သည် မှန်မှ မှန်ပါ့မလား၊ အမှားများ ဖြစ်လေသလားဟု ကမ္မဋ္ဌာန်းဆရာ၌ လည်းကောင်း၊ ကမ္မဋ္ဌာန်းလမ်းကြောင်း၌လည်းကောင်း၊ ယုံမှားခြင်း ဝိစိကိစ္ဆာနီဝရဏ၊ ဤနီဝရဏတရားငါးပါးတို့သည် ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်ရရှိလာသောအခါ စိတ်သန္တာန်၌ပါးလျက် တပါတည်းကွာ၍ ကွယ်၍၊ ငုပ်၍၊ ဝပ်၍ သွားကြလေတော့သည်။ မဖြစ်ပေါ်လာ မထလာတော့ပြီ၊ ကြွင်းသော အကုသိုလ်နီဝရဏတရားတို့လည်း စိတ်သန္တာန်၌ ဝပ်၍ ငုပ်၍ ကုန်ကြလေတော့သည်။ မပေါ်ထလာကြတော့ပြီ။

စိတ်ကို အာရုံပေါ်သို့ရောက်အောင် လွှင့်တင်ခြင်း သဘောဟူသော ဝိတက်-၁။ ဝိတက်တင်၍ အာရုံပေါ်သို့ ရောက်ပြီးသော စိတ်ကို ထိုအာရုံပေါ်မှ ဆုတ်လဲ၍မလာရအောင် မကျအောင် ဝန်းဝိုင်းဖေးမ ကာဆီးပင့်တင်ခြင်း အနုမဇ္ဇနသဘောဟူသော ဝိစာရ-၂၊ နှစ်သက်ခြင်း ပီတိ-၃၊ ကိုယ်စိတ်အားမြွှင်လန်းချမ်းသာခြင်းသုခ-၄။ စိတ်၏ငြိမ်သက်တည်ကြည်ခြင်း ဧကဂ္ဂတာ-၅။ ဤစျာန်အင်္ဂါငါးပါးတို့သည်လည်း ဝိပဿနာအရာ၌ မဂ္ဂင်တရားတွေပေါ်ဘိသကဲ့သို့ အတန်ငယ်အားကောင်းထင်ရှား၍ ပေါ်လာကြကုန်၏။ ဤစျာန်အင်္ဂါတို့သာမဟုတ် စျာန်အင်္ဂါတို့နှင့် လိုက်လျောနိုင်သော ကြွင်းသော စေတသိက်တရားတို့လည်း အားကောင်းထင်ရှား၍ ပေါ်၍လာကြကုန်၏။ ထိုအခါ သတိတရားများ အလွန်ထင်၏။ ယခုအခါမှစ၍ အမိရင်ခွင်တွင် နောက်ဆုံးပိတ် နို့စို့သည့် အခါကျအောင် ဤအာ

တုင်း ပြုဘူးသမျှ အမှုကိစ္စတွေကို ယခုပြုနေရဘိသကဲ့သို့ အကုန်လုံးပြန်၍ အမှတ်ရသည်။

ဤတေဇောကသိုဏ်းကို အားထုတ်ကြည့်ရှုရာ၌ ပရိကမ္မနိမိတ်အာရုံ မီးကသိုဏ်းဝန်းကို မလွှတ်ဘဲ မခွာဘဲနှင့် ဆက်တိုက်ကြည့်ရှုအားထုတ်မှုသည် ပဋိဘာဂနိမိတ်ကို စိတ်သန္တာန်၌လျင်စွာ ဖြစ်ပေါ်ထင်မြင်လာအောင် အားထုတ်ရခြင်းဖြစ်သည်၊ အကွာအဝေးမှာလည်း လေးတောင်ဖြစ်သဖြင့် မီးကသိုဏ်းဝန်းနှင့် နီးကပ်လာ၍ ကြည့်ရှုအားထုတ်ရာမှာ စိတ်၌ ပိုမို၍ထင်လာသည်၊ မြင်လာသည်ဖြစ်၍ ပရိကမ္မကသိုဏ်းဝန်း (၃ လက်မ) အပေါက်သည် မရှိတော့ဘဲ တဘိန်းတည်း တပြားတည်း ထင်မြင်၍နေ၏။ ကြည့်ရှုရခြင်းမှာ အလွန်နှစ်သက် ပျော်ရွှင်ဘွယ်ဖြစ်လာ၍ တနာရီခွဲအချိန်သည် ခဏလေးဟူ၍ ထင်မှတ်နေမိတော့၏။

စိတ်တန်ခိုးသည် ပိုမိုကြီးထွား အားကောင်း လာပြီးလျှင် နံနက်(၇)နာရီအချိန် (၈)နာရီအချိန်တို့မှာ အရှေ့အရပ်မှ ထွက်ပေါ်လာသောနေကိုပင် ကြည့်ရှုသော်လည်း မျက်စိမမှိတ် မျက်တောင်မခတ်ဘဲလျက်၊ အချိန်တာရှည်စွာ ကြည့်ရှုနိုင်လာတော့သည်။ နေသည် ပြောင်ပြောင်ဝင်းဝင်း ရှိနေရာမှ ပတ်ပတ်လည်ညိုမှိုင်းပြီး နေအဝန်းအဝိုင်းသည် မီးကျီးခဲ့အရောင် ပတ္တမြားအရောင်ကဲ့သို့ ဖြစ်ပေါ်တည်ရှိလျက် ငြိမ်သက်နေပေ၏။ ဤသို့ မီးကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ် လာခဲ့ရာတွင် ပီတိဖြစ်ပေါ်လာပုံမှာလည်း တတိယဆင့်မှာ ဖြစ်ပေါ်လာသော ပီတိနှင့်လည်းမတူဘဲ ထူးထူးကဲကဲ ဖြစ်ပေါ်လာရခြင်းသည် စက္ခုတည်းဟူသော အာရုံသည် ရူပါရုံတည်းဟူသော ပရိကမ္မနိမိတ် မီးအာ

လင်းရောင် အဝန်းအဝိုင်းနှင့် တွေ့ထိတိုင်း ကိုယ်နှင့်ဥကွောင်းတို့သည် ဆတ်ကနဲဆတ်ကနဲ ခါလိုက်ရာတွင် ခြေရောလက်ရောပါ ပါ ပါသွားသဖြင့် ကောင်းကင်သို့ လွင့်စဉ်သွားမတတ် ခြေပစ်လက်ပစ် တုန်လှုပ်ခြင်း ဖြစ်သွားသည်ဖြစ်၍ ဤပီတိကို 'ဥဗ္ဗေဂါပီတိ' ဟုခေါ်သည်။

သို့ပါ၍ ဤတေဇောမီးကသိုဏ်းကို ကြည့်ရှု အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့၊ ဤကဲ့သို့ ကြောက်မက်ဘွယ်ကောင်းသော တုန်လှုပ်မှုသည် ပီတိကြောင့်ဖြစ်သည်ဟူ၍ မှတ်ယူထားရှိရမည်။ ဤသို့ ပီတိတွေ့ပြောင်းလဲလျက် ဖြစ်ပေါ်တုန်လှုပ်လာခြင်းသည် အာရုံနိမိတ်တခုနှင့်တခု ပြောင်းလဲပြီးဖြစ်ပေါ်လာသည်။ ဥဂ္ဂဟနိမိတ်မှ ပဋိဘာဂနိမိတ် ပြောင်းလဲ ဖြစ်ပေါ်လာပုံမှာ အလွန်ချောမွေ့ ငြိမ်သက်လျက်ရှိသော (၉)လက်မမီးအဝန်းအဝိုင်း ပဋိဘာဂ အာရုံနိမိတ်သည် ပရိကမ္မနိမိတ်အာရုံမှာထင်မြင်သကဲ့သို့ တဘိန်းတည်း၊ တသားတည်း ငြိမ်သက်စွာ ဖြစ်ပေါ်ထင်ရှားလာခြင်းဖြစ်သည်။ ရံခါရံခါမှာ ပရိကမ္မနိမိတ်အာရုံကဲ့သို့ အလယ်ကအပေါက်နှင့် (၉)လက်မမီး အဝန်းအဝိုင်း ပဋိဘာဂနိမိတ်ထင်၏။ ရံခါရံခါမှာ (၉)လက်မရှိသော မီးအဝန်းအဝိုင်းသည် တဘိန်းထည်း၊ တသားထည်း၊ တပြားဆည်း ပဋိဘာဂနိမိတ်ဖြစ်ပေါ်လျက် ဖြစ်ပေါ်လျက်နေသည်။

ဥဂ္ဂဟနိမိတ်ကို ထင်မြင်ရရှိသလို ဤပဋိဘာဂနိမိတ်ကိုသည်း စိတ်သန္တာန်၌ အမြဲထင်မြင် ဖြစ်ပေါ်ရရှိနေ၍ ညဥ့်အခါ၌ အိပ်ရာတွင်အိပ်သော အခါမှာလည်း ပဋိဘာဂ မီးအဝန်းအဝိုင်းကြီး

ကို မြင်မြင်နေရသည်။ အိပ်ရာမှနိုးလာ၍ မျက်စိဖွင့်ကြည့်လိုက်သည်နှင့်တပြိုင်နက် ဤမီးပဋိဘာဂနိမိတ်ကိုပင် မြင်မြင်နေရတော့သည်။ ဤပဋိဘာဂနိမိတ်ကို ကြည့်ရှုရခြင်းအားဖြင့် စိတ်၌ နှလုံးမွေ့လျော်ပျော်ဘွယ်ရာဖြစ်၍ ဤမီးပဋိဘာဂနိမိတ်ကိုပင် ကြည့်ရှုလိုအားမရ မတင်းတိမ်နိုင်အောင်ရှိ၍ နေတော့၏။ အခြားသောအမှုကိစ္စ အလုပ်တို့ကိုပင် မလုပ်ချင်တော့ဘဲ ဤမီးပဋိဘာဂနိမိတ်သည် စိတ်နောက်သို့ အမြဲလိုက်ပါနေသဖြင့် နှလုံးမွေ့လျော်ပျော်ရွှင်စွာဖြင့် ရှုမြင်နေချင်တော့သည်။ ထို့ကြောင့် စိတ်ဝိဉာဏ်သည် ဘယ်ကိုမှမသွားဘဲ ငြိမ်သက်၍နေသဖြင့် အင်္ဂလိပ်ဘာသာဖြင့် (Spritual Power)ဝိဉာဏ်ဘန်ခိုးဟု ခေါ်ပါသည်။ ဤတွင် စတုတ္ထဆင့်(၃)လ အားထုတ်မှု အကျင့်စခန်းဖြစ်သည်။

စတုတ္ထဆင့်ပြီး၏။

## ပဌမဆင့်

# တေဇောကသိုဏ်းကို ကြည့်ရှု အားထုတ်ခြင်း

ဤတေဇောကသိုဏ်း ပဌမဆင့်ကို ကျွန်ုပ် အားထုတ်လာခဲ့သောအကြောင်းသည် ၁၃၂၅-ခုနှစ်၊ နယုန်လဆန်း ၁-ရက်နေ့မှ အစပြု၍ တမနက်လျှင် နှစ်နာရီ နှစ်နာရီ အားထုတ်မှုစခန်းကို ညဉ့်တိုင်းညဉ့်တိုင်း နယုန်လဆုတ် ၁၄-ရက်နေ့အထိ တလတိုင်တိုင် မီးကသိုဏ်းဝန်းကိုသုံးတောင်ထွာ အကွာအဝေးမှထိုင်လျက် ကြည့်ရှုအားထုတ်သောအခါ၌ ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံတွေကို ပဏ္ဏတ္တိဝေဒနိယကျမ်းနှင့် ညှိနှိုင်းရေးသား တင်ပြအပ်ပါသည်။

ဤတေဇောကသိုဏ်း ပဌမဆင့်ကိုတက်၍ အားထုတ်လိုကြကုန်သော ယောဂီအပေါင်းတို့သည် နောက်က အားထုတ်၍ရရှိလာခဲ့သော ပဋိဘာဂနိမိတ်ကို နေ့အခါ၌ ပွားများနှလုံးသွင်းအား

ထုတ်၍ ညဉ့်အခါမှာ မီးကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်ကြရမည်ဖြစ်သည်။ သို့ပါ၍ နောက်က ရေးသားပြဆိုခဲ့သော အကြောင်းတို့ကို အချိန်အနည်းငယ် အားရုံပြုရုံးလျှင် ပရိကံပြု၍ မီးကသိုဏ်း၌ အလွန်ချစ်ခင်နှစ်သက်လျက် ရရှိခဲ့ပြီးသော ပဋိဘာဂနိမိတ်နှင့် အလွန်အေးငြိမ်းစွာ နေတိုင်လိုသော ဆန္ဒဖြင့် ထိုကသိုဏ်းဝန်း 'မီး'ကို ရှေးရှုကြည့်ရှုအပ်ပေ၏။

ဤသို့ ပဋိဘာဂနိမိတ်ကို ရပြီးသောစိတ်သည် မီးကသိုဏ်းဝန်းကိုထိုင်လျက် ကြည့်ရှုနေရာတွင် ဇောအာရုံသည် ငြိမ်သက်စွာဖြင့် ကြည့်ရှုအားထုတ် နေနိုင်တော့၏။ အချိန် ဘယ်လောက်ကြာအောင်ပင် ကြည့်ရှုသော်လည်း ပျင်းရိမှုန်းတီးခြင်း မရှိတော့ပြီ။ ကြည့်ရှုရင်း ကြည့်ရှုရင်းနှင့်ပင် ငြိမ်းအေးလျက်နေ၏။ ခံစားလိုသောစိတ်သည် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသည်။ ထိုမီးကသိုဏ်းကို အာရုံစိုက်၍ ကြည့်နေရာတွင် ရံခါရံခါမှာ ဖြစ်ပေါ်လာသော ပီတိသည်လည်း ကိုယ်၌ကျမ်းတမ်းစွာ လှုပ်ရှားလာခြင်းတို့သည် မဖြစ်ပေါ်လာတော့ဘဲ အလွန်သိမ်မွေ့စွာ ဖြစ်ပေါ်၍နေပေ၏။ ဤပီတိကို 'ဖရဏာပီတိ'ဟု ခေါ်သည်။ ဖြစ်ပေါ် လာပုံမှာ ဟဒယဝတ္ထု နှလုံးအိမ်၌ သိမ့်ကနဲ-စိမ့်ကနဲ-အေးကနဲ ဖြစ်ပေါ်လာပြီးလျှင် တကိုယ်လုံး ပြန့်နှံ့လျက် ဖြစ်ပေါ် လာခြင်းဖြစ်သည်။ ထိုအခါ စိတ်ဝိညာဉ်သည်လည်း မလှုပ်မရှားတော့ဘဲ ငြိမ်သက်စွာရှိလေတော့၏။ ဤမီးကသိုဏ်းကို ဇောအာရုံစိုက်၍ ကြည့်ရှုနေရာတွင် ရံခါရံခါမှာ စိတ်သည်တခြားသို့ ရောက်သွားတတ်၏။

ရံခါရံခါမှာ ဇောအာရုံစိုက်၍ ကြည့်ရှုနေ၏။ ဤသို့စိတ်သည် တခြားသို့ရောက်သွားခိုက်တွင် 'ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

ဖြစ်သော ကမ္ဘဋ္ဌာန်းဆရာသည်’ ကျွန်ုပ်အားသို့ မဂဓပါဠိဘာသာစကားဖြင့် ပြောပြလိုက်သည်။ ဤသို့ပြော၍ ကြားသိရပါသော်လည်း အဓိပ္ပါယ်ကိုမသိရပါ၊ ကျွန်ုပ်၏စိတ်အာရုံသည်တခြားသို့ လွင့်လွင့်သွားတာကိုသိပါသည်၊ စိတ်အာရုံတခြားသို့မလွင့်နှင့်ဟု ပြောသောစကားပင်ဖြစ်သည် ထင်ပါသည်။ ဤသို့သော စကားကိုကြားသိရပါသဖြင့် ဇောအာရုံကိုစိုက်၍ကြည့်ရှုနေရပေတော့သည်။

ဤပဥ္စမဆင့်တွင် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံမှာလည်း စတုတ္ထဆင့်မှာ ဖြစ်ပေါ်လာသည်ထက် ငြိမ်သက်ချောမွေ့၏။ မှန်သားကဲ့သို့ထင်၍နေ၏။ ဤမှန်သားကဲ့သို့ ထင်မြင်နေပုံမှာ အိမ်ထဲကျောင်းထဲက မှန်ဘီဒိုမှာရှိသောမှန်ကို ခပ်လှမ်းလှမ်း ကြည့်လိုက်သောအခါတွင် မှန်သားသည် ကြည်လင်၍နေ၏။ ဤကြည်လင်သော မှန်သားထည်းတွင် ရှေ့မှာရှိသော အရာဝတ္ထုတို့ကို ကြည့်လိုက်လျှင် မြင်နေရတော့သည်။ လူသွားလူလာတို့ကိုလည်း ဤကြည်လင်နေသည့် မှန်အထဲမှာ မြင်နေရတော့သည်။ ဤမှန်ဘီဒိုက မှန်ကိုမြင်နေရသလို ထိုပဋိဘာဂနိမိတ်၏ အကြည်ဝိုင်း၌ မြင်ရသောအမြင်မှာလည်း အတူတူပင် ထင်မြင်နေသကဲ့သို့ရှိ၏။

အရာဝတ္ထု ဟူသမျှတို့နှင့်အိမ်၊ ကျောင်းနံရံ အကာတို့ကို မျက်စိဖြင့် ကြည့်ရှုလိုက်သောအခါ ထိုပဋိဘာဂ နိမိတ်သည် သွား၍ ထင်မြင်နေသည်။ လူတွေ သွားလာနေသကဲ့သို့ ဤအကြည်ရောင်ထဲမှာ လှုပ်လှုပ်ရှားရှားတွေ ပေါ်လာသည်ဖြစ်သည်။ နေ့အခါ၌ မိုးပေါ်မှာ မော့၍ကြည့်လိုက်လျှင် မိုးပေါ်

မှာ ဤမီးပဋိဘာဂနိမိတ်သည် ပေါ်ထင်၍နေပေ၏။ ညဉ့်အခါ ၌လည်း မိုးပေါ်မှာမော့လျက် အာရုံစိုက်ပြီးကြည့်လိုက်သည်တွင် နေဝန်းထွက်ပေါ်လာသကဲ့သို့ ထိုမီးပဋိဘာဂ နိမိတ်သည် ပေါ် ထင်၍ မြင်နေရပေဘော့သည်။ သို့ပါ၍ ဈာန်ကိုလိုလားနှစ်သက် ကြကုန်သော ယောဂီအပေါင်းတို့၊ ဤရှုကြည့်၍ မညောင်း နိုင်သော မီးပဋိဘာဂနိမိတ်ကြီးကို အမြဲဘန်း နေ့အခါတို့၌ ရှုကြည့်ကြခြင်းငှာ အားထုတ်ကြပါကုန်လော့။

ဤကဲ့သို့ စိတ်ဝိဉာဉ်ငြိမ်သက်မှု၊ သတိအားကောင်းမှု၊ ထင် မြင်မှုတို့ကား လူတိုင်းတို့မှာသည်း သည့်လောက်မကောင်းဘူး၊ ထိုအခါ စိတ်သည်အလွန်ကြီးထွားလာ၏၊ လျင်မြန်၏။ စိတ် အာရုံနှင့် လွှတ်လိုက်လျှင် စကြဝဠာတံတိုင်းပေါ်သို့ရောက်၏။ စိတ်နှင့်ပြေးသွားပြီး ရှောက်ပတ်လိုက်လျှင် လက်ဖျစ်တတွက် အတွင်းမှာပင် ပတ်မိ၏။ အကွင်းကြီးထင်၍လိုက်၏။ စိတ်ရှုရာ သွားရာအရပ်မှာ တန်းကနဲလိုက်၏။ မှန်ကိုစိန်သွားနှင့် ခြစ်လိုက် သကဲ့သို့ အကြောင်းထင်၍လိုက်၏။ ဝိတက်သန်ပုံမှာလည်း ရှုရာ အရပ်သို့ လွှတ်လိုက်တိုင်း လွှတ်လိုက်တိုင်း တန်းကနဲ ရောက် သွားသည်။ ပြေ့ညွတ်ကွေ့ကောက်၍ မနေတော့ပြီ၊ ဤသို့ ဖြစ်ပေါ်လာလျှင် ဈာန်ကိုတက်လို့ ရနိုင်ပေပြီ။ ထိုစိတ်သည် ဈာန်ကိုဝင်စားလို၍ ငြိမ်းအေးစွာ ခံစားနေလိုသော ဆန္ဒသည် တဖွါးဖွါး စိတ်၌ဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသည်။ ဤသို့ ဖြစ် ပေါ် လာသော စိတ် ကို အင်္ဂလိပ် ဘာသာဖြင့် (**Spritual Power**) စိတ်ဝိဉာဉ်တန်ခိုးဟု ခေါ်ပါသည်။ ဤတွင်ပဌမ ဆင့်အားထုတ်မှု အကျင့်စခန်းကို တလနှင့် ရပ်ဆိုင်းလိုက်ပြီး

‘မေတာဇော’မီးကသိုဏ်းကို လက်လွှတ်၍ ခွါ၍ စျာန်ကိုတက်ရန် မတက်တတ်ပါသဖြင့် နည်းပေးလမ်းပြနိုင်သူ ဆရာကို စုံစမ်းရှာဖွေရလေသည်။

ပဉ္စမဆင့်ပြီး၏။

# ဈာန်ကိုတက်ရန် ဆရာရှာခြင်း အကြောင်း

ဤတေဇော ‘မီး’ ကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်၍ ကျင့်လာခဲ့ရသောကြောင့် မီးပဋိဘာဂနိမိတ်ကို ဖြစ်ပေါ်ရရှိခဲ့ပါသည်။ ဤမီးပဋိဘာဂနိမိတ်သည် စိတ်သန္တာန်၌ အမြဲထင်မြင်ဖြစ်ပေါ်၍ နေ့ရောညဉ့်ပါ အခါမလပ် ကြည့်ရှုပွါးများလျက်နေရခြင်းငှာ စိတ်သည်ငြိမ်းအေးချမ်းသာ၍ ခံစားနေလိုသောစိတ်သည် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသဖြင့် ဈာန်ကိုတက်ရန်အလိုရှိလာခဲ့လေသည်။ ဈာန်တက်ရန်မှာ ဘယ်လိုဘယ်ပုံ ဘယ်နည်း တက်ရသည်ဟူ၍ မသိပါသဖြင့် ကျမ်းဂန်တွင် ရှာဖွေကြည့်ရာတွင် ကျမ်းဂန်မှအဆိုသည် ‘ဈာန်ကိုတက်ရန်မှာ ဈာန်အင်္ဂါငါးပါးရှိသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူ၍ဖြစ်သည်။’ ဤဈာန်ငါးပါးတို့ကို ဘယ်လိုပွါးများ အားထုတ်ရမည်နည်း၊ ပုတီးစိပ်သလို စိတ်ကတလုံးစီ တလုံးစီ ပွါး

များရွတ်ဆိုပြီး နှလုံးသွင်းလျက်နေရမှာလား၊ အဘယ်သို့ပြုလုပ် အားထုတ်ရပါအံ့နည်း ဟူ၍ အားထုတ်ပုံ အားထုတ်နည်းကို မသိပါသဖြင့် အလွန်ခဲယဥ်းနေပါ၍ စိတ်သည် ရေနံအိုးဖင် တည်၍မရသလို ဂဏာမငြိမ်နိုင်ဘဲ အိမ်မှာထိုင်နေခြင်းငှာ မနေနိုင်ဘဲလျက်ရှိလေသည်။

သို့ပါ၍ မည်သူတို့သည် စျာန်ကို အားထုတ်ဘတ်ပါသလဲ၊ မည်သူတို့သည် စျာန်ကိုဝင်စားနိုင်ပါသလဲဟူ၍ မိမိနှင့်အကျွမ်းဝင်သူ ခမ္မမိတ်ဆွေတို့ကို မေးမြန်းစုံစမ်းလျက် မိမိ နေ သော ကြည့်မြင်တိုင်နေရာဌာနမှစ၍ ရန်ကုန်မြို့တွင်းနှင့် သာကေတ၊ ဥက္ကလာ အပြာပြာသော နေရာတို့ကိုရောက်အောင် စျာန်ကို တက်ရန်ဆရာကို လိုက်စုံစမ်း၍ ရှာခဲ့လေသည်။ ဤသို့ ရှာပါ သော်လည်း နည်းပေးလမ်းပြနိုင်သူ ဆရာကိုရှာမရပါ၍၊ စျာန် ကိုတက်ပြီး အားမထုတ်နိုင်ခဲ့ပါပေ။ ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း ၁-ရက်နေ့မှစ၍ ဆရာကိုရှာဖွေရာတွင် ဝါဆိုလဆန်း ၄-ရက် နေ့သို့ရောက်ရှိ၍လာခဲ့ပါသည်။ ထိုနေ့ နေ့လည်၌ စိတ်သန္တာန် မှာ အမြဲဖြစ်ပေါ်ရရှိနေသော မီးပဋိဘာဂနိမိတ်ကို အာရုံပြုကာ စိတ်နှင့်ကြည့်ရှုလျက် မျေးမှိတ်အိပ်စက်ရာတွင် အိပ်၍ပျော်နေ သည်လည်းမဟုတ်၊ နိုးနေသည်လည်း မဟုတ်ဘဲလျက်၊ မွေးခနဲ ဖြစ်သွား၏။

ထိုအချိန်အခါမှာ ကျွန်ုပ်အိပ်နေသော ခေါင်းရင်းမှနေ၍ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ပြောသည်မှာ—'အာစာရအကျင့်၊ ဝိစာ ရဖြစ်အောင် လုပ်ပေးရသည်၊ အားထုတ်ရသည်' ဟု ပြောလေ သည်။ ထိုအခါကျွန်ုပ်သည် အာစာရအဓိပ္ပါယ်ကိုလဲ မသိပါ၊

ဝိစာရအဓိပ္ပါယ်ကိုလဲမသိပါ၊ အကျင့်ဟုပြောသော စကားကို သိပါသည်။ သို့ပါ၍ ငါသည်'ဘေဇော'မီးကသိုဏ်းဝန်း၏ ပရိကမ္မအာရုံနိမိတ်ကို အဖန်ဖန်အားထုတ်၍ ကြည့်ရှုနေခြင်းသည် အကျင့်မည်၏။ ဤအကျင့်ကြောင့်သာလျှင် မီးပဋိဘာဂနိမိတ်ကို ရရှိ၍ ရင့်သန်အားကောင်းလျက် လာခြင်းဖြစ်သည်။

ဤသို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က လာပြောသော စကားကို ကျွန်ုပ်သည်၊ အာစာရကိုလဲမသိ၊ ဝိစာရကိုလဲ မသိပါသည်ဖြစ်၍၊ ပါဠိဟတ်ကျွမ်းကျင်သော ပုဂ္ဂိုလ်အဦးထံသို့ သွား၍ မေးသောအခါ၊ ထိုပုဂ္ဂိုလ်က အာစာရ ဆိုတာအကျင့်၊ ယခုခင်ဗျား ပြုလုပ်အားထုတ်နေသော ဘေဇောကသိုဏ်း ဟာ-အကျင့်ဘဲဖြစ်တယ်၊ အဲဒီအကျင့်ဖြင့် ရရှိသော မီး ပဋိဘာဂနိမိတ်ကို ဝိစာရ ဖြစ်အောင် လုပ်ပေးပါလို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောတာ ဖြစ်တယ်၊ ဝိစာရဆိုတာ နှလုံးသွင်းမှု၊ ပွားများအားထုတ်မှုကို ခေါ်သည်၊ အဲဒီတော့ မိမိရရှိထားသော မီး ပဋိဘာဂနိမိတ်ကို ထိုင်လျက် ဝိစာရကို နှလုံးသွင်းပြီး၊ ခဏ-ခဏ အားထုတ်၍နေပါဟူ၍ ဖြေဆိုပြောပြလိုက်လေသည်။

ဤတွင် ကျွန်ုပ်သည် စျာန်ကိုတက်ရန် ဆရာရှာဖွေရာ၌ ဆရာကို မတွေ့ရှိခဲ့ပါသဖြင့်၊ စျာန်ကိုမတက်နိုင်ဘဲ နေခဲ့ရာတွင်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကလာ၍ ဤသို့ ပြောဆို ညွှန်ကြားခြင်း ဖြစ်လေသည်။

## အပ္ပနာစျာန်သို့ တက်ရန်အစီအစဉ်

အပ္ပနာစျာန်ကို အလိုရှိ၍၊ အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့သည်၊ ဤမီးကသိုဏ်းဝန်းကို ပြုလုပ်၍ ကြည့်ရှုအား

ထုတ် ရယူအပ်သော မီး ပဋိဘာဂနိမိတ်သည်။ ရင့်သန်အား ကောင်းလာသောအခါ၊ အထက်က အပ္ပနာစျာန်ကို တက်ရသည် ဖြစ်သည်၊ စျာန်ကိုတက်ရာ၌၊ ထိုင်ပုံထိုင်နည်း၊ လက်ထားပုံ ထား နည်းတို့ကို သိထားအပ်ဘို့လိုပေသည် ဖြစ်၍ ထုတ်ဖော်တင်ပြရေး ထားပါမည်၊ စျာန်ကိုအားထုတ်သော သူတို့မှာ၊ အချိန်တာရှည် စွာ ထိုင်နေနိုင်မှုဖြစ်သော ထိုင်ခြင်းနှင့် လျှော်ညီသည်ဖြစ်ပါ၍၊ "တင့်တယ်သော" ထက်ဝယ်ဖွဲ့ ခွေထိုင်နေခြင်းကို ထိုင်ရမည်၊ ဤထိုင်ပုံ ထိုင်နည်းသည်၊ ဘယ်ခြေကို ခွေလျက်ထိုင်၍ တဖန် ၎င်းဘယ်ခြေပေါ်တွင် ညာခြေကိုယူ၍ ဆင့်တင်လျက် ထိုင်ခြင်း ဖြစ်သည်၊ ဘယ်ခြေဖျားသည် ညာဒူးအောက်မှာရှိနေစေ၍ ညာ ခြေဖျားသည် ဘယ်ဒူးအပေါ်မှာ တားရှိနေသော ထိုင်ခြင်းကို **ဆိုလိုသည်။**

ဤသို့သော ထိုင်ခြင်းတို့ဖြင့် ထိုင်၍ပြီးလျှင် နဖူးပေါ်တွင် လက်အုပ်ချီကာတင်ပြီး ရှိခိုးလျက်၊ ပရိကံကိုပြုရမည်၊ ပရိကံပြုဆို သည်မှာ အချက်(၅)ချက်ရှိပါသည်၊ (၁) ဘုရားကို ရှိခိုးခြင်း၊ (၂) မိမိ၏ ခန္ဓာကိုယ်ကို လှူဒါန်းခြင်း၊ (၃) ကမ္မဋ္ဌာန်းကို တောင်းယူခြင်း၊ (၄) ပန်ကြားခြင်း၊ (၅) အဓိဋ္ဌာန်ပြုထိုင်ခြင်း၊ ဟူ၍ ပရိကံဆောက်တည်ခြင်းအချက် (၅)ချက် ဖြစ်သဖြင့် ထုတ် ဖော် ရေးသားတင်ပြ သွားပါမည်။

## ဘုရားကိုရှိခိုးခြင်း

၁။ အချက်- မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား၊ ဘုရားတပည့်တော်သည်၊ သဒ္ဓါရိုကျိုး

လက်စုံမိုး၍၊ ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ မြတ်နိုးပါ၏၊ ကိုးကွယ်လည်းလျှောင်း ပန်းအောင်းပါ၏၊ အရှင်မြတ်ဘုရား။

## မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း

၂။ အချက်- ဘုရားတပည့်တော်သည်၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ယခုတရား အားထုတ်နေသောအခါ၌၊ မြတ်စွာဘုရားအား လှူဒါန်းပါကုန်၏ အရှင်မြတ်ဘုရား။

## ကမ္မဋ္ဌာန်းကို တောင်းယူခြင်း

၃။ အချက်- ဤသို့ လှူဒါန်းရသော ကောင်းမှုကြောင့်၊ ဘုရားတပည့်တော်အား၊ "တေဇော"မီးအလင်းရောင် စျာန်ကို ဒေထ၊ ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။ ဘုရားတပည့်တော်အား "တေဇော" မီးအလင်းရောင် စျာန်ကို၊ ဒေထ၊ ပေးသနားတော်မူပါ အရှင်မြတ် ဘုရား၊ ဘုရား တပည့်တော်အား "တေဇော" မီးအလင်းရောင်စျာန်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

## ပန်ကြားခြင်း

၄။ အချက်- ဘုရားတပည့်တော်သည်၊ 'တေဇော" မီးအလင်းရောင်စျာန်ကိုရ၍၊ မှန်တာကိုမြင်ပါစေ၊ မှန်တာကိုကြားပါစေ၊ မှန်တာကိုသိနိုင်ပါစေသတည်း။ ။ဟူ၍ သုံးကြိမ်ဆိုပါ။

ဤသို့ ပန်ကြားခြင်းသည်၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ အဘိဉာဉ်တန်ခိုးတို့ကို၊ အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့သာလျှင်၊ ပရိကံပြုရာ၌ ပန်ကြားအပ်သည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့သည်၊ ဤသို့ ပန်ကြားခြင်းကို ပြုအပ်သည်။

ဘုရားတပည့်တော်သည်"တေဇော"မီး အလင်းရောင်ဈာန်ကို ရ၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ဆောလျင်မြန်ရနိုင်ပါစေသတည်း။ ။ဟူ၍ သုံးကြိမ်ဆိုပါ။

၅။ အချက်- ဘုရားတပည့်တော်သည်၊ "တေဇော" မီး အလင်းရောင်ဈာန်ကို နာရီဝက် ဝင်စားနေနိုင် ပါစေသတည်း၊ နာရီဝက် အချိန်စေ့သောအခါ၌ ဈာန်မှထနိုင်ပါစေသတည်း။ ။ဟူ၍ သုံးကြိမ်ဆို၍ပြီးလျှင်၊ အဓိဋ္ဌာန်အတိုင်း နာရီဝက်အချိန်မျှ ထိုင်ရသည်။

ဤသို့ ထိုင်ခြင်းဖြင့်၊ နာရီဝက်စေ့သောအခါ၌၊ ဈာန်ဇော အာရုံကိုဖြတ်၍ ထပေးရသည်၊ အားထုတ်ပါများသောအခါ၌၊ ဈာန်ဇောသည် အချိန်စေ့သည်နှင့် အလိုလို ဈာန်ဇောကျသွားပါသည်။ ဤသို့ အချိန်မပိုမယုတ် ထနိုင်အောင် အလေ့အကျင့်ပြုလုပ်ပေးခြင်းဖြင့်၊ ဝသီဘော် နိုင်နင်းလာသည် ဖြစ်ပါသည်။

ဤသို့ ပရိကံပြုခြင်း အချက်(၅)ချက်ကို ဆို၍ပြီးလျှင်၊ နဖူးပေါ်တွင် ရှိခိုးတင်ထားလျက်ရှိသော လက်နှစ်ဖက်ကို၊ မိမိ၏ ဒူးပေါ်တွင် အသာတင်ထားပြီး၊ ဘယ်သက်သည် ဘယ်ဒူးအောက်နားသို့ လည်းကောင်း၊ ညာလက်သည်၊ ညာဒူး အောက်မှာရှိသော ဘယ်ခြေဖျားသို့လည်းကောင်း၊ ဆုပ်ကိုင်၍ လက်မောင်းနှစ်ဖက်ကို၊ တောင့်တောင့် တင်းတင်း ဆန့်တန်း ထားပြီးလျှင်၊ ခါးကို ဖြောင့်မတ်စွာထားလျက် ထိုင်နေရမည် ဖြစ်ပါသည်။

ဤထိုင်ပုံထိုင်နည်း၊ လက်ထားပုံထားနည်း၊ ပရိကံပြုပုံပြုနည်းတို့ကို စျာန်ကို မတက်သေးခင်က ပြည့်စုံအောင် သိမှတ်နားလည်ထားကြရန် ရေးသားတင်ပြထားခြင်းဖြစ်သည်။ စျာန်ကိုတက်ရန်မှာ မိမိပြုလုပ်အားထုတ်ထားသည့် စိတ်သန္တာန်၌ အမြဲဖြစ်ပေါ်ကိန်းအောင်းနေသော မီးပဋိဘာဂနိမိတ်ကို ဝိစာရဖြစ်အောင် လုပ်ပေးပါလို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောခဲ့ခြင်းဖြစ်သည်။ ဝိစာရဆိုတာ ပွားများနှလုံးသွင်း အားထုတ်မှုကိုခေါ်သည်။

သို့ပါ၍ ကျွန်ုပ်သည် ဝိစာရအဓိပ္ပာယ်ကို သိရ၍ စျာန်ကိုတက်ရန် ပြောသောစကားဖြစ်သည့်အတွက် အပ္ပနာစျာန်ကိုတက်ရန် ကြိုးစည်အားထုတ်ရသည်မှာ ဤတေဇောကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်၍ ရရှိလာသော ပဋိဘာဂနိမိတ်သည် 'အာစာရ' အကျင့်ကြောင့် ဖြစ်ပေါ်ရရှိလာပါသဖြင့် ဝိတက်ပါသွားသည်ဖြစ်၍ အပ္ပနာစျာန်ကို တက်ရာ၌ စတုတ္ထနည်းဖြင့်သာလျှင် တက်ရန်ဖြစ်သည်။ ထိုစတုတ္ထနည်းတွင် စျာန်အင်္ဂါမှာ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူ၍ လေးပါးရှိသည်။ ဤလေးပါးတို့ကို တပါးစီ တပါးစီ အားထုတ်ရသည်။

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောသည့်အတိုင်း ဝိစာရကို နာရီဝက်အဓိဋ္ဌာန်အချိန်စခန်းဖြင့် ထိုင်ထိုင်အားထုတ်၍ သုံးကြိမ်လေးကြိမ်လောက် ထိုင်မိသောအခါမှာ ဝိစာရနှင့် နှလုံးသွင်းနေသော မီးပဋိဘာဂအာရုံနိမိတ်သည် တဖြည်းဖြည်း ပြောင်ပြောင်ဝင်းဝင်း ဖြစ်ပေါ်လာလျှက် မိမိ၏စိတ်မှာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပေါ်လာသည်၊ ထိုအခါ၌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပီတိပဿဒ္ဓိဟူသော စကားကို ပြောလိုက်သည်ကိုကျွန်ုပ်ကြားသိရ

သည် ဖြစ်ပါ၍ ကျွန်ုပ်၏စိတ်က ပြောင်းလဲပြီး ပီတိ-ပီတိ ဟု နှလုံးသွင်းလျက် နေရတော့သည်။

ဤသို့လျှင် ပီတိကိုဆက်လက်၍နှလုံးသွင်းနေရာတွင်နာရီဝက်အချိန်ခန့်သွားပါက ဝင်စားအားထုတ်ရာမှ ထလိုက်ရလေသည်။ နောက်နာရီဝက်အမိဋ္ဌာန် ဆောက်တည်၍ ထိုင်ပြန်သောအခါ ရှေးဦးစွာပဌမ ဝိပာရကစ၍ နှသုံးသွင်းအာရုံပြုလျက် ဝင်စားနေသောအခါ အရင်ကဖြစ်ပေါ်လာသလို ပြောင်ပြောင်ဝင်းဝင်း ဖြစ်ပေါ်လာပြီး စိတ်က နှစ်သက်ဝမ်းမြောက်ခြင်း ပီတိ ဖြစ်ပေါ်လာသည်။ ဤပီတိကို နှလုံးသွင်းလျှက်နေစဉ် ဝင်းဝင်းပြောင်ပြောင်သော အာရုံနိမိတ်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ အလင်းရောင် မှေးမှိန်၍၊ ပြေပြစ်၍ လာသည်နှင့် စိတ်သည် ချမ်းသာလာပါသည်၊ သုခ-သုခ ဟူ၍ ချမ်းသာခြင်းကို နှလုံးသွင်းနေရသည်။

ဤသို့ နှစ်ကြိမ်သုံးကြိမ် ဆက်ခါဆက်ခါထို့နည်းတူ အားထုတ်ပေးသောအခါ ဤသို့ဖြစ်ပေါ်ရရှိနေသော မီးပင့်ဘာဂ အာရုံနိမိတ်ကို မနှစ်သက်တော့ဘဲလျက် စိတ်က ပြောင်းလဲလာသည်မှာ ဤအာရုံကို ကောင်းသည် မကောင်းဘူးဟူ၍ မခံစားလိုတော့ဘဲ ဥပေက္ခာစိတ် ဖြစ်ပေါ်လာပြီးလျှင် စိတ်သည် ဧကဂ္ဂတာစိတ်ဖြင့် ဥပေက္ခာင်းသို့ဆိုက်၍ တည်ငြိမ်နေတော့လေသည်။ ဤသို့ ဈာန်ကိုတက် အားထုတ်ရန် မတက်ခင်က အားထုတ်မှု လုပ်ငန်းအစီအစဉ်တွေကို သိထားအပ်ကြပါသည်ဖြစ်၍ ထုတ်ဖော်ရေးသားပြီး ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဤအပ္ပနာဈာန်လမ်းကို ထက်ထက်သန်သန် အလိုရှိ၍ 'အားထုတ်လိုကြကုန်သော ယောဂီအပေါင်းတို့။ ကျွန်ုပ်အားထုတ်၍

ဖြစ်ပေါ်ရရှိခဲ့သော ဤမီးကသိုဏ်းအကျင့် အားထုတ်မှုစခန်းသည် တကယ်ဘန်းအားကြိုးမာန်တက် မရမနေ စိတ်ရှည်ရှည်နှင့် အားထုတ်ပြုလုပ်ကြပါလျှင် မီးပဋိဘာဂနိမိတ်ကြီးကို ဖြစ်ပေါ်ရန်ကြ၍ စိတ်၌ စွဲကပ်ထင်မြင်၍ ဖြစ်ပေါ်နေသည်ကို လက်တွေ့ခံစားရပါလိမ့်မည်။

ဤမီးပဋိဘာဂနိမိတ်ကို ရရှိကြပါလျှင် ဈာန်အင်္ဂါကိုတက်ရာ၌ ကျွန်ုပ်အား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန်ကြားပေးသော နည်းလမ်းအရနှင့် ဝိစာရကို နှလုံးသွင်းလျက် နာရီဝက်တကြိမ်၊ နာရီဝက်တကြိမ်အားဖြင့် ဆက်ခါဆက်ခါ ကြိုးစား၍ တနေ့လျှင် ငါးကြိမ်ခြောက်ကြိမ်တိုင်ထိုင်ပြီး အားထုတ်သောအခါ၌ ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော အပ္ပနာဈာန်ကြီးသည် ဉာဏ်ကွင်းအတွင်းမှာ အသင်းချောင်ထိန်ထိန်တောက် ကိန်းအောင်းဖြစ်ပေါ်လျက် လက်တွေ့ခံစားရရှိကြပါလိမ့်မည်။ ယောဂီအပေါင်းတို့သည် ဤကဲ့သို့ ကြိုးစားပြုလုပ် အားထုတ်ကြပါလျှင် ကြာနန်မလွဲ ဈာန်ချမ်းသာကြီးကို ခံစားလျက် ငြိမ်းအေးစွာ နေနိုင်ပါလိမ့်မည်။

သို့ပါ၍ ရှေ့တွင် ရေးသားဖော်ပြသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ တက်ပုံအကြောင်းအရာတို့ကို ရေးသားခြင်းသည် ကိုယ်တိုင်အားထုတ်လာခဲ့ရသော ကိုယ်တွေ့ ကိုယ်တိုင်အဖြစ် အတွေ့အကြုံ အားထုတ်လာခဲ့သော အလုပ်စခန်းတို့ကို လက်တွေ့သိပ္ပံနည်းကျကျအားဖြင့် ထုတ်ဖော် ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

ဈာန်တက်ရန်အစီအစဉ် ပြီးပါပြီ။

# ပထမဈာန်သို့ တက်ပုံအကြောင်း

၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့မှာ၍ ဈာန်အင်္ဂါကို တက်ရန် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန်ကြားပြောဆိုပါသဖြင့် အားထုတ်ရသည်မှာ နောက်က အစီအစဉ်ပိုင်းမှာ ရေးသားပြဆိုခဲ့သည့်အတိုင်း ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီးလျှင် ပရိကံပြုရသည်။ ထိုပရိကံပြုရာ၌ ရှေးဦးစွာဘုရားကို ရှိခိုးခြင်း၊ မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း၊ ကမ္မဋ္ဌာန်းကို တောင်းယူခြင်း၊ ပန်ကြားခြင်းတို့ကို ပြုလုပ်ပြီးစီးသောအခါ ဝသီဘော်နိုင်လာအောင် အဓိဋ္ဌာန်ပြု၍ ထိုင်ရမည်မှာ ‘ဘုရားတပည့်တော်သည် ပထမဈာန်ကို နာရီဝက် ဝင်စားနေနိုင်ပါစေသတည်း။ နာရီဝက်အချိန်စေ့သောအခါ၌ ဈာန်မှ ထနိုင်ပါစေသတည်း’ ဟူ၍ အဓိဋ္ဌာန်ပြုပြီးလျှင် ထိုင်ပုံထိုင်နည်း၊ လက်ထားပုံထားနည်းတို့နှင့် သပ်ရပ်စွာ ထိုင်နေလျက် ရှိနေရမည် ဖြစ်သည်။ ဈာန်အင်္ဂါကို ဆင်ခြင် ဝင်စားရန်မှာ နောက်က ရေးသားပြဆိုခဲ့ပြီးသော စတုက္ကနည်းဖြင့်သာလျှင်

လေ့လာကျင့်ကြံအားထုတ်ရပါသည်ဖြစ်၍ ဈာန်အင်္ဂါလေးပါး ရှိသည်မှာ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ ဟူ၍ဖြစ်သည်၊ ဤဈာန် အင်္ဂါကို ဝင်စားပုံမှာ မိမိဖြစ်ပေါ်ရရှိထားသော မီးပဋိဘာဂ နိမိတ်ကို အာရုံပြု၍ စိတ်က 'ဝိစာရ'ကို နှလုံးသွင်းလျက် ထိုပဋိ ဘာဂနိမိတ် 'မီး'ကိုစိတ်က 'မီး' 'မီး'ဟုအာရုံပြုဝင်စားနေရသည်။ ဤသို့ အာရုံပြုဝင်စားနေရာတွင် မူလက ရရှိထားသော မီးပဋိ ဘာဂ နိမိတ်အတိုင်း တည်ရှိနေပြီးလျှင် ထိုမီးပဋိဘာဂအာရုံသည် တဖြည်းဖြည်းပိုမို၍ ပိုမို၍ ပြောင်ပြောင်ဝင်းဝင်း ဖြစ်ပေါ်လာ သည်နှင့် 'ပီတိ'နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းစိတ်တို့ ဖြစ်ပေါ် လာသည်။ ထိုအခါ၌ 'ပီတိ' 'ပီတိ'ဟူ၍ နှလုံးသွင်းရာ၏။

ဤပီတိအာရုံကိုပင်လျှင် အာရုံစိုက်၍ ရှုနေရင်းရှုနေရင်း ဤမီးရောင်သည် အနည်းငယ်သိမ်မွေ့၍ ပြေပြစ်၍လာသည်နှင့် တပြိုင်နက် ချမ်းသာသောစိတ် ဖြစ်ပေါ်လာသည်။ ထိုအခါ 'သုခ' 'သုခ' ဟူ၍ ချမ်းသာမှုကို နှလုံးသွင်းရာ၏။ ဤသုခ အာရုံကိုပင်လျှင် အာရုံစိုက်၍ ရှုနေရင်း ရှုနေရင်း ဤရှေ့၌ ဖြစ်ပေါ်ရရှိနေသော အာရုံကိုပင် 'ဥပေက္ခာ'ပြု၍ 'ဧကဂ္ဂတာ' စိတ်သို့ ပြောင်းရွှေ့လိုက်ပြီး စိတ်ကိုဥပေက္ခာအတွင်းသို့ ယူ ဆောင် သွတ်သွင်းလိုက်သောအခါ ရှေ့၌ဖြစ်ပေါ်ရရှိနေသော အာရုံနိမိတ်သည် ချုပ်ငြိမ်း ကွယ်ပျောက်၍ သွားပြီးလျှင် ဥပေက္ခာအတွင်းသို့ မဆိုက်ရောက်ဘဲလျက် မိမိ၏မျက်နှာရှေ့မှာ သော်လည်းကောင်းမိမိ၏နဖူးမှာသော်လည်းကောင်းမိမိ၏ရင်ခွင် မှာသော်လည်းကောင်းလာ၍ဆိုက်ရောက်၍ဖြစ်ပေါ်ရရှိလာသည် မှာ ဝါဆိုလဆန်း ၈-ရက်နေ့တွင် ဈာန်အင်္ဂါ လေးပါးတို့ကို

တက်၍ ဝင်စားအားထုတ်ခြင်းမှ ပြီးဆုံးအောင်မြင်သည် ဖြစ်သည်။

ဤသို့လာ၍ ဆိုက်ရောက်၍နေသော 'မီး' အလင်းရောင်အာရုံကို 'ဥပစာရဈာန်'ဟူ၍ခေါ်သည်။ ဤဥပစာရဈာန်သည် အပ္ပနာသို့မဖြစ်မီ၊ မဆိုက်ရောက်သေးမီ အပ္ပနာ၏ အနီး၌ ရှေးဦးစွာ ဖြစ်ပေါ်ရရှိလာသော ဈာန်ဖြစ်ခြင်းကြောင့် 'ဥပစာရဈာန်'ဟုခေါ်သည်။

ဤဈာန်ကို အပ္ပနာဈာန်သို့ မဆိုက်ရောက် မဖြစ်ပေါ်သေးမီအတွင်း (၇)ရက်လောက် ဖြစ်ပေါ်ရရှိခံစားနေပြီးသည့်နောက် ဝါဆိုလဆန်း ၁၅-ရက်နေ့၊ နံနက် ၈-နာရီအချိန်သို့ရောက်သောအခါကျမှ 'ဥပေက္ခာ-ဧကဂ္ဂတာ'ဈာန်အင်္ဂါနှင့် စိတ်ဖြင့် အာရုံနိမိတ်ကိုဆွဲ၍ယူဆောင်လျက် မိမိ၏ဥက္ခောင်းအတွင်းသို့ စိတ်ကိုသွတ်သွင်းလိုက်သည်နှင့်တပြိုင်နက် တခါတည်း တချက်တည်း အပ္ပနာဈာန်အဖြစ်သို့ ဆိုက်ရောက်တည်ရှိလေ၏။ ထိုအခါ၌ အပ္ပနာဈာန်အာရုံကို ခံစားနေခိုက်တွင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားဖြင့် အပ္ပနာဈာန်၏အကြောင်း စကားတရားတော်ကို ဟောပြောပြခဲ့သည်။ ကျွန်ုပ်ကြားနာရသည်ဖြစ်၍ အောက်စကားတွင် တင်ပြရေးသား ထားခဲ့ပါသည်။

ဤသို့အပ္ပနာဈာန်၏ အာရုံကိုတည်ရှိနေရာတွင် ဥက္ခောင်းကြီးသည် လင်းလျက် လင်းလျက်၊ တထိန်ထိန်လင်းလျက် ဖြစ်ပေါ်နေလေသည်။ ဥက္ခောင်းအတွင်းမှာရှိသော ဦးနှောက်ကြီးသည် မီးကျီးခဲကဲ့သို့ လည်းကောင်း၊ ပတ္တမြားလုံးကြီး ကဲ့သို့လည်းကောင်း နီနီရဲရဲတည်ရှိလျက် ဖြစ်နေသည်။ ဥက္ခောင်း၏

နားထင်မှပွင့်လျက်လည်း အလင်းရောင်တွေ ထွက်နေသည်၊ ဤမီးအလင်းရောင်ကြီးသည် ဥကွောင်းကိုလွှမ်းမိုးပြီး ဖုံးကွယ်၍ နေသဖြင့် မိမိ၏ ဥကွောင်းသည်မရှိဘဲလျက် စိတ်သန္တာန်၌ အလင်းရောင်ကြီးသာလျှင် တည်ရှိလျက်ဖြစ်ပေါ်နေလေသည်။

စိတ်ကနေရာကိုရွှေ့လိုက်လျှင်လည်း ရွှေ့လိုက်သော နေရာသို့လိုက်၍ လင်းနေသည်၊ ဟဒယဝတ္ထုနှလုံးအိမ်မှာ စိတ်က သွတ်သွင်းလိုက်လျှင်လည်း ဟဒယဝတ္ထုနှလုံးအိမ်အတွင်းထဲမှာအလင်းရောင်သည်ဖြစ်ပေါ်လျက် လင်းနေလေသည်၊ စိတ်က နောက်ကျောမှာ ရွှေ့ထားလိုက်လျှင်လည်း နောက်ကျောကြီးမှာ လင်းလျက်ဖြစ်ပေါ်နေသည်ဖြစ်သည်၊ ဤသို့ဖြစ်ပေါ်နေသော်လည်း စိတ်ကိုမိမိ၏ဥကွောင်းအတွင်းမှ မထွက်စေဘဲ ထိန်းသိမ်းလျက်ထားရမည်ဖြစ်သည်။

ဤအပ္ပနာချာန်စိတ်တန်ခိုးဖြင့် အာရုံကိုလွှတ်လိုက်လျှင်လည်း စကြဝဠာ အနှံ့အပြားသို့ စိတ်သည် ရောက်သွားတတ်သည်၊ မြင်စရာရှိလျှင်လည်းမြင်တတ်သည်၊ သိစရာရှိလျှင်လည်း သိလာရတတ်သည်၊ ကြားစရာရှိလျှင်လည်း ကြားလာတတ်သည်ဟူ၍ ဆိုပါသော်လည်း စိတ်ကိုမရွှေ့မပြောင်း မထွက်စေရ၊ စိတ်က ထွက်သွားပြန်သော်လည်း ပြန်လည်၍ ဥကွောင်းအတွင်းထဲမှာ သာလျှင် စိတ်ကိုသွတ်သွင်းထားပြီး ငြိမ်သက်စွာဖြင့် ချာနသုခ ချာန်ချမ်းသာကိုသာခံစား၍ ခံစား၍ဝင်စားနေရလေသည်။

## ပမာန်ကိုဝင်စားခြင်းအကြောင်း

ယောဂီအပေါင်းတို့သည် ဤသို့ယခုပြုလုပ်အားထုတ်ကြည့်ရှုရယူလာခဲ့သည့်၊ အလင်းရောင်ကိန်းအောင်းဖြစ်ပေါ်၍နေသော

မီးပဋိဘာဂနိမိတ်သည် အောက်ကျသေး၏၊ နီဝရဏဟူသောရန်သူ နိုးသေး၏၊ ဝိဘက်ပါခြင်းကြောင့် အလွန်လှုပ်ရှား ကြွမ်းတမ်း သေး၏၊ အားအစွမ်းညံ့ဖျင်းသေး၏၊ ဝိတက်မပါလျှင်သည်ထက် သိမ်မွေ့ငြိမ်သက်ရာ၏၊ အားအစွမ်းကောင်းရာ၏ဟု ဆင်ခြင်၍ ဝိတက်ကိုမုန်း၍ ဝိဘက်မပါသော ဤအပ္ပနာစျာန်စိတ်ကို ချစ်ခင် တောင့်တလျက် လိုချင်တပ်မက်မော၍ ဝိဘက်ကို မပါစေလို သော ဆန္ဒဖြင့် ထိုမီးပဋိဘာဂနိမိတ်ကိုပင် 'မီး' 'မီး' ဟု စိတ်ထဲ ကမှတ်လျက် စိတ်ထဲ၌ ဝိတက်သည်တဖြည်းဖြည်းသိမ်မွေ့၍သွား လျက် အကြင်အခါ ဝိဘက်ငုပ်၍ ဝိဘက်မပါသော ပဋိဘာဂ နိမိတ်ကိုပင် ဝိစာရ-ပီတိ-သုခ-ဥပေက္ခာ-ဧကဂ္ဂတာ-စိတ် နှ လုံး သွင်းလျက် အာရုံနိမိတ်ကို ဥဒ္ဒက္ခောင်းအတွင်းသို့သွတ်သွင်းလိုက် သောအခါ စျာန်အင်္ဂါလေးပါးနှင့်တကွပြည့်စုံသော 'အပ္ပနာ စျာန်ဇော ဝိထိကျသော၏၊ 'ဤစျာန်ကို ပထမ အကြိမ်မြောက် ရအပ်ဝင်စားအပ်သောစျာန်ဖြစ်၍ ပထမစျာန်ဟူ၍ ခေါ်ဆိုမှတ် သားအပ်၏၊ ထိုစျာန်၌မူလဖြစ်ပေါ်ရရှိသော ဥဒ္ဒက္ခောင်းအတွင်း မှာ သွတ်သွင်းထား၍ ကိန်းအောင်းတည်ရှိနေသည့် အာရုံနိမိတ် မီးအသင်းခရောင်ကြီးကို ဝင်စားပြီးရှုနေရင်း-ရှုနေရင်း တဖြည်း ဖြည်းသိမ်မွေ့၍သိမ်မွေ့၍ ချမ်းသာမှုကိုခံစားပြီး ငြိမ်အေးလျက် နေ ခြင်း သည် လောက၌ ပ စ္စည်း ဥ စ္စာ မ နှ၊ ကြွယ် ဝ ချမ်း သာ ပြီး နေ ရ လို့ စိတ်ချမ်းသာ နေ ရ ခြင်း နှင့် လည်း မတူ၊ နတ်ပြည်မှာ နတ်စည်းစိမ်ကို ခံစားနေရ ခြင်း ဟူ သော ချမ်းသာမှုနှင့်လည်း မတူ၊ တမူထူးကဲပြီး အဆပေါင်း များစွာ ချမ်းသာမှုကို၊ ခံစားလျက် ငြိမ်းအေးနေခြင်းဖြစ်သည်၊ ဤပထမ စျာန်ကို ခိုင်မြဲအား ကောင်းအောင်၊ ဝသီဘော်နိုင်အောင် ပြုလုပ်

အားထုတ်ပြီးမှ၊ အထက်စျာန်ကို တက်ရအောင် ပြုအပ်၏၊ ဤကဲ့သို့ မပြုဘဲဘက်လျှင် အထက်စျာန်ကိုလည်း မရ အောက်စျာန်ကိုလည်းပျက်၊ နှစ်ပါးစုံ လျှောကျပျက်စီးတတ်သည်။

ဤအပ္ပနာ ပထမစျာန်ကို ဝင်စားအားထုတ်ရာ၌၊ ၁၃၂၅ ခုနှစ်၊ ဝါဆိုလဆန်း(၁၅)ရက်နေ့၊ နံနက်(၈)နာရီ အချိန်တွင်၊ အပ္ပနာ စျာန်အဖြစ်သို့ ဆိုက်ရောက် လာသည်နှင့် တပြိုင်နက်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် မဂဓပါဠိစကားဖြင့်၊ အပ္ပနာစျာန်ကို ဝင်စားတိုင်း ဝင်စားတိုင်း အခါတို့မှ၊ အပ္ပနာစျာန်၏ အကြောင်းစကား တရားတွေကို ဟောပြောပြသည်၊ ဤမဂဓပါဠိစကားတို့ကို၊ စာရေးသူ၏ အမှာစကားတွင် ဘာသာပြန်အဓိပ္ပာယ်နှင့်တကွ ရေးသားတင်ပြထားခဲ့ပါသည် ဖြစ်၍ မဖော်ပြတော့ပါ၊ ၎င်းအပြင် အကြောင်းထူးသော စကားတို့မှာ နောင်သောအခါ အနာဂတ်ကာလတို့၌ လာရောက်၍ သာသနာပြုရမည့်အကြောင်း ကြေးကြော် ပြောဆိုသော စကားတို့ကို ကြားရပါသည်ဟူ၍ ဖော်ပြရေးသား အပ်ပါသည်။

ပထမစျာန်အခန်း ပြီး၏။

## ဒုတိယစျာန်သို့ တက်ပုံအကြောင်း

၁၃၂၅ ခုနှစ်၊ ဝါခေါင်လဆန်း (၁) ရက်နေ့မှ စပြီးလျှင်၊ အပ္ပနာ ဒုတိယစျာန်သို့တက်၍ အားထုတ်ရသည်မှာ၊ နောက်ကရေးသားပြဆိုခဲ့ပြီးသော ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီးလျှင်၊ ပရိကံပြုခြင်း၊ ပန်ကြားခြင်းတို့ကို ပြုလုပ် ပြီးစီးသောအခါ၊ အဓိဋ္ဌာန်ဝသီဘော်ဖြစ်အောင်၊ ဓိဋ္ဌာန်၍ ထိုင်ရမည်မှာ "ဘုရားတပည့်

တော်သည်၊ ဒုတိယစျာန်ကို တနာရီ ဝင်စားနေနိုင်ပါစေသတည်း၊ တနာရီအချိန် စေ့သောအခါ၌ စျာန်မှထနိုင်ပါစေသတည်း၊" ဟူ၍ အဓိဋ္ဌာန်ပြုရမည်ဖြစ်သည်၊ ဒုတိယစျာန်၌ စျာန်အင်္ဂါ သုံးပါးရှိသည်၊ ပီတိ, သုခ, ဥပေက္ခာ, ဧကဂ္ဂတာဟူ၍ ဖြစ်သည်၊ ဤစျာန်အင်္ဂါတို့ကို ဝင်စားပုံမှာ၊ မိမိဖြစ်ပေါ်ရရှိထားသော မီးပဋိဘာဂနိမိတ်ကို အာရုံပြု၍ စိတ်က ပီတိ, ပီတိကိုနှလုံးသွင်းလျက် ဝင်စားလိုက်သောအခါ ပို၍ ဝင်းဝင်းပြောင်ပြောင်၊ လင်းပြီး ဖြစ်ပေါ်လာသည်နှင့်၊ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း စိတ်တို့ ဖြစ်ပေါ်လာလေသည်၊ ဤပီတိအာရုံကိုပင်လျှင် အာရုံစိုက်၍ ရှုနေရင်း၊ ရှုနေရင်း၊ ဤမီးအရောင် အာရုံသည် အနည်းငယ် သိမ်မွေ့၍ ပြေပြစ်လာသည်နှင့် တပြိုင်နက် ချမ်းသာလာသော စိတ်ဖြစ်ပေါ်လာသည်၊ ထိုအခါ၌၊ သုခ, သုခဟူ၍ ချမ်းသာမှုကို နှလုံးသွင်းရာ၏၊ ဤသုခအာရုံကိုပင်လျှင်၊ အာရုံစိုက်၍ရှုနေရင်း၊ ရှုနေရင်းမှ၊ ဤရှေ့၌ ဖြစ်ပေါ်ရရှိနေသော အာရုံကိုပင် ဥပေက္ခာပြု၍၊ ဧကဂ္ဂတာ စိတ်သို့ ပြောင်းရွှေ့ပြီး၊ စိတ်ကို ဥက္ကောင်းအတွင်းသို့ သွတ်သွင်းယူဆောင်လိုက်သောအခါ၊ ရှေ့၌ ဖြစ်ပေါ်ရရှိသော အာရုံနိမိတ်သည်၊ ချုပ်ငြိမ်းကွယ်ပျောက်၍ သွားပြီးလျှင် ပထမစျာန်တွင် ဖြစ်ပေါ်ရရှိခဲ့သည့် အတိုင်း ထို အာရုံနိမိတ်သည် ဥက္ကောင်းအတွင်းသို့ မဆိုက်ရောက်ဘဲလျက် မိမိ၏မျက်နှာရှေ့မှာ သော်လည်းကောင်း၊ မိမိ၏နဖူးမှာသော် လည်းကောင်း၊ မိမိ၏ရင်ခွင်မှာ သော်လည်းကောင်း၊ လာ၍ ဆိုက်ရောက်၍ ဖြစ်ပေါ်ရရှိ၍ နေလေသည်၊ ဤလာ၍ ဆိုက် ရောက်၍နေသော မီးအလင်းရောင် အာရုံကို "ဥပစာရစျာန်" ဟု ခေါ်သည်၊ ဤဥပစာရစျာန်သည်၊ အပ္ပနာသို့ မဖြစ်မှီ၊ မဆိုက်

ရောက်မှု။ အပ္ပနာ၏အနီး၌ ရှေးဦးစွာရရှိလာသော ဈာန်ဖြစ်ခြင်းကြောင့်၊ "ဥပစာရဈာန်"ဟု ခေါ်သည်။

ဤဒုတိယဈာန်မှာလည်း၊ အပ္ပနာသို့မဆိုက်ရောက် မဖြစ်ပေါ်သေးမီအတွင်း (၇)ရက်လောက် ဖြစ်ပေါ်ရရှိ ခံစားနေပြီးသည့်နောက်၊ ဝါခေါင်လဆန်း(၇)ရက်နေ့ ညဉ့်(၇)နာရီခွဲအချိန်သို့ရောက်သောအခါကျမှ ဥပေက္ခာ, ဧကဂ္ဂတာဈာန် အင်္ဂါနှင့်စိတ်ဖြင့် အာရုံနိမိတ်ကို ဆွဲ၍ယူဆောင်လျက် မိမိ၏ ဥကွှောင်းအတွင်းသို့၊ အာရုံနိမိတ်နှင့်တကွ စိတ်ကိုသွတ်သွင်းလိုက်သည်နှင့်တပြိုင်နက် ထိုအခါသည်း အပ္ပနာဈာန်အဖြစ်သို့ ဆိုက်ရောက်တည်ရှိနေလေ၏၊ ထိုအခါ၌ ဥကွှောင်းကြီးသည်၊ လင်းလျက် လင်းလျက် တထိန်ထိန်လင်းလျက် နေလေသည်၊ ဥကွှောင်းအတွင်းမှရှိသော ဦးနှောက်ကြီးသည်၊ မီးကျီးခဲကြီးကဲ့သို့ လည်းကောင်း ပတ္တမြားလုံးကြီးကဲ့သို့ လည်းကောင်း၊ နီနီရဲရဲတည်ရှိလျက် ဖြစ်နေသည်၊ ဥကွှောင်း၏ နှားထင်မှ ပွင့်လျက်လည်း၊ အလင်းရောင်တွေဖြာလျက် ထွက်နေသည်၊ ဤမီးအလင်းရောင်ကြီးသည် ဥကွှောင်းကို လွှမ်းမိုးပြီး ဖုံးကွယ်၍ လင်းနေသဖြင့်၊ ဥကွှောင်းသည် မရှိဘဲလျက်၊ စိတ်သန္တာန်၌ အလင်းရောင်ကြီးသာလျှင်တည်ရှိဖြစ်ပေါ်နေလေသည် စိတ်ကနေရာ ရွှေ့လိုက်လျှင်လည်း၊ ရွှေ့လိုက်သောနေရာသို့လိုက်၍ လင်းနေသည် ဟဒယဝတ္ထုနှလုံးအိမ်မှာ စိတ်ကသွတ်သွင်း ထားလိုက်လည်း၊ ဟဒယဝတ္ထုနှလုံးအိမ်အတွင်းမှာ အလင်းရောင်ဖြစ်ပေါ်လျက် လင်းနေလေသည် စိတ်နောက်ကျောမှာ ရွှေ့ထားလိုက်လျှင်လည်း နောက်ကျောကြီးမှာ အလင်းရောင် ဖြစ်ပေါ်နေသည် ဖြစ်သည်၊ ဤသို့ဖြစ်ပေါ်ရရှိနေသော်လည်း စိတ်ကို မိမိ၏ ဥကွှောင်းအတွင်းမှ မထုတ်

စေဘဲ ထိန်းသိမ်းလျက် ထားရမည်ဖြစ်သည်၊ ဤအပ္ပနာစျာန်စိတ်တန်ခိုးဖြင့်၊ အာရုံကို လွှတ်လိုက်လျှင်လည်း၊ စကြဝဠာအနှံ့အပြားသို့ ရောက်သွားတတ်သည်၊ မြင်စရာရှိလျှင် မြင်တတ်သည်၊ သိစရာရှိလျှင် သိတတ်သည် ကြားစရာ ရှိလျှင်လည်း ကြားလာရတတ်သည်ဟူ၍ ဆိုပါသော်လည်း မရွေ့မပြောင်းရ စိတ်က ထွက်ထွက်သွားပြန်သော်လည်း ပြန်လည်၍ ဥဒကွောင်း အတွင်းထဲမှာ သာလျှင် စိတ်ကိုသွင်းထားပြီး၊ စျာနသုခ စျာန်ချမ်းသာကိုသာ ခံစား၍ ခံစား၍၊ ဝင်စားနေရလေသည်။

## ဒုတိယစျာန်ကို ဝင်စားခြင်းအကြောင်း

ယောဂီအပေါင်းတို့သည် ဤကဲ့သို့ ပထမစျာန်ကိုရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင်ပြုပြီး၍ အထက် ဒုတိယစျာန်ကို တက်လိုရခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤပထမစျာန်စိတ်သည် အောက်ကျသေး၏။ ဝိတက်ဟူသောရန်သူနီးသေး၏။ ဤ'ဝိစာရ'ပါရှိခြင်းကြောင့် ရုန့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်းညံ့ဖျင်းသေး၏။

ဤ'ဝိစာရ'မပါလျှင် သည့်ထက်ငြိမ်သက်ရာ၏၊ အားအစွမ်းကောင်းရာ၏ဟုဆင်ခြင်၍ 'ဝိစာရ'ကိုမုန်း၍ 'ဝိစာရ'မပါသော ဤအပ္ပနာဒုတိယစျာန်စိတ်ကို ချစ်ခင်တောင့်တ၍ လိုချင်တပ်မက်မော၍ 'ဝိစာရ'မပါစေလိုသောဆန္ဒဖြင့် ထိုမီးပဋိဘာဂ နိမိတ်ကိုပင်လျှင် 'မီး''မီး'ဟု စိတ်ထဲကမှတ်လျက် စိတ်ထဲ၌ 'ဝိစာရ'သည် တဖြည်းဖြည်း သိမ်မွေ့၍သွားလျက် အကြင်အခါ 'ဝိစာရ'ငုပ်၍ ဝိတက်မပါသော မီးပဋိဘာဂနိမိတ်ကိုပင် 'ပီတိ-သုခ-ဥပေက္ခာ-

ကေဂုတာ’ စိတ်နှလုံးသွင်းလျက်၊ အာရုံနိမိတ်ကို ဥကြောင်းအတွင်းသို့ သွတ်သွင်းလိုက်သောအခါ စျာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ‘အပ္ပနာစျာန်ဇောဝိထိကျလာ၏’ ဤစျာန်ကို ဒုတိယအကြိမ်မြောက် ရအပ်ဝင်စားအပ်သောစျာန်ဖြစ်၍ ဒုတိယစျာန်ဟု ခေါ်ဆိုမှတ်သား၏။

ထိုစျာန်၌ မူလဖြစ်ပေါ်ရရှိသော ဥမကြောင်းအတွင်းမှ သွတ်သွင်းထား၍ ကိန်းအောင်းတည်ရှိနေသည့် အာရုံနိမိတ် မီးအလင်းရောင်ကြီးကို ဝင်စားပြီး ရှုနေရင်း ရှုနေရင်း တဖြည်းဖြည်း သိမ်မွေ့၍သိမ်မွေ့၍ ချမ်းသာမှုကို ခံစားပြီး ငြိမ်းအေးလျက်နေခြင်းသည် ပထမစျာန်၌ ချမ်းသာမှုကို ငြိမ်းအေးလျက် ခံစား-ခံစားနေရခြင်းဟူသော ချမ်းသာမှုနှင့်လည်းမတူ၊ တမူထူးကဲပြီး အဆပေါင်းများစွာ ချမ်းသာမှုကို ခံစားလျက် ငြိမ်းအေးနေခြင်းဖြစ်သည်။ ဤစျာန်ကို ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုလုပ်အားထုတ်ပြီးမှ အထက်စျာန်ကို တက်ရအောင်ပြုအပ်၏။ ဤကဲ့သို့မပြုဘဲတက်လျှင် အထက်စျာန်ကိုလည်းမရ၊ အောက်စျာန်လည်းပျက်နှင့် နှစ်ပါးစုံ လျောကျ ပျက်စီးတတ်သည်။

ဤအပ္ပနာဒုတိယစျာန်မှာ ဝင်စားအားထုတ်ရာ၌ ၁၃၂၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇-ရက်နေ့ ညဉ့် ၇း နာရီခွဲ အချိန်တွင် အပ္ပနာစျာန်အဖြစ်သို့ ဆိုက်ရောက်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် မဂဓပါဠိဘာသာ စကားဖြင့် အပ္ပနာစျာန်ကို ဝင်စားတိုင်း ဝင်စားတိုင်း အခါတို့မှာ ကျွန်ုပ်အားပြောသည်မှာ ‘မဂဓပါဠိဘာသာ စကားမှ ဘာသာပြန်

အစိပ္ပါယ်သဟောအရ' ဤသာသနာတော်၌ အဓမ္မိကတရား၊ ဝိသမလောဘတရားတည်းဟူသော အယုတ်တရားနှစ်ပါးတို့ လွှမ်းမိုးကာ ထင်ရှားဖြစ်ပေါ်၍နေသည်ကို ငါသည် ဤလောက၌ အပွန်းစျာန်တန်ခိုးဖြင့် သာသနာတော်၏ အကျိုးစီးပွားတို့ကို တိုးတက်အောင် ပြုလုပ်ရန်အတွက် လာရောက်ရပေမည်။ ဤသို့ လာရောက်၍ ဤလောက၌လည်းကောင်း၊ ဤ ဇမ္ဗူဒီပါကျွန်း၌ လည်းကောင်း၊ လူ့နတ်မင်း အပေါင်းတို့အား အဘိဓမ္မာတရား တော်ကိုဟောမည်။ မဂ္ဂင်ရှစ်ပါးနှင့် လောကုတ္တရာတရား ကိုးပါး ကိုလည်းဟောမည်၊ ကျွတ်လွတ်စေတတ်သော ဓမ္မကြောတရား တော်ကြီးကိုလည်းဟောမည်။

ဤသို့ တရားအဆုံးအမဖြင့် မြတ်သောတရားတော်တို့ကို ပေးဝေခံမှုကုန်သည်ဖြစ်၍ ဤလောက၌ လူတို့သည် နေရာတိုင်း နေရာတိုင်း ပူဇော်ရကုန်လတံ့ဟူ၍ ဤဒုတိယစျာန်ကို ဝင်စားရာ၌ ပြောဆိုလျက် ကြွေးကြော်သံစကားတို့ကို ကြားသိခဲ့ရသည်ဖြစ်ပါ၍ နောင်သောအခါ အနာဂတ်ကာလတို့၌ ဤသို့ ထူးခြားသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် သာသနာပြုရန် အမှန်ဆိုက်ရောက် လာကြပေလိမ့်မည်ဟူသော စကားကို ကမ်းလှမ်းလျက်ရေးသား တင်ပြအပ်ပါသည်။

ဒုတိယစျာန်အခန်းပြီး၏

## တတိယစျာန်သို့ တက်ပုံအကြောင်း

၁၃၂၅-ခုနှစ်၊ တော်သလင်းလဆန်း ၁၅-ရက်နေ့တွင် တတိယစျာန်သို့တက်၍ အားထုတ်ရသည်မှာ နောက်က ရေးသားပြဆိုခဲ့

ပြီးသော ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီးလျှင်၊ ပရိကံပြုခြင်း၊ ပန်ကြား ခြင်းတို့ကို ပြုလုပ်ပြီးစီးသောအခါ အဓိဋ္ဌာနဝသီဘော်ဖြစ်အောင် အဓိဋ္ဌာန်၍ထိုင်ရမည်မှာ 'ဘုရားတပည့်တော်သည် တတိယဈာန်ကို တနာရီခွဲ ဝင်စားနေနိုင်ပါစေသတည်း။ တနာရီခွဲ အချိန်စေ့ သောအခါ၌ ဈာန်မှထနိုင်ပါစေသတည်း'ဟူ၍ အဓိဋ္ဌာန်ပြုရမည် ဖြစ်သည်။ ဤတတိယဈာန်၌ ဈာန်အင်္ဂါနှစ်ပါးရှိသည်။ သုခ-ဥပေက္ခာ-ဧကဂ္ဂတာ-ဟူ၍ဖြစ်သည်။ ဤဈာန်အင်္ဂါတို့ကို ဝင်စား ပုံမှာ ပမိဖြစ်ပေါ်ရရှိထားသော မီးပဋိဘာဂနိမိတ်ကို အာရုံပြု၍ စိတ်က သုခ-သုခကို နှလုံးသွင်းလျက် ဝင်စားလိုက်သောအခါ ပိုမို၍ ချမ်းသာမှုတွေ့ စိတ်၌ ဖြစ်ပေါ်လာသည်။ ထိုအခါ၌ သုခ-သုခဟူ၍ ချမ်းသာမှုကိုနှလုံးသွင်းရာ၏။ ဤသုခအာရုံကိုပင် လျှင် မှုနေရင်း မှုနေရင်းမှ ဤရှေ့၌ ဖြစ်ပေါ်ရရှိနေသော အာ ရုံကိုပင် 'ဥပေက္ခာ'ပြု၍ 'ဧကဂ္ဂတာ'စိတ်သို့ ပြောင်းရွှေ့လိုက်ပြီး စိတ်ကို ဥက္ကောင်းအတွင်းသို့ သွတ်သွင်းယူဆောင်လာသောအခါ ရှေ့၌ ဖြစ်ပေါ်ရရှိနေသော အာရုံနိမိတ်သည် ချုပ်ငြိမ်းကွယ် ပျောက်၍သွားပြီးလျှင် ဒုတိယဈာန်တွင် ဖြစ်ပေါ်ရရှိလာခဲ့သည့် အတိုင်း၊ ထိုအာရုံနိမိတ်သည် ဥက္ကောင်းအတွင်းသို့ မဆိုက်ရောက် ဘဲလျက် မိမိ၏မျက်နှာရှေ့မှာသော်လည်းကောင်း၊ မိမိ၏နဖူးမှာ သော်လည်းကောင်း၊ မိမိ၏ ရင်မှာသော်လည်းကောင်း၊ လာ၍ ဆိုက်ရောက်၍ ဖြစ်ပေါ်ရရှိနေလေသည်။ ဤလာ၍ဆိုက်ရောက် နေသော မီးအလင်းရောင်အာရုံကို 'ဥပစာရဈာန်'ဟု ခေါ်သည်။ ဤဥပစာရဈာန်သည် အပ္ပနာသို့မဖြစ်မီ မဆိုက်ရောက်မီ အပ္ပနာ ၏အနီး၌ ရှေးဦးစွာရရှိလာသောဈာန် ဖြစ်ခြင်းကြောင့် 'ဥပစာရ ဈာန်'ဟုခေါ်သည်။ ဤတတိယဈာန်မှာလည်း အပ္ပနာဈာန်သို့

မဆိုက်ရောက် မဖြစ်ပေါ်သေးမီအတွင်း (၆) ရက်လောက် ဖြစ်ပေါ် ရှိခံစားနေပြီးသည့်နောက်၊ တော်သလင်းလဆုတ် ၅-ရက်နေ့၊ ညနေ ၃-နာရီခွဲအချိန်သို့ ရောက်သောအခါ အားထုတ်မှုစခန်းတွင် 'ဥပေက္ခာ ဇောဂတာ' ဈာန်အင်္ဂါစိတ်ဖြင့် အာရုံနိမိတ်ကိုဆွဲ၍ယူဆောင်လျက်၊ မိမိ၏ ဥကွောင်းအတွင်းသို့ အာရုံနိမိတ်နှင့်တကွ စိတ်ကို သွတ်သွင်းလိုက်သည်နှင့်တပြိုင်နက် တခါတည်း အပ္ပနာဈာန်အဖြစ်သို့ ဆိုက်ရောက် တည်ရှိနေလေ၏။ ထိုအခါ မိမိ၏ဥကွောင်းကြီးသည် လင်းလျက်လင်းလျက် တထိန်ထိန်လင်းလျက်နေလေသည်။

ဥကွောင်းအတွင်းမှရှိသော ဦးနှောက်ကြီးသည် မီးကျီးခဲကြီးကဲ့သို့လည်းကောင်း၊ ပတ္တမြားလုံးကြီးကဲ့သို့လည်းကောင်း၊ နီနီရဲရဲဘည်ရှိလျက်ဖြစ်နေသည်။ ဥကွောင်း၏နားထင်မှ ပွင့်လျက်လည်း အလင်းရောင်တော့ ထွက်နေသည်။ မီးအလင်းရောင်ကြီးသည် ဥကွောင်းကိုလွှမ်းမိုးပြီး ဖုံးကွယ်၍နေသဖြင့် ဥကွောင်းသည်မရှိဘဲလျက် စိတ်သန္တာန်၌ အလင်းရောင်ကြီးသာလျှင် တည်ရှိဖြစ်ပေါ်နေလေသည်။ စိတ်ကနေရာရွှေ့လိုက်လျှင်လည်း ရွှေ့လိုက်သောနေရာသို့ လိုက်၍လင်းနေသည်။ ဟဒယဝတ္ထုနှလုံးအိမ်မှာ စိတ်က သွတ်သွင်းထားလိုက်လျှင်လည်း ဟဒယဝတ္ထုနှလုံးအိမ်အတွင်းထဲမှာ အလင်းရောင်သည် လင်းနေသည်။ စိတ်က နောက်ကျောမှာ ရွှေ့ထားလိုက်လျှင်လည်း နောက်ကျောကြီးမှာလင်းလျက် ဖြစ်ပေါ်နေသည်ဖြစ်သည်။ ဤသို့ ဖြစ်ပေါ်ရရှိနေသော်လည်း စိတ်ကို မိမိ၏ဥကွောင်းအတွင်းမှ မထွက်စေဘဲ ထိန်းသိမ်းလျက် ထားရမည်ဖြစ်သည်။ ဤအပ္ပနာဈာန်စိတ်တန်ခိုးဖြင့် အာရုံကိုလွှတ်လိုက်လျှင်လည်း စကြာဝဠာ အနှံ့အပြား

သို့ ရောက်သွားတတ်သည်။ မြင်စရာရှိလျှင်လည်း မြင်တတ်သည်၊ သိစရာရှိလျှင်လည်း သိတတ်သည်၊ ကြားစရာရှိလျှင်လည်း ကြားတတ်သည်ဟူ၍ ဆိုပါသော်လည်း မရွေ့မပြောင်းရ၊ စိတ်ကထွက်ထွက်သွားပြန်သော်လည်း ပြန်လည်၍ ဥဂ္ဂဟကွင်းအတွင်းထဲမှာသာလျှင် စိတ်ကိုသွတ်သွင်းထားပြီး ဈာနသုခဈာန်ချမ်းသာကိုသာခံစား၍ ဝင်စားနေရလေသည်။

## ဒုတိယဈာန်ကို ဝင်စားခြင်းအကြောင်း

ယောဂီအပေါင်းတို့သည် ဤကဲ့သို့ ဒုတိယဈာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင်ပြုပြီးလျှင် အထက်တတိယဈာန်ကို တက်လိုရခြင်းငှာ အားထုတ်လိုသော ယောဂီမှတ်ရမည်။ ဤဒုတိယဈာန်စိတ်သည်လည်း အောက်ကျသေး၏၊ 'ဝိစာရ'ဟူသောရန်သူနီးသေး၏။ ဤ'ပီတိ'သည် နှစ်သက်ခြင်းသဘောဖြစ်၍ ကာမရတိနှင့် နီးစပ်သောသဘောရှိ၏။ ကာမရတိဟူသော ရန်သူနှင့်နီး၏။ ဤ'ပီတိ'ပါရှိခြင်းကြောင့် ရန့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်းညံ့ဖျင်းသေး၏။ ဤ'ပီတိ'မပါလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏။ အားအစွမ်းကောင်းရာ၏ဟုဆင်ခြင်၍ 'ပီတိ'ကိုမုန်း၍ 'ပီတိ' မပါသော ဤအပ္ပနာတတိယဈာန်စိတ်ကို ချစ်ခင်တောင့်တ၍ လိုချင်တပ်မက်မော၍ 'ပီတိ'ကို မပါစေလိုသောဆန္ဒဖြင့် ထိုမီးပဋိဘာဂနိမိတ်ကိုပင်လျှင် 'မီး' 'မီး'ဟု စိတ်ထဲကမှတ်လျှက် အကြင်အခါ 'ပီတိ'ငုပ်၍ ဝိတက်မပါသော မီးပဋိဘာဂနိမိတ်ကိုပင် 'သုခ-ဥပေက္ခာ-ဧကဂ္ဂတာ' စိတ်က နှလုံးသွင်းလျှက် အာရုံနိမိတ်ကို ဥဂ္ဂဟကွင်းအတွင်းသို့ သွတ်သွင်းလိုက်သောအခါ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော

'အပ္ပနာစျာန်ဇောဝီထိကျလာ၏ 'ဤစျာန်ကို တတိယအကြိမ်မြောက် ရအပ် ဝင်စားအပ်သောစျာန်ဖြစ်၍ တတိယစျာန်ဟု ခေါ်ဆို မှတ်သားအပ်၏။ ထိုစျာန်၌ မူလဖြစ်ပေါ်ရှိသော ဥက္ကာင်းအတွင်းမှ သွတ်သွင်းထား၍ ကိန်းအောင်းတည်ရှိနေသည့် အာရုံနိမိတ် မီးအရောင်ကြီးကို ဝင်စားပြီး ရှုနေရင်း ရှုနေရင်း တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ ချမ်းသာမှုကိုခံစားပြီး ငြိမ်းအေးလျက်နေခြင်းသည် ဒုတိယစျာန်၌ ချမ်းသာကို ငြိမ်းအေးလျက် ခံစား-ခံစားနေခြင်းဟူသော ချမ်းသာမှုနှင့်လည်း မတူ၊ တမူထူးကဲပြီး အဆပေါင်းများစွာ ချမ်းသာမှုကို ခံစားလျက် ငြိမ်းအေးနေခြင်းဖြစ်သည်။ ဤတတိယစျာန်ကို ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုလုပ်အားထုတ်ပြီးမှ အထက်စျာန်ကို တက်ရအောင်ပြုအပ်၏။ ဤကဲ့သို့ မပြုဘဲတက်လျှင် အထက်စျာန်ကိုလည်းမရ၊ အောက်စျာန်ကိုလည်းပျက်၊ နှစ်ပါစုံ လျောကျပျက်စီးတတ်သည်။

ဤအပ္ပနာတတိယစျာန်ကို ဝင်စားအားထုတ်ရာ၌ ၁၃၂၅-ခုနှစ်၊ တော်သလင်းလဆုတ် ၅-ရက်နေ့ ညနေ ၃-နာရီခွဲအချိန်တွင် အပ္ပနာစျာန်အဖြစ်သို့ ဆိုက်ရောက်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် မဂဓပါဠိဘာသာ စကားတို့ဖြင့် အပ္ပနာစျာန်ကို ဝင်စားတိုင်း ဝင်စားတိုင်း အခါတို့မှာ ကျွန်ုပ်အားပြောသည်မှာ 'မဂဓ ပါဠိဘာသာစကားမှ ဘာသာပြန်အဓိပ္ပါယ်သဘောအရ 'ဤဇမ္ဗူဒီပါကျွန်း၌လည်းကောင်း၊ ဤလောက၌လည်းကောင်း၊ ဤသို့ငါသည် သာသနာပြုလာရောက်ခြင်း ဖြစ်ပေါ်ရကုန်သည်ရှိအံ့၊ လောကကို အစိုးရတော်မူပြီးလျှင် တရားကိုစောင့်သဖြင့် လူအပေါင်းတို့သည် ဘေးဟူသမျှ

မရှိကြကုန်သည်၊ ဆင်းရဲဟူသမျှ မရှိကြကုန်သည်၊ အချင်းချင်း အမျက်ဒေါသဟူသမျှ မရှိကြကုန်သည် ဖြစ်ကြစေကုန်သတည်း။

ဤလောကကြီး၌ တရားနှင့်မညီညွတ်ဘဲ ရှိလျက်ဖြစ်ကြသည်။ တရားနှင့် အညီအညွတ် ဖြစ်ကြစေရန်လည်းကောင်း၊ အလုံးစုံသော တရားတို့ကိုလွှဲကင်း၍ အကုသိုလ်တရားတွေက ထင်ရှား ဖြစ်ပေါ်၍ နေသည်ကိုလည်းကောင်း၊ ငါသည် သာသနာပြုရန် လာရောက်၍ ပြုလုပ်ရပေလိမ့်မည်။

ငါတို့သည်လည်း မြတ်စွာဘုရား၏ တရားတော်တို့ကို ဟော ပြောနိုင်သည်ဖြစ်၍ ရဟန်းတို့သည်လည်းကောင်း၊ မင်းတို့သည် လည်းကောင်း၊ လူတို့သည်လည်းကောင်း နားကြားကြ အံ့သောငှါ လာရောက်ကြကုန်၏။ တရားမြစ်ခြင်း၊ ပိဋကဆိုခြင်းတို့ကို တရား အဆုံးအမဖြင့် မြတ်သောတရားဓမ္မတို့ကို ဟောပြောမည်ဖြစ်သည် ဟူသော စကားတို့ကို ကမ်းလှမ်းလျက် ကျွန်ုပ်အားသို့ ပြောပြ လေသည်။

ဤတတိယဈာန်ကို ဝင်စားရာ၌ ဤသို့သော စကားတို့ကို ကြားသိလာခဲ့ရသည်ဖြစ်ပေါ်၍ နောင်သောခါ အနာဂတ်ကာလ တို့၌ ဤသို့ထူးခြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် သာသနာ ပြုရန် အမှန်ဆိုက်ရောက်လာကြပေလိမ့်မည်။ ဤတတိယအပ္ပနာ ဈာန်ကို ဝင်စားပြီးသောအခါ ဈာန်မှထသောအခါတိုင်းတို့မှာ ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာမှုလက္ခဏာတွေကို မြင်မြင်နေ ရသည်၊ သိသိနေရပါသည် ဖြစ်သည်။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ငလည်း ဝိပဿနာကိုဝင်စားရန် တရားကိုလည်း ဟောပြောပြ သည်။ ဤသို့ဝိပဿနာဉာဏ်ဖြစ်ပေါ်မှုနှင့် ထင်မြင်လာမှုတို့ကို

ဝိပဿနာဉာဏ် ပေါ်ပြသော အခန်းတွင် ရေးသားတင်ပြထား ပါသည်။

ကတိယစျာန်အခန်းပြီး၏။

## စတုတ္ထစျာန် တက်ပုံအကြောင်း

၁၃၂၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက် နေ့တွင် အပ္ပနာ စတုတ္ထစျာန်သို့ တက်၍အားထုတ်ရသည်မှာ နောက်ကပြဆိုခဲ့ပြီး သော ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီးလျှင် ပရိကံပြုခြင်း၊ ပန်ကြား ခြင်းတို့ကို ပြုလုပ်ပြီးစီးသောအခါ အဓိဋ္ဌာနဝသီဘာဝဖြစ်အောင် အဓိဋ္ဌာန် ပြုလုပ်၍ ထိုင်ရမည်မှာ 'ဘုရားဟောပြည့်တော်သည့် စတုတ္ထစျာန်ကို နှစ်နာရီဝင်စား နေနိုင်ပါစေသတည်း။ နှစ်နာရီ အချိန်စေ့သောအခါ၌ စျာန်မှထနိုင်ပါစေသတည်း'ဟူ၍ အဓိ ဋ္ဌာန်ပြုရမည်ဖြစ်သည်။ ဤစတုတ္ထစျာန်၌ စျာန်အင်္ဂါနှစ်ပါး ရှိသည်။ 'ဥပေက္ခာ-ဧကဂ္ဂတာ'ဟူ၍ ဖြစ်သည်။ ဤစျာန်အင်္ဂါကို ဝင်စားပုံမှာ မိမိဖြစ်ပေါ်ရရှိနေသော မီးပဋိဘာဂနိမိတ်ကို အာရုံ ပြု၍ စိတ်က ရှေ့၌ဖြစ်ပေါ်ရရှိနေသော အာရုံကိုပင် 'ဥပေက္ခာ' ပြု၍ 'ဧကဂ္ဂတာ'စိတ်သို့ ပြောင်းရွှေ့လိုက်ပြီး စိတ်ကိုဥက္ကောင်း အတွင်းသို့ ယူဆောင်သွတ်သွင်းလိုက်သောအခါ ရှေ့၌ဖြစ်ပေါ် ရရှိနေသော အာရုံနိမိတ်သည် ချုပ်ငြိမ်း ကွယ်ပျောက်၍သွား ပြီးလျှင် တတိယစျာန်တွင် ဖြစ်ပေါ်ရရှိခဲ့သည့်အတိုင်း ထိုအာရုံ နိမိတ်သည် ဥက္ကောင်းအတွင်းသို့ မဆိုက်ရောက်ဘဲလျှက် မိမိ၏ မျက်နှာရှေ့မှာသော်လည်းကောင်း၊ မိမိ၏နဖူးမှာသော် လည်း

ကောင်း၊ မိမိရင်ခွင်မှာသော်လည်းကောင်း လာဆိုက်ရောက်၍ဖြစ်ပေါ်ရရှိနေလေသည်။ ဤလာ၍ဆိုက်ရောက်နေသော မီးအလင်းရောင် အာရုံကို 'ဥပစာရစျာန်'ဟု ခေါ်ပါသည်။ ဤဥပစာရစျာန်သည် အပ္ပနာသို့မဖြစ်မီ၊ မဆိုက်ရောက်မီ အပ္ပနာ၏အနီး၌ ရှေးဦးစွာ ရရှိလာသော စျာန်ဖြစ်ခြင်းကြောင့် 'ဥပစာရစျာန်'ဟု ခေါ်သည်။ ဤစတုတ္ထစျာန်မှာလည်း အပ္ပနာသို့ မဆိုက်ရောက် မဖြစ်ပေါ်သေးမီအတွင်း (၃)ရက်လောက် ဖြစ်ပေါ် ခံစားနေပြီးသည့်နောက် နတ္တော်လဆန်း ၃-ရက်နေ့ ညဉ့် ၈-နာရီခွဲအချိန်သို့ရောက်သောအခါ အားထုတ်မှုစခန်းတွင် 'ဥပေက္ခာ-ဧကဂ္ဂတာ စျာန်အင်္ဂါနှင့် စိတ်ဖြင့် အာရုံနိမိတ်ကို ဆွဲ၍ယူဆောင်လျက် မိမိ၏ဥက္ကောင်းအတွင်းသို့ အာရုံနိမိတ်နှင့်တကွ စိတ်ကိုသွတ်သွင်းလိုက်သည်နှင့်တပြိုင်နက် တခါတည်း အပ္ပနာစျာန် အဖြစ်သို့ ဆိုက်ရောက်တည်ရှိနေလေ၏။ ထိုအခါ၌ မိမိ၏ဥက္ကောင်းကြီးသည် လင်းလျက် လင်းလျက်၊ တထိန်ထိန်လင်းလျက် နေလေသည်။ ဥက္ကောင်းအတွင်းမှရှိသော ဦးနှောက်ကြီးသည် မီးကျီးခဲကြီးကဲ့သို့လည်းကောင်း၊ ပတ္တမြားလုံးကြီးကဲ့သို့ လည်းကောင်း နီနီရဲရဲ တည်ရှိလျက် ဖြစ်နေသည်။ ဥက္ကောင်း၏နားထင်မှ ပွင့်လျက်လည်း အလင်းရောင်တွေထွက်နေသည်။ ဤမီးအလင်းရောင်ကြီးသည် ဥက္ကောင်းကိုလွှမ်းမိုးပြီး ဖုံးကွယ်၍လင်းနေသဖြင့် ဥက္ကောင်းသည် မရှိဘဲလျက် စိတ်သန္တာန်၌ အလင်းရောင်ကြီးသာလျှင် တည်ရှိဖြစ်ပေါ်နေလေသည်။ စိတ်က နေရာရွှေ့လိုက်လျှင်လည်း ရွှေ့လိုက်သော နေရာသို့လိုက်၍ လင်းနေသည်။ ဟဒယဝတ္ထုနှလုံးအိမ်မှာ စိတ်ကသွတ်သွင်း ထားလိုက်လျှင်လည်း ဟဒယဝတ္ထု နှလုံးအိမ်အတွင်းထဲမှာ အလင်းရောင်သည် လင်း

နေသည်။ စိတ်ကနောက်ကျောမှာ ရွေ့ထားလိုက်လျှင်လည်း နောက်ကျောကြီးမှာ လင်းလျက် ဖြစ်ပေါ်နေသည်ဖြစ်သည်။ ဤသို့ဖြစ်ပေါ်ရရှိနေသော်လည်း စိတ်ကိုမိမိ၏ ဥကွောင်းအတွင်းမှမထွက်စေဘဲ ထိန်းသိမ်းထားရမည်ဖြစ်သည်။ ဤအပွနာစျာန်စိတ်တန်ခိုးဖြင့် အာရုံကိုလွှတ်လိုက်လျှင်လည်း စကြာဝဠာ အနှံ့အပြားသို့ ရောက်သွားတတ်သည်။ မြင်စရာရှိလျှင်လည်း မြင်တတ်သည်၊ သိစရာရှိလျှင်လည်း သိတတ်သည်၊ ကြားစရာရှိလျှင်လည်း ကြားလာရတတ်သည်ဟူ၍ ဆိုပါသော်လည်း မရွေ့မပြောင်းရ။ စိတ်ကထွက်ထွက်သွားပြန်သော်လည်း ပြန်လည်၍ ဥကွောင်းထဲမှာသာလျှင် စိတ်ကိုသွင်းသွင်းထားပြီး စျာနသုခစျာန်ချမ်းသာကိုသာ ခံစား၍-ခံစား၍ ဝင်စားနေရလေသည်။

## စတုတ္ထစျာန်ကို ဝင်စားခြင်းအကြောင်း

ယောဂီအပေါင်းတို့သည် ဤကဲ့သို့တတိယစျာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင်ပြုပြီး၍ အထက်စတုတ္ထစျာန်ကို တက်လို့ရခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤတတိယစျာန်စိတ်သည်လည်း အောက်ကျသေး၏၊ 'ပီတိ'ဟူသော ရန်သူနီးသေး၏။ ဤ 'သုခ'သည် ကာမရတိကာမသုခတို့နှင့် နီးစပ်သောသဘောရှိ၏၊ ကာမသုခ-ကာမရတိဟူသောရန်သူနီး၏၊ ဤ 'သုခ' ပါရှိခြင်းကြောင့် စိတ်သည်ပေါ့လွှင့်၏၊ ရန့်ရင်းကြမ်းတမ်းသေး၏၊ အားအစွမ်းလည်း ညံ့ဖျင်းပေ၏၊ စိတ်ထဲ၌အာရုံကို ကောင်းသည်ဟု ခံစားသော ဤသုခမဟုတ်ဘဲ အာရုံကိုကောင်းသည်ဟူ၍လည်းကောင်း၊ မကောင်းဘူးဟူ၍လည်းကောင်း၊ မခံစားဘဲ အလယ်အလတ်ခံစားခြင်း၊

ဥပေက္ခာသဘောနှင့်နေလျှင် သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏၊ အားအစွမ်းလည်းကောင်းရာ၏ ဟု ဆင်ခြင်၍ 'သုခ' ကိုမုန်း၍ 'ဥပေက္ခာ' ကိုချစ်ခင်တောင့်တ၍ လိုချင်တပ်မက်မော၍ 'သုခ' မပါစေလိုသောဆန္ဒဖြင့် ထိုမီးပဋိဘာဂေ နိမိတ်ကိုပင်လျှင် 'မီး' 'မီး' ဟု စိတ်ထဲကမှတ်လျက် စိတ်ထဲ၌ 'သုခ' သည် တဖြည်းဖြည်း သိမ်မွေ့၍သွားလျက် အကြင်အခါ၌ 'သုခ' ငုပ်၍ ဝိတက်မပါသောမီး ပဋိဘာဂနိမိတ်ကိုပင် 'မီး' 'မီး' ဟု စိတ်ထဲကမှတ်၍ အဖန်ဖန်ကြည့်ရှုသောအခါ 'သုခ' သည် တဖြည်းဖြည်း တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍သွားလျက် အကြင်အခါ ကောင်းသည်ဟု ခံစားခြင်းသဘောမဟုတ်ဘဲ မကောင်းဘူးဟုခံစားခြင်းသဘောလည်း မဟုတ်ဘဲ ကောင်းမှုမကောင်းမှု နှစ်ဘက်သို့မကျဘဲ အလယ်အလတ်ခံစားခြင်း၊ ဥပေက္ခာဝေဒနာဖြစ်လာ၍စိတ်က 'ကေဂ္ဂတာ' ကို နှလုံးသွင်းလျက် အာရုံနိမိတ်ကိုယူဆောင် ပြီး ဥကြောင်းအတွင်း သွတ်သွင်းလိုက်သောအခါ စျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော 'အပ္ပနာစျာန်ဇောဝီထိကျလာ၏၊ ဤစျာန်ကို စတုတ္ထအကြိမ်မြောက် ရအပ်ဝင်စားအပ်သောစျာန်ဖြစ်၍ စတုတ္ထစျာန်ဟု ခေါ်ဆိုမှတ်သားအပ်၏၊ ထိုစျာန်၌ မူလဖြစ်ပေါ်ရရှိသော ဥကြောင်းအတွင်းမှ သွတ်သွင်းထား၍ ကိန်းအောင်းတည်ရှိနေသည့် အာရုံနိမိတ်မီးအရောင်ကြီးကို ဝင်စားပြီးရှုနေရင်း ရှုနေရင်း တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ ချမ်းသာမှုကို ခံစားပြီး ငြိမ်းအေးလျက်နေခြင်းသည် တတိယစျာန်၌ ချမ်းသာကိုငြိမ်းအေးလျက်ခံစားခံစားနေရခြင်းဟူသောချမ်းသာမှုနှင့်လည်းမတူ တမူထူးကဲပြီး အဆပေါင်းများစွာချမ်းသာမှုကို ခံစားလျက် ငြိမ်းအေးနေခြင်း ဖြစ်သည်၊ ဤစတုတ္ထစျာန်၌

ခံစားမှု၊ ချမ်းသာမှု၊ ငြိမ်းအေးမှုတို့ ထူးကဲစွာဖြစ်ပေါ်လာသည်မှာ စျာန်ဇောကိုစောလျက်ဝင်စားပြီး ခံစား၍နေစဉ်တွင် ဤအာရုံနိမိတ်သည် တဖြည်းဖြည်း တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ ဖြစ်ပေါ်လာပြီးနောက် တချက်တချက် သတိမေ့၍ မေ့၍ အချိန်အနည်းငယ်မျှဖြစ်ပြီး နေတတ်သည် ဖြစ်သည်၊ ဤစတုတ္ထစျာန်ကိုခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် နေ့တိုင်း နေ့တိုင်း ပြုလုပ်အားထုတ်အပ်သည်။

ဤအပ္ပနာစတုတ္ထစျာန်ကို ငင်စားအားထုတ်ရာ၌ ၁၃၂၅-ခုနှစ် နတ်တော်လဆန်း ၃-ရက်နေ့ ညဥ့် ၈-နာရီခွဲအချိန်တွင် အပ္ပနာစျာန်အဖြစ်သို့ဆိုက်ရောက်သည်၊ တတိယစျာန်မှာ ဝင်စား အားထုတ်ခဲ့စဉ်အခါက ပြောဆိုမှုစကားအရပ်ရပ်တို့ ပြီးဆုံးသွားပါသည်ဖြစ်၍ ဤယခုစတုတ္ထစျာန်ကို ဝင်စားအားထုတ်နေရာ၌ ဘာစကားကိုမျှပြောဆိုခြင်းတို့မပြုတော့ဘဲလျက် ရပ်စဲနေသွားပါသည်ဖြစ်၍ ဤစတုတ္ထစျာန်ကို အားပမ်းကြိုးကုတ် နေ့တိုင်း နေ့တိုင်း အားထုတ်ပြုလုပ်သောအခါ စျာန်အား ရင့်သန်လာသည်ဖြစ်သည်၊ ဤသို့တနေ့လျှင်နှစ်ကြိမ်သုံးကြိမ် အားထုတ်၍ ပြီးသောအခါ စျာန်မှထသောအခါတိုင်းတို့မှာ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာမှုတွေ တဖွားဖွား၊ တဖွားဖွားဖြစ်ပေါ်နေသည်၊ အားမထုတ်ဘဲနေမှု ချုပ်ငြိမ်းပျောက်ကွယ်လျက်သွားကြသည်ဟူ၍ ရေးသားဖော်ပြအပ်ပါသည်၊ ဝိပဿနာဉာဏ်ဖြစ်ပေါ်လာပုံအကြောင်းအခန်းတွင် ကြည့်ရှုမှတ်သားကြပါရန်ညွှန်ကြားပါသည်။ အဘိဉာဉ်ပြုလုပ်ပုံပြုလုပ်နည်းတို့ကို နောက်ပိုင်းတွင် တင်ပြရေးသားပါမည်။

# အပွနာစျာန်ဇော၀ီထိကျပုံအကြောင်း

ယောဂီအပေါင်းတို့သည် ဤကဲ့သို့သော အပွနာစျာန်ကို တက်၍အားထုတ်ကြမည်ဆိုလျှင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို အားထုတ်ကြရာ၌ အချိန်ကို တိုးမြှင့်၍ အားထုတ်သွားကြရသည်၊ ရှေးဦးစွာ အစပြုလုပ် အားထုတ်သော အာဒိကမ္မိကယောဂီပုဂ္ဂိုလ်တို့သည် ဤကဲ့သို့ အချိန်အနည်းငယ်မှစ၍ တဖြည်းဖြည်း တဖြည်းဖြည်း အချိန်ကို တိုးမြှင့်၍ တိုးမြှင့်၍ အားထုတ်သွားကြမှသာလျှင် တာရှည်စွာ ထိုင်နိုင်သော အလေ့အကျင့်ကိုရရှိကြပြီး ,စျာန်ဇောကိုလည်း တာရှည်စွာချထားနိုင်သော အလေ့အကျင့်ရရှိကြ၍ မိမိတို့ ထိုင်လိုသောအချိန်နာရီ အဓိဋ္ဌာန်အတိုင်း ထိုင်နိုင်၍ လာကြ ပေမည်။

ဤသို့ပြုလုပ်အားထုတ်ခဲ့သော အားထုတ်မှုအချိန်စခန်းသည် (၂) နာရီအားထုတ်နိုင်သော အလေ့အကျင့်ကိုရရှိ၍ စျာန်အား ရင့်သန်အားကောင်းလာသည်၊ ယောဂီတို့၏ ဣရိယာပုထ်သည် ကောင်းလျှင်ကောင်းသလို အချိန်ကိုတိုးမြှင့်၍ တိုးမြှင့်၍ ယူ ဆောင်သွားပြီး အားထုတ်သွားလျှင် ရနိုင်သည်၊ သို့ပါ၍ ဤ (၂) နာရီအချိန်စခန်းမှအပြင် နောက်ထပ်မံ၍ အချိန်ကို တိုးမြှင့်ပြီး အားထုတ်သွားကြမည်ဆိုလျှင် ပထမစျာန်မှာ ၂-နာရီ ၁၅-မိနစ်အချိန် အဓိဋ္ဌာန်ပြု၍ (၁၅) ရက်အားထုတ်ရမည်၊ ဒုတိယစျာန်မှာ ၂-နာရီခွဲအဓိဋ္ဌာန်ပြု၍ (၁၅) ရက်အားထုတ်ရ မည်၊တတိယစျာန်မှာ ၂-နာရီ ၄၅-မိနစ်အချိန်အဓိဋ္ဌာန်ပြု၍ (၁၅) ရက်အားထုတ်ရမည်၊ စျစတုတ္ထာန်မှာ ၃-နာရီအချိန် အဓိဋ္ဌာန်

ပြု၍ (၁၅) ရက် အားထုတ်ရမည်၊ ဤသို့ အားထုတ်ရာတွင် (၃) နာရီထိုင်၍ အားထုတ်နိုင်သော အလေ့အကျင့်ဖြင့် ပထမစျာန်မှာ (၇) ရက်၊ ဒုတိယစျာန်မှာ (၇) ရက်၊ တတိယ စျာန်မှာ (၇) ရက်၊ စတုတ္ထစျာန်မှာ(၇)ရက် မပျက်မကွက် အားထုတ်ပြီးပါလျှင်တနေ့လျှင်တစျာန် တစျာန်အားဖြင့်၊ ပထမ စျာန်မှာတရက်၊ ဒုတိယစျာန်မှာတရက်၊ တတိယစျာန်မှာတရက်၊ စတုတ္ထစျာန်မှာတရက်၊ ဤသို့အားထုတ်ပြီးမှသာလျှင် မိမိတို့အလို ရှိသလို ဘယ်စျာန်ကို ဝင်စားဝင်စား၊ ပြုလုပ်အားထုတ်ချင်သလို အားထုတ်၍ နေနိုင်ကြပါသည်။

သို့ပါ၍(၂)နာရီ အခွင့်ာန်ဖြင့်ဖြစ်စေ(၃)နာရီ အခွင့်ာန်ဖြင့် ဖြစ်စေ၊ ပထမစျာန် သော်လည်းကောင်း၊ ဒုတိယစျာန်သော် လည်းကောင်း၊ တတိယစျာန်သော်လည်းကောင်း၊ စတုတ္ထစျာန် သော်လည်းကောင်း၊ အားထုတ်ကြမည်ဆိုလျှင် နောက်က ရေး သားဖော်ပြခဲ့သည့်အတိုင်း၊ မိမိတို့၏ စိတ်သန္တာန်၌ ထင်မြင်ရရှိ နေသော အာရုံ၌ တွယ်ကပ်၍နေသော ပဋိဘာဂနိမိတ်ကို "မီး" "မီး"ဟု စိတ်ထဲကထင်မှတ်လျက် အလိုရှိသောစျာန်၏ စျာန် အင်္ဂါကိုနှလုံးသွင်း၍ အာရုံနိမိတ်ကိုယူဆောင်လိုက်ပြီး "ဥပေက္ခာ ကေဂ္ဂတာ" စိတ်ဖြင့်၊ မိမိ၏ဥကွောင်းတွင်းသို့ သွတ်သွင်းလိုက် သောအခါ၊ အပ္ပနာစျာန်အဖြစ်သို့ ဆိုက်ရောက်နေပြီး၊ ဥကွောင်း အတွင်းထဲမှာ မီးအလင်းရောင်ကြီးသည် တောက်လောင်လျက် လင်းနေသည်ဖြစ်သည်၊ ဤသို့ မီးအလင်းရောင် တောက်လောင် လျက် လင်းနေသည်ကို ဝင်စားလျက် ခံစား၍နေရင်း တဖြည်း ဖြည်း၊ တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ ချမ်းသာမှုကို ခံစား နေပြီး ငြိမ်းအေးလျက်နေသည်မှ၊ ရံခါ ရံခါ အိပ်ပျော်သွား

သကဲ့သို့၊ သတိမရတော့ဘဲ ဘဝင်ကျသွားသည်၊ ဤသို့ ဘဝင်ကျသွားခိုက်တွင် ခန္ဓာကိုယ်သည် မယိမ်းမယိုင် ကျောက်တိုင် ကျောက်ရုပ်ကဲ့သို့ မလဲဘဲ၊ မသွတ်မကိုင်းဘဲ တည်ရှိနေသည်တွင် မေးမရ ခေါ်မကြားဖြစ်လျက် အမြွောက်ပင် ပစ်ငြားသော်လည်း၊ မကြားမသိဘဲ ရှိနေချေသည်၊ ဤသို့ ဖြစ်နေသည်ကို ကျမ်းဂန်မှ အဆိုကတော့ "အပ္ပနာဈာန် ဇောဝီထိကျနေသည်" ဟု ခေါ်ဆိုသတ်မှတ်ထားသည်၊ သို့ပါ၍ ဤသို့ဈာန် ဇောဝီထိ ကျနေသည်တွင်၊ ဝစီသင်္ခါရ၊ ကာယသင်္ခါရ၊ စိတ္တသင်္ခါရဟူ၍ (၃)ပါးသော သင်္ခါရတို့ ချုပ်ငြိမ်းနေသည်ဟုကျမ်းဂန်မှ ပြထားပါရှိပါသည်။

ဤကဲ့သို့ အပ္ပနာဈာန် ဇောဝီထိကျသည်မှာ၊ (၂)နာရီအချိန် အဓိဋ္ဌာန်စခန်းတွင် သော်လည်းကောင်း၊ (၃)နာရီအချိန် အဓိဋ္ဌာန်စခန်းတွင် သော်လည်းကောင်း၊ ဈာန်အာရုံကို တနာရီခံ စား၍နေပြီးမှဖြစ်စေ၊ တနာရီခွဲ ခံစား၍နေပြီးမှဖြစ်စေ၊ ကြွင်းကျန်သော အချိန်တို့တွင် တနာရီ၊ တနာရီခွဲအချိန်လောက်တို့မှာ ချမ်းသာမှုကို ငြိမ်းအေးစွာခံစားလျက် နေရာမှ အိပ်ပျော်သွားသကဲ့သို့ ဘာမှမသိရဘဲ၊ ပတ်ဝန်းကျင်တို့မှာ ရှိသော အသံတို့ကိုမှ မကြားမသိရဘဲလျက်၊ အဓိဋ္ဌာန်အချိန် နာရီပြည့်သောအခါ ကျမှ ဈာန်ဇော ကျသွားပြီးလျှင်၊ သတိရလာသည် ဖြစ်သည်၊ ဤသို့ သတိရသောအခါ အချိန်ကြာသည်ဟု မထင်မှတ်ရဘဲနေသဖြင့်၊ နာရီကိုကြည့်သောအခါကျမှ မိမိအဓိဋ္ဌာန် ပြုထားသော အချိန်စေ့၍ နေလေသည်၊ ဤသို့ အပ္ပနာဈာန်ဇောဝီထိ ကျနေခိုက်တွင် ထွက်သက် ဝင်သက် မရှူတော့ဘဲလျက်၊ သင်္ခါရ (၃)ပါး ချုပ်ငြိမ်းနေမှုပေတည်း။

## ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပုံ အကြောင်း

ဤအပ္ပနာစျာန်ကို အားထုတ်ပြုလုပ်၍ ရင့်သန်အားကောင်းလာသောအခါ ဤစျာန်တို့ကို အားထုတ်၍ ဝင်စား၍ထပြီးသောအခါတို့မှာ ဤစျာန်စိတ်သည် တနာရီသော်လည်းကောင်း၊ နာရီဝက်သော်လည်းကောင်း၊ (၁၅) မိနစ်သော်လည်းကောင်း၊ ကိုယ်၌ ဝိပဿနာဉာဏ်တွေ ဖြစ်ပျက်မှုသဘောတရားတွေ တဖွားဖွားဖြစ်ပေါ်နေတတ်ပါသည်၊ မြင်စရာရှိလျှင်လည်း မြင်မြင်နေတတ်သည်၊ သိစရာရှိလျှင်လည်း၊ သိသိနေရတတ်သည် ဖြစ်ပါသောကြောင့်၊ ဖော်ပြရေးသားတင်ပြပါမည်၊ အဘယ်သို့ဖြစ်ပေါ်နေပါသနည်းဆိုသော်၊ ဤအပ္ပနာစျာန်ကို ဝင်စားပြီး၊ ထသောအခါတို့မှာ ဤစျာန်စိတ်သည် မိမိ၏ စိတ်သန္တာန်၌ တဖွားဖွားဖြစ်ပေါ်နေသည်မှာ မိမိကိုယ်ပေါ်မှာ မိမိရှုကြည့်လိုက်လျှင်၊ အပ်ဖျားမျှပမာဏရှိသော မီးဖွားအမှုန့် အဖွားကလေးများကဲ့သို့၊ ကိုယ်၏ သန္တာန်တခုလုံးမှာ တဖွားဖွား တောက်လောင်နေခြင်းဖြစ်သည်၊ ထိုအခါ၌ ပန်းဘဲဖိုမှ ဖိုသိးနေစဉ် အခါမှာ အပေါ်သို့ထက်၍ တောက်လောင်နေသော မီးဖွားကလေးများကဲ့သို့၊ တချက်တခုပေါ် တကိုယ်လုံးစပ်လျက် စပ်လျက်ဖြစ်ပေါ်နေကြသည်၊ ကိုယ်သန္တာန်တွင် ဖြစ်ပေါ်နေသလားဟူ၍ ကိုယ်မှ ခွဲခွါ၍၊ လက်မောင်းကို မြှောက်ပြီး၊ ဆန့်တန်းလျက် ကြည့်သောအခါတွင်လည်း၊ တန်းနေသော လက်မောင်းတခုလုံးမှာ တဖွားဖွား တောက်လောင်နေတာကို တွေ့မြင်ရသည်။ ထိုမှ တဖန် ခြေနှစ်ဘက်ကို ဆင်းလျက် ကြည့်ပြန်သော်လည်း၊ ထို ဆင်းထားသော ခြေထောက်နှစ်ဘက်ရှိရာမှာ တဖွားဖွား တောက်

လောင်နေခြင်းတို့ကို ရှုမြင်ရလျက်၊ အနိစ္စ, အနိစ္စ၊ အမြဲမှုရှိ အမြဲမရှိဟူသော အနိစ္စလက္ခဏာကို၊ ထင်မြင်ရှု ပွားများနေရင်း (၁၅)မိနစ်အချိန်မျှ အကြာတွင် ချုပ်ငြိမ်း ကွယ်ပျောက်သွား လေသည်။

တနည်းအားဖြင့်လည်း၊ ဤစျာန်ကို ဝင်စားပြီး ထသော အခါတို့တွင်၊ ရံခါ ရံခါ မိမိခန္ဓာကိုယ်၌ တဖွားဖွား ဖြစ်ပျက် ဖြစ်ပျက်ဟူသော ဖြစ်ပေါ်လာမှုလက္ခဏာတွေ ဖြစ်ပေါ်လာပြီး ပျက်ပျက် သွားနေတာကို မြင်မြင်နေရသည်၊ သိသိနေရသည်၊ ဤသို့ ဖြစ်ပျက်မြင်သိနေရခြင်းကို၊ ရှုရှု,ရှုရှု၊ ဖြစ်ပျက်,ဖြစ်ပျက် အနိစ္စ, အနိစ္စဟူ၍ လည်းကောင်း၊ ဩော်.... ဖြစ်ပေါ်လာပြီး၊ ပျက်....ပျက် သွားရခြင်း ပါတကားဟု မမြဲသော သင်္ခါရတရား ကို ရှုမြင်ရလေသည်၊ ရံခါ ရံခါတို့မှာ တကိုယ်လုံး ဖြစ်ပျက် ဖြစ် ပျက် စိတ်သန္တာန်၌ မြင်မြင်နေရပြီး၊ မိမိခန္ဓာကိုယ်ကို မိမိမုန်း လျက် ငြီးငွေ့လာလေသည် ဖြစ်သည်။

တနည်းအားဖြင့်လည်း ဤစျာန်ကို ဝင်စားပြီး ထသောအခါ တို့တွင် ရံခါ ရံခါတို့၌၊ ဆင်းရဲသော ဘေးဒုက္ခတို့ကို မြင်မြင်နေ ရသည်၊ ထိုသို့ မြင်နေရသောဘေးဒုက္ခတို့ကို ကြောက်ရွံ့တုန်လှုပ် တဲ့စိတ်တွေ ပေါ်ပေါ်နေသည်။ ၎င်းပြင် မိမိခန္ဓာကိုယ်မှ ပြုပြို ကျသွားသလို ပျက်ပျက် ပြုတ်ပြုတ်ကျသွားသလို စိတ်သန္တာန်၌ ဖြစ်ပေါ်ဖြစ်ပေါ်၍လာခြင်းကို 'ဩော်' အနိစ္စ-အနိစ္စ၊ ဒုက္ခ-ဒုက္ခ ဟူသော တရားတွေ ဖြစ်ပေါ်နေခြင်းပါတကားဟု နှလုံးသွင်း လျက် ပွားများနေရလေသည်။

တနည်းအားဖြင့်လည်း ဤစျာန်ကို ဝင်စားပြီး ထသောအခါ တို့တွင် စျာန်စိတ်သည် တဖွားဖွားဖြစ်ပေါ်နေပြီးလျှင် စိတ်

သည် မိမိကိုယ်ကိုမိမိမနှစ်သက်တော့ဘဲ မုန်း၍ငြီးငွေ့လာသည်။ ဤသင်္ခါရလောက၌ ဇာတိ-ဘဝ ဖြစ်မှုကို အလွန်ကြောက်ရွံ့တုန်လှုပ်လာသည်ဖြစ်၍ ဘဝကို ပြန်မဖြစ်လိုသောစိတ်တွေ ဖြစ်ပေါ်လျက်နေသည် ဖြစ်ပါသည်။ သို့ပါ၍ ယောဂီအပေါင်းတို့၊ ဤအပ္ပနာစျာန်ကို ဝင်စား၍ ဝင်စား၍ ထပြီးသောအခါတိုင်းတို့မှာ ဝိပဿနာကိုရှုလျှင် ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာသည်၊ လောကီအမှုအလုပ်တို့ကို အာရုံပြုကြံစည်လျှင်လည်း ထိုလောကီအမှု အလုပ်ကိစ္စအဝဝတို့ကို အောင်မြင်ရာ အောင်မြင်စေတတ်သောအကြောင်းကို သိမြင်လာကြပေမည်ဟု ရေးသားဖော်ပြပါသည်။

အပ္ပနာစျာန်သည် နေ့သော်၎င်း၊ ညဉ့်သော်၎င်း၊ အလင်းရောင်တို့သည် ကိန်းအောင်းဖြစ်ပေါ်နေကုန်၏။ ထိုစျာန်ကိုလွတ်၍ အခါမလင့် ကိုယ်၌သွတ်ခြင်းကို ဖြစ်ကြပါကုန်လော့၊ 'အိုနာသေရေး၊ ဒုက္ခဘေးအပေါင်းတို့ကို မျှော်တွေးထောက်ရှု၊ လွတ်မြောက်အောင် ပြုလုပ် အားထုတ် ကြပါကုန်သော ယောဂီအပေါင်းတို့၊ 'စျာန်ကို၊ စျာန်ကို ပွားများအားထုတ်ကြပါကုန်၍ ဝိပဿနာဉာဏ်ဖြင့် မဂ်ကို ဆိုက်ရောက်နိုင်ကြပေလိမ့်မည် ဟူ၍ ဟောပြောမှာကြားပါသည်။

ဤအပ္ပနာစျာန်ကို ဝင်စားအားထုတ်ပြီး၍ ထသောအခါတို့တွင် ဤစျာန်စိတ်သမာဓိအကြည်သည် ပါရှိလာသည်ဖြစ်၍ နေ့သော်လည်းဖြစ်စေ၊ ညဉ့်သော်လည်းဖြစ်စေ၊ စိတ်သန္တာန်မှာ ထင်မြင်စွဲကပ်ပါနေသော သမာဓိအကြည် အလင်းရောင်အဝန်းအဝိုင်း ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ဒိဗ္ဗစက္ခုသမာဓိ မှန်

ပြောင်းနှင့် ရုပ်ပေါ်နာမ်ပေါ်မှာချိန်၍ ကြည့်လိုက်လျှင် ထွေထွေပေါင်းစပ်ကလာပ်မှု မှုန်များ၊ မီး ပွား များ ကဲ့သို့ ရှုဌြားမပြတ် သင်္ခါရလောကဓာတ်တွင် စပ်ခါစပ်ခါ ဖြစ်ပေါ်လာလျက် ဉာဏ်ကွန်ရှက်ဖြင့် ဝိပဿနာတင်ရှုပွားများခြင်းကို ပြုလိုက်သော် တချက်တည်း တခါတည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်သွားကြပေမည် ဟူ၍လည်း နိဒါန်းအခ ပထမက ဖော်ပြရေးသားထားခြင်းသည် ဤအပ္ပနာချာန်သမာဓိအားခြင်း၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မကြာရသားယာဉ်ဖြင့် လျင်မြန်စွာလမ်းမကောက်ဘဲ ဆိုက်ရောက်ရန် လိုလားကြပါကုန်သော ယောဂီအပေါင်းတို့အား ကျွန်ုပ်စာရေးသူ၏ မေတ္တာတော်အရှိန် ဝေနေဗိုန်မိုးကြိုးသွားကဲ့သို့ ပြင်းပြင်းထန်ထန် မှာကြား၍ ဤအပ္ပနာချာန်လမ်း ဝိပဿနာအခန်းကို ရေးသားဖော်ပြလိုက်ပါသည်။

ဝိပဿနာဉာဏ် ဖြစ်ပေါ်ပုံအကြောင်း ပြီး၏။

အာနပါနကမ္မဋ္ဌာန်း

# အာနာပါနသတိအကြောင်း

ဝိမုတ္တိယုဂခေတ် ယခုအခါမှာ မြူတိမ်ကင်းစင်သော လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ အာနာပါန ကမ္မဋ္ဌာန်းကို လေ့လာလိုက်စားကြ၍ အားထုတ်မှုတရပ်ထွက်ပေါ်လာပေသည်။ ကမ္မဋ္ဌာန်းရိပ်သာတွေမှာလဲ 'အာနာပါန'၊ ဘုန်းကြီးကျောင်းတိုက်တွေမှာလဲ 'အာနာပါန'၊ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်မှာလဲ အားထုတ်နေကြတာက 'အာနာပါန'၊ အခါသမယယခုအချိန်တွင် တော်တော်လေး ရေပန်းစားလျက် အားထုတ်နေကြလေသည်။

ဤသို့အားထုတ်နေကြရာတွင် ဝိပဿနာလမ်းကြောင်း၊ သမထလမ်းကြောင်း ဟူ၍ နှစ်ပါးရှိကြလေသည်။ ဝိပဿနာကိုကိုးစားပြီး အကျိုးများအောင် အားထုတ်နေကြ ကုန်သော

ယောဂီပုဂ္ဂိုလ်တို့သည် အာနာပါနကို လက်မလွှတ်နိုင်ဘဲ ထွက်သက်ဝင်သက်ကို ရှုပေးရသည်။ အဘယ့်ကြောင့်ဆိုသော် ဤအာနာပါန ထွက်သက်ဝင်သက်ကို ရှုသောစိတ်၏ သမာဓိအရှိန်ဖြင့် အခြေခံ၍ ဝေဒနာသင်္ခါရ ရုပ်နာမ်ဓမ္မကိုရှုပြီး ဝိပဿနာကို ပွါးများအားထုတ်ရသည်။ သမထကိုလိုလား တောင့်တ၍ ကြိုးစားပြီး အားထုတ်ကြပါကုန်သော ယောဂီအပေါင်းတို့သည်လည်း ဤအာနာပါန ထွက်သက်ဝင်သက်ကို အားထုတ်ပြီး အလင်းရောင် ကိန်းအောင်းဖြစ်ပေါ် ရရှိလာသောအခါ၌ အပ္ပနာချာန်ကိုတက်၍ အားထုတ်ရသည်။ ဤအပ္ပနာချာန်၏ သမာဓိအလင်းရောင် အကြည်ရှိန်ဖြင့်အခြေခံ၍ ပရမတ္ထသဘာဝ သင်္ခါရ ရုပ်နာမ်ဓမ္မကိုရှုမြင်ပြီး ဝိပဿနာကို ပွါးများအားထုတ်ကြရသည်။ သို့အတွက်ကြောင့် အာနာပါန ထွက်သက်ဝင်သက်ကို လေ့လာလိုက်စားပြီး အားထုတ်နေကြသူ ပေါများလျက်ရှိကြလေသည်တွင် သမထလမ်းကြောင်း အကောင်းစား ကို လိုလားကြပါကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဤအာနပါန ထွက်သက်ဝင်သက်ကို အားထုတ်၍ အပ္ပနာချာန်ကို ဝင်စားနိုင်ကြရန်အတွက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ကျွန်ုပ်အားကိုညွှန်ကြားတိုက်တွန်းစေခိုင်းသော အာနာပါနကမ္မဋ္ဌာန်း၊ အပ္ပနာချာန်လမ်း၊ လမ်းစဉ်ကို မရေးသားမှီ သေက္ခတောင် ဆရာတော်ဦးတိလောကအရှင်မြတ်သည် ရေးအခါက ကိုယ်တိုင်ပင် ဟောကြားပြီး ရေးသားထားခဲ့တော 'အာနာပါနဿတိ' အကြောင်းကို ရှေးဦးစွာ ရေးသားဖေါ်ပြပါအံ့။

အာနာပါနဿတိ ဟူသည်ကား ထွက်သက်ဝင်သက်လေကို အာရုံပြု၍ဖြစ်သော သတိဟုခေါ်သည်။ တိုအာနာပါနဿတိကို

ပွါးအားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် စိတ်ကိုသန်သန် ခိုင်ခိုင်ထား၍ ထွက်သက်ဝင်သက်လေကို မနှေးမမြန်၊ မပြော့ မပြင်း၊ မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက်၌ စိတ်ထားလျက် ထို ထွက်သက်ဝင်သက်တို့ကို တစ်-နှစ် စသည်ဖြင့် မရေတွက်အပ်၊ မရေတွက်မူ၍ ထိုထွက်သက် ထွက်လျှင် ထွက်သည်ဟူ၍သာ သိမှတ်အပ်သည်။ မသိလိုက်ဘဲ မမှတ်မိလိုက်ဘဲ မထွက်စေအပ်၊ သတိသညာဖြင့်၊ သိလိုက်မှတ်မိလိုက်၍သာလျှင် ထွက်စေအပ် သည်၊ ဝင်သက်ဝင်ပြန်လျှင်လည်း ထို့နည်းတူဝင်သည်ဟူ၍သာ သိအပ် မှတ်အပ်သည်၊ မသိလိုက်ဘဲမမှတ်မိလိုက်ဘဲ မဝင်စေအပ်၊ သတိသညာဖြင့် သိလိုက် မှတ်မိလိုက်၍သာလျှင် ဝင်စေအပ်သည်၊ ဤကဲ့သို့ ပွါးလုပ်အားထုတ်ရသည်ကို ပြတော်မူလိုသော မြတ်စွာ ဘုရားရှင်သည်။

သောသတောဝအဿသတိ၊သတောဝပဿသတိ။ ။

ဟူ၍ မဟာသတိပဋ္ဌာနသုတ်စသည်တို့၌ ဟောတော်မူ ပေ၏။ ။

ဘိက္ခဝေ၊ ရဟန်းတို့၊ သော၊ ထိုအာနာပါနကို အား ထုတ်သော၊ အာဒိကမ္မိကယောဂီပုဂ္ဂိုလ်သည်၊ သတော၊ သတိရှိ၍သာလျှင်၊ သတိသညာဖြင့်၊ သိလိုက်၊ မှတ်မိ လိုက်၍သာလျှင်၊အဿသတိ၊ ထွက်သက်ရှူ၏၊သတော၊ သတိရှိ၍သာလျှင်၊ သတိသညာဖြင့်၊ သိလိုက် မှတ်မိလိုက် ၍သာလျှင်၊ ပဿသတိ၊ ဝင်သက်ရှိုက်၏။ ။

ယောဂီအပေါင်းတို့၊ပွတ်ကြိုးဆွဲသော ယောကျ်ားကဲ့သို့လည်း ကောင်း၊ ဖိုထိုးသောယောကျ်ားကဲ့သို့လည်းကောင်း၊ ထွက်သက် ဝင်သက်လေကိုလည်း မိမိအလိုရှိသလို ရန်ခါရန်ခါလည်း ရှူးရှဲ

ရှူးရှဲဟုမြန်မြန်တိုတိုလည်း ထွက်စေဝင်စေအပ်သည်၊ ထိုသို့ ရှည်ရှည်တိုတိုဖြစ်စေသောအခါမှာလည်း ငါ၏ထွက်သက်-ဝင်သက် ရှည်ရှည်ထွက်ဝင်သည်၊ တိုတိုထွက်ဝင်သည်ဟု သတိသညာဖြင့် သိ၍ မှတ်မိ၍သာလျှင် ထွက်စေ ဝင်စေအပ်သည်၊ သတိသညာဖြင့် မသိလိုက်-မမှတ်မိလိုက်ဘဲ မထွက်ဝင်စေအပ်။ ဤကဲ့သို့ပြုလုပ်ရမည်ကို ပြတော်မူသော မြတ်စွာဘုရားရှင်သည် 'သေယျထာပိ ဘိက္ခဝေ၊ ဒက္ခော ဘမကာရော ဝါ' စသည်ဖြင့် ပွတ်ကြိုးဆွဲ ယောကျ်ား ဥပမာဖြင့်ပြ၍ ဟောတော်မူပြန်သည်။

ယောဂီအပေါင်းတို့ ထိုသို့အားထုတ်၍နေရာ၌အကုသိုလ်ပါပဝိတက်များအားကြီးစွာပေါ်၍လာခဲ့လျှင် ရှူးရှဲ-ရှူးရှဲဟု ပြင်းပြင်းထန်ထန်ကြီး မြန်မြန်ကြီးထွက်ဝင်စေရသည်၊ ဤကဲ့သို့ပြုလုပ်လျှင် စိတ်သည်မောပြီး မပြေးမလွှင့်နိုင်တော့ဘဲ ထွက်သက်ဝင်သက်၌သာ အာရုံပြု၍ မှီရပ်၍ တည်နေလေတော့၏။ ပါပဝိတက်တို့ခနခြင်း ပျောက်ပျက်လေတော့သည်၊ ထိနမိဒ္ဓတို့ဖိစီးလာနေလျှင်လည်း ထို့နည်းတူ ပြင်းပြင်းထန်ထန်ကြီး ရှူရှိုက်ရာ၏၊ ထိနမိဒ္ဓတို့ခနခြင်းကွာကျ၍ စိတ်ကြည်လင်ပေါ့ပါး၍သွားလေတော့သည်၊ ဤကဲ့သို့ပြုလုပ်ပါလျှင် ပါပဝိတက်နှင့် ထိနမိဒ္ဓအန္တရာယ်တို့ကင်းကွာ၍ သွားသောအခါကျလျှင် 'ပဿမ္ဘယံ ကာယသင်္ခါရံ' စသည်ဖြင့် ဟောတော်မူသောအတိုင်း၊ မနှေးမမြန် မပြေးမပြင်း မှန်မှန်ထွက်ဝင်စေရသည်။

ယောဂီအပေါင်းတို့၊ ဤအာနာပါနအားထုတ်ပုံတို့ကို လိုရင်းအဓိပ္ပါယ်မှာ ပွတ်ကြိုးဆွဲသောသူသည် ပွတ်ကြိုးကိုရှည်ရှည်တိုတို နှေးနှေးမြန်မြန်အားဖြင့် အခါကိုသိ၍ မိမိအလိုရှိသလို ပွတ်ကြိုးကို ဆွဲဘိသကဲ့သို့လည်းကောင်း၊ ဖိုထိုးသောသူသည် ဖိုကိုလေရှည်

ရှည်တိုတို နေ့နေ့မြန်မြန်အားဖြင့် အခါကိုသိ၍ မိမိအလိုရှိသလို ဖိုကိုထိုးဘိသကဲ့သို့လည်းကောင်း၊ ထိုထွက်သက်-ဝင်သက်ကိုလည်း ဆိုအပ်ခဲ့ပြီးသည့်အတိုင်းရှည်ရှည်တိုတို စသည်တို့ဖြင့်အခါကိုသိ၍ မိမိအလိုရှိသလိုဖြစ်စေ၍ ထွက်စေ-ဝင်စေရသည်၊ တစ်နှစ် စသည် တို့ဖြင့်လည်း မရေတွက်အပ်၊ မရေတွက်မူ၍ သွတိုက်ဖြတ်သော ယောကျ်ားသည် လွှသွားရာကိုလိုက်၍ မရှုဘဲလျက် လွှသွားထိ ရာ၌သာ စိတ်ကိုထား၍၊ ကြည့်၍ လွှသွားကို အကုန်ထင်ရှားစွာ မြင်ရဘိသကဲ့သို့ ထို့အတူ နှာခေါင်းပေါက်ဝ၌သာ စိတ်ကိုထား ၍ သတိသည်ဖြင့် သိ၍မှတ်မိ၍သာလျှင် ထွက်စေ-ဝင်စေ၍၊ ထွက်ဝင်-ထွက်ဝင်၊ ထွက်ဝင်သည်ဟူ၍ သိမှတ်လျက် ထိုထွက်ဝင် ၍နေသောလေကို ဝါယောကသိုဏ်းနိမိတ်ယူသကဲ့သို့ စိတ်ထဲ ဥာဏ်ဆဲ၌ ထင်မြင်၍သာအောင် ကြည့်ရှုအပ် ကြည့်ရှုရာ၏။ ဤ သို့ ကြည့်ရှု၍ နိမိတ်ယူရသည်။

ယောဂီအပေါင်းတို့၊ ဤအာနာပါန နိမိတ်ရအောင် ကြည့်ရှု အားထုတ်ပုံသည် နားမလည်၍ နေရာတကျ မလုပ်တတ်သောသူ မှာ အလွန်ခက်သည်၊ နားလည်၍ နေရာတကျ လုပ်တတ်သော သူမှာ အလွန်လွယ်သည်။

ယောဂီအပေါင်းတို့၊ ဤကဲ့သို့ ကြည့်ရှုပါများသောအခါ နှာ ခေါင်းပေါက်ထဲ၌ သွယ်တန်း၍နေသော ကြိုးကဲ့သို့သော်လည်း ကောင်း၊ ဆေးတန်ပေါက်၌ ထွက်ဝင်၍နေသော မီးခိုးကဲ့သို့ သော်လည်းကောင်း၊ ပြွန်တံပေါက်၌ ထွက်ဝင်၍နေသော ရေ ဆိုင်လုံးကဲ့သို့သော်လည်းကောင်း၊ ဤသို့စသည်ဖြင့် မိမိတို့၏ သညာအား လျော်စွာလှုပ်ရှားလျက် အာနာပါန-ဥဂ္ဂဟနိမိတ် ထင်၍ ထင်၍ လာသည်။

ယောဂီအပေါင်းတို့၊ ဤထွက်သက်ဝင်သက်ကိုသာ စိတ္တဇ လေဓာတ်ဖြစ်သတည်း။ အောက်အဘိဓမ္မာသုညတနည်း၌ ဟော ပြောပြခဲ့သော လေဓာတ်၏သဘောကို သိ၍ထားကြ၊ ဤကဲ့သို့ လေဓာတ်၏သဘောကို သိသောသူအား ဤအာနာပါနနိမိတ် သည် အခိုးကဲ့သို့ သော်လည်းကောင်း၊ ရေကဲ့သို့ သော်လည်း ကောင်း ထင်၏။ လျှင်မြန်စွာလည်း ထင်လွယ်ရလွယ်တတ်သည်။

ယောဂီအပေါင်းတို့၊ ဤဥဂ္ဂဟနိမိတ်ကို ရပြီးသောအခါ ထွက် သက် ဝင်သက်တို့ကို ကြောင့်ကြမစိုက်ရဘဲလျက် မကြည့်ရှုမူ၍ စိတ်ထဲဉာဏ်ထဲ၌ ထင်မြင်၍ ရရှိနေသော ဥဂ္ဂဟနိမိတ်ကိုသာ အဖန်ဖန်ကြည့်ရှု၍နေရသည်။ ဤသို့ကြည့်ရှုဖန်များသောအခါ အလွန်ချောမွေ့ ငြိမ်သက်လျက် နှစ်သက်ဘွယ်ကောင်းသော ပဋိ ဘာဂနိမိတ် ဖြစ်ပေါ်လာ၍ ထင်မြင်နေ၏။ ထိုအာနာပါန ပဋိ ဘာဂနိမိတ်ကို အကြိမ်ကြိမ် အဖန်ဖန် ကြည့်ရှု အားထုတ်သော အခါ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန် အပ္ပနာ ဇောဝီထိကျလာ၏။ ထိုအခါ ပထမဈာန်ကိုရသည်။ ဤပဋိ ဘာဂနိမိတ်ကိုပင် ကြည့်ရှု၍ (ရှေ့ပိုင်းမှာ ရေးသားဖော်ပြခဲ့ သော နည်းအတိုင်း) အထက်ဈာန်တို့ကို တက်ရသည်။ အားထုတ် ရသည်၊ ဤအာနာပါနကမ္မဋ္ဌာန်းသည် ပဉ္စမဈာန်ကျအောင် ဈာန်ငါးပါးလုံးကိုပင် ဖြစ်စေနိုင်ရစေနိုင်သည် ဟူ၍ ဟောပြော ရေးသားထားတော်မူခဲ့လေသည်။

## အာနာပါနကမ္မဋ္ဌာန်း

## ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က တိုက်တွန်းနှိုးဆော်သော

# အာနာပါနကမ္မဋ္ဌာန်းအကြောင်း

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်အားကို တိုက်တွန်း နှိုးဆော် ညွှန်ကြားစေခိုင်းသော အလင်းရောင် ကိန်းအောင်းသည့် အာနာပါနကမ္မဋ္ဌာန်း အပ္ပနာစျာန်လမ်းကို ကျွန်ုပ်၏ အားထုတ်မှုတွင် ညွှန်ကြားပြသစေခိုင်းသော တရားက အားထုတ်နည်း၊ အားထုတ်ပုံ အစီအစဉ်တွေနှင့် အတွေ့အကြုံတွေကို အပြည့်အစုံ အကုန်ဖော်ပြ၍ ရှေးဦးစွာ ရေးသားတင်ပြအပ်ပါသည်။

သာသနာတော်နှစ် ၂၅၁၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၂ ခုနှစ်၊ ဟော်သလင်းလဆုတ် ၈-ရက်နေ့သို့ ရောက်သောအခါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်အား အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ရန် တိုက်တွန်းနှိုးဆော်စေခိုင်းသည်။ ဤသို့ တိုက်တွန်းစေခိုင်းပါသော်လည်း ကျွန်ုပ်သည် အားထုတ်နိုင်ရန် ခဲ

ယဉ်းလှပေ၏။ အဘယ့်ကြောင့်ဆိုသော် ဤအာနာပါနကမ္မဋ္ဌာန်းကို နောက်နောက်သောအခါက အနည်းငယ် အားထုတ်ခဲ့ဘူးပါသည်။ ဤသို့ အားထုတ်ပြုလုပ်ရာတွင် ကျွန်ုပ်၏ နှာသီးပေါက်သည် အခြားသောသူတို့၏ နှာသီးပေါက်နှင့်မတူ အလွန်ကျဉ်း၍ ပိတ်ဆို့၍ ထွက်သက်ဝင်သက်ကို ရှူရာတွင် မလွယ်ကူလှဘဲလျက် ပြင်းပြင်းထန်ထန်နှင့် မြန်မြန်ရှူရခြင်းငှာ အလွန်အရှူရခက်ပါသည်။ သို့ပါသောကြောင့် အာနာပါနကမ္မဋ္ဌာန်းကို အားမထုတ်နိုင်ဘဲ အခြားသော ကမ္မဋ္ဌာန်းများကို အားထုတ်လျက်နေရပါသည်။

ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ရန် နေ့စဉ်နှင့်အမျှ ကျွန်ုပ်အား တိုက်တွန်းနှိုးဆော်စေခိုင်းလျက်နေသည်မှာ အာရုံ၌ တဖွားဖွား ဖြစ်ပေါ်ကြားသိနေပါသော်လည်း အားမထုတ်နိုင်ပါပေ၊ အဘယ့်ကြောင့်ဆိုသော် ရေးသားပြဆိုအပ်ခဲ့ပြီး အကြောင်းတို့ကြောင့် ကျွန်ုပ်သည် တနာရီလဲ မရှူနိုင်ပါ၊ နာရီဝက်လည်း မရှူနိုင်ပါ။ သို့ပါသောကြောင့် ဤသို့ အားမထုတ် မပြုလုပ်ဘဲလျက် ထွက်သက်ဝင်သက်ကို မရှူဘဲနေခဲ့ရာတွင် ၅-ရက်မျှလောက် ကြာသွားပါသည်၊ ထိုအခါ၌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောဆိုညွှန်ကြားပြန်သည်မှာ 'အသင်-အလွန်တိုးတောင်းလှသော အချိန်ကလေးမျှ အားထုတ်ပါလော့' ဟု ပြောလေသည်။ ဤသို့ပြောခြင်းကို သောတအာရုံ၌ တဖွားဖွား ဖြစ်ပေါ် ကြားသိလာရခြင်း ဖြစ်သည်။ ထိုဖြစ်ပေါ်ကြားသိလာရသော အမိန့်ကို သိပင်သိသော်လည်း အာနာပါနကမ္မဋ္ဌာန်း၏ ထွက်သက်ဝင်သက်ရှူရှိုက်ခြင်း

ကို အလွန်ကြောက်လန့်ပါသဖြင့် အားမထုတ်မပြုလုပ်ဘဲ နေခဲ့လေသည်။

၁၃၃၂-ခုနှစ်၊ တော်သလင်းလဆုတ် ၁၅-ရက်နေ့သို့ ရောက်သောအခါတွင် နံနက်ပိုင်းမှစ၍ ညနေပိုင်းသို့တိုင်တိုင် မျက်စိအတွင်းမှာ ဝင်းဝင်းလင်းလင်းနှင့် အလင်းရောင်တွေ ဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ဝင်းဝင်းလင်းလင်းနှင့် အလင်းရောင်တွေ ဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ အာနာပါနထွက်သက်ဝင်သက်ကိုရှု၍တရားထိုင်ချင်တဲ့စိတ်တွေဖြစ်ပေါ်လာလိုက်၊ ဤကဲ့သို့ တနေ့လုံးဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက်နေပြန်သော်လည်း ကျွန်ုပ်သည် အာနာပါန ထွက်သက်ဝင်သက်ကို အားမထုတ် မရှုသေးဘဲနေခဲ့လေသည်။

၁၃၃၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက်နေ့ နံနက်ပိုင်းသို့ရောက်သောအခါ ထို့နည်းအတူ မျက်စိအတွင်းမှာ ဝင်းဝင်းလင်းလင်းနှင့် အလင်းရောင်တွေ ဖြစ်ပေါ်လာသောအခါ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ငါ့ကို 'အသင်-အလွန် တိုတောင်းလှသော အချိန်ကလေးမျှ အားထုတ်ပါလော့'ဟုပြောတယ်၊ အဲဒီတော့ ငါသည် အာနာပါန ထွက်သက်ဝင်သက်ကို (၁၅)မိနစ် အချိန်ကလေးမျှ ရှုကြည့်အုံးမှဘဲဟု နှလုံးသွင်းလျက်၊ အာနာပါန ကမ္ဋာန်း ထွက်သက်ဝင်သက် ရှုရှိုက်ရခြင်းအမှု၊ တရားထိုင်ခြင်းကို ပြုလုပ်အားထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုနေ့နံနက် ၈-နာရီအချိန်သို့ ရောက်လာသောအခါ မိမိအိမ်မှာ နေရာထိုင်ခင်းပြင်ဆင်လျက် တရားထိုင်ခြင်းကိစ္စကို အစပြု၍ အားထုတ်ရန်ထိုင်သည်မှာ နောက်နောက်သောအခါက ကျွန်ုပ်

သည် အာနာပါနကမ္မဋ္ဌာန်း တရားသင်တန်းကိုယူပြီး ထိုင်ခဲ့ဘူးပါသည်။ ကမ္မဋ္ဌာန်းဆရာများက သင်ကြားပြသပေးသောနည်းနိဿယအတိုင်း ရိုးရိုး တင်ပြင်ခွေထိုင်ပြီးလျှင် ဘုရားကိုလက်အုပ်ချီကာ ရှိခိုးကန်တော့ပြီး ပရိက်ကိုပွါ၍ မိမိ၏ တင်ပြင်ခွေပေါ်မှာ ဘယ်လက်ဖဝါးပေါ်တွင် ညာလက်ဖဝါး ပက်လက်ဆင့်တင်၍ လက်မ(၂)ခုဆိုင်လျက် ကပ်ထားပြီးလျှင်၊ ခါးကိုဖြောင့်ဖြောင့်မတ်မတ်ထား၍ ထိုင်ရသည်။

ဤသို့ထိုင်ခြင်းဖြင့် အာနာပါန ထွက်သက်ဝင်သက်ကိုရှုပြီးအားထုတ်ပွါးလုပ်ခဲ့ရာတွင် ရှု့ရှုခြင်း ရှေးဦးစွာပထမ ဖြစ်ပေါ်လာသည်မှာ မီးခိုးကဲ့သို့ လည်းကောင်း၊ ဝါဂွမ်းကဲ့သို့လည်းကောင်း၊ ဖြစ်ပေါ်လာပြီးမှ အလင်းရောင်တွေ ဖြစ်ပေါ်ကိန်းအောင်းလာလျက် (၁၅)မိနစ်အချိန် ကြာလာသောအခါ(စက္ခု)မျက်စိအာရုံ၌ အလင်းရောင်တွေ အပြည့်အဝ ဖြစ်ပေါ်လာပြီးနောက်၊ ထွက်သက်ဝင်သက်အရှုကို ရှုနေခိုက်တွင် ဝင်သက်ဖြင့်ရှိုက်ရှုပြီး ရပ်ဆိုင်းလျက်၊ အာနာပါနစျာန်ကို ယူလိုက်၍ ဖြစ်ပေါ်ရရှိနေသော အလင်းရောင်ကို ဝင်စားလျက် အာရုံပြုနေရသည်။ ထိုအခါ၌(စက္ခု)မျက်စိအာရုံတွင် ထိုအလင်းရောင်သည်တည်ရှိလျက်နေလေသည်။ ဝေဒနာများလည်း ဖြိုးဖြိုးဖျဉ်းဖျဉ်းဖြစ်ပေါ်လာသည်။ ဤသို့ ဖြစ်ပေါ်လာခြင်းကို ကိုယ်ပေါ်၏ဝေဒနာကိုလည်း အာရုံပြု၊ (စက္ခု)မျက်စိက အလင်းရောင်ကိုလည်းအာရုံပြု၊ ထိုနှစ်ခုသောအာရုံကို ဝင်စားလျက်နေရာတွင်၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ပြောသည်မှာ ‘ဝေဒနာကို ဥပေက္ခာပြု၍ စျာန်အလင်းရောင်ကို အာရုံပြုနေရမည်’ဟူသော ညွှန်ကြားချက်စကားသည် စျာန်ကို ဝင်စားနေရာ၌ ‘ဖွားကနဲ’ ‘ဖွားကနဲ’

ပေါ်ပေါက်လာပြီး ကြားသိရသည်ဖြစ်၍ ကျွန်ုပ်သည် ဝေဒနာကို အာရုံမပြုဘဲလျက် ဖြစ်ပေါ်ရရှိနေသော အလင်းရောင်ပေါ်မှာသာလျှင် ဝင်စားအားထုတ်နေရန် တိုက်တွန်းနှိုးဆော်ပါသဖြင့် ထွက်သက်ဝင်သက် ချာန်အလင်းရောင်ကိုသာ အာရုံစိုက်၍ ဝင်စားအားထုတ်နေရခြင်းဖြစ်သည်။

## ထိုင်ခြင်းအကြောင်း

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ဤသို့ ကျွန်ုပ်ထိုင်သောထိုင်ခြင်းကို မကြိုက်မနှစ်သက်ပါသဖြင့် အခြားသောထိုင်ခြင်းကို(၃)မျိုးရှိသည်ဟူ၍ ညွှန်ကြားပေါ်ပြပုံကို ထုတ်ဖေါ်၍ ရေးသားတင်ပြအပ်ပါသည်။

## ထိုင်ခြင်း(၃)မျိုးဟူသည်မှာ

(၁) ဗောဓိခွေထိုင်ခြင်း။
(မဟာပလ္လင်ထိုင်ခြင်း)ဟူ၍လည်းခေါ်သည်။
(၂) ထက်ခွေဖွဲ့ထိုင်ခြင်း။
(ထက်ဝယ်ဖွဲ့ခွေထိုင်ခြင်း)ဟူ၍လည်းခေါ်သည်။
(၃) ရိုးရိုး တင်ပြင်ခွေထိုင်ခြင်းဟူ၍ (၃)မျိုးဖြစ်သည်။

ဤထိုင်ခြင်း(၃)မျိုးတို့ ရှိကြလေသည့်တွင် ထက်ခွေဖွဲ့ထိုင်ခြင်းသည် မဇ္ဈိမပဋိပဒါ အလယ်အလတ်ထိုင်ခြင်းဖြစ်၍ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ကျွန်ုပ်အား ဤထက် ခွေဖွဲ့ထိုင်ခြင်းကို ထိုင်ရန်အတွက် ညွှန်ကြားပြသတော်မူသည်။

## ထိုင်ပုံထိုင်နည်းကိုပြခြင်း

(၁) ဗောဓိခွေထိုင်ခြင်း၊ သို့မဟုတ် မဟာပလ္လင် ထိုင်ခြင်းသည် ထိုင်ပြီး ဘယ်ခြေဖဝါးကိုယူ၍ ညာပေါင်လယ်ပေါ်မှာ တင်

ထားပြီးလျှင် တဖန် ညာခြေဖဝါးကိုယူ၍ ဘယ်ပေါင်လယ်ပေါ်မှာတင်ထားပြီး ယှိုင်ခြင်းသည် ၎င်းခြေဖဝါးနှစ်ခုလုံး ပေါင်လယ်ပေါ်မှာ ပက်လက်ထားရှိပြီး ထိုင်နေခြင်းကို 'ဗေါဓိခွေထိုင်ခြင်း'ဖြစ်သည်။ ဤထိုင်ခြင်းသည် 'မြတ်သောထိုင်ခြင်း'ဖြစ်သည်ဟူ၍ခေါ်သည်။

(၂) ထက်ခွေဖွဲ့ထိုင်ခြင်း၊ သို့မဟုတ် ဘက်ဝယ်ဖွဲ့ခွေထိုင်ခြင်းသည် ဘယ်ခြေကို ခွေလျက်ထိုင်ပြီးလျှင် တဖန် ၎င်းဘယ်ခြေပေါ်တွင် ညာခြေဆင့်တင်လျက် ထားရှိခြင်းသည် ဘယ်ခြေဖျားသည် ညာဒူးအောက်မှာ ရှိနေစေ၍ ညာခြေဖျားသည် ဘယ်ဒူးအပေါ်မှာထားရှိ၍ ထိုင်နေခြင်းကို 'ထက်ခွေဖွဲ့ ထိုင်ခြင်းဖြစ်သည်။ ဤထိုင်ခြင်းသည် 'တင့်တယ်သောထိုင်ခြင်း'ဖြစ်သည်ဟူ၍ခေါ်သည်။

(၃) ရိုးရိုးတင်ပြင်ခွေထိုင်ခြင်းသည် ဘယ်ခြေကို ခွေထိုင်၍ တဖန် ၎င်းဘယ်ခြေရှေ့တွင် ညာခြေကိုကပ်လျက် ခွေထိုင်ခြင်းဖြစ်သည်။ ဘယ်ခြေနှင့် ညာခြေဖဝါး နှစ်ခုလုံး ပေါင်အောက်မှာထားရှိ၍ ထိုင်နေခြင်းကို 'ရိုးရိုးတင်ပြင်ခွေထိုင်ခြင်း' ဖြစ်သည်။ ဤထိုင်ခြင်းသည် 'လျော်သောထိုင်ခြင်း'ဖြစ်သည်ဟူ၍ခေါ်သည်။

ထိုထိုင်ခြင်း(၃) မျိုးတို့တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်ခြင်းသည် မဇ္ဈိမပဋိပဒါ အလယ်အလတ်ဖြစ်သော ထိုင်ခြင်းဖြစ်သည်။ ဤထိုင်ခြင်းသည်ကား 'တင့်တယ်သော ထိုင်ခြင်း' မည်၏။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းကို အားထုတ်သော အခါ၌လည်းကောင်း၊ အပ္ပနာစျာန်ကို ဝင်စားအားထုတ်သော အခါ၌လည်းကောင်း၊ အထူးသင့်လျော်သော ထိုင်ခြင်းဖြစ်သည်ဟူ၍ ညွှန်ကြားပြဆိုသည်။

## လက်ထားခြင်းအကြောင်း

ဤသို့အထက်ကရေးသား ဖော်ပြခဲ့သောထိုင်ခြင်းတို့၌လည်း လက်ထားပုံထားနည်းတို့ကို ညွှန်ကြားပြသသည်။ ထိုလက်ထားပုံနည်းသည်လည်း (၃) မျိုးရှိသည်ဟူ၍ ညွှန်ကြားပြသပုံကို ထုတ်ဖော်ရေးသားတင်ပြပါသည်။

လက်ထားခြင်း(၃)မျိုး ဟူသည်မှာ-

(၁) မြတ်သော လက်ထားခြင်း။

(၂) တင့်တယ်သော လက်ထားခြင်း။

(၃) လျော်သောလက်ထားခြင်း။

ဟူ၍(၃)မျိုးဖြစ်သတည်း။

ထိုလက်ထားခြင်း (၃)မျိုးတို့တွင် မဇ္ဈိမပဋိပဒါ အလယ်အလတ်ဖြစ်သော လက်ထားခြင်းကို ထက်ခွေဖွဲ့ထိုင်နေခြင်းတွင် လက်ကိုထား၍ အာနာပါနစျာန်ကို အားထုတ်ရာ၌ လည်းကောင်း၊ အပ္ပနာစျာန်ကို ဝင်စားအားထုတ်ရာ၌လည်းကောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ကျွန်ုပ်အားကို ပြုလုပ်နေထိုင်ပါရန် ညွှန်ကြားတိုက်တွန်းတော်မူလေသည်။

### လက်ထားပုံထားနည်းနှင့် ထိုင်ခြင်းကိုပြခြင်း

(၁) ရေးသား ပြဆိုခဲ့ပြီးသော ဗောဓိခွေ ထိုင်ခြင်းတွင် 'မြတ်သောလက်ထားခြင်း'ဖြင့် ထားရမည်ဖြစ်သည်။ ထိုလက်ထားပုံထားနည်းမှာ ဤဗောဓိခွေထိုင်ခြင်းတွင် ဘယ်လက်ဖဝါးကိုပက်လက်တင်ထားပြီး တဖန် ဘယ်လက်ဖဝါးပေါ်တွင် ညာလက်ဖဝါးကို ပက်လက်ဆင့်တင်ပြီးထား၍ လက်မနှစ်ခုတို့သည်

တခုနှင့်တခု ကပ်လျက်ထိပြီး ထားရှိလျက်နေသော လက်ထား ခြင်းကိုဆိုလိုသည်။ ဗောဓိခွေထိုင်ပြီးလျှင် ဤမြတ်သောလက် ထားခြင်းကို ထား၍ထိုင်သော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကို ပွါးများအားထုတ်သောအခါ နေထိုင်ရသည့် 'မြတ်သောထိုင် ခြင်း' နှင့် 'မြတ်သောလက်ထားခြင်း' တို့ဖြစ်သည်။

(၂) ရေးသားပြဆိုခဲ့ပြီးသော ထက်ခွေဖွဲ့ထိုင်ခြင်းကို 'တင့် တယ်သော လက်ထားခြင်း' ဖြင့် ထားရမည်ဖြစ်သည်။ ဤလက် ထားပုံနည်းမှာ ထက်ခွေဖွဲ့ထိုင်ခြင်းတွင် ဘယ်လက်သည် ဘယ် ဒူးအောက်နားကိုလည်းကောင်း၊ ညာလက်သည် ညာဒူးအောက် နားမှာရှိသော ဘယ်ခြေဖြားကိုလည်းကောင်း၊ ဆုပ်ကိုင်လျက် လက်မောင်းနှစ်ဖက်တို့ကို ဖြောင့်တောင့်တင်းတင်းထားပြီးလျှင် ခါးကိုဖြောင့်မတ်စွာထားလျက် ထိုင်ပြီးနေသော လက်ထားခြင်း တို့ဖြစ်သည်။ ထက်ခွေဖွဲ့ထိုင်ခြင်းတွင် ဤတင့်တယ်သော လက် ထားခြင်းကိုထား၍ ထိုင်သောယောဂီပုဂ္ဂိုလ်သည် အာနာပါန စျာန်နှင့် အပွနာစျာန်ကို ဝင်စားအားထုတ်သောအခါ၌ အထူး သင့်လျော်၍ နေထိုင်ရသည့် 'တင့်တယ်သောထိုင်ခြင်း' နှင့် 'တင့်တယ်သော လက်ထားခြင်း' တို့ဖြစ်သည်။

(၃) ရေးသား ပြဆိုခဲ့ပြီးသော ရိုးရိုးတင်ပြင်ခွေထိုင်ခြင်း ကို 'လျော်သော လက်ထားခြင်း' ဖြင့်ထားရမည်ဖြစ်သည်၊ ဤ လက်ထားပုံနည်းမှာ ရိုးရိုးတင်ပြင်ခွေထိုင်ခြင်းတွင် ဘယ်လက် နှင့် ညာလက်တို့သည် ထိုင်နေသောခြေသလုံး၊ ရှေ့တွင် ကပ်ပြီး၊ တဖက်နှင့်တဖက် တထွာဘမိုက်ခန့် ကွာခြားလျက် ထား၍ပြီး ထိုင်နေခြင်းသည်လည်းကောင်း၊ ဘယ်တဖက် ညာတဖက် စိတ်

ပုတီးကိုကိုင်၍ ထိုင်နေခြင်းသည်လည်းကောင်း ဤသို့ထိုင်လျက်နေသောထိုင်ခြင်းသည် အဓိဋ္ဌာန်ပြု၍ ပုတီးကိုစိပ်ရသည်၊ ဤထိုင်ခြင်းသည် 'ရိုးရိုးတင်ပြင်ခွေထိုင်ခြင်းနှင့်' 'လျှော်သော လက်ထားခြင်း'ဖြစ်သည်၊

အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် ဤရိုးရိုးတင်ပြင်ခွေထိုင်ခြင်းတွင် မြတ်သောလက်ထားခြင်းကိုထား၍ ဝိပဿနာ တရားကို ပွားများအားထုတ်သောအခါ၌ နေထိုင်ကြသည်၊ ဤသို့ ထိုင်ခြင်းသည် 'လျှော်သော ထိုင်ခြင်း' နှင့် 'မြတ်သော လက်ထားခြင်း'တို့ ဖြစ်သည်။

ဤသို့ရေးသားပြဆိုခဲ့ပြီးသော ထိုင်ခြင်း လက်ထားခြင်းတို့တွင် မဇ္ဈိမပဋိပဒါဖြစ်သောထက်ဝယ်ဖွဲ့ခွေထိုင်ခြင်းနှင့် တင့်တယ်လက်ထားခြင်းဖြင့်ထိုင်၍ အာနာပါန ထွက်သက် ဝင်သက်ကို ရှုရှိုက်ခြင်းဖြင့် ပြုလုပ်အားထုတ်ခြင်းသည်၊ ခန္ဓာကိုယ်သည် မယိမ်းမယိုင်ဘဲလျက် တည်တည်မတ်မတ် ကျောက်ရုပ်ပမာကဲ့သို့ တည်ရှိငြိမ်သက်၍နေခြင်းဖြစ်လေသည်၊ ဤသို့ထိုင်ခြင်းနှင့် လက်ထားခြင်းတို့သည် အာနာပါနစျာန်ကို ဝင်စား အားထုတ်ရာ၌လည်းကောင်း၊ အပ္ပနာစျာန်ကို ဝင်စား အားထုတ်ရာ၌လည်းကောင်း၊ အထူးအားဖြင့်သင့်လျော်သည်ဟူ၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တာ ညွှန်ကြားပြသသောထိုင်ခြင်းနှင့် လက်ထားခြင်းတို့ဖြစ်သည်၊ သို့ဖြစ်ပါ၍ ဤထိုင်ခြင်းကို အသုံးပြု၍ထိုင်ကြပါရန် သတိပေးညွှန်ကြားခြင်းကို ခန ခနဖေါ်ပြရေးသားရခြင်းဖြစ်ပါသည်။

## အာနာပါန ထွက်သက်ဝင်သက်ရှုခြင်းအကြောင်း

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် အာနာပါန ထွက်သက်ဝင်သက်ကို ရှုရာ၌ ပြင်းပြင်းထန်ထန်နှင့် မြန်မြန်ရှုခြင်းကိုလည်း မကြိုက်၊ ဖြေးညှင်းသာယာစွာ ရှုခြင်းကိုလည်းမကြိုက်၊ မနှစ်သက်ပေ။ သို့ပါ၍ ရှုခြင်း(၃)မျိုးတို့ကို ဖော်ပြလေသည်။

ထိုရှုခြင်း(၃)မျိုးတို့သည်ကား....

(၁) ပြင်းပြင်းထန်ထန်နှင့် မြန်မြန်ရှုခြင်း။

(၂) အလယ်အလတ် မှန်မှန်ရှုခြင်း။

(၃) ဖြေးညှင်းသာယာစွာရှုခြင်း။

ဟူ၍(၃)မျိုးဖြစ်သည်။

ဤရှုခြင်း(၃)မျိုးတို့တွင် မဇ္ဈိမပဋိပဒါဖြစ်သော အလယ်အလတ် မှန်မှန်ရှုခြင်းကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ညွှန်ကြားထိုက်တွန်းတော်မူလေသည်။ ဝင်လေတခေါင်ရှုလျှင် ထွက်လေသည် တခေါင်ရှိစေရမည်၊ ဝင်လေသည် တထွာရှုပြန်လျှင်လည်း ထွက်လေသည် တထွာရှိစေရမည်။ ထိုရှုသော ထွက်လေနှင့် ဝင်လေတို့သည် မှန်မှန်မျှတစွာရှုခြင်းကို အလိုရှိတော်မူလေသည်။

အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် ဤထွက်သက် ဝင်သက်ကို ရှုရာ၌ ထွက်လေဝင်လေကို နှာသီးဖျားမှာထား၍ အာရုံပြုကြလေသည်။ ဤသို့ နှာသီးဖျားမှာ အာရုံပြုထားသောစိတ်သည် ထိုနှာသီးဖျားမှာတွင် အာရုံနိမိတ် အလင်းရောင်သည် သွယ်တန်းလျက်နေသော မီးခိုးကဲ့သို့ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ တည်ရှိနေတတ်ကြလေသည်။

ကျွန်ုပ်အား ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ညွှန်ကြားသောနည်းမှာ ဤထွက်သက်ဝင်သက်ကို ရှုရာတွင် နှာသီးဖျားမှာ အသိထားပြီး ထွက်လို့ထိတာကိုလဲသိရမယ်၊ ဝင်လို့ထိတာကိုထဲ သိရမယ်၊ အဲဒီအသိကလေးကိုမှတ်၍ အာရုံသည် (စက္ခု) မျက်စိမှာ အာရုံပြုထားလျက် ရှုနေခြင်းသည် မျက်စိမှာဘဲ အလင်းရောင် အာရုံနိမိတ်ကြီးသည် ဖြစ်ပေါ်ပြီး တည်ရှိလျက်နေလေသည်။

ဤသို့ မျက်စိမှာ ဖြစ်ပေါ်ရရှိနေသော အာရုံနိမိတ်သည် ပထမဆင့် အားထုတ်မှုအချိန်စခန်းတွင် ရှေးဦးစွာဖြစ်ပေါ်လာမူသည်နှင်းကျနေသောအရောင်ကဲ့သို့လည်းကောင်း၊ မီးခိုးရောင်အဖြူကဲ့သို့လည်းကောင်း၊ ခတ်မီးချောင်းကို ထွန်းထားသောအရောင်ကဲ့သို့လည်းကောင်း၊ အလင်းရောင်တို့သည် တဖြည်းဖြည်းလင်းလျက် လင်းလျက် ဖြစ်ပေါ်လာသည်ဖြစ်သည်။ ထွက်သက်ဝင်သက်သည် 'ဝင်-ထွက်' 'ဝင်-ထွက်'နှင့် ရှုနေသော်လည်း မျက်စိ (စက္ခု)အာရုံသည် ရှေ့တွင်တွေ့မြင်နေရသော အလင်းရောင်ကို တေဇောကသိုဏ်း၌ မီးကသိုဏ်းဝန်းကို ကြည့်ရှုနေရဘိသကဲ့သို့ အာရုံစိုက်၍ ကြည့်ရှုနေရသည်ဖြစ်သည်။ အာနာပါနစျာန်ကို ယူလိုက်သောအခါ၌လည်း ထိုအလင်းရောင်သည်ပင်လျှင် ဖြစ်ပေါ်မြဲ ဖြစ်ပေါ်နေသည်ဖြစ်သည်။ အားထုတ် ပြုလုပ်ပါများသောအခါတွင် ဤအာနာပါန ထွက်သက်ဝင်သက်ကို ရှုနေရာ၌ အလင်းရောင် ဖြစ်ပေါ်ရရှိနေပြီး အာနာပါနစျာန်ကိုယူ၍ ဝင်စားလိုက်သည်တွင် ကသိုဏ်းဝန်းကဲ့သို့ အလင်းရောင် အဝန်းအဝိုင်း ဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသည်ဖြစ်သည်။

သို့ပါ၍ ဤအာနာပါန ထွက်သက်ဝင်သက်ကိုရှုရာ၌(စက္ခု) မျက်စိမှာ အာရုံကပ်ထား၍ တည်နေသော အလင်းရောင်ကြီး

သည် 'ဗဟိဒ္ဓ'အပြင်မှာ တွေ့မြင်ဖြစ်ပေါ်ရရှိနေသော အာရုံပင် ဖြစ်သည်။ (၁၅)မိနစ်ပြည့်သောအခါ၌ ဝင်သက်ဖြင့်ရှိုက်ရှူပြီး အာနာပါနစျာန်ကို ယူလိုက်သည်တွင် စိတ်ကိုဥကြောင်းမှာထား၍ အာရုံသည် (စက္ခု)မျက်စိမှ ဗဟိဒ္ဓအားရုပ်လျှင် ဖြစ်ပေါ်၍ မြင်နေရသော အာနာပါနစျာန် အလင်းရောင်ဖြစ်သည်။ ဤ အာနာပါနစျာန်သည် ဗဟိဒ္ဓအပြင်အာရုံဖြင့် အလင်းရောင် အာရုံနိမိတ် ဖြစ်ပေါ်ရရှိနေသည်ဖြစ်သည်။ ဤအာနာပါနစျာန်မှ အပ္ပနာစျာန်သို့ တက်သောအခါတွင် မျက်စိမှာ ဖြစ်ပေါ်ရရှိနေသော ဗဟိဒ္ဓအာရုံ ပဋိဘာဂနိမိတ်သည် ဤသို့ ဖြစ်ပေါ်ရရှိနေရာမှ စျာန်အင်္ဂါတို့ဖြင့် ဥကြောင်းအတွင်းသို့ စိတ်ဖြင့် ယူဆောင် သွတ်သွင်းထားလိုက်လျှင် ရပေသည်။ ထိုအခါ၌ ဥကြောင်း အတွင်းမှာ အလင်းရောင်ဝင်နေ၍ ဥကြောင်းတခုလုံးမှာ လင်းနေသည်။ အလင်းရောင်တွေ ထွက်နေသည်ဟူ၍ စိတ်သန္တာန်၌ဖြစ်ပေါ်လျက်နေသည်ဖြစ်သည်။ ဤသို့ ဖြစ်ပေါ်ရရှိသော အာရုံနိမိတ်အကြောင်းတွေကို 'ပဌမဆင့်' အာနာပါန အားထုတ်မှုစခန်းနှင့် အပ္ပနာစျာန်တွင် ဆက်လက်ရေးသားဖော်ပြသွားပါမည်။

## တရားထိုင်နည်းအကြောင်း

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်က ညွှန်ကြားတိုက်တွန်းသော ဤအာနာပါနကမ္မဋ္ဌာန်း အပ္ပနာစျာန်လမ်းကို အားထုတ်ရန် လိုလား၍ တရားထိုင်မည်ဆိုသော်၊ နောက်က ရေးသားဖော်ပြခဲ့သော ထိုင်ခြင်းတို့တွင် တင့်တယ်သော 'ထက်ဝယ်ဖွဲ့ခွေ'ထိုင်ပြီးလျှင် ဘုရားကိုရှိခိုး၍ မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း၊ ကမ္မဋ္ဌာန်းကို တောင်းယူ

ခြင်း၊ ပန်ကြားခြင်း၊ အဓိဋ္ဌာန်ပြုထိုင်ခြင်းတို့ကို ဆောက်တည်၍ ပြီးသောအခါ လက်အုပ်ချီ၍ ရှိခိုးလျက်နေသောလက်ကို ချ၍၊ 'တင့်တယ်သောလက်ထားခြင်း'ဖြင့် ထားပြီးသောအခါ ထွက်သက်ဝင်သက်ကို ဝင်သက်ဖြင့် စတင်ရှူရမည်ဖြစ်သည်။ ဤသို့ရှူ၍ အဓိဋ္ဌာန်ပြုထားသည့်အတိုင်း (၁၅)မိနစ် အချိန်စေ့လျှင် ဝင်သက်ဖြင့် ရှိုက်ရှူ၍ ရပ်ဆိုင်းလိုက်ပြီး ရှူလိုက်သော လေကို အောင်းထားလျက် အာနာပါနစျာန်ကို ယူလိုက်ပြီးလျှင် ဖြစ်ပေါ်ကိန်းအောင်းနေသော အလင်းရောင်ပေါ်မှာ အာရုံကိုတွယ်ထားပြီးခံစားလျက် ဝင်စားနေရသည်ဖြစ်သည်။ ဤအတွင်းမှာ ဝေဒနာတွေ ဖြစ်ပေါ်လာလျှင်လည်း ထိုဝေဒနာတွေကို ဥပေက္ခာပြု၍ စျာန်အာရုံပေါ်မှာသာလျှင် စျာန်ဇောကို ချထားလျက် ဝင်စားနေရသည်။

ဤသို့ဝင်စား၍ (၁၅)မိနစ် အချိန်စေ့သောအခါ အဓိဋ္ဌာန်ပြုထားသည့်အတိုင်း အာရုံကိုဖြတ်၍ ဝုဋ္ဌာနဝသီဘော်ဖြင့် ဤထိုင်ခြင်းမှထနိုင်အောင်ထလိုက်ရလေသည်။

ထိုသို့ရေးသားဖော်ပြခဲ့ပြီးသောနည်းအတိုင်း အာနာပါနထွက်သက်ဝင်သက်အရှူကိုရင်စဲ၍ အာနာပါနစျာန်ကိုယူဆောင်ပြီး ဝင်စားနေသောအချိန်အခါတို့တွင် အာဒိကမ္မိက အစပြုလုပ်အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် မြင်စရာရှိလျှင်လည်း သူ့သဘောအတိုင်း အာရုံမပြုဘဲနှင့် မြင်လာရတတ်သည်၊ ကြားစရာရှိလျှင်လည်း ကြားလာရတတ်သည်၊ သိစရာရှိလျှင်လည်း သိလာရတတ်သည်၊ ဤသို့မြင်လာခြင်း ကြားလာခြင်း သိလာခြင်းတို့သည် အာနာပါနစျာန်၏ ဝိဇ္ဇာဉာဏ်တန်ခိုးသတ္တိကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်၊ ဤသို့ ပြုလုပ်အားထုတ်သောယောဂီ

ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာပုဂ္ဂိုလ် (၃) မျိုးတို့ရောက်ရှိလာတတ်၍ မြင်လာရတတ်သည်ဖြစ်သည်၊ အဘယ်သို့သော ပုဂ္ဂိုလ်များဖြစ်သနည်းဟုဆိုသော်....

(၁) မိမိတရားအားထုတ်ရာတွင် စောင့်ရှောက်မည့်ပုဂ္ဂိုလ် တရားအားထုတ်နေခြင်းကို အားပေးသော ပုဂ္ဂိုလ်တို့ ဖြစ်သည်။

(၂) မိမိတရားအားထုတ်နေရာတွင် အမျှအတန်းကိုအလို့ငှါ ရောက်လာကြသော ပုဂ္ဂိုလ်များတို့ဖြစ်သည်။

(၃) မိမိတရားအားထုတ်နေရာတွင် အနှောင့်အရှက်ပြုလုပ်ရန်လာကြသော ပုဂ္ဂိုလ်များတို့ဖြစ်သည်။

ဟူ၍ပုဂ္ဂိုလ် (၃) မျိုးတို့ဖြစ်သည်။

(၁) ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရောက်ရှိလာ၍မြင်ရတတ်သည်။

(၂) ဝေမာနိကပုဂ္ဂိုလ်များနှင့် အောက်မိစ္ဆာများတို့ ရောက်ရှိလာ၍ မြင်ရတတ်သည်။

(၃) နတ်သမီးများကဲ့သို့ ရုပ်အဆင်းအင်္ဂါ လှပသော မိန်းကလေးမိန်းမငယ်များတို့သည် တရားအားထုတ်ရာမှ စိတ်လွင့်သွားအောင် တရားခန်းပျက်သွားလေအောင် အမျိုးမျိုးမြူဆွယ်ခြင်းတို့ဖြင့် ပြုလုပ်တတ်ကြသည်၊ အချို့မှာ မြင်လိုက်ရသည်နှင့် ကြောက်မက်ဖွယ်ကောင်းသော ကိုယ်အဆင်းအင်္ဂါနှင့်တကွ အရုပ်ဆိုးလှသောမျက်နှာနှင့် ဖြစ်ပေါ်လာသည်ကိုတွေ့မြင်ရတတ်သည်။

ဤသို့ဖြစ်ပေါ်လာ၍ မြင်ရသောအခါ၌ အမျှအတန်းကို အလိုရှိကြသော ပုဂ္ဂိုလ်တို့ဖြစ်ပေါ်ရောက်ရှိလာ၍ မြင်ရလျှင် တရားထိုင်၍ ဈာန်ကိုဝင်စားနေရင်း မိမိစိတ်ကညွတ်လျက် အမျှပေးဝေလိုက်လျှင် အမျှရသည်နှင့်တပြိုင်နက် ထိုပုဂ္ဂိုလ်တို့သည် ပျောက်ကွယ်၍သွားကြလေတော့သည်။

အနှောင့်အရှက်ပေးရန် ဖြစ်ပေါ်ရောက်လာ၍ မြင်ရသော ပုဂ္ဂိုလ်များဖြစ်လျှင် တရားထိုင်၍ဈာန်ကိုဝင်စားနေရင်း မိမိစိတ်က ညွတ်လျက် 'အသင်တို့ကျွန်ုပ်အားကို အဘယ်ကြောင့် အနှောင့်အရှက်ပြုလုပ်ခြင်းငှာ လာရသနည်း' ငါ၏ ကုသိုလ် အမျှအတန်းယူ၍ သွားကြ 'အမျှ' 'အမျှ' 'အမျှ'ဟူ၍ စိတ်က ညွတ်လျက်ပြောလိုက် အမျှပေးဝေလိုက်သောအခါ ပြုံးရွှင်စွာနှင့် လျှာထုတ်ခါ မျက်စပစ်ခါ ပြုလုပ်၍ မြူဆွယ်နေသော မိန်းမငယ်တို့သည် မျက်နှာညှိုးငယ်၍ မသာမကြည်ဘဲ ပျောက်ကွယ်၍ သွားကြလေကုန်သည်။

သို့ဖြစ်ပါ၍ ယောဂီအပေါင်းတို့သည် တရားကို အားထုတ်၍ ပြီးတိုင်းပြီးတိုင်း၊ ဈာန်ကိုဝင်စား၍ ထတိုင်းထတိုင်းတို့မှာ အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်းတို့နှင့် ဆုတောင်း အဓိဋ္ဌာန်ပြုခြင်းကိစ္စတို့ကို မမေ့မလျော့၊ မပေါ့မဆ အမြဲတန်းသတိရ၍ ပြုလုပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

## အမျှပေးဝေခြင်း အကြောင်း

ကျွန်ုပ်သည် ဤသို့ တရားကို အားထုတ်ရသော ကောင်းမှုကုသိုလ်အဖို့ဘာဂကို မွေးသမိခင်၊ မွေးဖခင်နှင့် အာစရိယအရှင်မြတ်တို့အားလည်းကောင်း၊ ညာတကာနံ အဆွေအမျိုးတို့အား

လည်းကောင်း၊ ရုပ်သာအပေါင်း သူတော်ကောင်းတို့အားလည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင်မင်းတို့အားလည်း ကောင်း၊ သိကြား ဗြဟ္မာ၊ ပဇာပတိ၊ မာတလိပဇ္ဇုန်၊ ဝိသကြုံနှင့် ဝေသဝဏ္ဏနတ်မင်းကြီးလေးပါး၊စတုမဟာရာဇ်နတ်မင်းကြီးလေးပါး နတ်မင်းကြီးငါးပါး၊ နတ်မင်းကြီးသကျပ်နှစ်ပါး၊ သူရဿဒီမယ်တော် ခုန်နှစ်ပါးတို့အားလည်းကောင်း၊ သာသနာတော်ကိုစောင့်ကြကုန်သောသာသနာစောင့် နတ်မင်းကြီးတို့အားလည်းကောင်း၊ လောကကို စောင့်ကြကုန်သော လောကပါလနတ်အပေါင်းတို့အားလည်းကောင်း၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်မျိုးအပေါင်းတို့မှစ၍ ရေငံပိုင် ဦးရှင်ကြီးနှင့် ရှားတော်သခင် ကိုးမြို့ရှင်၊ မင်းလေးမင်းကြီး ညီတော် နောင်တော် နတ်နှစ်ပါးတို့နှင့်တကွအတွင်း(၃၇)မင်း၊အပြင်(၃၇)မင်းနတ်ရှင်မင်းအပေါင်းတို့အားလည်းကောင်း၊အင္ဂဝေါဟာ-ရှင်မထီးဆရာတော်ဘုရားကြီးနှင့်ယက္ကန်းစင်တောင်ဆရာတော်ကြီး ဦးသြဘာသ၊ ပထမံ ဘိုးဘိုးအောင်တို့မှစ၍ ထွက်ရပ်ပေါက်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်၊ ပေါက်ဆရာ (၆၄)ယောက်တို့အားလည်း ကောင်း၊ (၃၁)ဘုံ၌ ကျင်လည်ကျက်စား၍နေကြကုန်သော သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါဟူသမျှ အပေါင်းတို့အားလည်းကောင်း၊ မေ အကျွန်ုပ်၏ သမံ၊ ညီတူညီမျှ၊ ဘာဂံ၊ ကောင်းမှုကုသိုလ်အဖို့ ဘာဂကို၊ လဘန္တု၊ ထပ်တူထပ်မျှ၊ ကျွန်ုပ်နှင့် အတူတကွ၊ 'အမျှ'....'အမျှ'....'အမျှ' ရကြပါသည်ဖြစ်ကြပါစေသော် 'အမျှ'....'အမျှ'....'အမျှ'၊ ရကြပါသည် ဖြစ်စေသောဝ်၊ 'အမျှ' 'အမျှ'....'အမျှ'၊ ရကြပါသည်ဖြစ်ကြပါစေသောဝ်။

ဤသို့ အမျှပေးဝေ၍ ပြီးသောအခါ မေတ္တာပို့ပါ။

ဤသို့ ကျွန်ုပ်၏ ကောင်းမှုကုသိုလ်အဖို့ဘာဂကို အမျှရကြလို့ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ ဝမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကြပါစေ၊ ကြံတိုင်းအောင်ကြပါစေ၊ ဆောင်တိုင်း မြောက်ကြပါစေ၊ သွားလေရာ ရန်တကာ လာဘ်မကွာ ကိုယ်မှာဘေးရန် ကင်းကြပါစေသော်။ နတ်များ အပေါင်းတို့သည်လည်း၊ တန်ခိုးကမ္မဇိဒ္ဓိ၊ တိုးတက်ကြပါစေ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်း တောက်ပကြပါစေ၊ နတ်တို့၏ ဘောဇဉ် အာဟာရတို့ကို အလိုရှိတိုင်း၊ အလိုရှိတိုင်း၊ ပြည့်စုံကြပါစေကုန်သတည်း။ ထွက်ရပ်ပေါက်သော ပုဂ္ဂိုလ်ကြီးများအပေါင်းတို့သည် ကောင်းမြတ်သော စိတ်နှလုံးဖြင့် တရားကို တာရှည်စွာ ကျင့်သုံး အားထုတ်၍ နေနိုင်ကြပါစေကုန်သတည်း။

ဤသို့ မေတ္တာပို့၍ ပြီးသောအခါ၊ ဆုတောင်း အဓိဋ္ဌာန်ပြုပါ။

ဤသို့ ကျွန်ုပ်သည် တရားကိုအားထုတ်၍ အမျှပေးဝေ မေတ္တာပို့ရသော ကောင်းမှု ကုသိုလ်ကံ စေတနာ တို့ကြောင့် ကျွန်ုပ်အပေါ်၌ သမာဒေဝ၊ နတ်ကောင်း နတ်မြတ်များအပေါင်းတို့နှင့် ထွက်ရပ်ပေါက်သော ပုဂ္ဂိုလ်ကြီးများ အပေါင်းတို့က ကောင်းစွာ စောင့်ရှောက်မစကြပါကုန်သည်ဖြစ်၍ ကျွန်ုပ်သည် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို ချီးမြှင့် ထောက်ပံ့ဆောင်ရွက်ပြုစုနိုင်ခြင်းငှာ၊ အောင်မြင်ထမြောက်ပါစေသတည်း။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ ဘောဂစည်းစိမ် ဥစ္စာ ရတနာလာဘ်လာဘ အပေါင်းတို့ပြည့်စုံသည်ဖြစ်ပါစေသတည်း။

တရားကို ၀င်စားအားထုတ်နိုင်၍ ဝိဇ္ဇာဉာဏ်အဘိဉာဏ်ဘန်ခိုး တို့ကို ဖြစ်ပေါ်ရရှိပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ဆောလျှင်မြန်ဆိုက်ရောက် နိုင်ပါစေသတည်း။

ဤသို့အမျှ ပေးဝေခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်း အဓိဋ္ဌာန်ပြုခြင်းတို့ကို အာနာပါနစျာန်ကို ဝင်စားအားထုတ်ပြီး သော အခါ၌လည်းကောင်း၊ အထက်အပ္ပနာ၊ ပထမစျာန်၊ဒုတိယ စျာန်းတတိယစျာန်၊စတုတ္ထစျာန်၊စသည်တို့ကို ဝင်စားအားထုတ်ပြီး သောအခါ၌လည်းကောင်း၊ မမေ့မလျော့ကြစေဘဲလျက် ပြုလုပ် ဆောင်ရွက်ကြရမည်၊ သို့မှသာလျှင် ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အာရုံငြိမ်သက်လျက် အားထုတ်နေနိုင်မှုဖြစ်သည်။

## နီဝရဏတရား (၅)ပါးအကြောင်း

ဤသမထ လမ်းကြောင်း အကောင်းစားဖြစ်သော အာနာ ပါနကမ္မဋ္ဌာန်း အပ္ပနာစျာန်လမ်းကို အားထုတ်ရာ၌ ချုပ်ငြိမ်း ဖြစ်ပေါ်လာမှု နီဝရဏတရားငါးပါးဟူ၍ရှိသည်၊ ထိုနီဝရဏ တရား (၅)ပါးတို့သည်ကား....

(၁) ကာမစ္ဆန္ဒနီဝရဏ....ကာမဂုဏ်ကို ခံစားလိုခြင်းကို တား မြစ်သည်။

(၂) ဗျာပါဒနီဝရဏ........အမျက် ဒေါသ ထောင်းထောင်း ထခြင်းကို တားမြစ်သည်။

(၃) ထိနမိဒ္ဓနီဝရဏ........ ငိုက်မျဉ်းခြင်း၊ ထိုင်းမှိုင်းခြင်းကို တားမြစ်သည်။

(၄) ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ........ပျံ့လွင့် ခြင်း၊ ပူပန်ခြင်းကို တားမြစ်သည်။

(၅) ဝိစိကိစ္ဆာနီဝရဏ........ယုံမှား' သံသယရှိခြင်းကို တား
မြစ်သည်။

ဤ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီ
ပုဂ္ဂိုလ်တို့သည် အာနာပါနစျာန်ကို ယူဆောင်သော ထက်သက်
ဝင်သက်စိတ်ဖြင့် ဤနီဝရဏ တရားငါးပါးတို့ကို ဥဂ္ဂဟနိမိတ်ကို
ရရှိသောအခါ၌လည်းကောင်း၊ ပဋိဘာဂနိမိတ်ကို ရရှိသောအခါ
၌လည်းကောင်း၊ ချုပ်ငြိမ်းကြကုန်သည်ဟု၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်
မြတ်က ဟောပြောပြခြင်းဖြစ်သည်။

သို့ပါ၍ ဤအာနာပါန ကမ္မဋ္ဌာန်းကို နေ့တိုင်း နေ့တိုင်း
ပြုလုပ်အားထုတ်ကြပါလျှင် ထိုနီဝရဏ တရားငါးပါးတို့သည်
စိတ်သန္တာန်၌ပါလျက် တပါတည်း ကင်းကွာ၍ ချုပ်ငြိမ်း၍
ငုပ်၍ ဝပ်၍ သွားကြလေတော့သည်၊ မဖြစ်ပေါ်လာ မထလာ
တော့ပြီ ကြွင်းသောအကုသိုလ် နီဝရဏတရားတို့သည်လည်း စိတ်
သန္တာန်၌ ဝတ်၍ ငုတ်၍ ကုန်ကြလေတော့သည်၊ မဖြစ်ပေါ်လာ
မထလာတော့ပြီ၊ ကျပ်ကျပ်အားထုတ်လေလေ ချုပ်ငြိမ်း ကွယ်
ပျောက်၍ ငုပ်၍ ဝပ်၍ သွားကြလေသဖြစ်သည်၊

# ပထမဆင့်

# အာနာပါန အားထုတ်မှုစခန်း

ဤအာနာပါနကမ္မဋ္ဌာန်း 'ပထမဆင့်'ကို ကျွန်ုပ်အားထုတ်လာခဲ့သော အကြောင်းသည် ၁၃၃၂ခုနှစ် သီတင်းကျွတ် လဆန်း ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလဆုတ် ၁၅ရက်နေ့အထိ (၂)လ အားထုတ်ခဲ့ရာ၌ အာနာပါန ရှုသောအချိန်သည် (၁၅) မိနစ်၊ အာနာပါနစျာန်ကို ယူဆောင်ဝင်စားသောအချိန်သည် (၁၅) မိနစ်၊ ထို နှစ်ရပ်ပေါင်း နာရီဝက် အားထုတ်မှု စခန်းသည် နံနက်စောစောတကြိမ် နံနက် (၈)နာရီမှာ တကြိမ်၊ ညနေ (၃)နာရီမှာတကြိမ်၊ ည၌ (၈)နာရီမှာ တကြိမ်အားဖြင့် မပျက်မကွက် အခိဋ္ဌာန်ပြု၍ တနေ့လျှင် (၄)ကြိမ်မှန်မှန် အားထုတ်လာခဲ့ရာတွင် ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံတွေနှင့် အာနာပါနစျာန်ကို ဝင်စားလျက် နေစဉ်အခါမှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မာဂဓပါဠိဘာသာစကားဖြင့် တရားဓမ္မ ဟောပြနည်းပေးသော အကြောင်းစကားတွေကို ဘာသာပြန် အဓိပ္ပါယ်

သဘောအရဖြင့် သိမှတ်နာယူကြပါရန် ဤအားထုတ်မှုစခန်းတွင် ရေးသားတင်ပြ သွားပါမည်။

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ကျွန်ုပ်အား ညွှန်ကြား ပြသသော ဤအာနာပါနကမ္မဋ္ဌာန်း၊ ပထမဆင့်ကို အားထုတ်ရန် အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့၊ နောက်ကရေးသားပြဆိုခဲ့ပြီးသောနည်းအတိုင်း ထိုင်ခြင်းတို့ဖြင့် ထိုင်ပြီးလျှင် ရှေးဦးစွာ ပရိက်ပြုခြင်းဟုဆိုအပ်သော 'ဘုရားကိုရှိခိုးခြင်း' မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း' 'ကမ္မဋ္ဌာန်းကို တောင်းယူခြင်း' 'ပန်ကြားခြင်း' တို့ကို ပြုလုပ်ပြီးစီးသောအခါ၊ မိမိထိုင်လိုသော အချိန် နာရီကို အဓိဋ္ဌာန်ပြု၍ ထိုင်ရပါသည်၊ အဓိဋ္ဌာန် ပြုရန်မှာ 'ဘုရား တပည့်တော်သည် အာနာပါန ထွက်သက် ဝင်သက်ကို(၁၅)မိနစ်ရှု၍၊ အာနာပါစျာန်ကို (၁၅)မိနစ် ဝင်စားနေနိုင် ပါစေသတည်း၊ နာရီဝက် အချိန်စေ့သောအခါ၌၊ စျာန်မှထနိုင်ပါစေသတည်း"ဟူ၍ သုံးကြိမ်ဆိုပြီးလျှင်၊ ပရိက်ပြုရာ၌ ရှိခိုးလျက်ရှိသောလက်ကို ချလိုက်ပြီးလျှင်၊ နောက်ကရေးသားပြဆိုခဲ့ပြီးသော လက်ထားခြင်း(၃)မျိုးတို့တွင်၊ "တင့်တယ်သော လက်ထားခြင်း"ဖြင့် လက်ကိုချထားပြီးလျှင်၊ ခါးကိုဖြောင့်ဖြောင့် မတ်မတ်ထား၍ အာနာပါန ထွက်သက်ဝင်သက်ကို ဝင်သက်ဖြင့် အစပြု၍၊ ရှူရှိုက်ပြီးလျှင် ထွက်သက်ကိုထုတ်၍ ထွက်စေရသည်။ ဤနည်းဖြင့်၊ "ဝင်-ထွက်" "ဝင်-ထွက်"ဟူသော စိတ်သည်၊ နှာသီးဖျားမှာ တိုးထိ"ဝင် ထွက်"နေခြင်းကို"အသိ" စိတ်ထား၍၊ မှတ်၍၊ အာရုံသည် မျက်စိမှာ အာရုံကပ်ထားလျက် ပြုထားလျက် ထွက်သက်ဝင်သက်ကို ရှူနေရခြင်းဖြစ်သည်၊ ဤသို့သော ထိုင်ခြင်းနှင့် လက်ထားခြင်းတို့သည်၊ ဤထွက်သက် ဝင်

သက်ကို ရှုမနေသောအခါမှာ၊ မိမိခန္ဓာကိုယ်သည်၊ မယိမ်းမယိုင် မလှုပ်မရှားဘဲလျက် တည်ငြိမ်၍ နေလေသည်။

ဤထွက်သက်ဝင်သက်ကို ရှုရာတွင် နောက်က ရေးသားပြဆိုခဲ့ပြီးသော ရှုခြင်း(၃)မျိုးတို့တွင်၊ မဇ္ဈိမပဋိပဒါ ဖြစ်သော အလယ်အလတ် မှန်မှန်ရှုခြင်းကို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြုလုပ်အားထုတ်ရန် ညွှန်ကြားတိုက်တွန်းတော်မူ လေသည်၊ ဤသို့ ရှုရှိုက်၍ အချိန်အနည်းငယ်မျှကြာသောအခါတွင်၊ "စက္ခု" မျက်စိအာရုံတွင်၊ ရှေးဦးစွာ ပသာမဖြစ်ပေါ်လာသည်မှာ၊ နှင်းကျနေသော အရောင်ကဲ့သို့လည်းကောင်း၊ ၎င်းနောက် ဝါဂွမ်းထွေးကြီး အရောင်ကဲ့သို့လည်းကောင်း၊ ၎င်းနောက်ခေတ်မီးချောင်းကို ထွန်းသားသော အရောင်ကဲ့သို့ လည်းကောင်း၊ တဖြည်းဖြည်း၊ အလင်းရောင်တို့သည် တိုးတက်၍၊ တိုးတက်၍၊ ဖြစ်ပေါ်လာပြီးလျှင်၊ အလင်းရောင်တွေ ထိန်ထိန်တောက်လျက် မျက်စိအတွင်းမှာ ကိုန်းအောင်း ဖြစ်ပေါ်လာသည်၊ ဤသို့ ကိုန်းအောင်းဖြစ်ပေါ်လာသော အလင်းရောင်တို့သည်၊ ဗဟိဒ္ဓအာရုံ ဖြစ်သဖြင့်၊ မိမိနှင့်စပ်လျက် သုံးတောင်လေးတောင်မျှ လောက်မှာ ထင်မြင်၍နေသော အလင်းရောင်တို့ဖြစ်သည်၊ ဤအားထုတ်မှုတွင် အရှုကိုရပ်စဲလျက်၊ အာနာပါနစျာန်ကို ယူဆောင်ဝင်စားလိုက်သောအခါ စိတ်ကို မိမိ၏ဥကွောင်းမှာတင်၍ သို့မဟုတ် မိမိ၏ ဥကွောင်းအတွင်းထဲမှာ သွတ်သွင်းထား၍ စက္ခုအာရုံသည်၊ ရှေ့တွင် ဖြစ်ပေါ်ရရှိနေသော အလင်းရောင်ကို၊ အာရုံစိုက်၍ ကသိုဏ်းဝန်ကိုကြည့်ရှု အာရုံပြုနေသကဲ့သို့၊ ရှေ့တွင် ဖြစ်ပေါ်ရရှိနေသော ဗဟိဒ္ဓအပြင် အာရုံနိမိတ်ကို ထင်မြင်ဝင်စားနေခြင်းဖြစ်သည်၊ မိမိခန္ဓာကိုယ်ပေါ်၌ ဖြစ်ပေါ်လာမှုဝေဒ

နာတွေ ဖျိုးဖျိုးဖျဉ်းဖျဉ်းတက်၍လာသည်၊ ခြေကကျင်၊ ပေါင်က ကိုက်နှင့် တကိုယ်လုံးရိုက်ထားသလို ဖြစ်ပေါ်လာသည်ကို တွေ့ရသဖြင့်၊ ထိုဝေဒနာတွေ ဖြစ်ပေါ်လာမှုကိုလည်း၊ ဝိပဿနာတင်ရှု၍ အာရုံပြုနေခြင်းဖြစ်သည်။

ဤသို့ ကျွန်ုပ်သည်၊ ထိုနှစ်ခုသောအာရုံပြုခြင်းကို ဝင်စားလျက် နေခဲ့ရာတွင်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောဆိုညွှန်ကြားပြန်သည်မှာ ဝေဒနာတွေကို ဥပေက္ခာပြု၍၊ ဈာန်အလင်းရောင်ပေါ်မှာသာလျှင်၊ ဝင်စားလျက်နေရမည်ဟု ဆိုသဖြင့်၊ မိမိကိုယ်ပေါ်မှာ ဖြစ်ပေါ်လာသော ဝေဒနာတွေကို ဥပေက္ခာပြု၍ ဈာန်ဝင်စားမှုကို အာရုံစိုက် အားထုတ်လိုက်သောအခါ ထိုဖြစ်ပေါ်လာနေသော ဝေဒနာတို့သည် တခါတည်း ချုပ်ငြိမ်းကွယ်ပျောက်၍ သွားကြလေတော့သည်၊ နောက်တဖန် မဖြစ်ပေါ်လာဘဲလျက် ဈာန်အာရုံသည် ပိုမိုထင်ရှားပြီး၊ ထွန်းလင်းတောက်ပလျက် အရောင်တွေဖြာထွက်၍ လင်းလာသည်။

ဤအာနာပါန ထွက်သက်ဝင်သက်ကိုရှု၍ အာနာပါနဈာန်ကို ယူဆောင်ဝင်စားလျက် အားထုတ်လာခဲ့ရာ(၁)လ အချိန်သို့ရောက်ရှိလာခဲ့ရာတွင် အလင်းရောင်သည် ပိုမိုအားကောင်းပြီး ထွန်းလင်းတောက်ပလျက်ဖြစ်လာသည်၊ "ဥပမာ" တင်ပြရေးသားရမည်ဆိုလျှင်၊ နံနက်စောစော အချိန်အခါတို့၌၊ အရှေ့အရပ်မှ ထွက်ပေါ်တက်လာသော နေအရုဏ် ရောင်ခြည်ကဲ့သို့၊ တဖြည်းဖြည်း ရင့်သန်လျက် ရင့်သန်လျက် လင်းလာသလို ထိုနည်းတူစွာ အဖြူအလင်းရောင်သည်၊ ခတ်မီးချောင်းကို ထွန်းထားသော အလင်းရောင်လို လင်းလျက်ရှိနေရာတွင် အာနာပါနဈာန်ကို ယူဆောင်ဝင်စားလိုက်သောအခါ၊ ဤအလင်းရောင်သည်၊ ရှေ့

တည့်တည့်မှာ ပိုမိုစုလျက်၊ စုလျက်၊ ဖြစ်ပေါ်လာလေသည်၊ ဤသို့ တနေ့(၅)ကြိမ် အားသွန်စိုက်ထုတ် ပြုလုပ်အားထုတ်လာသော အခါ၌ အလင်းရောင်ဖြစ်ပေါ် တိုးတက်လာရုံတွင်မက၊ ဤအာနာပါန ထွက်သက်ဝင်သက်ကို ရှုရသော အလေ့အကျင့်ဖြင့်၊ လေကိုကောင်းမွန်စွာ မှန်မှန်ရှူမှုခြင်းကြောင့်လည်း၊ မိမိ၏ခန္ဓာ ကိုယ်တခုလုံးတွင် သွားနေသော၊ သွေးကြော၊ လေကြော၊ အာ ရုံကြောတို့ကို သန့်စင်လျက် အားရှိစေခြင်း၊ အဆုတ်နှင့် နှလုံး အိမ်ကိုလည်း အားရှိစေခြင်းဖြစ်သဖြင့်၊ အဆုတ်ရောဂါ၊ နှလုံး ရောဂါ၊ လေနှင့်ပတ်သက်သော ရောဂါဟူသမျှကို ပျောက်ကင်း ချမ်းသာစေနိုင်သည်၊ ဤအာနာပါန ထွက်သက် ဝင်သက်ကို အားထုတ်မှုကြောင့်၊ အာကာသဓာတ် အခိုးအကင်းပွင့်စေသဖြင့် လည်း၊ ကျန်းမာရေး အလွန်ကောင်းမွန် လာစေနိုင်သည် ဖြစ်ပါ သည်။

## အထူးမှတ်ချက် (၁)

ဤအာနာပါန-ထွက်သက် ဝင်သက်ကို
ရှုရခြင်းကြောင့်
ကျန်းမာရေး အလွန်ကောင်းနိုင်သည်။

ဤအာနာပါန- ထွက်သက် ဝင်သက်ကိုရှု၍ ဈာန်ကိုယူ ဆောင်ဝင်စားပြီး တနေ့(၄)ကြိမ် မပျက်မကွက်အားထုတ်လာခဲ့ ရာတွင်၊ ဝေဒနာတို့သည်၊ ညောင်းခြင်း၊ ကိုက်ခြင်း၊ ထုံကျင်ခြင်း

မရှိဘဲလျက်၊ အာနာပါန ဈာန်ကို မပျက်မကွက် ဝင်စား အား ထုတ်လာနိုင်ခဲ့သည် ဖြစ်ပါသည်။

တနေ့သောညဥ့်အခါ၌ အာနာပါန ထွက်သက်ဝင်သက်ကို ရှုရာတွင် အလင်းရောင်ထိန်ထိန်တောက် ကိန်းအောင်းပြည့်စုံဖြစ် ပေါ်လာသည်ဖြစ်၍၊ အာနာပါနဈာန်ကို ယူဆောင်ဝင်စားလိုက် သောအခါ ဤအလင်းရောင်သည် ပိုမိုလင်းလျက် ရှေ့တွင်စုလာ ပြီး လင်းနေပါသည် ထိုအခါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က 'မဂဓပါဠိဘာသာ' စကားဖြင့် ကျွန်ုပ်အား ဟောပြောပြလေ သည်။ ဤသို့ဟောပြောပြသော 'မဂဓ'စကားတို့ကို မဖော်ပြ မရေးသားဘဲလျက် ဘာသာပြန်အဓိပ္ပါယ် သဘောအရကို သိမှတ် ကြားနာကြပါစေရန် ရေးသားဖော်ပြသွားပါမည်။

ဤသို့ဟောပြောသော 'မဂဓပါဠိဘာသာ'စကား၏ ဘာသာ ပြန် အဓိပ္ပါယ်သဘောအရမှာ....

'ပြည့်စုံသော အလင်းရောင် ကိန်းအောင်းဖြစ်ပေါ် ကုန်၏ဈာန်ဖြစ်လတံ့'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

တနေ့သောအခါ၌ ဤ အာနာပါနဈာန်ကို ဝင်စားအား ထုတ်လျက်နေစဉ်အခါ၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ထိုနည်း ၎င်း ကျွန်ုပ်အား မဂဓပါဠိဘာသာစကားဖြင့် ဤအာနာပါန ကမ္မဋ္ဌာန်း၏အကြောင်းကို ဟောပြော၍ တရားပြတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ် သဘောအရ ရေးသားဖော်ပြပါသည်။

'ဤထွက်သက်ဝင်သက်သည် ကိုယ်ကို သတိပြဋ္ဌာန်း သောစိတ် ဖြစ်ပေါ်ကုန်၏။ ထိုစိတ်သည် အရောင်အ

လင်း ကိန်းအောင်းခြင်းသည်သာလျှင် စောင့်ရှောက်အပ်ကုန်၏'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ထို့ကြောင့် ယောဂီအပေါင်းတို့၊ဤအာနာပါနစျာန်ကို အားထုတ်မှုသည်၊ဝေဒနာအပေါ်ပိုအာရုံမလိုက်ဘဲနှင့် စျာန်အရောင်အလင်းပေါ်မှာ အာရုံစိုက်၍ ဝင်စားနေရမည်ဟု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ရှေးဦးစွာ တရားကို ပြသညွှန်ကြားတော် မူခဲ့လေသည်။

ဤသို့ အာနာပါန ထွက်သက်ဝင်သက်ရှု၍ အရောင်အလင်းစျာန်ကို ယူဆောင်အားထုတ်မှုသည် တဖြည်းဖြည်း ရင့်သန်ပွင့်ဖွံ့၍ အလင်းရောင်တွေ တိုးတက်လာသည်ဖြစ်ပါသည်။

တနေ့သောအခါ၌ ကျွန်ုပ်သည် တရားကိုထိုင်၍ ထွက်သက်ဝင်သက်ကို မှန်မှန်ရှုရှိုက်လျက်နေရာတွင် ခါတိုင်းကဲ့သို့ အလင်းရောင် မဖြစ်ပေါ်လာဘဲလျက် ရေထဲမှာငုပ်ပြီး မျက်စိကိုဖွင့်ထားသလို ရေတွေကိုမြင်နေရသည်၊ ဘယ်လိုအရောင် ဖြစ်ပေါ်လာမှန်းမသိပါသဖြင့် ထွက်သက်ဝင်သက်ကို အာရုံစိုက်ပြီး ဖိရှုနေရာတွင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ညွှန်ကြား ပြောဆိုပြနေသည်မှာ 'ဥဒကောပိ-ဥဒတိ' 'ဥဒကောပိ-ဥဒတိ' 'ရေသည်လည်းဖြစ်၏' 'ရေသည်လည်းဖြစ်၏'ဟူ၍ ပြောဆိုနေသည်။ ကျွန်ုပ်သည် ထွက်သက်ဝင်သက်ရှုနေရာတွင် ထိုသို့ဖြစ်ပေါ်လျက်နေသော ရေအရောင်ဖြင့် စျာန်ကို ယူဆောင်ဝင်စားလိုက်သောအခါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် မာဂဓပါဠိဘာသာစကားဖြင့် ဟောပြော၍ တရားကိုပြတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ် သဘောအရ ရေးသားဖော်ပြပါသည်။

'ဤထွက်သက်ဝင်သက်ကို အာရုံပြုသော စိတ်သည်၊
ရေသည်လည်းဖြစ်၏။ စိတ်၌ ဖြစ်ပေါ်လာတတ်သည်။
မြေသည်လည်းဖြစ်၏။ စိတ်၌ ဖြစ်ပေါ်လာတတ်သည်။
မီးသည်လည်းဖြစ်၏။ စိတ်၌ ဖြစ်ပေါ်လာတတ်သည်။
လေသည်လည်းဖြစ်၏၊ စိတ်၌ ဖြစ်ပေါ်လာတတ်သည်။
ထိုစိတ်တို့သည် ကသိုဏ်းဆယ်ပါးဖြစ်ခြင်းကို ဖြစ်ပေါ်
လာတတ်ကြကုန်သည်'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ပုဂ္ဂိုလ်ဘူးပုဂ္ဂိုလ်မြတ်ကဟောကြားတော်မူသော ဘုရားမှာ ဤအာနာပါန ထွက်သက်ဝင်သက်ကို ရှုသောစိတ်သည် အာဒိကမ္မိက အစပြုလုပ် အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဖြစ်ပေါ်လာတတ်သည်မှာ မီးခိုးအရောင်ကဲ့သို့လည်းကောင်း၊ နှင်းကျသောအရောင်ကဲ့သို့လည်းကောင်း၊ ဝါဂွမ်းအရောင်ကဲ့သို့လည်းကောင်း၊ ခတ်မီးချောင်းကို ထွန်းထားသောအရောင်ကဲ့သို့လည်းကောင်း၊ ဖြူချင်ဖြူ၊ စိမ်းချင်စိမ်း၊ ဝါချင်ဝါ၊ ပြာချင်ပြာ၊ ညိုချင်ညို၊ သို့ကလိုဖြစ်ပေါ်လာတတ်သည်ဖြစ်သည်။ ထို့ကြောင့် ရေအရောင်၊ မြေအရောင်၊ မီးအရောင်၊ လေအရောင်၊ ကသိုဏ်းဆယ်ပါးကို အားထုတ်၍ စိတ်၌ ဖြစ်ပေါ်ရှိလာတတ်သလို ဖြစ်ပေါ်လာသည်ဟူ၍ ဟောပြောတော်မူသည်။

တနေ့သောအခါ၌ ကျွန်ုပ်သည် တရားမထိုင်ခင် အချိန်အခါက ကြံစည်ပြုလုပ်မှု၊ ပြောဆိုမှုတွေနှင့် စိတ်၌ ကြောင့်ကြမကင်းဘဲလျက် ဝိတက်တွေ ပွားများနေခိုက်တွင် တရားထိုင်ရန်အချိန်နာရီကျရောက်လာသဖြင့် တရားကိုဝင်ထိုင်၍ အာနာပါန ထွက်သက်ဝင်သက်ကို ရှုရှိုက်ရာတွင် ခါတိုင်းကဲ့သို့ အသင်းရောင်

မဖြစ်ပေါ်ဘဲလျက်၊ အမှောင်လောကကြီး ဖြစ်ပေါ်လျက် ဖြစ်နေသည်။ ထိုအခါ သော်တအာရုံ၌ 'ဖိုရှု''ဖိုရှု'ဟူသော စကားကို ကြားလာရသလိုဖြစ်သဖြင့် အာနာပါန ထွက်သက်ဝင်သက်ကို ခပ်ပြင်းပြင်း ခပ်မြန်မြန် အချိန် အနည်းငယ်မျှလောက် ရှုပေးသောအခါကျမှ အလင်းရောင် ဖြစ်ထွန်းပေါ်ပေါက်လာစဉ်၊ အာနာပါနစျာန်တို့ ယူဆောင်ဝင်စားလိုက်သောအခါ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားဖြင့် တရားကို ပြသဟောပြောတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ်သဘောအရ ရေးသားဖော်ပြပါသည်။

> 'အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ အဝိဇ္ဇာဟူသောအကြောင်းဖြင့် အာရုံကိုလွှတ်၍ ထွက်သက်ဝင်သက်မှ ထွက်သက်ဝင်သက်၏ ပြုလုပ်ခြင်းသည်သာလျှင် အလင်းရောင်နှင့်ပြည့်စုံသော အကျိုးအာရုံသည် ဖြစ်ပေါ်လာ၏'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ဟောပြောတော်မူသော တရားတော်သည်ကား၊အာနာပါနကမ္မဋ္ဌာန်းစျာန်လမ်းကိုအားထုတ်ကြကုန်သောယောဂီပုဂ္ဂိုလ်အပေါင်းတို့၏ မိမိတို့၏ကြံစည်မှု ပြောဆိုမှု လုပ်ကိုင်မှုနှင့် အကြောင့်ကြမကင်းဘဲလျက် ဝိဘက်တွေပွားများပြီး တရားထိုင်ခြင်းကိစ္စအမှုကို ပြုလုပ်အားထုတ်ခဲ့ပါသော် အာနာပါန ထွက်သက် ဝင်သက်ကိုရှုရာတွင် အလင်းရောင်အာရုံမရ ဘဲ လျက် အဝိဇ္ဇာတည်းဟူသော အမှောင်လောကအာရုံသည် စွဲကပ်တည်ရှိဖြစ်ပေါ်နေတတ်ကြသည်၊ ဤသို့အလင်းရောင်အာရုံ မဖြစ်ပေါ်ဘဲလျက်နေခဲ့ပါလျှင် ထွက်သက်ဝင်သက်ကို မှန်မှန်ရှုခြင်းမှ

မြန်မြန်ရှုခြင်းသို့ အချိန်အနည်းငယ်မျှလောက် ပြုလုပ်ပေးလိုက်ပါလျှင် ချက်ခြင်းအလင်းရောင်နှင့်ပြည့်စုံသော အကျိုးအာရုံသည် သင်ရှားဖြစ်ပေါ်လာသည်ဟူ၍ ညွှန်ကြားဟောပြောတော်မူခဲ့လသည်။

ဤအာနာပါနအားထုတ်မှုစခန်းတွင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က တရားကိုညွှန်ကြားပြသပေးသည့်အတိုင်း သိမှတ်နာယူ၍အမိဋ္ဌာန်ပြုထားသည့် တနေ့ (၄) ကြိမ်၊ မပျက်မကွက်အားကြိုးမာန်တက်ဆက်လက်၍အားထုတ်သာခဲ့ခြင်းဖြစ်သည်။

တနေ့သောအခါ ထွက်သက်ဝင်သက်ကိုရှု၍ အလင်းရောင်ကိန်းအောင်းပြည့်စုံလာသောအခါ အာနာပါနစျာန်ကို ယူဆောင်ဝင်စားလျက်နေရာတွင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားဖြင့် ညွှန်ကြားပြသဟောပြောသောတရားကိုဘာသာပြန် အဓိပ္ပါယ်သဘောအရ ရေးသားဖော်ပြပါသည်။

'စျာန်ကိုစျာန်ကိုဖြစ်စေတတ်၏၊ ထို့ကြောင့် အလုံးစုံသောအာရုံတို့ကို သိကုန်သည်ဖြစ်၏၊ အလုံးစုံသောလောကတို့ကို သိကုန်သည်ဖြစ်၏၊ အလုံးစုံသောသတ္တဝါတို့ကို သိကုန်သည်ဖြစ်၏၊ အာနာပါန ကမ္မဋ္ဌာန်းကိုစီးဖြန်းအားထုတ်ကြပါကုန်သော သင်တို့သည် စျာန်ကိုစျာန်ကို ပွားများအားထုတ်ကြပါကုန်လော့၊ အလုံးစုံသော ဝိဇ္ဇာခိုရ်ရတို့၏ ဉာဏ်အတတ်ကိုဖြစ်ပေါ်တတ်ကုန်၏' ဟူ၍ ဟောပြောမူခြင်းဖြစ်ပါသည်။

အာနာပါနကမ္မဋ္ဌာန်းစျာန်လမ်းကို အားထုတ်ကြကုန်သောယောဂီပုဂ္ဂိုလ်အပေါင်းတို့အား ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က စျာန်ကို

ရအောင် အားထုတ်ကြပါရန် တိုက်တွန်းနှိုးဆော်တော်မူသည်၊ ဈာန်ကိုရလာသည့်အခါ အလုံးစုံသော အာရုံတို့ကိုသိနိုင်သည်၊ အလုံးစုံသောလောကတို့ကိုသိနိုင်သည်၊ အလုံးစုံသော သတ္တဝါတို့ကိုသိနိုင်သည်၊ အလုံးစုံသောဝိဇ္ဇာမိုရ်တို့၏ ဉာဏ်အတတ်ကို ဖြစ်ပေါ်ရရှိနိုင်သည်ဟူ၍ တရားဓမ္မအရ အလားအလာကိုပြ၍ ဟောပြောပြခြင်းဖြစ်သည်။

## အထူးမှတ်ချက် (၂)

**အာနာပါန-ထွက်သက် ဝင်သက်၏**
**ဈာန်ကိုဝင်စားမှုကြောင့်**
**ဝိဇ္ဇာမိုရ်တို့၏ဉာဏ်အတတ်ကိုရနိုင်သည်။**

ထိုသို့တနေ့သောအခါ၌ အာနာပါန ထွက်သက်ဝင်သက်ကို ရှုရာတွင် အလင်းရောင် ကိန်းအောင်း ပြည့်စုံလာသောအခါ အာနာပါနစျာန်ကိုယူဆောင် ဝင်စားလိုက်သည်နှင့် တပြိုင်နက် အလင်းရောင်သည် ရှေ့မှာစုဝိုင်းလျက်ဖြစ်ပေါ်လာ၍ ဝိဇ္ဇာဉာဏ်ကြီးဖြစ်ပေါ်ရရှိလာသည်၊ ထိုဝိဇ္ဇာဉာဏ်ကြီးသည် သိမှုတွေ မြင်မှုတွေ ကြားမှုတွေ ကြံစည်ပုံလုပ်လိုမှုတွေဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသည်၊ ထိုအခါတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က မာဂဓေပါဠိဘာသာစကားဖြင့် ညွှန်ကြား ဟောပြောပြတော်မူသည်ကို ဘာသာပြန်အဓိပ္ပာယ်သဘောအရ ရေးသားဖော်ပြပါသည်။

'အလုံးစုံသောလာဘ်တို့ကို ဆောင်ယူလာစေလိုသော စိတ်သည် အာရုံဖြင့်ပြုလုပ်၍ ရတတ်သည်၊ အလုံးစုံသော လာရမည့် လာဘ်လာဘစိတ်သည် အာရုံဖြင့်ပြုလုပ်၍ ရတတ်သည်၊ အလုံးစုံသော အမှုအလုပ်တို့၏စိတ်သည် အာရုံဖြင့်ပြုလုပ်၍ အောင်မြင်စေတတ်သည်၊ ထို့ကြောင့် သင်တို့သည် ထိုအမှုအလုပ်တို့ကို စိတ်ဖြင့်ပြုလုပ်သကဲ့သို့ အောင်မြင်ကြလေကုန်သည်ဖြစ်သည်' ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ဟောပြောပြတော်မူသော တရားတော်သည် အလုံးစုံသော လာဘ်တို့ကို ဆောင်ယူပြီးလာစေလိုလျှင် မိမိတို့ဝင်စားအားထုတ်နေသော အာနာပါနစျာန်အလင်းရောင်ကိန်းအောင်းဖြစ်ပေါ်နေသည်၊ ဝိဇ္ဇာဉာဏ်၏ စျာန်စိတ်ဖြင့် အာရုံကိုညွှတ်စေလျက်ပြုလုပ်ရသည်၊ အလုံးစုံသောရလာမည့် လာဘ်တို့ကိုလည်း ထိုနည်းအတိုင်း အာရုံဖြင့်ပြုလုပ်ရသည်၊ ၎င်းအပြင် အမှုအလုပ်တို့ကိုလည်း ထို့နည်းတူစွာအာရုံဖြင့်ပြုလုပ်ရသည်၊ ဤသို့ပြုလုပ်လိုလျှင် တရားကိုထိုင်သောအခါ၌ ပရိကံပြုပြီးသောအခါတွင် အလိုရှိအပ်သောအကြောင်းကို စိတ်ဖြင့်ညွှတ်လေလျက် အဓိဋ္ဌာန်ပြုရသည်၊ ထို့နောက် အာနာပါနကိုရှူ၍ စျာန်ကိုယူဆောင်ဝင်စားလိုက်သောအခါ အလင်းရောင်ကိန်းအောင်းဖြစ်ပေါ်လာသည့် ဝိဇ္ဇာဉာဏ်၏ စျာန်စိတ်ဖြင့်ညွှတ်စေ၍ အာရုံဖြင့်ပြုလုပ်ဆောင်ရွက်ခြင်းသည် လိုအပ်တောင့်တအပ်သောလာဘ်အပေါင်းတို့နှင့် အလုံးစုံသောအမှုအလုပ်တို့ကို အောင်မြင်စေတတ်သည်ဟူ၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြောညွှန်ကြားတော်မူသည်။

# အထူးမှတ်ချက် (၃)

ဤအာနာပါနစျာန် ဝိဇ္ဇာဉာဏ်ဖြင့်
ဝိဋ္ဌာန်ရှုပွါးလုပ်ခြင်းငှာ
လာဘ်လာဘတို့ကို ရစေရောက်စေနိုင်သည်

တနေ့သောညဦးအခါ၌ အာနာပါနစျာန်ကိုဝင်စားအားထုတ်နေစဉ်အခါမှာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်အားသို့ မဂဓပါဠိဘာသာစကားဖြင့် တရားဓမ္မကို ဟောပြောပြသ ညွှန်ကြားတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ်သဘောအရရေးသားဖေါ်ပြပါသည်။

(၁) အလုံးစုံသောတရားတို့တွင် မဂ်ကို အာရုံပြုသော စိတ်သည် အကြောင်းကိုစွန့်လွှတ်၍ အာရုံပြုခြင်းသည် ဖြစ်ပေါ်ကြကုန်သည်။

(၂) အလုံးစုံသောတရားတို့တွင် ဖြစ်ပျက်ကို အာရုံပြုသောစိတ်သည် ကုန်ခမ်းခြင်းသဘော' 'ပျက်စီးခြင်းသဘော'တို့ကို အာရုံပြုခြင်းဖြစ်သည်။

(၃) အလုံးစုံသောလာဘ်တို့ကို အာရုံပြုသောစိတ်သည် အဝိဋ္ဌာန်ပြုခြင်းငှါ စျာန်ကိုယူဆောင်၍ အာရုံပြုခြင်းသည် ရတတ်သည်'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ဟောပြောတော်မူသော တရားမှာ မဂ်ကိုအာရုံပြုသောစိတ်သည် တဏှာသမုဒယ တည်းဟူသော အကြောင်းတို့ကို စွန့်လွှတ်၍ အာရုံပြုလျှင် မဂ်ဖြစ်ပေါ်သည်။ သင်္ခါရကို အာရုံပြုသောစိတ်သည် ကုန်ခမ်းခြင်းသဘော ပျက်စီးခြင်းသဘောတို့ကိုအာရုံပြုခြင်းဖြစ်သည်အလုံးစုံသောလာဘ်တို့ကို အလိုရှိ၍ အာရုံပြုသောစိတ်သည် အင်ဂွာန်ပြုလုပ်၍ အာနာပါန ထွက်သက်ဝင်သက်ကိုရှုပြီး အလင်းရောင်ကိုန်းအောင်း ပြည့်စုံသောအခါ ဈာန်ကိုယူဆောင်ဝင်စား၍ ဈာန်စိတ်ဖြင့် အာရုံပြုခြင်းသည် အလိုရှိအပ် တောင့်တအပ်သော လာဘ်တို့ကိုရစေတတ်သည်ဟူ၍ ဟောပြောညွှန်ကြား ပြသခြင်းဖြစ်သည်။

တနေ့သောနံနက်ပိုင်း အချိန်အခါ၌ အာနာပါနဈာန်ကို ဝင်စားလျက်နေစဉ် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်အား အမှုအလုပ်တို့နှင့်ပတ်သက်သော အခါ၌ ဤဈာန်စိတ်ဖြင့် ပြုလုပ်ဆောင်ရွက်ပါရန် မဂဓပါဠိဘာသာ စကားဖြင့် ဟောပြောပြသည်ကို ဘာသာပြန်အဓိပ္ပါယ် သဘောအရ ရေးသားဖော်ပြပါသည်။

> ဤဈာန်စိတ်သည် အလုံးစုံသော အမှုအလုပ်တို့ကို အောင်မြင်စေတတ်သည်။ အလုံးစုံသောအလုပ်တို့၏ ပြုလုပ်ခြင်းကို အောင်မြင်စေတတ်သည်။ ထို့ကြောင့် ဈာန်ကိုယူဆောင်သောစိတ်သည် မိဋ္ဌာန်၍ ပြုလုပ်ခြင်းသည် သာလျှင် အောင်မြင်ကြကုန်သည်ဖြစ်သည်ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကဟောပြောတော်မူသော အဓိပ္ပါယ်သဘောသည် အာနာပါန ထွက်သက်ဝင်သက်ကို အားထုတ်ပြု

လုပ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ ဤအာနာပါန စျာန်စိတ်ဖြင့် အလုံးစုံသော အမှုအလုပ်တို့ကို အောင်မြင်စေတတ်သည်ဟူ၍ ပြောဆိုညွှန်ကြားတော်မူခြင်းဖြစ်သည်။ ဤသို့အောင်မြင်ရန်ပြုလုပ်ခြင်းငှါ အဓိဋ္ဌာန်ဖြင့်ပြုလုပ်ရသည်။ အဓိဋ္ဌာန်ပြုပြီးသည့်နောက် အာနာပါန ထွက်သက်ဝင်သက်၏ စျာန်ကို ယူဆောင်ပြီး ဤစျာန်စိတ်ဖြင့် အာရုံပြုလျက် စိတ်ကိုညွှတ်စေ၍ ပြုလုပ်ရခြင်းဖြစ်သည်။

အဓိဋ္ဌာန်ပြုလုပ်ရခြင်းမှာ (၂) မျိုးရှိပါသည်၊ ထိုနှစ်မျိုးတို့မှာ 'သစ္စာပြု၍ဓိဋ္ဌာန်ခြင်း' 'ရိုးရိုးဓိဋ္ဌာန်ခြင်း' ဟူ၍ဖြစ်သည်၊ 'သစ္စာပြု၍ဓိဋ္ဌာန်ခြင်းမှာ' သာသနာရေးနှင့် ပတ်သက်သော သာသနာပြုအလုပ်ကိစ္စ ဘုရားတည်ကျောင်းဆောက်နှင့် ရေတွင်းရေကန်တူးဖေါ်ခြင်းကိစ္စ ဟူသမျှတို့ကို ပြုလုပ်ဆောင်ရွက်ရာ၌ ဘုရားမှာသစ္စာပြု၍ အဓိဋ္ဌာန် (၄၅) ရက် သီလဆောက်တည်ပြီး တရားထိုင်ခြင်းကိစ္စ စျာန်ကိုဝင်စားအားထုတ်ရသည်၊ အဓိဋ္ဌာန်ပြည့်မြောက်၍ထွက်သောအခါကျမှမိမိတို့အလိုရှိအပ်သောအလုပ်ကိစ္စတို့ကို ဆောင်ရွက်လုပ်ကိုင်ရသည်။

အဓိဋ္ဌာန်ပြုပုံကား 'မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် (၄၅) ရက်ကာလပတ်လုံး နေ့တိုင်း-နေ့တိုင်း သီလကိုဆောက်တည်၍ တရားအားထုတ်ခြင်းကို အဓိဋ္ဌာန်ပြုပါသည် အရှင်ဘုရား၊ ဤသို့မှန်ကန်သော သစ္စာစကားကိုဆိုရသောကြောင့် ဘုရားတပည့်တော်သည် ယခုကြံစည်ပြုလုပ်လျက်ရှိသော ဘုရားစေတီတည်ထားခြင်းကိစ္စအလုပ်ကို အောင်မြင်ပြီးစီးပါစေသတည်း'ဟူ၍ အဓိဋ္ဌာန် (၃) ကြိမ်ပြုရသည်။

'ရိုးရိုးအဓိဋ္ဌာန်ပြုခြင်းမှာ' မိမိတို့ကြံစည် ပြုလုပ်ဆောင်ရွက်သောအလုပ် အမှု-ကိစ္စနှင့်လာဘ်လာဘကို တောင့်တမျှော်ကိုးလျက် အဓိဋ္ဌာန်ပြုပြီး ဈာန်ကိုဝင်စားအားထုတ်ခြင်းဖြစ်သည်။

အဓိဋ္ဌာန်ပြုပုံကား 'ကျွန်ုပ်သည်နေ့တိုင်း-နေ့တိုင်း တရားကို အားထုတ်ပါသည်၊ ဤသို့အားထုတ်ပြုလုပ်ရသောအကျိုးကြောင့် ရုံးတော်မှ ကျွန်ုပ်၏ အမှုအခင်းကိစ္စသည် အောင်မြင်ပါစေသတည်း' ဟူ၍ (၃) ကြိမ် အဓိဋ္ဌာန်ပြုရသည်၊ ဤသို့အဓိဋ္ဌာန်ပြုပြီးသောအခါ အာနာပါန ထွက်သက်ဝင်သက်ကိုရှုလိုက်သည်နှင့် အလင်းရောင်ကိန်းအောင်းသည့် ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာသောအခါ ဈာန်ကိုယူဆောင်ဝင်စားလျက် ဤဈာန်စိတ်ဖြင့် အောင်မြင်ရာအောင်မြင်ကြောင်းကို စိတ်ကညွတ်လျက် ပြုလုပ်ရသည်၊ အာရုံပြု၍ ကြည့်လိုက်လျှင်လည်း တွေ့မြင်လာရတတ်သည်၊ ဣဋ္ဌာရုံကိုမြင်လျှင် အောင်မည်ဟူ၍မှတ်၊ အနိဋ္ဌာရုံကိုမြင်လျှင် မအောင်မြင်ဘူးဟူ၍မှတ်ရသည်။

ဥပမာဆိုသော် တရားသူကြီးကို ဈာန်၏စိတ်တန်ခိုးဖြင့် ညွတ်လျက် ကြည့်လိုက်လျှင်မြင်လာရတတ်သည်၊ ထိုတရားသူကြီးသည် ပြုံးပြုံးရွှင်ရွှင်နှင့် မျက်နှာသာယာလျက်နေခြင်းတို့ တွေ့မြင်ရမှု မိမိအမှုကိစ္စအောင်မြင်မည် အနိုင်ရမည်ဖြစ်သည်၊ မျက်နှာမရွှင်ပြုံးဘဲလျက် မျက်နှာတားအိုနေခြင်းကို တွေ့မြင်ရမှု တရားမအောင်မြင်ဘဲလျက် တရားရှုံးမည်ဟူ၍မှတ်ရသည်၊ သို့ပါသောကြောင့် ယောဂီအပေါင်းတို့သည် မိမိတို့၏အမှုကိစ္စတို့ကို အောင်မြင်ကြစေရန်နေ့တိုင်း-နေ့တိုင် ဆက်ခါဆက်ခါ အာနာပါနဈာန်ကိုဝင်စားပြီး ဓိဋ္ဌာန်၍ပြုလုပ်အားထုတ်ပေးပါလျှင် ဆောလျှင်

မြန်အောင်မြင်လာစေတတ်သည်ဟူ၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန်ကြားပြောဆိုပြသထားခြင်းဖြစ်သည်။

## အထူးမှတ်ချက် (၄)

ဤအာနာပါနဈာန်ဝိဇ္ဇာဉာဏ်ဖြင့်
ဓိဋ္ဌာန်၍ပြုလုပ်ခြင်းငှာ
အမှုအလုပ်တို့ကို အောင်မြင်ပြီးစီးစေနိုင်သည်။

ဤ 'ပထမဆင့်' အာနာပါနအားထုတ်မှုစခန်းသည် နှစ်လအချိန် သို့ပြည့်မြောက်ရောက်ရှိလာခဲ့ပါသဖြင့် အလင်းရောင်ကိန်းအောင်းပြည့်စုံလျှက်ဖြစ်ပေါ်ရရှိနေသောဝိဇ္ဇာဉာဏ် ဈာန်စိတ်ဖြစ်သည်၊ ဤဈာန်စိတ်သည် ပရိကမ္မနိမိတ်အာရုံဖြစ်သောအလင်းရောင်သည် ရှေးဦးစွာဖြစ်ပေါ်ရရှိလာသည်၊ 'အာနာပါနစိတ္တံ' ထွက်သက်ပင်သက်စိတ်၏ ဝိဇ္ဇာဉာဏ်စိတ်ဟုခေါ်သည်၊ ဤတွင် ပထမဆင့်အားထုတ်မှုစခန်းမှာ ဖြစ်ပေါ်ရရှိလာသောအကြောင်းတို့ဖြစ်ပါသည်။

'ပထမဆင့်' ပြီး၏။

## ဒုတိယဆင့်

# အာနာပါန အားထုတ်မှုစခန်း

ဤအာနာပါနကမ္မဋ္ဌာန်း 'ဒုတိယဆင့်'ကို ကျွန်ုပ် အားထုတ်လာခဲ့သောအကြောင်းသည် ၁၃၃၂-ခုနှစ် နတ်တော်လဆန်း ၁-ရက်နေ့မှစ၍ ပြာသိုလဆုတ် ၁၅-ရက်နေ့အထိ (၂)လ အားထုတ်ခဲ့ရာ၌ အာနာပါန ရှုသောအချိန်သည် (၁၅) မိနစ်၊ အာနာပါနစျာန်ကိုယူဆောင်ဝင်စားသောအချိန်သည်(၃၀)မိနစ် ထိုနှစ်ရပ်ပေါင်း (၄၅)မိနစ်အားထုတ်မှုစခန်းသည် နံနက် စောစောမှာတကြိမ်၊ ည (၈) နာရီမှာတကြိမ်အားဖြင့် မပျက်မကွက် အစဉ်ထာန်ပြု၍ တနေ့လျှင် (၄) ကြိမ် မှန်မှန်အားထုတ်လာခဲ့ရာတွင် ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံအမြင်အကြားတွေနှင့် အာနာပါနစျာန်ကိုယူဆောင်ဝင်စားလျက်နေစဉ်အခါမှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က 'မာဂဓပါဠိဘာသာ'စကားဖြင့် တရားဓမ္မဟောပြောပြသနည်းပေးသော အကြောင်းစကားတွေကို ဘာသာပြန် အဓိပ္ပာယ်သဘောအရ သိမှတ်နာယူကြပါစေရန် ဤအားထုတ်မှုစခန်းတွင်ရေးသားတင်ပြသွားပါမည်ဖြစ်ပါသည်။

ဤအာနာပါနကမ္မဋ္ဌာန်းချဉ်းလမ်း 'ဒုတိယဆင့်'ကိုအားထုတ်ရန်၊ အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ နောက်က ရေးသားပြဆိုခဲ့ပြီးသောနည်းအတိုင်း ထိုင်ခြင်းတို့ဖြင့်ထိုင်ပြီးလျှင် ရှေးဦးစွာပရိကံပြုခြင်းကို (ပဌမဆင့်မှာရေးသား ပြဆိုခဲ့ပြီးသော နည်းအတိုင်း) ပြုလုပ်ပြီးစီးသော အခါ အဓိဋ္ဌာန်ပြု၍ထိုင်ရပါသည်။ အဓိဋ္ဌာန်ပြုခြင်းကို ဆိုရမည်မှာ 'ဘုရားတပည့်တော်သည် အာနာပါနကို (၁၅)မိနစ်ရှု၍ အာနာပါနချဉ်းကို မိနစ်(၃၀) ဝင်စားနေနိုင်ပါစေသတည်း။ (၄၅)မိနစ်အချိန်စေ့သောအခါ၌ ချဉ်းမှထနိုင်ပါစေသတည်း'ဟူ၍ သုံးကြိမ်ဆိုပြီးလျှင် ပရိကံပြုရာ၌ ရှိခိုးလျက်ရှိနေသောလက်ကို ချလိုက်ပြီးလျှင် နောက်ကရေးသား ပြဆိုခဲ့သော 'တင့်တယ်သောလက်ထားခြင်း'ဖြင့် လက်ကိုချထားပြီးလျှင် ခါးကို ဖြောင့်ဖြောင့်မတ်မတ် မညွတ်မကိုင်းစေဘဲလျက်နေ၍ အာနာပါန ထွက်သက်ဝင်သက်ကို ဝင်သက်ဖြင့်အစပြု၍ ရှုရှိုက်ပြီးလျှင် ထွက်သက်ကိုထုတ်၍ ထွက်စေရသည်။

ဤနည်းအတိုင်းဖြင့် 'ဝင်-ထွက်' 'ဝင်-ထွက်'ဟူသော စိတ်သည် နှာသီးဖျားမှာ တိုးထိ 'ဝင်ထွက်'နေခြင်းကို 'အသိ'စိတ်ထား၍ မှတ်၍၊ အာရုံသည် မျက်စိမှာကပ်ထားလျက် ကသိုဏ်းဝန်းကို ကြည့်ရှုနေရဘိသကဲ့သို့ ရှေ့တွင်ဖြစ်ပေါ်ရရှိနေသော အလင်းရောင်ကို အာရုံစိုက်ပြီး ကြည့်ရှုနေရခြင်းဖြင့် ထွက်သက်ဝင်သက်ကိုရှုနေရသည်။ ဤဒုတိယဆင့်သို့ ရောက်သောအခါ၌ ထွက်သက်ဝင်သက်ကိုရှု၍ အားထုတ်ရာတွင် ဖြစ်ပေါ်ရရှိလာသော အလင်းရောင်သည် မျက်စိ၌ပြည့်စုံကိုန်းအောင်း ဖြစ်ပေါ်နေသဖြင့် ထွက်သက်ဝင်သက်ကို ပဌမဆင့်ကဲ့သို့ အားကြိုးမာန်

တက် ကြောင့်ကြမစိုက်ရဘဲ မှန်မှန်ခပ်လေးလေး ရှူပေးခြင်းအားဖြင့် အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်လာသည်။ အာနာပါနစျာန်ကို ယူ၍ဆောင်ဝင်စားလိုက်သောအခါတွင် ထိုအလင်းရောင်အဖြူသည် ရှေ့တွင်ဖြာလျက် စုဝိုင်းပြီးလာသည်။ ဤသို့စျာန်ကို ယူဆောင်ဝင်စားသောအချိန်သည် ပထမဆင့်ထက် ပိုမိုတိုးတက်လာပါသဖြင့် စျာန်အာရုံသည်လည်း ပိုမိုတိုးတက်ရှင်သန်အား ကောင်းလာသည်ဖြစ်ပါသည်။

ဤသို့တဖြည်းဖြည်း ရှင်သန်တိုးတက် အားကောင်းလာသောအလင်းရောင်အာရုံကို မဆုပ်မလဲရအောင် အာနာပါန ထွက်သက်ဝင်သက်ကို နေ့တိုင်းနေ့တိုင်း အခိဋ္ဌာန်ပြုထားသည့် တနေ့(၄)ကြိမ် အချိန်မှန်မှန် မပျက်မကွက်စေရဘဲ ပြုလုပ်အားထုတ်ခဲ့ရာ၌ထွက်သက်ဝင်သက်ကို ရှူသောအချိန်မှာ အလင်းရောင်သည် ပိုမိုတောက်ပြောင်ထင်ရှားလျက်ဖြစ်လာ၍ အာနာပါနစျာန်ကို ယူဆောင်ဝင်စားလိုက်ရာတွင် အလင်းရောင်တွေဖြာလျက် အဝန်းအဝိုင်းဖြစ်ပေါ်လာသည်။ ထိုအခါ မိမိ၏စိတ်သန္တာန်၌ သိမှုဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာသည်။ မြင်မှုစက္ခုအာရုံသည် ထင်ရှားလာသည်။ ကြားမှုမှာလည်း ထင်ထင်ရှားရှား သောတအာရုံစိတ်၌ ဖြစ်ပေါ်၍ ကြားသိသာရသည်ဖြစ်သည်။

ထိုအခါ တနေ့သောနံနက်ပိုင်း၌ အာနာပါန ထွက်သက်ဝင်သက်ကိုရှူ၍ စျာန်ကို ယူဆောင်ဝင်စားနေရာတွင် စက္ခုအာရုံ၌တွေ့မြင်လာရသည်မှာ မိန်းကလေး မိန်းမငယ်တယောက်သည် အလွန်ချောအလွန်လှ နတ်သမီးတမျှကဲ့သို့ ရှုမြင်လိုက်ရလျှင် အလွန်လိုချင် တပ်မက်ဖွယ်ကောင်းသော ရုပ်အဆင်းအင်္ဂါနှင့် ပြည့်

စုံသည့် မိန်းကလေးတယောက်ဖြစ်သည်။ သူသည်ကျွန်ုပ်ကို စိုက်ကြည့်လျက် ပြုံးရွှင်ကြည်လင်သော မျက်နှာဖြင့် မျက်စပစ်ကာလျှာထုတ်ကာနှင့် ကျွန်ုပ်အား တရားစခန်း ပျက်သွားအောင်မြူဆွယ်လျက်နေသည်ကိုသိသဖြင့် ကျွန်ုပ်သည် ချောန်ကိုဝင်စားအားထုတ်နေရာမှ ‘အသင်–အဘယ်ကြောင့် ကျွန်ုပ် တရားအားထုတ်နေရာတွင် အနှောက်အယှက် ပြုလုပ်လာရသနည်း၊ ငါ၏တရားအား ထုတ်သော ကုသိုလ်ကို အမျှအတန်းယူသွား ‘အမျှ-အမျှ-အမျှ’ဟူ၍ အာရုံကိုညွတ်စေလျက် အမျှပေးလိုက်သောအခါ ထိုမိန်းမငယ်ကလေးသည် မျက်နှာညှိုးငယ်လျက်ဖြစ်သွားပြီးလျှင် ပျောက်ကွယ်၍သွားလေသည်။

ထို့နောက် တနေ့သောအခါ၌ အာနာပါနချောန်ကို ဝင်စားအားထုတ်နေစဉ်အခါမှာလည်း နုနယ်လှပသော မိန်းကလေးတယောက်သည် ကျွန်ုပ်၏ရှေ့သို့ ရောက်ရှိလာသည်ကို တွေ့မြင်ရသည်။ ထိုမိန်းမငယ်သည် ကျွန်ုပ်ကို ပြုံးပြုံးစိစိကြည့်နေလျက် တဖြည်းဖြည်း အရုပ်ဆိုးလာပြီး မျက်လုံးပြူးပြူး နှာခေါင်းကြီးကြီးနှင့် ဖြစ်လာ၍ သူ၏ပါးစပ်သည် ပြဲလျက်ပြဲလျက်ဘီလူးမကြီးသဖွယ်ဖြစ်၍ လာသည်ကို ကျွန်ုပ်တွေ့မြင်ရသည်နှင့် သတိရပြီး ‘အသင် ကျွန်ုပ်တရားအားထုတ်နေရာတွင် အဘယ့်ကြောင့် အနှောက်အယှက် ပြုလုပ်လာရသနည်း။ ကျွန်ုပ်၏တရားကို အားထုတ်သော ကုသိုလ်ကောင်းမှုအဘို့ကို အမျှအတန်း ယူသွားပါကုန်လော့ ‘အမျှ–အမျှ-အမျှ’ဟူ၍ အာရုံပြု စိတ်ကညွတ်စေလျက်အမျှပေးလိုက်သောအခါ ထိုအရုပ်ဆိုးလှသော မိန်းမသည် ပျောက်ကွယ်၍သွားလေသည်။ ဤသို့ အနှောက်အယှက်ပေးရန် လာရောက်ကြကုန်သော သူတို့ကို ချောန်အာရုံဖြင့် စိတ်ကညွတ်

လျက် အမျှပေးဝေပြီးလွှတ်ရသည်။ ၎င်းပြင် အနေအထိုင်အယှက် မပြုဘဲနှင့် အမျှအတန်းကို အလိုရှိကြ၍ ရောက်လာကြကုန်သော ပုဂ္ဂိုလ်တို့ကို တွေ့မြင်ရလျှင် ဤကဲ့သို့အာရုံစိတ်ဖြင့် စိတ်ကညွတ် လျက် အမျှပေးဝေလိုက်ရသည်ဖြစ်ပါသည်။

ဤသို့ ဆက်လက်အားထုတ် ပြုလုပ်လာခဲ့ရာတွင် အာနာပါန စျာန်ကို ယူဆောင်ဝင်စားလိုက်သည်နှင့် တပြိုင်နက်၊ အဖြူရောင် စဝိုင်းပြီး ဖြာလျက်နေသောအာရုံမှ အဝန်းအဝိုင်း ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ နေခြင်းဖြစ်လာသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာခြင်း သည်ကား ဥဂ္ဂဟနိမိတ်ကို ရှေးဦးစွာ ဖြစ်ပေါ်ရရှိလာခြင်းပင်ဖြစ် သည်။

တနေ့သောညဉ့် (၈) နာရီအချိန်၌ အာနာပါနစျာန်ကို ယူ ဆောင်ဝင်စားလျက်နေရာတွင် အဖြူရောင်အာရုံနိမိတ်သည် ဖြာ လျက်နေရာမှ စုဝိုင်းပြီး အဝန်းအဝိုင်းဖြစ်ပေါ်လာသော အာရုံ ပင်ဖြစ်သည်။ ထိုအဖြူအဝိုင်းသည် တဖြည်းဖြည်းကြီးလျက် ဖြစ် ပေါ်လာပြီးလျှင် ၎င်းအဖြူဝိုင်းထဲမှ အကြည်ဝိုင်းတဖန် ဖြစ်ပေါ် နေသည်။ ဤအကြည်ဝိုင်းထဲကို အာရုံစိုက်လျက် ကြည့်ရှုဝင်စား နေရာ၌ အလွန်ထင်ရှား ကျော်ဇောခဲ့သော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး ရှင်မထီး(ခေါ်) အဇ္ဇဂေါဏဆရာတော် ဘုန်းတော် ကြီးကို တွေ့မြင် ဖူးတွေ့ရလေသည်။ ထိုဘုန်းတော်ကြီးသည် သကၤန်း သစ်ခေါက်ဆိုး အရောင်ဖြစ်၍ ဆံပင်သည် လက် တလုံးခန့်ရှည်ပြီးလျှင် ဘယ်ဘက်မျက်လုံးသည် ပြူးပြူး ကျယ် ကျယ်ဖြစ်၍ ညာဘက်မျက်လုံးသည် ကျဉ်း၍ သေးငယ်လျက်နေ သည်၊ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ် တရားအားထုတ်နေခြင်းကို

အလွန်ဝမ်းမြောက် နှစ်သက်တော်မူ၍ရောက်ရှိလာခြင်းဖြစ်သည်၊ ၎င်းနောက်တချိန် တရားကို ဝင်စားအားထုတ်လျက် နေသော အခါမှာလည်း 'ပထမံ'ဘိုးဘိုးအောင်သည် ကျွန်ုပ် တရားအား ထုတ်နေခြင်းကို အလွန် နှစ်သက်ဝမ်းမြောက်၍ ရောက်ရှိလာ သည်၊ ထိုထွက်ရပ်ပေါက် ပထမံ ဘိုးဘိုးအောင်သည် ရောင်ထုံး နှင့် ဝတ်ဖြူစင်ကြယ်ဝတ်ပြီး တဘက်ဖြူကို စလွယ် တင်ပတ် လျက်နေသည်ကို တွေ့မြင်ရသေသည်။

နောက်တနေ့သောအခါ၌မှာလည်း အာနာပါနစျာန်ကို ယူ ဆောင်ဝင်စားလျက်နေစဉ် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးဖြစ်သော ဘုန်းတော်ကြီးတပါးသည် ကျွန်ုပ်တရားအားထုတ်နေရာ၌ ရှေ့ တွင် မတ်တတ်ရပ်လျက် ရောက်ရှိလာသည်ကို တွေ့မြင်ရလ သည်၊ ထိုထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးသည် ဝဝတုတ်တုတ် ဖြစ် သည်၊အသားလပ်သည်၊ သင်္ကန်းပိန္နဲရောင်အဝါကို ဝတ်ရုံလျက် ကျွန်ုပ်၏ရှေ့တွင် ခပ်စောင်းစောင်း မတ်တတ် ရပ်နေသဖြင့် အမည်နာမကို မသိရဘဲဖြစ်ပါသည်။ ထိုသို့ တွေ့မြင်ခဲ့ရသည်ကို တရားထိုင်ရာမှ ထသောအခါတွင် အခြားသော ယောဂီပုဂ္ဂိုလ် တို့အား ပြောပြရာ ထိုပုဂ္ဂိုလ်များက နောက်တခါ တရားထိုင် လို့တွေ့လျှင် လျှောက်ထား မေးကြည့်ပါ၊ခင်ဗျားကို ပြောပါ လိမ့်မယ်လို့ ပြောကြပါသည်။ ထို့နောက် တရားတကြိမ်ထိုင် အားထုတ်၍ စျာန်ကိုယူဆောင် ဝင်စားသောအခါ ထို့နည်း၎င်း၊ ထွက်ရပ်ပေါက် ဆရာတော်ကြီး ကြွရောက်လာသဖြင့် တွေ့မြင် ရပြန်သောအခါ၊ 'ဘုန်းတော်ကြီးဘုရား၊ အဘယ်သူနည်း'ဟူ၍ စိတ်ကညွတ်လျက် လျှောက်ထား မေးမြန်းရာတွင် 'ငါသည် ယက္ကန်းစင်တောင် ဆရာတော်ဖြစ်သည် 'အရှင်ဘုရားတွဲဘယ်လို

ခေါ်ပါသလဲဘုရားဟုလျှောက်ထားမေးမြန်းသောအခါ၊ 'ဦးညွှ ဘသ' ဖြစ်သည်ဟု ပြောပါသည်၊ 'တရားကို အားထုတ်လျှင် ငါတို့စောင့်ရှောက်မည်'ဟူ၍လည်း ပြောပြပါသဖြင့် စိတ်အာရုံ၌ သိရပါသည်။ သို့ပါသောကြောင့် တရားထိုင်၍ ပြီးတိုင်း ပြီးတိုင်းအခါတို့မှာ ထိုထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများတို့ကို အမျှပေးဝေခြင်းအမှုတို့ကို နေ့တိုင်းနေ့တိုင်း ပြုလုပ် အားထုတ်ရပါသည်။

## အထူးမှတ်ချက် (၅)

> ဤအာနာပါန ထွက်သက်ဝင်သက်၏
> စျာန်ကိုယူဆောင်သောစိတ်ဖြင့်
> ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် တွေ့နိုင်သည်။

ဤသို့ အာနာပါနစျာန်ကို ယူဆောင်ဝင်စား အားထုတ်လာခဲ့ရာတွင် တလပြည့်မြောက်ရောက်ရှိလာသောအခါ၌ ဥဂ္ဂဟနိမိတ်ကို ဖြစ်ပေါ်ရရှိလာသဖြင့် စိတ်သည် အလွန်ရွှင်လန်း ပီတိလွှမ်းလျက် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ဖြစ်လာသည်၊ အချိန်ကြာကြာထိုင်သော်လည်း ပျင်းမုန်းခြင်းမရှိဘဲ အားရခြင်းမရှိဘဲ စိတ်၌အာရုံသည် တွယ်ကပ်လျက်နေသည်၊ အာနာပါနစျာန်ကို ဝင်စား အားထုတ်၍ပြီးသောအခါတို့၌ ဤအာရုံ နိမိတ်သည် စိတ်သန္တာန်၌တွယ်၍ တွယ်၍ ထင်မြင်၍ထင်မြင်၍နေလေသည်၊

အာရုံ၌ တွယ်ကပ်၍ တွယ်ကပ်၍လည်းဖြစ်ပေါ်နေသည့် ဖြစ်ပါ သည်။

ထိုသို့ တနေ့သောအခါ၌ အာနာပါနဈာန်ကို ဝင်စားအား ထုတ်နေသောအခါတွင် ဥဂ္ဂဟနိမိတ်ကို ရှုမြင် ပွားများလျက် နှလုံးမွေ့လျော် ပျော်ရွှင်စွာဖြင့် အာရုံစူးစိုက် ဝင်စားနေစဉ် အခိုက်မှာ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာ စကား ဖြင့် တရားရေအေး တိုက်ကျွေးဟောကြားတော်မူသည်ကို ဘာ သာပြန်အဓိပ္ပါယ်သဘောအရ ရေးသားဖော်ပြပါသည်။

'ပွားများကြ၊ ပွားများကြ၊ ဈာန်ကို ပွားများအား ထုတ်ကြပါကုန်လော့၊ ဤသို့ ပြုလုပ်ခြင်းသည်သာလျှင် ဤဈာန်စိတ်သည် ဝိပဿနာဉာဏ်သည်ဖြစ်၏၊ မဂ်ဉာဏ် သည် ဖြစ်ပေါ်ကုန်၏' ဟူ၍ ဟောပြောပြခြင်း ဖြစ်သည်။

ဤသို့ ဟောပြောတော်မူသော တရားတော်သည် ဤအာနာ ပါနဈာန်ကို ပွားများအားထုတ်ကြပါကုန်လော့၊ ဤသို့ ပြုလုပ် အားထုတ်သော ဈာန်စိတ်သည်၊ ဈာန်မှထသော အခါတို့မှာ ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရပေမည်၊ ဤမှ မဂ်ဉာဏ်ကို အာရုံပြု၍ ဝင်စားလိုက်ပါလျှင် မဂ်ကို ဆိုက်ရောက် စေနိုင်သည်ဟူ၍ ဟောပြောညွှန်ကြားတော်မူသည်။

## အထူးမှတ်ချက် (၆)

ဤအာနာပါန ထွက်သက်ဝင်သက်၏
ဈာန်စိတ်ဖြင့်
ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ဖြစ်ပေါ်စေနိုင်သည်။

ဤအာနာပါနဈာန်ကို ဝင်စားအားထုတ်ရာတွင် ဈာန်မှထသောအခါမှာဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်နေသည်တွင် မဟုတ်သေး၊ ဤဈာန်ကို ဝင်စားအားထုတ်နေရာ၌လည်း ဈာန်စိတ်ကိုပြောင်း၍ ပြုလုပ်ပေးလျှင် ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသည်ကို ထုတ်ဖော်ရေးသား တင်ပြပါမည်၊ အဘယ်သို့ ဖြစ်ပေါ်ပါသနည်းဆိုသော် နောက်က ရေးသားပြဆိုခဲ့သည့်အတိုင်း ဈာန်ကို ယူဆောင်ဝင်စားသောစိတ်သည်၊ ဉဏ္ဍောင်း အတွင်းထဲမှာ စိတ်ကို သွတ်သွင်းထားရသည်၊ ဝိပဿနာဉာဏ်ကို ယူဆောင်ဝင်စားသော စိတ်သည် ဟာဒယ ဝတ္ထု နှလုံးအိမ် အတွင်းထဲမှာ စိတ်ကို သွတ်သွင်း ထားရသည်။ ဈာန်ကို ဝင်စားသောအခါ၌၊ ဉဏ္ဍောင်းအတွင်းမှာ ထားသော စိတ်သည် ချမ်းသာပျော်ရွှင် ငြိမ်းအေးခြင်းကို တွေ့ရသည်၊ ဝိပဿနာ ဉာဏ်ကိုဝင်စားသောစိတ်သည် ဝိပဿနာ ဉာဏ် ဖြစ်ပေါ် လာမှုအကြောင်းတွေကို ကိုယ်ပေါ်မှာ တွေ့မြင်နေရသည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆက်လက်ရေးသား ဖော်ပြပါမည်၊ အာနာပါနဈာန်ကို ယူဆောင်ဝင်စားရာ၌ စိတ်ကို ဉဏ္ဍောင်းထဲမှာ မထားဘဲလျက်၊ မိမိ၏ ဟာဒယဝတ္ထုနှလုံးအိမ် အတွင်းထဲမှာ သွတ်သွင်း

ထားလိုက်ရသည်၊ အာနာပါန ထွက်သက်ဝင်သက်၏ အလင်းရောင်ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ် အဝန်းအဝိုင်းသည် မိမိ၏ရှေ့မှာ၊ သုံးတောင်လေးဘောင်ခန့်တွင် တည်ရှိနေသဖြင့် ချာန်စိတ်သည် ပြောင်းရွေ့လိုက်၍၊ ဟဒယဝတ္ထု နှလုံးအိမ်ထဲမှာ ရောက်သည်နှင့် တပြိုင်နက်၊ မိမိ၏ရှေ့တွင်ရှိသော ဥဂ္ဂဟနိမိတ်၏ အလင်းရောင်သည် မိမိ၏ကိုယ်ကိုလာ၍ လင်းနေသဖြင့် လည်းကောင်း၊ လက်နှိပ်ဓာတ်မီးဖြင့် မိမိကိုယ်ကို ထိုးထားသကဲ့သို့ လည်းကောင်း၊ ကျားမျက်လုံးဖြင့်၊ မိမိကိုယ်ကို ထိုးထားသကဲ့သို့ လည်းကောင်း၊ ဤရှေ့က ဥဂ္ဂဟနိမိတ်၏ အလင်းရောင်သည်၊ မိမိ၏ ကိုယ်ပေါ်မှာ လင်းလျက် ဖြစ်ပေါ်လာနေမှုကြောင့် ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာသည်မှာ ရံခါ ရံခါမှာ မိမိ၏ အသဲနှလုံးအိမ်ကို တွေ့မြင်နေရသည်။ ရံခါရံခါမှာ မိမိ၏ ဝမ်းဗိုက်တွင် အူတွေအခွေလိုက် အခွေလိုက် ဖြစ်ပေါ်နေသည်ကို တွေ့မြင်နေရသည်၊ ရံခါရံခါမှာ မိမိ၏ ခန္ဓာကိုယ်တခုလုံးတွင် အသားတွေမရှိဘဲလျက်၊ အရိုးစုကြီးတကိုယ်လုံး ဖြစ်ပေါ်နေသည်ကို တွေ့မြင်နေရသည် ရံခါရံခါမှာ မိမိ၏ကိုယ်သန္တာန်တခုလုံးပေါ်တွင် ထမင်းအိုးပွက်နေသကဲ့သို့ တကိုယ်လုံးပွက်စိ ပွက်စိနှင့် ဖြစ်ပေါ်နေသည်ကို တွေ့မြင်နေရသည် ဖြစ်သဖြင့်၊ ဖြစ်ပျက်ဟည်းဟူသော သင်္ခါရသဘောတရားကို နှလုံးသွင်းပြီး ရှုမြင်ပွားများလျက်၊ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်ဝင်စား အားထုတ်နေရလေသည်၊ ထိုဝိပဿနာကို ဝင်စားအားထုတ်နေရာ၌၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် တရားဓမ္မကို ဟောပြနည်းပေးခြင်းတို့ကို မပြုသေးဘဲလျက် ဆိတ်ငြိမ်စွာဖြင့် နေသည်၊ သို့ပါသောကြောင့် ချာန်အာရုံကိုပြန်၍ ယူဆောင်ဝင်စား အားထုတ်ပေးရလေသည်။

ဤအာနာပါနစျာန် အားထုတ်မှု စခန်းသည် တနေ့ထက် တနေ့ ရင့်သန်အား ကောင်းလာလျက်၊ ဥဂ္ဂဟာနိမိတ်ဖြစ်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသည်တွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က၊ မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြသတော်မူသည်ကို ဘာသာပြန် အဓိပ္ပာယ်သဘောအရ ရေးသားဖော်ပြပါသည်။

"ဤထွက်သက်ဝင်သက် စိတ်သည်၊ ဉာဏ်သည်ထင်ရှားဖြစ်ပေါ်၏၊ မျက်စိသည်၊ ထင်ရှား ဖြစ်ပေါ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၏ အလုံးစုံသော လောကတို့ကို စိတ်ဖြင့် သိကုန်သည် ဖြစ်သည်" ဟူ၍ ဟောပြောခြင်း ဖြစ်သည်။

ဤအာနာပါနစျာန်ကို ဝင်စားအား အားထုတ်ပွားလုပ်ကြပါကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ ဤထွက်သက် ဝင်သက်ကို ရှုရသောစိတ်ဖြင့်၊ ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာသည်၊ မျက်စိသည် ထင်ရှားဖြစ်ပေါ်လာသည် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာသည်၊ ဤသို့ဖြစ်ပေါ်လာခြင်းတို့သည် တခုစီတခုစီ ဖြစ်ပေါ်လာသည်မဟုတ်၊ အလင်းရောင်ကြီးသည် မျက်စိဉာဏ်ပါ၊ သုံးခုစလုံးပေါင်းဆုံပြီး ကိန်းအောင်း ဖြစ်ပေါ်လာခြင်း ဖြစ်သည်၊ ထို့ကြောင့် အလုံးစုံသော လောကတို့ကို စိတ်ဘာန်ခိုးဖြင့် သိကုန်သည်ဟူ၍၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြခြင်း ဖြစ်သည်။

ဤဝိဇ္ဇာဉာဏ် အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်လာသော အခါ စိတ်တန်ခိုးသည် အလွန်ကြီးထွားမှု ရရှိလာခြင်းကြောင့် စိတ်ဉာဏ်သည် အလွန်ထက်သန် အားကောင်းလာမှု ဖြစ်သဖြင့်

အလုံးစုံသော လောကတို့ကို ထိုဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသော ဈာန်စိတ်ဖြင့်၊ သိနိုင်တယ်၊ မြင်နိုင်တယ်လို့ ဟောပြောပြခြင်းသည်။ ဤသို့ ဖြစ်ပေါ်လာသော အာရုံနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟုခေါ်ဆိုမှတ်သားအပ်သည်။

## အထူးမှတ်ချက် (၇)

ဤအာနာပါန ထွက်သက်ဝင်သက်၏
ဝိဇ္ဇာဉာဏ်အလင်းရောင်ဖြင့်
စိတ်တန်ခိုး ကြီးထွားလာစေနိုင်သည်။

ဤဝိဇ္ဇာဉာဏ် စိတ်တန်ခိုးဖြစ်သော ဥဂ္ဂဟနိမိတ်ကို ရရှိထင်မြင်လျက် အာရုံ၌ စွဲကပ်မပြတ် ဖြစ်ပေါ်နေသည်မှာ"ရှေ့ပိုင်း၌ တတိယဆင့် တေဇောကသိုဏ်းကို ကြည့်ရှု အားထုတ်နည်းတွင် ရေးသားပြဆိုခဲ့သော ဖြစ်ပေါ်လာမှု အတိုင်း"ဖြစ်ပေါ်၍ ထင်မြင်နေသည်၊ ဤတွင် ထုတ်ဖော်ချထွင် ရေးသားတင်ပြရန် မလိုတော့ပါ၊ ဤဈာန်ကို ဝင်စား၍ပြီးသောအခါ ထသောအခါတို့တွင် ဖြစ်ပေါ်ရရှိလာသော အာရုံနိမိတ်သည်၊ စိတ်သန္တာန်၌ စွဲကပ်ထင်မြင်၍ ဖြစ်ပေါ်နေသည်၊ ဤသို့ ဖြစ်ပေါ်နေသည်နှင့် အမျှ တရားထိုင်ချင်လိုသောဆန္ဒ ထက်ထက်သန်သန် မွန်မွန် မြတ်မြတ်နှင့် အာရုံဇောကပ်လျက် အမြဲ့ဒွာန်ပြုထားသည့် အတိုင်း၊ တနေ့(၄)ကြိမ် မပျက်မကွက်စေဘဲ၊ အားထုတ်နေရခြင်း ဖြစ်

သည်၊ တနေ့သောညဉ့်အခါ၌ အာနာပါနစျာန်ကို ဝင်စားအား ထုတ်နေရာတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာ စကားဖြင့် ဟောပြောပြသည်ကို ဘာသာပြန် အဓိပ္ပာယ်သဘော အရ ရေးသားဖော်ပြပါသည်။

"ဤထွက်သက်ဝင်သက် အလွန်မြတ်သော စိတ်သည် အလုံးစုံ သိတော်မူသော မြတ်စွာဘုရား၏ ဉာဏ်ကို အောင်မြင်ခြင်း ဖြစ်သည်"ဟူ၍ ဟောပြောပြခြင်းဖြစ် သည်။

ဤသို့ ရရှိလာသော ဥဂ္ဂဟနိမိတ်၏ စိတ်သည်၊ အလွန်မြတ် သော စိတ်ဖြစ်ပေါ်လာခြင်း ဖြစ်သဖြင့်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် က၊ "ပရိဥတ္တမစိတ္တံ အလွန်မြတ်သောစိတ်" ဖြစ်ပေါ်ရရှိလာ သည်ဟု ပြောသည်၊ ထိုစိတ်သည် အလုံးစုံသိတော်မူသော မြတ် စွာဘုရား၏ ဉာဏ်ကို အောင်မြင်ခြင်း ဖြစ်ပေါ်လာသည် ဟူ၍ ဟောပြောပြတော်မူသည်။

တနေ့သောအခါ၌ အာနာပါနစျာန်ကို ဝင်စားနေစဉ်အခါ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ဤသို့ ဖြစ်ပေါ်ရရှိလာသည့် မြတ် သောဝိဇ္ဇာဉာဏ်ဖြင့် မဂ်ကို ဖြစ်ပေါ်ဆိုက်ရောက်နိုင်ကြောင်းကို လည်း မဂဓပါဠိဘာသာ စကားဖြင့် ဟောပြောပြတော် မူသည် ကို ဘာသာပြန် အဓိပ္ပါယ်သဘောအရကို ရေးသားဖော်ပြပါ သည်။

'ဤထွက်သက်ဝင်သက်စိတ်ဖြင့် ဝိဇ္ဇာဉာဏ်ဖြင့် လော ကာ၏ဖြစ်ကြောင်းကို ပြုလုပ်ခြင်းသည်သာလျှင် နှစ်ကုန် ခြင်းသို့ရောက်ကုန်သည်။ မဂ်ဖြစ်ကြောင်းကို အကြောင်း

> အမြဲစွန့်ခြင်းသည် ဖြစ်စေတတ်ကုန်၏’ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤအာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းကို အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ နောက်က ရေးသားပြဆိုခဲ့ပြီးသော ဆောင်ယူလာစေလိုသော လာဘ်တို့ကိုလည်းကောင်း၊ လာရမည်ဖြစ်သော လာဘ်တို့ကိုလည်းကောင်း၊ အလုပ်အကိုင် အမှုကိစ္စတို့ကိုလည်းကောင်း ပြီးစီးအောင်မြင်ရရှိကြရန် အဓိဋ္ဌာန်ပြု၍ ဝိဇ္ဇာမည်သောစျာန်စိတ်ဖြင့် ပြုလုပ်ဆောင်ရွက် လုပ်ကိုင်နေကြခြင်းဖြစ်သော လောက၏ဖြစ်ကြောင်းတွေကို ဤသို့ ပြုလုပ်ဆောင်ရွက်နေခြင်းတို့သည် ဆုံးခန်းတိုင်မရောက်နိုင်ဘဲလျက်၊ နှစ်ကုန်ခြင်းသို့ရောက်ကုန်သည်။ သို့ပါသောကြောင့် မဂ်ဖြစ်ပေါ်မှုအကြောင်းကို အမြဲစွန့်၍ ဤထွက်သက်ဝင်သက်၏ စျာန်စိတ်ဖြင့် ဝိဇ္ဇာဉာဏ်ဖြင့် မဂ်ကို ဖြစ်ပေါ်ဆိုက်ရောက်စေတတ်သည် ဟူ၍ ဟောပြောတော်မူသည်။

ဤသို့ အာနာပါနစျာန်ကို ယူဆောင်ဝင်စားနေစဉ်အခါ၌၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် မဂ်ကို ဖြစ်ပေါ်ဆိုက်ရောက်စေတတ်သော အကြောင်းတရားတော်မြတ်ကို မာဂဓပါဠိဘာသာ စကားဖြင့် ဟောကြားတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ် သဘောအရ ရေးသားဖော်ပြပါသည်။

> ‘ဤ **အားထုတ်လာသောစျာန်၊** အလွန်မြတ်သော ဉာဏ်သည် လွတ်သောစိတ်ဟူ၍ဖြစ်၏။ ထို့ကြောင့် ဤစိတ်သည် ပြုလုပ်သကဲ့သို့ မဂ်ကိုဖြစ်စေကုန်သတည်း’ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ ပြုလုပ်အားထုတ်လာသော စျာန်စိတ်သည် အလွန်မြတ်သောဉာဏ် ဖြစ်ပေါ်လာသောကြောင့် (အကြောင်းကိုအမြဲစွန့်လွှတ်သည့်) လွှတ်သောစိတ်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဤအလွန်မြတ်သော ဝိဇ္ဇာဉာဏ်နှင့် ဖြစ်ပေါ်လာသောစိတ်ဖြင့် ပြုလုပ်လိုက်ဘိသကဲ့သို့ မဂ်ကို ဖြစ်ပေါ်ဆိုက်ရောက်သွားတတ်သည်ဟု ဟောပြောပြခြင်းဖြစ်သည်။

## အထူးမှတ်ချက် (၈)

ဤအာနာပါန-ထွက် သက် ဝင်သက်၏
အလွန်မြတ်သောဝိဇ္ဇာဉာဏ်ဖြင့်
မဂ်ကိုဆိုက်ရောက်စေနိုင်သည်။

တနေ့သောအခါ ကျွန်ုပ်သည် အာနာပါန ထွက်သက်ဝင်သက်၏စျာန်ကို ယူဆောင်ဝင်စားလျက် အလင်းရောင်, ကိန်းအောင်းသော ဝိဇ္ဇာဉာဏ်ကြီး ဖြစ်ပေါ်နေစဉ်အခါမှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓ ပါဠိဘာသာစကားဖြင့် ဝိပဿနာ တရားတော်မြတ်ကို ဆက်လက်၍ ဟောပြောပြသတော်မူသည်ကို ဘာသာပြန်အဓိပ္ပါယ်သဘောအရ ရေးသားဖော်ပြပါသည်။

'ဤ အလွန်မြတ်သော ဝိဇ္ဇာဉာဏ်သည် မဂ်လွှတ်မြောက်ကြောင်း ရှိသည်၊ ဝိပဿနာဉာဏ်သည် ထကြွသောင်းကျန်းခြင်းမှ ကင်းလွှတ်သည်ရှိသည်၊ ထိုတရားတို့

ကိုအလိုရှိတိုင်း အလိုရှိတိုင်း စိတ်၌ဖြစ်ပေါ်ကြကုန်၏’ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤဘုရားတော်မြတ်ကို ဟောပြောပြတော် မူပြီးသည့်နောက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်နောက်တခါ ဈာန်ကိုဝင်စား အားထုတ်နေစဉ်အခါ၌ ဝိပဿနာ ဘုရားတော်မြတ်ကို ဆက်လက်၍ မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြတော် မူသည်ကို ဘာသာပြန်အဓိပ္ပါယ်သဘောအရ ရေးသားဖေါ်ပြပါသည်။

‘ဤအလွန်မြတ်သော ဝိဇ္ဇာဉာဏ်သည် သတ္တလောက၌ ဖယ်ခွါလိုသောစိတ်ကို သိကုန်သည်။ သင်္ခါရလောက၌ ဘဝလွတ်မြောက်လိုသောစိတ်ကို သိကုန်သည်ဖြစ်သတည်း’ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ယောဂီအပေါင်းတို့။ ဤအလွန်မြတ်သော အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်လာသည့် ဝိဇ္ဇာဉာဏ်ကြီးကို ရရှိသာလျှင် မိမိ၏ စိတ်သန္တာန်မှာ လောကကြီးကို ငြီးငွေ့ခြင်း ဖြစ်ပေါ်လာသဖြင့် သတ္တလောကကို ဖယ်ခွါလိုသောစိတ် ဖြစ်ပေါ်-ဖြစ်ပေါ်လာခြင်းကိုသိသည်။ သင်္ခါရလောက၌လည်း လူဖြစ်ခြင်း၊ နတ်ဖြစ်ခြင်း အစရှိသော ဘဝတွေကို ပြန်၍-ပြန်၍ မဖြစ်လိုသောစိတ်၊ ဘဝဇာတိဖြစ်ရမှာ အလွန်ကြောက် အလွန်မုန်းလျှက်၊ ဘဝလွတ်မြောက်လိုသောစိတ်တွေ ဖြစ်ပေါ်လာခြင်းကို သိကုန်သည်ဖြစ်သည်ဟူ၍ ဟောပြောပြတော်မူလေသည်။

တနေ့သော နံနက်စောစော အချိန်အခါ၌ ထွက်သက်ဝင်သက်အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်နေသော ဈာန်ကို ယူဆောင်ဝင်စား အားထုတ်နေစဉ်အခါမှာ အလွန်မြတ်သော ဝိဇ္ဇာ

ဉာဏ်၏တန်ခိုးဖြင့် ကြံစည်ပြုလုပ်နိုင်သော အကြောင်းတွေကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြသောအကြောင်းကို ဘာသာပြန်အဓိပ္ပါယ် သဘောအရကို ရေးသားပေါ်ပြူပါသည်။

'ဤထွက်သက်ဝင်သက် အလင်းရောင် ကိုန်းအောင်းသောစိတ်သည် အလုံးစုံသောလောကတို့ကို ကြံစည်သော်လည်းသိသည်။ အလုံးစုံသော သတ္တဝါ၏စိတ်ကို ကြံစည်သော်လည်းသိသည်။ အလုံးစုံသောနတ်တို့၏ စိတ်ကိုကြံစည်သော်လည်းသိသည်။ မဂ်တရားကို ကြံစည်သော်လည်း အကြောင်းကိုစွန့်၍ လွတ်မြောက်ခြင်း ဖြစ်ပေါ်သည်ကို သိကုန်သည် ဖြစ်စေကုန်သတည်း'ဟူ၍ ဟောပြောခြင်းဖြစ်သည်။

ဤသို့ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ကျွန်ုပ်နောက်တခါန်ချာန်ကို ဝင်စားအားထုတ်နေရာ၌လည်း မဂဓပါဠိဘာသာ စကားဖြင့် တရားဟောပြောပြပြန်တော်မူသည်ကို ဘာသာပြန် အဓိပ္ပါယ်သဘောအရ ရေးသားပေါ်ပြူပါသည်။

'မဂ်အကျိုးသည် အလုံးစုံသောလောကကို ချုပ်ငြိမ်းကြကုန်၍ နိဗ္ဗာန်ချမ်းသာကို ဖြစ်ပေါ်ကြကုန်၏။ ဤထွက်သက်ဝင်သက် ချာန်ကို ယူဆောင်သောစိတ်သည် နိဝရဏတရားငါးပါးတို့ကို ချုပ်ငြိမ်း ကြကုန်သည်ဖြစ်သည်'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ယောဂီအပေါင်းတို့ ဤဟောပြောတော်မူသော တရားတော်သည် အာနာပါန ထွက်သက်ဝင်သက်၏ အလင်းရောင် ကိုန်း

မအောင်းဖြစ်ပေါ်ရရှိလာသော ဝိဇ္ဇာဉာဏ်စျာန်စိတ်ဖြင့် ပြုလုပ်၍ မဂ်သို့ဆိုက်ရောက်ခဲ့ပါလျှင် ဤမဂ်ဉာဏ်စိတ်၏ အကျိုးသည် အလုံးစုံသော လောကကိုချုပ်ငြိမ်း၍ နိဗ္ဗာန်ချမ်းသာကို ခံစားနေနိုင်သည်။ ဤထွက်သက်ဝင်သက်၏ စျာန်ကိုယူဆောင်သော စိတ်သည် နိဝရဏတရား ငါးပါးတို့ကို တားမြစ်၍ မဖြစ်ပေါ်လာ၊ မထလာဘဲလျက် ချုပ်ငြိမ်းကြသည်ဟူ၍ ဟောပြောပြဆို တော်မူသည်။

## အထူးမှတ်ချက် (၉)

ဤအာနာပါန ထွက်သက်ဝင်သက်၏
မဂ်ဉာဏ်စိတ်ဖြင့်
နိဗ္ဗာန်ချမ်းသာကို ခံစားနေနိုင်သည်

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ ဤသို့မဂ်အကျိုးဖြင့် နိဗ္ဗာန်ချမ်းသာ ခံစားနေရခြင်းအကြောင်းကို ဟောပြောပြဆိုတော်မူပြီးသည့်နောက် အလင်းရောင် ကိန်းအောင်းသည့်ဝိဇ္ဇာမည်သော စိတ်ဘန်ခိုး၏အကြောင်းကို မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန် အဓိပ္ပါယ် သဘောအရ ရေးသားဖော်ပြပါသည်။

'ကောင်းသောစကားကို ပြောဆိုခြင်း၌ 'ငါသည်' ဟောပြောကုန်၏။ အကြင်တရားတို့သည် ဤထွက်သက် ဝင်သက် အလင်းရောင် ကိန်းအောင်းသည့် ဝိဇ္ဇာမည်

သောစိတ်သည် အလုံးစုံသော လောကတို့ကို သိကုန်သည်။ အလုံးစုံသော သတ္တဝါတို့ကို သိကုန်သည်။ အလုံးစုံသောတရားတို့ကို သိကုန်သည်။ အလုံးစုံသော လာလတံ့သော ဘေးတို့ကိုသိကုန်သည်။ ထို့ကြောင့် သင်ယောဂီအပေါင်းတို့သည် ထိုဝိဇ္ဇာမည်သောစိတ်ကို ပြည့်စုံသော အလင်းရောင် ကိန်းအောင်းခြင်းသည်သာလျှင်၊ နေ့တိုင်း နေ့တိုင်း စောင့်ရှောက်အပ်ကြကုန်၏' ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤသို့ဟောပြောတော်မူခြင်းကြောင့် အာနာပါန ထွက်သက်ဝင်သက် အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်နေသည်၊ ဝိဇ္ဇာမည်သောစျာန်ကို အားထုတ်ပွားလုပ်နေကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ မမေ့မလျော့၊ မပေါ့မဆသော လုံ့လ ဝီရိယဖြင့် ဤဝိဇ္ဇာမည်သော စျာန်စိတ်ကို မပျောက်မပျက် တသက်လုံး စွဲမြဲထင်မြင်နေအောင် နေ့တိုင်း နေ့တိုင်း ပွားလုပ်ဆောင်ရွက်အားထုတ်ကြပါလျှင် အရှေ့အရပ်မှ ထွက်ပေါ်တက်လာသည့် မှုတိမ်ကင်းစင်သော လမင်းကြီးပမာကဲ့သို့ အလင်းရောင်ကွန့်မြူး အထူးသဖြင့် ကြည်လင်တောက်ပလျက်နေသော သမာဓိအကြည်ရှိန်ဖြင့် လောကဥ အလုံးစုံသိမြင်ကြပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်လျင်မြန်မြန် ဆိုက်ရောက်နိုင်သည့် ဤဝိဇ္ဇာမည်သော စျာန်စိတ်ဖြစ်သည်။

ဤသို့စိတ်၌ ထင်မြင်စွဲကပ်နေ၍ အလိုရှိတိုင်း အလိုရှိတိုင်း ဖြစ်ပေါ်ရရှိနေသည့် ဝိဇ္ဇာမည်သော ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်လာ

မှုကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က 'ပရိညတ္တာမစိတ္တံ' အလွန်မြတ်သော စိတ်ဟူ၍ ဟောပြောပြဆိုတော်မူခဲ့လည်း။ ဤတွင် ဒုတိယဆင့် အားထုတ်မှုစခန်းမှာ ဖြစ်ပေါ်ရရှိ ကြားသိလာခဲ့ရသော အကြောင်းတို့ဖြစ်သည်။

ဒုတိယဆင့်ပြီး၏။

## တတိယဆင့်

# အာနာပါနအားထုတ်မှုစခန်း

ဤအာနာပါနကမ္မဋ္ဌာန်း 'တတိယဆင့်'ကိုကျွန်ုပ် အားထုတ်လာခဲ့သော အကြောင်းသည် ၁၃၃၂-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့မှစ၍ တပို့တွဲလဆုတ် ၁၄-ရက်နေ့အထိ (၁)လ အားထုတ်လာခဲ့ရာ၌ အာနာပါနကို ရှုသောအချိန်သည် (နာရီဝက်) အာနာပါနစျာန်ကို ယူဆောင်ဝင်စားသောအချိန်သည် (နာရီဝက်)ကို နှစ်ရပ်ပေါင်း (တနာရီ)အားထုတ်မှုစခန်းသည် နံနက်စောစောမှာတကြိမ်၊ နံနက်(၈)နာရီမှာတကြိမ်၊ ညနေ (၃) နာရီမှာတကြိမ်၊ ည၌(၇)နာရီမှာတကြိမ်အားဖြင့် မပျက်မကွက် အဓိဋ္ဌာန်ပြု၍ တနေ့လျှင် (၄)ကြိမ် မှန်မှန်အားထုတ်ခဲ့ရာတွင် ကိုယ်တွေ့ဖြစ်ပေါ်လာမှု အတွေ့အကြုံ တွေနှင့် ထိုအာနာပါနစျာန်ကို ယူဆောင်ဝင်စားနေစဉ်အခါမှာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က 'မာဂဓပါဠိဘာသာ'စကားဖြင့် တရားဓမ္မဟောပြ နည်းပေးသော အကြောင်းစကားတွေကို ဘာသာပြန် အဓိပ္ပါယ်

သဘောအရ သိမှတ်နာယူကြပါစေရန် ဤအားထုတ်မှုစခန်းတွင် ရေးသားတင်ပြသွားပါမည်။

ဤအာနာပါန ကမ္မဋ္ဌာန်းဈာန်လမ်း 'ဒုတိယဆင့်' ကို အားထုတ်ရန်အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ နောက်က ရေးသား ပြဆိုခဲ့ပြီးသော နည်းအတိုင်း ထိုင်ခြင်း တို့ဖြင့် ထိုင်ပြီးလျှင် ရှေးဦးပရိကံပြုခြင်းကို (ပဌမဆင့်မှာ ရေးသားပြဆိုပြီးသော နည်းအတိုင်း) ပြုလုပ်ပြီးစီးသောအခါ အဓိဋ္ဌာန်ပြု၍ ထိုင်ရပါသည်။ အဓိဋ္ဌာန်ပြုခြင်းကို ဆိုရမည်မှာ 'ဘုရားတပည့်တော်သည် အာနာပါနကို (နာရီဝက်)မျှ၍ အာနာပါနဈာန်ကို (နာရီဝက်)ဝင် စားနေနိုင်ပါစေသတည်း။ (ဘနာရီ)အချိန်စေ့သောအခါ၌ ဈာန်မှထနိုင်ပါစေသတည်း။' ဟူ၍ သုံးကြိမ်ဆိုပြီးလျှင် ပရိကံပြုရာ၌ ရှိခိုးလျက်ရှိနေသောလက်ကို ချလိုက်ပြီးလျှင် နောက်က ရေးသားပြဆိုခဲ့ပြီးသော 'တင့်တယ်သောလက်ထားခြင်း'ဖြင့် လက်ကိုချထားပြီးလျှင် ခါးကိုဖြောင့်ဖြောင့်မတ်မတ်၊ မညွတ်မကိုင်းစေဘဲလျက်နေ၍ အာနာပါန ထွက်သက်ဝင်သက်ကို ဝင်သက်ဖြင့်အစပြု၍ ရှူရှိုက်ပြီးလျှင် ထွက်သက်ကို ဘုတ်၍ ထွက်စေရသည်၊ ဤနည်းအတိုင်းဖြင့် 'ဝင်-ထွက်' ဝင်-ထွက် ဟူသော စိတ်သည်၊ နှာသီးဖြားမှာ တို့ထိ 'ဝင်-ထွက်' နေခြင်းကို အသိစိတ်ထား၍ မှတ်၍ အာရုံသည် မျက်စိမှာကပ်ထားလျက် ဖြစ်ပေါ် ရရှိနေသော ဥဂ္ဂဟနိမိတ် အလင်းရောင်ကို ကသိုဏ်းဝန်းကို ကြည့်ရှုနေရဘိသကဲ့သို့ ရှေ့တွင် အာရုံ စိုက်ပြီးလျှင် စိတ်နှင့် ကြည့်ရှုနေရခြင်းဖြင့် ထွက်သက် ဝင်သက်ကို ရှူနေရသည်။ ဤဒုတိယအဆင့်မှာ ရောက်လာသောအခါ၌၊ ထွက်သက်ဝင်သက်ကိုရှူ၍ အားထုတ်ရာတွင် ဖြစ်ပေါ်ရရှိလာ

သော အလင်းရောင်သည်အဝန်းလိုက် အဝိုင်းလိုက် စုဝိုင်းပြီးလျှင် ပန်းကန် ပြားဝိုင်းလောက် ဘန်းခုံးအဝိုင်းလောက် ဖြစ်ပေါ်လျက် မျက်စိ၌ ကိန်းအောင်း ဖြစ်ပေါ်မြင်နေရသဖြင့် ဤထွက်သက်ဝင်သက်ကို အားကြိုး မာန်တက် ကြောင့်ကြမစိုက်ရဘဲ မှန်မှန်လေးလေး ရှုပေးခြင်းအားဖြင့် အလင်းရောင် အဝန်းအဝိုင်း ကိန်းအောင်း ဖြစ်ပေါ်နေသည်။ အာနာပါနစျာန်ကိုယူဆောင်ဝင်စားလိုက်သော အခါမှာလည်း ထိုအလင်းရောင် အဖြူဝိုင်းသည် ရှေ့တွင် အဖြူရောင်လင်းလျက် စုဝိုင်းလျက် ဘည်ရှိ ငြိမ်သက်စွာနေသည်။ ဤအားထုတ်သော အချိန်သည် ပိုမိုတိုးတက်၍ တနာရီအချိန် စခန်းဖြစ်သဖြင့် စျာန်အာရုံသည်လည်း ရင့်သန်အားကောင်းလျက် ပဋိဘာဂနိမိတ်အဖြစ်သို့ ရောက်ရှိ၍လာသဖြင့် မလှုပ်မရှား တည်ငြိမ်စွာဖြင့် ဖြစ်ပေါ်လျက် လာသည်ဖြစ်သည်။

ဤသို့ ရင့်သန်လျက် လာသောအာရုံကို မဆုတ်မလံဘဲ တိုးတက်လာစေရအောင် အာနာပါန ထွက်သက် ဝင်သက်ကို နေ့တိုင်း နေ့တိုင်း၊ အမြဲဌာန်ပြုထားသည့် တနေ့ (၄)ကြိမ် အချိန်မှန်မှန် မပျက်မကွက်စေရဘဲ၊ ပြုလုပ် အားထုတ်ရာ၌ ထွက်သက်ဝင်သက်ကို ရှုနေသောအချိန်မှာ အလင်းရောင် ဖြစ်ပေါ်လာပြီး စုဝိုင်းလျက် အဝန်းအဝိုင်းဖြစ်၍ ပိုမိုတောက်ပြောင် ထင်ရှားစွာ ဖြစ်ပေါ်လာပြီးလျှင် အာနာပါန စျာန်ကို ယူဆောင်ဝင်စားလိုက်ရာတွင် တည်ကြည်ငြိမ်သက်စွာဖြင့် ဖြစ်ပေါ်နေသည်မှာ အလွန် စင်ကြယ်၍ ဖြူနေသော အလင်းရောင် အဝန်းအဝိုင်းတို့ ဖြစ်ပေါ်နေခြင်းဖြစ်သည်၊ ထိုပဋိဘာဂနိမိတ်အာရုံကို ဖြစ်ပေါ်ရရှိလာသည်နှင့် မိမိ၏ စိတ်သန္တာန်မှာလည်း၊ တည်

ကြည် ငြိမ်သက်၍ နေသည်၊ စင်ကြယ်သော စိတ် ဖြစ်ပေါ်လာမှု၊ သန့်ရှင်းသော စိတ် ဖြစ်ပေါ်လာမှုတွေ ထင်ရှားလာသည်၊ သိမှု ဉာဏ် သည်လည်း ထင်ရှားလာသည်၊ မြင်မှု စက္ခု အာရုံသည်လည်း ထင်ရှားလာသည်၊ ကြားမှု၊ သောတ အာရုံမှာလည်း ထင်ထင်ရှားရှားကြားသိလာရသည်၊ ဤ အာနာပါနကမ္မဋ္ဌာန်း ဈာန်လမ်းကို အားထုတ်ကြကုန်သော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့ ဤယခု တတိယဆင့် အားထုတ်မှုစခန်းသို့ ရောက်လာခဲ့ပါလျှင်၊ ဤကဲ့သို့ အကြားအမြင် အသိတွေနှင့် နှလုံးမွေ့လျော် ပျော်ရွှင်စွာဖြင့်၊ မနေသာကြည်၍ မနေကြတဲ့ လျက်၊ မဂ္ဂင်ရထားယာဉ်ဖြင့် စီး၍၊ လျှင်လျှင်မြန်မြန်၊ နိဗ္ဗာန် ရွှေမြို့တော်ကြီးကို၊ ရောက်အောင် ဤဈာန်စိတ်ဖြင့်၊ သွားနိုင်သော လမ်းကောင်းတရပ်ဖြစ်ပါသည်။

တနေ့သောအခါ နံနက်စောစောပိုင်း၌၊ အာနာပါန ထွက်သက်ဝင်သက်ကိုရှု၍ ဈာန်ကို ယူဆောင်ဝင်စားလျက် နေစဉ်တွင်၊ ဖြစ်ပေါ်ရရှိနေသော ဤပဋိဘာဂနိမိတ် အာရုံ၌၊ ဖြစ်ပေါ်ရရှိလာသော စိတ်၏ စင်ကြယ်မှုကို၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က၊ အလွန် စင်ကြယ်သော စိတ်ဉာဏ် ဖြစ်ပေါ်လာခြင်း အကြောင်းစကား၊ တရားတော်မြတ်ကို မဂဓပါဠိဘာသာစကားဖြင့်၊ ဟောပြောပြသတော်မူသည်ကို ဘာသာပြန်လို၍ ရေးသား ဖော်ပြပါသည်။

"ဤထွက်သက်ဝင်သက်စိတ်ဖြင့် တရားဖြင့် အလွန် စင်ကြယ်သော စိတ်ဉာဏ်သည် ဖြစ်လာသည်၊ ထိုဉာဏ်သည် အသီး-အသီး မဂ်၏ အရဟတ္တဖိုလ်စိတ်ကို ဖြစ်ပေါ်ကြကုန်၏၊"ဟူ၍ ဟောပြောပြတော်မူသည်။

ဤတရားကိုဟောပြောပြတော်မူပြီးသည့်နောက်၊ ထိုနေ့နံနက်ပိုင်း(၇)နာရီအချိန်၌၊ အာနာပါနစျာန်ကို ယူဆောင်ဝင်စားအားထုတ်နေရာတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ မဂဓပါဠိဘာသာစကားဖြင့်၊ တရားကိုဆက်လက်၍ ဟောပြော ပြသတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားဖော်ပြပါသည်။

"ဤထွက်သက်ဝင်သက် အလင်းရောင်ကိန်းအောင်းသောစိတ်သည် အလွန်စင်ကြယ်သည့် ဝိဇ္ဇာမည်သော ဉာဏ်ဖြစ်သည်၊ ထိုဉာဏ်သည် မဂ်မှ လွတ်မြောက်သော်လည်း၊ (ဖလသမာပတ်) ဖိုလ်ဝင်စားခြင်း စိတ်ကိုဖြစ်ကုန်၏၊ အရဟတ္တမဂ်မှ လွတ်မြောက်သော်လည်း၊ (ဖလသမာပတ်) ဖိုလ်ဝင်စားခြင်း စိတ်ကိုဖြစ်ပေါ်ကြကုန်သည်။ ထိုတရားတို့ကို ဤသို့ 'ငါသည်' ဟောပြောကုန်၏" ဟူ၍ ပြောပြတော်မူသည်။

ဤသို့ဟောတော်မူသော တရားတော်သည်၊ ဤထွက်သက်ဝင်သက်၏ အလင်းရောင်ကိန်းအောင်း ဖြစ်ပေါ်လာသောစိတ်သည် အားထုတ်မှုကြောင့် ရင့်သန်အားကောင်းလာသော ပဋိဘာဂနိမိတ် အာရုံသည် ဖြစ်ပေါ်လာ၏၊ ထိုအခါ စိတ်သည် အလွန်စင်ကြယ်သန့်ရှင်း အလွန်တည်ကြည်ငြိမ်သက်လျက်၊ မလှုပ်မရှား စိတ်ဘယ်ကိုမှမသွားဘဲ ဖြစ်ပေါ်နေမှုကြောင့်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က၊ "ပရိကုဏ္ဍလ ဝိဇ္ဇာနာမဉာဏံ" "အလွန်စင်ကြယ်သည့် ဝိဇ္ဇာမည်သော ဉာဏ်" ဟူ၍ ဟောပြောပြသည်၊ ထိုဉာဏ်သည် မဂ်သို့ဆိုက်ရောက်ခဲ့ပါလျှင်၊ ဖိုလ်ဝင်စားနိုင်ခြင်း စိတ်ဖြစ်ပေါ်လာသည်၊ အရဟတ္တမဂ်သို့ ဆိုက်ရောက်ခဲ့ကြပါလျှင် ဖိုလ်ဝင်စား

နိုင်ခြင်း စိတ်ဖြစ်ပေါ်သသည်ဟူ၍ ဟောပြော ညွှန်ကြားပြသတော်မူသည်။

## အထူးမှတ်ချက် (၁၀)

ဤအာနာပါန ထွက်သက်ဝင်သက်၏
အလွန်စင်ကြယ်သော ဝိဇ္ဇာဥာဏ်ဖြင့်
"ဖလသမာပတ်" ဖိုလ်ဝင်စားနေနိုင်သည်။

ဤသို့ကျွန်ုပ်သည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြောသော တရားဓမ္မတို့ကို ကြားနာရ၍ ဝမ်းမြောက် ဝမ်းသာ၊ စိတ်ပျော်မွေ့လျက်၊ တရားကို အားထုတ်ခြင်း စိတ်ဓာတ်ကြွ၍ နံနက်စောစော အိပ်ရာမှထပြီးလျှင်၊ အာနာပါန ဈာန်ကို ယူဆောင်ဝင်စားလျက် နေသည်၊ ထိုအခါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ ဤလောကကြီး၌ တရားကို မစောင့်ကြဘဲလျက်၊ အဓမ္မိကတရား၊ ဝိသမလောဘတရားတည်းဟူသော အယုတ်တရားနှစ်ပါးတို့ လွှမ်းမိုးကာ အရမ်းဆိုးလျက် နေကြကုန်သည်ကို သိတော်မူသည်ဖြစ်၍၊ မဂဓပါဠိဘာသာစကားဖြင့်၊ ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားဖော်ပြသည်။

"အလုံးစုံသော လောကကြီးသည်၊ တရားနှင့် မညီမညွတ်ဘဲလျက်ရှိကြ၏၊ အလုံးစုံသိတော်မူသော မြတ်စွာဘုရား၏အပ္ပနာဈာန်ဖြင့်"င ါသည်" သိကုန်သည်၊ လော

ကာ၌ တရားနှင့် အညီအညွတ်ဖြစ်ကြစေခြင်းငှါ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီးကို တိုးပွားအောင် “ငါသည်” သာသနာပြုလာ ရောက်ရကုန်လတံ့၊ သင်တို့သည် ဤစကားကို လောကပြည်သူ လူထုအပေါင်းတို့အား၊ ပြောကြားကြပါကုန်လော့”ဟူ၍ ဟောပြောပြဘော်မူလေသည်။

တနေ့သောအခါ၌ ကျွန်ုပ်သည် အာနာပါနစျာန်ကို ယူဆောင်ဝင်စားလျက် နေရာတွင်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ပြောသည်မှာ ဤအာနာပါနစျာန်မှ အပ္ပနာစျာန်သို့ တက်သောအခါ၌ ဝင်စားအားထုတ်ရာတွင် ငွေ့သန့်အား ကောင်းလာသောအခါ၊ ဖြစ်ပေါ်ရရှိလာမည့်အကြောင်း စကားတရားတော်မြတ်ကို မဂဓပါဠိဘာသာစကားဖြင့်၊ ဟောပြော ပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားဖော်ပြပါသည်။

‘ဤအာနာပါန ကမ္မဋ္ဌာန်း၊ စျာန်လမ်းကို စီးဖြန်းအားထုတ်ကြပါကုန်သော သင်တို့သည် ထွက်သက် ဝင်သက်စိတ်ဖြင့် ဝိဇ္ဇာဉာဏ်ဖြင့် နေသောအခါ၊ အနာဂတ်ကာလတို့၌လည်း၊ အာရုံပြု၍ ထွက်သက် ဝင်သက်ကို ရှုကာမျှနှင့်၊ စျာန်ကို ယူဆောင်၍ ပြုလုပ်ခြင်းသည် သာလျှင် အပ္ပနာစျာန်ကို ဖြစ်ပေါ်ကြကုန်လတံ့၊ ထို့ကြောင့်စျာန်ဖြင့် အလုံးစုံသောသတ္တဝါတို့၏၊ ‘အတ္တုပ္ပတ္တိ’ အဖြစ်အပျက် ဖြစ်ပေါ်ခြင်းကိုသိသည်။ အလုံးစုံသော လူတို့၏၊ ‘အတ္တုပ္ပတ္တိ’ အဖြစ်အပျက် ဖြစ်ပေါ်ခြင်းကိုသိသည်။ အလုံးစုံသောနတ်တို့၏၊ ‘အတ္တုပ္ပတ္တိ’ အဖြစ် အပျက်

ဖြစ်ပေါ်ခြင်းကို သိသည်၊ အလုံးစုံသော တရားတို့ကို 'ဓမ္မသဘာဝ' တရားသဘော 'ဓမ္မနိယာမ' တရားအစဉ်၊ 'ဓမ္မယာနိဏ' တရားနှင့် ရှင်ခြင်းတို့ကို သိသည် ဖြစ်သတည်း။ ။ဟူ၍ဟောပြောပြခြင်းဖြစ်သည်။

ဤအာနာပါနစျာန်မှ အပ္ပနာစျာန်သို့တက်၍ ကူးပြောင်းအားထုတ်ကြသောအခါ ရင့်သန် အားကောင်းလာသောအခါ၌ ထွက်သက်ဝင်သက်ကို အချိန်ကြာအောင် မရှူကြရဘဲလျက် ဝင်ကာ ထွက်ကာမျှနှင့် စျာန်အင်္ဂါကို ဆင်ခြင်၍၊ ဝင်သက်ဖြင့်ရှူရှိုက်ပြီး၊ အပ္ပနာစျာန်ကို ယူဆောင်လိုက်လျှင် တချက်တည်း၊ တခါဘည်း၊ အပ္ပနာစျာန်အဖြစ်သို့ ဆိုက်ရောက် တည်ရှိနေကြပေလိမ့်မည်ဟူ၍ ညွှန်ကြား ဟောပြောပြဆိုတော်မူသည်။

တနေ့သောအခါ၌မှာလည်း အာနာပါနစျာန်ကို ယူဆောင်ဝင်စားလျက် နေရာတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ မဂ်ကိုဆိုက်ရောက်သောအခါ၌ ထိုမဂ်ဉာဏ် စိတ်တွင် ဖြစ်ပေါ်၍ ပြည့်စုံသောသော တရားတို့ကို မဂဓပါဠိ ဘာသာစကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသား ဖေါ်ပြပါသည်။

'ဤမဂ်ဉာဏ်နှင့် ပြည့်စုံသောစိတ်သည် အထူးသိသော၊ အထူးစိတ်၊ အထူးလွတ်မြောက်သောစိတ်ဟူ၍ရှိ၏။ ထို့ကြောင့် စိတ်ဖြင့်၊ တရားဖြင့် ကိလေသာကုန်ခန်းရာ၊ ဖြစ်ခြင်းမရှိ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပူပန်ငိုကြွေးခြင်း၊ ပူဆွေးဒုက္ခရောက်ခြင်း တစုံတခုမျှမရှိသည် သာလျှင်ဖြစ်သည်'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤမဂ်ဉာဏ်စိတ်၏ ဖြစ်ပေါ်လာသော တရားတော်မြတ်ကို ကြားနာရပြီးသည့်နောက်၊ ထိုမှတဖန် အာနာပါနစျာန်ကို ယူ

ဆောင်ဝင်စားနေရာ၌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် နိဗ္ဗာန်ချမ်းသာကို အာရုံပြုခြင်းအကြောင်းစကား တရားတော်မြတ်ကို မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို ရေးသားဖော်ပြပါသည်။

'ဤထွက်သက်ဝင်သက် မဂ်ဉာဏ်စိတ်သည် ပြုပြင်စီရင်ခြင်းမရှိသော နိဗ္ဗာန်ချမ်းသာကို အာရုံပြုခြင်းဖြစ်သည်။ အရဟတ္တ မဂ်ဉာဏ်စိတ်သည် ပြုပြင်စီရင်ခြင်း မရှိသော နိဗ္ဗာန်ချမ်းသာကို အာရုံပြုခြင်းဖြစ်သည်။ ထိုစိတ်တို့သည် (ဖလသမာပတ်) ဖိုလ်ဝင်စားခြင်း စိတ်ကူး၍ အသီး-အသီး ဖြစ်ပေါ်ကြကုန်သည်ဖြစ်၏။ အာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းကို စီးဖြန်း အားထုတ်ကြပါကုန်သော 'သင်'ယောဂီပုဂ္ဂိုလ် အပေါင်းတို့သည် ဤထွက်သက်ဝင်သက်တရားကို အာရုံပြု၍ အမြဲ စောင့်ရှောက်ကြပါကုန်လော့'ဟူ၍ ဟောပြောပြခြင်း ဖြစ်ပါသည်။

တနေ့သောည၌(၈)နာရီ အချိန်တွင်မှာလည်း ကျွန်ုပ်သည် အာနာပါနစျာန်ကို ယူဆောင်ဝင်စား အားထုတ်လျက်နေစဉ်အခါမှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် မဂ်ဉာဏ်၏အကျိုးဖြစ်ပေါ်နေပုံတရားတော်မြတ်ကို မဂဓပါဠိဘာသာစကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားဖော်ပြပါသည်။

'ဤထွက်သက်ဝင်သက်စျာန်ကို ယူဆောင်သောစိတ်သည် မဂ်ဉာဏ်၏အကျိုးကို ဖြစ်ပေါ်ကုန်သည်ဖြစ်၏။ ထိုစိတ်သည် အလုံးစုံသောလောကကို အလင်းရောင်ကိန်းအောင် ပြည့်စုံနေသကဲ့သို့ သိကုန်သည်ဖြစ်၏။ အာနာပါနကမ္မဋ္ဌာန်း စျာန်လမ်းကို စီးဖြန်းအားထုတ်ကြပါ

ကုန်သော 'သင်'ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် ဤစျာန်ကို ယူဆောင်သောစိတ်ဖြင့် အလုံးစုံသောအမှု အလုပ်တို့ကို သိကြကုန်သည်ဖြစ်သတည်း'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

ဤတရားကို ကြားနာရပြီးသည့်နောက်၊ တနေ့သော နံနက်ပိုင်းအချိန်အခါမှာ အာနာပါနစျာန်ကို ယူဆောင်ဝင်စားအားထုတ်နေစဉ်၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က နောက်ဆက်လက်၍ မဂ်ဉာဏ်၏အကျိုး ဖြစ်ပေါ်နေသော အကြောင်းစကား တရားတော်မြတ်ကို မဂဓပါဠိဘာသာ စကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားပေါ်ပြပါသည်။

'ဤထွက်သက်ဝင်သက်၏ စျာန်စိတ်သည် အလင်းရောင်ကိန်းအောင်းသောစိတ်ဟူ၍ ဆိုအပ်ကုန်၏၊ ထိုစိတ်ဉာဏ်သည် အလုံးစုံသော လောကတို့ကို သိကုန်သည်ဖြစ်စေကုန်သတည်း'ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

## အထူးမှတ်ချက် (၁၁)

> ဤအာနာပါန ထွက်သက်ဝင်သက်၏ အလင်းရောင်ကိန်းအောင်းသောစျာန်စိတ်ဖြင့် အလုံးစုံသောတရားတို့ကို သိနိုင်သည်။

တနေ့သောညဉ့်အခါ၌ အာနာပါနစျာန်ကို ယူဆောင်ဝင်စားလျက်နေရာတွင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် တရားကိုပြခြင်း၊

တရားကိုညွှန်ကြားဟောပြောခြင်းတို့မှ နိဂုံးချုပ်ဟောပြောသော တရားကို မဂဓ ပါဠိဘာသာစကားဖြင့် ဟောပြောပြတော်မူသည်ကို ဘာသာပြန်ဆို၍ ရေးသားဖော်ပြပါသည်။

> 'ဤတရားသည် အလင်းရောင် ကိန်းအောင်းသော ထွက်သက်ဝင်သက် ရှုနည်းဥာဏ်ဖြစ်သည်။ အလုံးစုံသော လောကကို ချုပ်ငြိမ်း၍ မဂ်တရားကိုလည်းကောင်း၊ တရားသဘောကိုလည်းကောင်း သိကုန်သည်ဖြစ်သည်။ ထို့ကြောင့် မဂ်ဥာဏ်ကို တကယ်ရောက်သည်' ဟူ၍ ဟောပြောခြင်းဖြစ်သည်။

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ဤအာနာပါနကမ္မဋ္ဌာန်း ရှုနည်းလမ်းကို အားထုတ်ရန် ကျွန်ုပ်အား အာရုံဖြင့် ဖြစ်ပေါ်လာပြီး သိမြင်လာစေသော တရားကိုပြသခြင်းမှ ကိုယ်တိုင် တရားကို ဟောပြော ညွှန်ကြား ပြသပါသဖြင့် ကြားသိလာခဲ့ရသော အကြောင်းတို့ကို စုံလင်စွာရေးသား တင်ပြ၍ပြီးပါပြီ၊ ဤအာနာပါနကမ္မဋ္ဌာန်း ရှုနည်းလမ်းကို အလိုရှိ၍ အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ မိမိတို့၏လုပ်ငန်းတာဝန်ရှိသော သူတို့မှာ နံနက်သုံးကြိမ်၊ ညဉ့်ဘုံကြိမ် အစဉ်ဌာန်ပြု၍ အားထုတ်မှုကို မဆုတ်မလော အာရဒ္ဓဝိရိယစိတ်တို့နှင့် ထက်ထက်သန်သန် မှန်မှန်မြတ်မြတ် အာရုံဇာကပ်လျက် အားထုတ်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ သို့ရာတွင် အလုပ်တာဝန် မရှိသော ယောဂီပုဂ္ဂိုလ်တို့ဖြစ်ခဲ့ပါသော် တနေ့တနေ့လျှင် (၄)ကြိမ်ထက်မနည်းစေဘဲ အားထုတ်သွားကြပါလျှင် ပထမဆင့်နှင့် ဒုတိယဆင့်တွင် မဂ်ဥာဏ်ဖိုလ်ဥာဏ်ကို မဆိုက်မရောက်သေးပါက

ဤတတိယဈာန် တနာရီစခန်းတွင် ဤအာနာပါန ထွက်သက် ဝင်သက်၏ အလင်းရောင် ကိန်းအောင်းသော ဈာန်စိတ်ဖြင့် ဖြစ်ပေါ်ရရှိလာသော 'ပရိတ္တမစိတ္တံ'အလွန်မြတ်သော စိတ် ဖြင့်လည်းကောင်း၊ 'ပရိကုဿလဝိဇ္ဇာနာမဉာဏံ' အလွန် စင် ကြယ်သည့် ဝိဇ္ဇာမည်သော ဉာဏ်ဖြင့်လည်းကောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘို့ ဆိုက်ရောက်နိုင်ကြောင်း၊ လမ်းကောင်းတရပ်ကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ညွှန်ကြားပြသ မဂဓပါဠိဘာသာစကား ဖြင့်ထင်ရှားစွာ ဟောပြောထားခြင်း ဖြစ်ပါသည်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့။ ဤတတိယဈာန်ဖြစ်သော တနာရီအချိန်စခန်းတွင် စိတ်ခါးတောင်းကျိုက်၍ မချမနေ ဝိတ်ရှည်ရှည်နှင့် အားထုတ် ကြပါကုန်လော့၊ ဤမဂ်သမ်းကြောင်း၊ ဖိုလ်သမ်းကြောင်းကို မယူသေးမူ၍ သမထလမ်းကြောင်းကို ဆုံးအောင်အားထုတ်ကြ ရန် အလိုရှိကြပါလျှင် ဤအာနာပါန ကမ္မဋ္ဌာန်း ဈာန်လမ်းဖြင့် အပ္ပနာဈာန်သို့တက်၍ အားထုတ်သွားကြရမည် ဖြစ်ပါသည်။

ဤတတိယဈာန် တနာရီအချိန်စခန်းဖြင့် (တလ)အားထုတ် ပြုလုပ်လာခဲ့သော သမာဓိအကြည်ရှိန်သည် ဒုတိယ ဈာန် မှာ ဖြစ်ပေါ်ရရှိလာခဲ့သော သမာဓိအကြည်ရှိန်ထက် ပိုမို လွန်ကဲ အမြဲသဖြင့် ထင်မြင်စွဲကာ ဖြစ်ပေါ်နေသော ပဋိဘာဂနိမိတ် အာရုံအလင်းရောင်ဖြစ်သည်။ ထိုအခါ၌ စိတ်သည် တည်ကြည် ငြိမ်သက်လျက် စိတ်ဝိဉာဉ်သည် မလှုပ်မရှား ဖြစ်ပေါ်နေသည်။ ငြိမ်းအေးစွာဖြင့် ခံစားနေလိုသော ဈာန်စိတ်တွေ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍နေသည်။ ဤသို့ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ ထင်မြင်လာ သော ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာမှုကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က

'ပရိကုဏ္ဍလစိတ္တ''အလွန်စင်ကြယ်သော စိတ်ဟူ၍ ပြဆိုတော်မူခဲ့သည်။ ဤတွင် တတိယဆင့်အားထုတ်မှုစခန်းမှာ ဖြစ်ပေါ်ရရှိကြားသိလာခဲ့ရသော အကြောင်းတို့ဖြစ်သည်။

(သတိပြုရန်) ဤအားထုတ်မှုစခန်းတွင် ရေးသားဖော်ပြသည့်အတိုင်း အားထုတ်၍ အလင်းရောင် ကိန်းအောင်း မဖြစ်ပေါ်ခဲ့ပါလျှင် အချိန်ကိုပိုအားထုတ်ကြပါရန် သတိပေးမှာကြားအပ်ပါသည်။

တတိယဆင့် ပြီး၏။

## အပ္ပနာဈာန်သို့

# တက်ရန်အစီအစဉ် အကြောင်း

အာနာပါနကမ္မဋ္ဌာန်း၊ အပ္ပနာဈာန်လမ်းကို အလိုရှိ၍ အားထုတ်လိုကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ ဤအာနာပါနဈာန်လမ်း ဟတိယဆင့် တနာရီအချိန်စခန်းတွင် အားထုတ်မှုရင့်သန်အားကောင်းလာသောအခါ ပဋိဘာဂ နိမိတ်ကို ရရှိ၍ 'ပရိကုဏ္ဍလဝိဇ္ဇနာသမဥာဏ်' အလွန်စင်ကြယ်သော ဝိဇ္ဇာမည်သောဥာဏ်ဟူ၍ စိတ်၌ဖြစ်ပေါ်လာသည်။ ထိုအခါ၌ ထိုအာရုံနိမိတ်ဖြစ်ပေါ်လာပုံမှာ အဖြူအလင်းရောင်သည် အလွန်စင်ကြယ်စွာ ဖြူလျက်လင်းနေသည်ဖြစ်၍ အလွန် ချောမွေ့ငြိမ်သက်ပြီး စိတ်ဝိဥာဉ်သည် မလှုပ်မရှား တည်ငြိမ်၍ ခံစားနေလိုသော စိတ်သည် ဖြစ်ပေါ်ပြီးလာသည်။ သို့ဖြစ်ပါ၍ သမထအရာ၌ ရှေ့သို့အပ္ပနာ ပထမဈာန်ကိုတက်လို၍ အားထုတ်ရန် အလိုရှိကြလေသည်။

ဤသို့အပ္ပနာစျာန်ကို အလိုရှိကြသောအခါ မိမိကိုယ်ကို မိမိအပ္ပနာကောသလ္လနှင့် ညီညွတ်အောင် ပြုလုပ်ရသည်။ ကောသလ္လသည် (၁၀)ပါးဟူ၍ရှိလေသည်။ (၁)ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင် တွေမျိုးသန့်ရှင်း မှု၊ (၂)ဣန္ဒြေငါးပါးညီညွတ်အောင်ပြုမှု၊ (၃) ထွက်သက်ဝင်သက်ဟူသော အာရုံနိမိတ်၌ လိမ္မာမှု၊ (၄) တက်ကြွလွန်းသော စိတ်ကိုနှိမ်မှု၊ (၅)ဆုတ်နစ်လွန်းသောစိတ်ကို ချီပင့်မှု၊ (၆) ခြောက်သွေ့လွန်းသောစိတ်ကို ရွှင်စေမှု၊ (၇) ညီညွတ်သောစိတ်ကိုလျစ်လျူရှုမှု၊ (၈)သမာဓိမရှိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု၊ (၉) သမာဓိရှိသောပုဂ္ဂိုလ်ကို မှီဝဲမှု၊ (၁၀) အပ္ပနာစျာန်ကိုရခြင်းငှါ အမြဲညီညွတ်သော စိတ်ရှိမှု။ ဤ(၁၀)ပါးတို့ဖြစ်သတည်း။

ဤအပ္ပနာစျာန်သို့ တက်ခြင်းအကြောင်းတို့ကို ကိုယ်တိုင်အားထုတ်လာခဲ့သော ကိုယ်တွေ့၊ ကိုယ်တိုင်အဖြစ်၊ အတွေ့အကြုံအားထုတ်သော အလုပ်စခန်းတို့ကို လက်တွေ့ သိပ္ပံနည်းကျကျအားဖြင့် ထုတ်ဖော်ရေးသား တင်ပြသွားပါမည်။

ဤအာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်း တတိယဆင့်မှာ ပဋိဘာဂနိမိတ် အာရုံဖြင့်ရရှိလာသော ဝိဇ္ဇာဉာဏ် စိတ်တန်ခိုးသည် အလွန်ထင်၍ တင်၍ ဖြစ်ပေါ်နေ၏။ ဇောအာရုံတို့သည်လည်း ပိုမို၍ဖြစ်ပေါ်နေမှုကြောင့် ကြံစည်ပြုသုပ်မှုတွေ၊ တွေးတော ထင်မြင်မှုတွေ၊ ဖြစ်ပေါ်လာပြီး ကြားသည်၊ မြင်သည်၊သိသည် ဟူ၍ဖြစ်သည်။ ဤအလင်းရောင် ကိန်းအောင်းသော ဝိဇ္ဇာဉာဏ်ဖြင့် မဂ်ဘာရားကိုလည်းကောင်း၊ တရားသဘောကို လည်းကောင်း သိ၍သိ၍ မဂ်ကိုဆိုက်ရောက်နိုင်သည်ဟူ၍လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြောထားခဲ့ပါသည်။

သို့ပါ၍ မဂ်ကို မဆိုက်ရောက်ခဲ့ပါသော် ဤအာနာပါန ထွက်သည်ဝင်သက်၏ အလင်းရောင် ကိန်းအောင်းသော ဝိဇ္ဇာ ဉာဏ်စျာန်စိတ်သည် ကာမဇော ဝိတက်တွေ အားကြီးသဖြင့် စိတ်မငြိမ်မသက်ဘဲလျက် ချမ်းသာမှု၊ ခံစားမှုတွေ မဖြစ်ပေါ် လာခြင်းကြောင့် ဤအာနာပါန စျာန်ကို ငြီးငွေ့လျက် မုန်းလျက်၊ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍လာသဖြင့် အထက်အပ္ပနာ ပထမစျာန်ကိုတက်လို၍ လာပါသောကြောင့် ဤအပ္ပနာစျာန်ကို တက်၍ အားထုတ်ရန် ကြံစည်ပြုရာ၌၊ အချို့သောပုဂ္ဂိုလ်တို့မှာ စျာန်ငါးဆင့်ရှိပါသည်။ ဤနည်းကို ပဉ္စကနည်းဟူ၍ ခေါ်ပါသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူ၍ စျာန်အင်္ဂါ ငါးပါးဖြစ်သည်။ အချို့သော ပုဂ္ဂိုလ်တို့မှာကား၊ ဝိတက်နှင့် ဝိစာရကို တပေါင်းတည်း တကြိမ်တည်းပယ်ချခဲ့၍ စျာန်လေးဆင့်သာရှိသည်။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူ၍ ဖြစ်သည်။ ထိုနည်းကို စတုက္ကနည်းဟူ၍ခေါ်သည်။

ပဉ္စကနည်းမှာ ပဉ္စမစျာန်ထိအောင် ငါးဆင့်တက်၍ အားထုတ်ရသည်။ စတုက္ကနည်းမှာ စတုက္ကစျာန်ထိအောင် လေးဆင့်တက်၍ အားထုတ်ရသည်ဖြစ်သည်ဟူ၍ ကျမ်းဂန်အရ အဆိုရှိပါသော်လည်း အားထုတ်ပုံအားထုတ်နည်းကို စနစ်တကျ မသိကြလျှင် ဆရာမရှိလျှင် အားထုတ်ရန် အလွန်ခဲယဉ်းပါသည်။ ဘယ်လိုအားထုတ်ရမည်နည်း၊ စျာန်အင်္ဂါငါးပါးတို့ကို ပုတီးစိပ်သလို ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာဟူ၍ တခုစီတခုစီ ရွတ်ဆိုပြီး နှလုံးသွင်းနေရမှာလည်း အဘယ်သို့ ပြုလုပ်အားထုတ်နေရပါအံ့နည်းဟူ၍ စဉ်းစားလျက်၊ အားထုတ်ပြုလုပ်ကြရန် အလွန်ခဲယဉ်းနေတတ်ကြပါသည်။ အားထုတ်ပုံနည်းကို သိကြမှသာလျှင်

လွယ်ကူပါသည်။ ရှေးရှေးက နောက်ဘဝက ပြုလုပ်အားထုတ်ခဲ့ဘူး၍ အဓိကာရ ရရှိခဲ့ဘူးသော ပုဂ္ဂိုလ်တို့မှသာလျှင် လွယ်ကူသည်။ အဓိကာရ မရရှိခဲ့ဘူးသော ပုဂ္ဂိုလ်တို့မှာ အလွန်ခဲယဉ်းကြပါသည်။

ကျွန်ုပ်သည် မတေဇောကသိုဏ်းကို အားထုတ်ခဲ့စဉ်အခါက ပဋိဘာဂနိမိတ်ကို ရရှိသောအခါ ထိုပဋိဘာဂနိမိတ်သည် အလွန်ငြိမ်းအေးစွာ ချောညက်သိမ်မွေ့စွာ ဖြစ်ပေါ်လာပြီးလျှင် ခံစားနေလိုသောစိတ်သည် ဖြစ်ပေါ်၍-ဖြစ်ပေါ်၍ နေလေသည်။ ခံစားပြီးငြိမ်သက်၍မှိန်း၍ နေလိုသောစိတ်သည် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာလေသည်။ ထိုအခါ၌ အထက်က ရေးသားပြဆိုခဲ့ပြီးသော အကြောင်းတို့ကဲ့သို့ အားထုတ်ပြုလုပ်နည်းကို မသိပါသောကြောင့်လည်းကောင်း၊ ပြောပြမည့်၊ ပြသမည့်ဆရာ မရှိခြင်းကြောင့်လည်းကောင်း၊ အားမထုတ်နိုင်ခဲ့ပါပေ။

ထိုအခါ တနေ့သောနေ့ခင်းယံ၌ ဖြစ်ပေါ်ရရှိနေသော မီးပဋိဘာဂနိမိတ်ကို နှလုံးသွင်းလျက် မှေးမှိတ်အိပ်စက်ရာတွင် အိပ်ပျော်သွားသည်လည်းမဟုတ်၊ နိုးနေသည်လည်းမဟုတ်၊ ထိုအချိန်အခါမှာ ကျွန်ုပ်အိပ်နေသော ခေါင်းရင်းမှ လာ၍ပြောသည်မှာ 'အာစာရအကျင့်၊ ဝိစာရဖြစ်အောင် လုပ်ပေးရသည်၊ အားထုတ်ရသည်' ဟုပြောလေသည်။ ထိုအခါက ကျွန်ုပ်သည် အာစာရအဓိပ္ပါယ်ကိုလဲမသိ၊ ဝိစာရအဓိပ္ပါယ်ကိုလဲမသိ၊ အကျင့်ဟုပြောသောစကားကိုသိသည်။ ငါသည် တေဇောကသိုဏ်း၏ ပရိကမ္မနိမိတ်အာရုံကို အဖန်ဖန်အားထုတ်၍ ကြည့်ရှုနေခြင်းသည် အကျင့်မည်၏။ ဤအကျင့်ကြောင့်သာလျှင် ပဋိဘာဂနိမိတ်ကို ရင့်သန်အားကောင်းလျက် ရရှိလာခြင်းဖြစ်သည်။

သို့ပါ၍ ကျွန်ုပ်သည် 'အာစာရ'ကိုလဲမသိ၊ 'ဝိစာရကိုလဲမသိ ပါ၍ ပါဠိတတ်သော ပုဂ္ဂိုလ်တဦးထံသို့ သွားရောက်မေးသော အခါ ထိုပုဂ္ဂိုလ်က အာစာရဟာအကျင့်၊ ယခု ခင်ဗျားပြုလုပ် အားထုတ်နေသော တေဇောကသိုဏ်းဟာ အကျင့်ဘဲဖြစ်တယ်၊ အဲဒီအကျင့်ဖြင့်ရရှိလာသော မီးပဋိဘာဂ နိမိတ်ကို ဝိစာရဖြစ် အောင် လုပ်ပေးပါလို့ နုတ်ကောင်း နုတ်မြွတ်က ပြောတာဖြစ် တယ်၊ 'ဝိစာရ'ဆိုဘာ နှလုံးသွင်းမှု၊ ပွားများအားထုတ်မှုကိုခေါ် သည်ဟူ၍ ပြောဆိုလိုက်လေသည်။

ထိုအခါ ကျွန်ုပ်သည် 'ဝိစာရ'အဓိပ္ပါယ်ကို သိရပါသဖြင့်၊ ငါ့ကိုဈာန်တက်ရန်ပြောသော စကားဖြစ်သည့်အတွက် အပ္ပနာ ဈာန်ကိုတက်ရန် အားထုတ်ကြံစည်ရလေသည်။ သို့ဖြစ်ပါ၍ တေ ဇောကသိုဏ်းကို ကြည့်ရှုပွားများအားထုတ်၍ ဖြစ်ပေါ်ရရှိသော မီးပဋိဘာဂနိမိတ်သည် အာစာရအကျင့်ကြောင့် ဖြစ်ပေါ်ရရှိပါ သဖြင့် ဤတွင် ဝိတက်ပါသွားသည်ဖြစ်သည်။ အပ္ပနာဈာန်ကို တက်ရာ၌၊ စတုက္ကနည်းဖြင့်သာလျှင် တက်ရန်ဖြစ်သည်။ထိုစတုက္က နည်းတွင် ဈာန်အင်္ဂါမှာ ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟူ၍ လေး ပါးရှိသည်။ ထိုနည်းတူစွာ အာနာပါန ထွက်သက်ဝင်သက်ဖြင့် ဖြစ်ပေါ်ရရှိသော အဖြူပဋိဘာဂ နိမိတ်အာရုံသည်လည်း၊ အာ နာပါနဈာန်ကို ငင်စားအားထုတ်ရာ၌ ဝိတက်ပါသွားသည်ဖြစ် ပါသဖြင့် အပ္ပနာဈာန်သို့တက်ရန်မှာ စတုက္က နည်းဖြင့်သာလျှင် တက်ရန်ဖြစ်သည်။ ထိုဈာန်၌ဆိုခဲ့ပြီးသော ဈာန်အင်္ဂါမှာ ဝိစာရ၊ ပီတိ၊သုခ၊ဧကဂ္ဂတာဟူ၍ လေးပါးဖြစ်သည်။ အာနာပါန ထွက် သက်ဝင်သက်ဈာန်ဖြင့် ဖြစ်ပေါ်ရရှိနေသော အဖြူအလင်းရောင်

ကိန်းအောင်းနေသည့် ပဋိဘာဂနိမိတ်အာရုံကို အစပြုပြီး ကြည့်ရှုပွားများ၍ ဈာန်ကိုတက်ရန်ဖြစ်သည်။

ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် ဈာန်ကို တက်ကြသောအခါ ဈာန်နှင့်ပတ်သက်သော အကြောင်းတို့ကို သိထားကြဘို့ လိုအပ်ပေသည်။ ဈာန်အင်္ဂါတို့ကို ဝင်စားအားထုတ်ရာ၌ အာဒိကမ္မိကအစပြု၍ အားထုတ်သောပုဂ္ဂိုလ်တို့သည် ဝင်စားပုံဖြစ်ပေါ်လာပုံတို့ကိုလည်း သိထားကြဘို့ လိုအပ်ပေသည်။ သို့ပါ၍ သိထားအပ်သော အကြောင်းတို့ကို ရေးသားဖော်ပြရမည်ဆိုသော် 'ဈာန်' 'ဈာန်'ဟူ၍ ခေါ်ဆိုသော စကားသည် မြန်မာဘာသာစကားဖြစ်ပါသည်။ ဤ'ဈာန်'သည် 'ဈာန'ပုဒ်မှလာသဖြင့် 'ဈာန်'ဟူ၍ ခေါ်ဆိုသောစကားဖြစ်သည်။ စာပေကို မကျွမ်းကျင်သေးသော ပုဂ္ဂိုလ်တို့က 'ဈာန်' ဟူသောစကားကို ကောင်းကင်မိုးလယ်သို့ တက်သွားလာနိုင်ခြင်းကို လည်းကောင်း၊ ရေပေါ်သို့ လျှောက်သွားလာနိုင်ခြင်းကို လည်းကောင်း၊ ခေါ်သည်ဟူ၍ ထင်မှတ်နေကြသည်။ ဤဈာန်သည် မိုးပေါ်သို့ရေပေါ်သို့ သွားလာနိုင်ခြင်းကိုခေါ်သည်မဟုတ်။ 'ဈာန်'ပုဒ်၏အဓိပ္ပါယ်သည် ရှုကြည့်ခြင်း၊ လောင်ကျွမ်းခြင်းဟူ၍ အဓိပ္ပါယ်ရရှိသည်။ ကျမ်းဂန်မှ ပြဆိုသည်မှာ ကိလေသာတို့ကို ရှို့တတ်မြှိုက်တတ် လောင်ကျွမ်းစေတတ်သောကြောင့် 'ဈာန်'ဟူ၍ခေါ်ဆိုပါသည်။ ဤဈာန်ကို အားထုတ်ပါ များသောအခါ ရင့်သန် အားကောင်းလာသောအခါ၌၊ ဤဈာန်ကိုအခြေခံ ပါဒကပြု၍ အဘိညာဏ်အပေါင်းတို့ကို ဖြစ်စေနိုင်ပြီးလျှင် တန်ခိုးအမျိုးမျိုးတို့ကို ပြုလုပ်နိုင်ပါသည်၊ ကောင်းကင်မိုးလယ်သို့ တက်သွား စေနိုင်ခြင်း၊ ရေပေါ်သို့ လျှောက်သွား လာစေနိုင်ခြင်းဟူသော အဘိညာဉ်တန်ခိုးတို့ကို

ဖြစ်စေနိုင်သည် ရစေနိုင်သည်ဟူ၍ ကျမ်းဂန်မှ ထင်ရှားပါရှိသည့်အတွက်၊ ရေးသားဖော်ပြပါသည်။

"အပ္ပနာ"ဟု ခေါ်ဆိုသောစကားသည် ပါဠိဘာသာဖြစ်၏၊ အနက်အဓိပ္ပာယ်မှာ သွတ်သွင်းခြင်း ဝင်စားခြင်းဟူ၍ ဖြစ်သည်၊ ကျမ်းဂန်မှ အဆိုကတော့ အာရုံ၌ ချဉ်းကပ် ဝင်ရောက်တတ်သောကြောင့်၊ "အပ္ပနာ"ဟု ခေါ်သည်၊ အဘယ်သို့ဝင်စားပုံ၊ အဘယ်သို့ သွတ်သွင်းပုံနည်းလဲဟူ၍ မေးစရာအကြောင်းရှိသည်၊ "သွတ်သွင်းခြင်း၊ ဝင်စားခြင်း"ဟူသည်မှာ ဈာန်အင်္ဂါတို့ဖြင့် ဖြစ်ပေါ်ရရှိလာသော အာရုံနိမိတ်ကို စိတ်ဖြင့်ယူဆောင်၍ မိမိ၏ ကိုယ်ထဲမှာသော်လည်းကောင်း၊ မိမိ၏ဥာဏ်ကွင်း အတွင်းထဲမှာ သော်လည်းကောင်း၊ သွတ်သွင်းပြီး အာရုံပြု၍ ဝင်စားနေမှုကို "အပ္ပနာဈာန်"ဟု ခေါ်ပါသည်၊ ၎င်းပြင် "ဥပစာ"ဟု ခေါ်ဆိုသော စကားသည် အနက်အဓိပ္ပာယ်မှာ အနီး၌ဖြစ်ခြင်းဖြစ်သည်၊ ကျမ်းဂန်မှ အဆိုကတော့ အပ္ပနာ၏အနီး၌ ဖြစ်သောကြောင့်'ဥပစာ'ဟု ခေါ်ဆိုပါသည်၊ ဤအပ္ပနာဈာန်ကို ဝင်စားအားထုတ်သောအခါ၌ 'တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ သိမ်မွေ့၍ သိမ်မွေ့၍ ဖြစ်ပေါ်ပြီး၊ ချမ်းသာသုခကို ခံစားနေသည်'ဟူ၍ ဆိုသော စကားမှာ မိမိ၏ဥာဏ်ကွင်းအတွင်းထဲမှာ စိတ်၌ဖြစ်ပေါ်ရရှိနေသည့်၊ အဖြူရောင် ပဋိဘာဂနိမိတ်ကြီးကို၊ ဝင်စားလျက် နေစဉ်တွင် တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ အလင်းရောင် မှိန်မှိန်သွားပြီး ဖြစ်ပေါ်နေသည်ကို လည်းကောင်း၊ တဖြည်းဖြည်း တဖြည်းဖြည်း၊ အသင်းရောင်ပြေပြေပြစ် ပြေပြစ်၍ ဖြစ်ပေါ်နေသည်ကိုလည်းကောင်း၊ ကျမ်းဂန်အရ ရေးသားပြဆိုသည်မှာ "တဖြည်း

ဖြည်း၊ တဖြည်းဖြည်း၊ သိမ်မွေ့၍ သိမ်မွေ့၍ ဖြစ်ပေါ်ပြီး ချမ်းသာမှုကို ခံစားနေသည်”ကို ရေးသားပြဆိုခြင်း ဖြစ်သည်။

ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ကျွကဲ့သို့ အာနာပါန ထွက်သက်ဝင်သက်ရှူသော နည်းဖြင့် စျာန် ၄-ပါးဝင်စားပုံမှာ ရှေ့ကပြဆိုခဲ့ပြီးသော တေဇောကသိုဏ်း အားထုတ်ပုံနည်းအတိုင်း ဖြစ်ပါသည်။

## အပ္ပနာဈာန်စိတ်၏

# အကျိုးဖြစ်ပေါ်ပုံ အကြောင်း

ဤပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အစရှိသော ဈာန်လေးပါးတို့သည်၊ တဈာန်နှင့်တဈာန် မတူကြဘဲလျက်၊ ခံစားပုံ တည်ငြိမ်ပုံ ငြိမ်သက်ပုံ သိမ်မွေ့ပုံတို့ ကွာခြားလျက်ရှိကြလေသည်၊ ပထမဈာန်နှင့်ဒုတိယဈာန်သည် အလွန်ထွန်းလင်းတောက်ပ၍ နှစ်သက်ဝမ်းမြောက် ပျော်ရွှင်ဘွယ် ဖြစ်ပြီး၊ 'ပီတိ'လွှမ်းမိုးလျက် ဖြစ်ပေါ်ရရှိခံစားနေခြင်း ဖြစ်သည်၊ တတိယဈာန်နှင့် စတုတ္ထဈာန်တို့၌ ဖြစ်ပေါ်ရရှိလာသော ပဋိဘာဂနိမိတ်အာရုံသည်၊ စိတ်၌တည်ကြည်ငြိမ်သက်ပြီး၊ တဖြည်းဖြည်း သိမ်မွေ့၍ ခံစားနေခြင်းဖြစ်သည်၊ ဤသို့ ခံစားလျက်နေရာမှ ထိုပဋိဘာဂနိမိတ် အာရုံအလင်းရောင်ကြီးသည်၊ ပြန်လည် ဖြစ်ပေါ်လာလိုက် တဖန် တဖြည်းဖြည်း၊ သိမ်မွေ့၍ သွားပြီးလျှင် ငြိမ်းအေးစွာဖြင့် ချမ်းသာမှုကို ခံစားလျက်နေရာမှ သတိမေ့၍ သွားပြီး၊ "အပ္ပနာဈာန်ဇောပီတိကျနေ၏" ဤကဲ့သို့ အပ္ပနာဈာန်

ဇောပိတ်ကျနေပုံ အခန်းကို ရှေ့ပိုင်းမှာ ရေးသားဖော်ပြခဲ့ပါသည်ဖြစ်၍၊ ယခုဆက်လက် ရေးသားရန် မလိုတော့ဘဲလျက်၊ စျာန်လေးပါးတို့၏ အပ္ပနာစျာန်စိတ် အကျိုးဖြစ်ပေါ်နေပုံကို ရေးသားဖော်ပြပါမည်။

ထိုအပ္ပနာစျာန်အာရုံကို ဝင်စားနေသောအခါတို့မှာ ထွက်သက်ဝင်သက်ကို မရှူတော့ဘဲလျက် ငြိမ်းအေးစွာဖြင့် ဝင်စားနေခြင်းဖြစ်နေသည်၊ ထို့ကြောင့် ရှေးဆရာများတို့က၊ ရေးသားစပ်ဆိုထားခဲ့သည်မှာ....

## ဆောင်ပုဒ်လင်္ကာကဗျာ

အမိဝမ်းဖြစ်၊ ရေနစ်မြုပ်ပါ၊ ဗြဟ္မာဟူသမျှ၊
နိရောဓဝင်၊ ပဉ္စမစျာန်နေ၊ တွေဝေသေသူ၊
သေသောသူဟူ၊ ဤ(၇)ခုသည်၊ မရှူအသက်နေ၏တည်း။

ဤသို့ ရေးသားစပ်ဆိုထားသော ကဗျာသည် (၁)အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၊ (၂) ရေထဲမှာရေနစ်သော ပုဂ္ဂိုလ်၊ (၃) ဗြဟ္မာပုဂ္ဂိုလ်၊ (၄)နိရောဓသမာပတ်ကို ဝင်စားနေသော ပုဂ္ဂိုလ်၊ (၅) စတုတ္ထစျာန်သို့ ပဉ္စမစျာန်ကို ဝင်စားနေသော ပုဂ္ဂိုလ်၊ (၆)တွေဝေမေ့မောပြီး၊ မြောနေသော ပုဂ္ဂိုလ်၊ (၇) ဘဝနိဂုံးချုပ်သေနေသော ပုဂ္ဂိုလ်။ ။ဟူ၍ ထွက်သက်ဝင်သက်မရှိသော ပုဂ္ဂိုလ်(၇)ယောက်တို့ ဖြစ်သည်။

ဤစျာန်လေးပါးတို့ကို အားထုတ်သော အပ္ပနာစျာန်စိတ်သည်၊ စျာန်မှထသောအခါတို့၌ သမာဓိအကြည်ရောင်ဖြင့် ရရှိသော ပဋိဘာဂနိမိတ် အာရုံသည် အလွန်သန့်ရှင်းစင်ကြယ်လျက်

နေသောအဖြူရောင်သည်မြူတိမ်ကင်းစင်သော လမင်းကြီး ထွက်ပေါ်တတ်လာသကဲ့သို့ ရှိနေသည်၊ စိတ်သည်လည်း အလွန်စင်ကြယ်သန့်ရှင်းလျက် ဖြစ်နေသည်ဖြစ်၍၊ ညဥ့်အိပ်စက်သောအခါတို့ ၊ ပဋိဘာဂနိမိတ်၏ အာရုံသည် ရှုမဝအောင် ထွန်းလင်းတောက်ပြောင်နေသဖြင့်၊ ဥက္ကောင်းကြီးသည် လင်းလျက် လင်းစာထိန်ထိန်လင်းလျက် ဖြစ်ပေါ်နေမှုကြောင့် အိပ်မပျော်နိုင်သည် ဖြစ်နေသည်၊ ဤသို့ စိတ်သန္တာန်၌ စွဲမှီကိန်းအောင်းလျက် မပြတ် ဖြစ်ပေါ်နေမှုကြောင့်၊ အလွန်စင်ကြယ် သန့်ရှင်းသော စိတ်သည် ဖြစ်ပေါ်နေသဖြင့်၊ စိတ်၌ဆင်းရဲခြင်းသည်လည်း မရှိ၊ စိတ်၌ နှလုံးမသာယာခြင်းသည်လည်းမရှိ၊ စိတ်၌ ပူပန်ငိုကြွေးခြင်းသည်လည်းမရှိ၊ စိတ်၌ ပူဆွေးဒုက္ခ ရောက်ခြင်းသည်လည်း မရှိ၊ တစုံတခုတို့မျှ မဖြစ်ပေါ်လာကြတော့သည် ဖြစ်သည်။

ဤစျာန်လေးပါးတို့ကို အားထုတ်သော အပ္ပနာစျာန်သည် စျာန်မှ ထသောအခါတို့တွင်၊ သမာဓိအကြည်ရှိန်ဖြင့် ရရှိနေသော ပဋိဘာဂနိမိတ်အာရုံ၏ အလင်းရောင် ကွန့်မြူး အထူးသဖြင့် ရရှိနေမှုကြောင့်၊ စိတ်သည် အလွန်စင်ကြယ် သန့်ရှင်းလျက် နေသဖြင့်၊ စိတ်၌ကာမဂုဏ်ကို ခံစားလိုခြင်း သည်လည်းမရှိ၊ စိတ်၌ အမျက်ဒေါသ ထောင်းထောင်းထခြင်း သည်လည်းမရှိ၊ စိတ်၌ ငိုက်မျဉ်း ထိုင်းမှိုင်းခြင်းသည်လည်းမရှိ၊ စိတ်၌ စိတ်ပျံ့လွင့်ခြင်း၊ စိတ်ပူပန်ခြင်း သည်လည်းမရှိ၊ ကိုယ်တိုင်အားထုတ် ပြုလုပ်လာသော၊ ဤအပ္ပနာစျာန်လမ်း ကမ္မဋ္ဌာန်းတရားအပေါ်၌ စိတ်တွင်း ယုံမှားခြင်း သံသယရှိခြင်းကိုလည်းမရှိဘဲ၊ အမြဲကိုးစား အကျိုးများအောင်အားထုတ်၍ နေမှုကြောင့်၊ အခြားသော အကုသိုလ်

စေတသိက်တရားတို့သည်လည်း၊ မပေါ်လာ မထလာကြတော့ဘဲ ငုပ်၍ ဝပ်၍ သွားကြလေတော့သည်။

ဤအပ္ပနာဈာန်ကို ဝင်စားအားထုတ်နေခြင်းသည်၊ အလင်းရောင်တွေ ကွန့်မြူး အထူးသဖြင့်၊ ဖြစ်ပေါ်ရရှိနေသော ပဋိဘာဂနိမိတ်အာရုံ ဖြစ်ပေါ်နေမှုကြောင့်၊ သမာဓိ အကြည်ရှိန်သည် အမြဲတစေ ကိန်းအောင်း တည်နေသည်ဖြစ်၍၊ စိတ်သန္တာန်၌လည်းကောင်း၊ ကိုယ်သန္တာန်၌လည်းကောင်း၊ ဝိပဿနာဉာဏ်တွေ တဖွားဖွား ထင်ရှားဖြစ်ပေါ် လာမှုကြောင့်၊ နောက်ကတနေရာတွင် စာဆိုရေးသားခဲ့သည်မှာ၊ "ဒိဗ္ဗစက္ခု၊ သမာဓိမှန်ပြောင်းနှင့် ရုပ်ပေါ် နာမ်ပေါ်မှာ ချိန်၍ ကြည့်လိုက်လျှင်၊ ထွေထွေပေါင်းစပ်၊ ကလာပ်မှုန်မွှား၊ မီးဖွါးများကဲ့သို့ ရှုပြားမျက်၊ သင်္ခါရ လောကဓါတ်တွင် စပ်ခါဝပ်ခါ ဖြစ်ပေါ်လာလျက် ဉာဏ်ကွန်ရက်ဖြင့် ဝိပဿနာတင်ရှု၊ ပွားများခြင်းကို ပြုလိုက်သော် တချက်တည်း၊ တခါတည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဆိုက်ရောက်သွားကြပေမည်' ဟူသောစကားအရ ဝိပဿနာဉာဏ်တွေ ဤအပ္ပနာဈာန်စိတ်အကျိုးဖြင့် ထင်ရှား ဖြစ်ပေါ်နေသည်ဟူသော စကားကို မှာကြား ရေးသားအပ်ပါသည်။

ဤစတုတ္ထအပ္ပနာဈာန်ကို ဝင်စား အားထုတ်ပြီးသောအခါ ထိုသောအခါတို့တွင် ဤအပ္ပနာဈာန်စိတ်ကို အခြေခံပါဒကပြု၍ မိမိအလိုရှိအပ်သော အကြောင်းကိစ္စတို့ကိုရည်ညွှန်းပြီး အဓိဋ္ဌာန်ပြု၍ စိတ်ကအာရုံဖြင့် ညွှတ်စေလျက် စတုတ္ထဈာန်ကို တဖန်ဝင်စား၍ ပြုလုပ်ရခြင်းအကြောင်းတို့ကို အဘိဉာဉ် အခန်းတွင် ရေးသားဖော်ပြပါမည်၊ ဤတွင် အပ္ပနာဈာန်စိတ်၏အကျိုးဖြစ်ပေါ်ပုံ အကျဉ်းဖြစ်ပါသည်။

## အဘိဉာဉ်ပြုလုပ်ပုံအစီအရင်နည်းအကြောင်း

ယောဂီအပေါင်းတို့သည် ဤအာနာပါနအပ္ပနာစျာန်ကိုရင့်သန်အောင် အားထုတ်၍ ဝသီဘော်နိုင်လာလျှင် အဘိဉာဉ်တို့ကို ဖြစ်စေနိုင်သည်၊ ဤအာနာပါနအပ္ပနာစျာန်တွင် အဘိဉာဉ်တို့ဖြစ်ပေါ်နိုင်သည်မဟုတ်၊ ရှေ့ပိုင်း၌ ကသိုဏ်း (၁၀)ပါးတို့မှ ရသော အပ္ပနာစျာန်တို့သည်လည်း အဘိဉာဉ် (၇)ပါးတို့ ဖြစ်စေနိုင်သည်ဟူ၍ ကျမ်းဂန်တို့တွင် ပါရှိပါသဖြင့် ရေးသားပေါ်ပြပါသည်။

### အဘိဉာဉ်(၇)ပါး

(၁) ဒိဗ္ဗစက္ခုအဘိဉာဉ်ဝိထိ
(၂) ဒိဗ္ဗသောတအဘိဉာဉ်ဝိထိ
(၃) ဣဒ္ဓိဝိဓအဘိဉာဉ်ဝိထိ
(၄) ပရစိတ္တဝိဇာနနအဘိဉာဉ်ဝိထိ
(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဉ်ဝိထိ
(၆) ယထာကမ္မူပဂ-အဘိဉာဉ်ဝိထိ
(၇) အနာဂတံသအဘိဉာဉ်ဝိထိ

ဟူ၍ (၇)ပါးရှိသည်။

ထိုအဘိဉာဉ်တို့တွင် ဒိဗ္ဗစက္ခုအဘိဉာဉ်သည်

(၁) ပရိကံ၏အခြေခံဖြစ်သော ပထမပါဒကစျာန်ဝိထိ
(၂) အလိုရှိရာကို ပရိကံပြုရသောအဓိဋ္ဌာန်ဝိထိ
(၃) အဘိဉာဉ်၏ အခြေခံဖြစ်သော ဒုတိယ ပါဒကစျာန်ဝိထိ

ဟူ၍ ဝိထိ (၃)မျိုးကျပြီးမှ အလိုရှိရာကို အလွန် အကျူး အထူးသဖြင့် မြတ်တတ်သော ဈာန်ဇောတကြိမ်ကျသော ရူပ ပဉ္စမဈာန် (သို့မဟုတ်) စတုတ္ထဈာန် အဘိဥာဉ် ဝိထိဖြစ်သည်။

## အစဉ်အတိုင်းအဓိဋ္ဌာန်ပြုပုံကား

(၁) ဒိဗ္ဗစက္ခုဉ် ဤသူ၏အဆင်းကို မြင်ရပါစေ လို၏ဟု အဓိဋ္ဌာန်ပြုရသည်။

(၂) ဒိဗ္ဗသောတဉ် ဤသူ၏ အသံကို ကြားရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

(၃) ဣဒ္ဓိဝိဓဉ် တခုတည်းကတရာတထောင်စသည်ဖြစ်ရပါ လို၏ဟု အဓိဋ္ဌာန်ပြုရသည်။

(၄) ပရစိတ္တဝိဇာနနဉ် ဤသူ၏ စိတ်ကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

(၅) ပုဗ္ဗေနိဝါသာနုဿတိဉ် ရှေး၌သုံးဘူးသော ခန္ဓာအစဉ် ကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

(၆) ယထာကမ္မုပဂဉ် အတိတ်ဖြစ်သော လောကီကုသိုလ် ကံ အကုသိုလ်ကံကို သိရပါလို၏ဟုအဓိဋ္ဌာန်ပြုရသည်။

(၇) အနာဂတံသဉ် အနာဂတ်၌ဖြစ်သော ခန္ဓာအစဉ်ကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

## အစဉ်အတိုင်းအာရုံပြုပုံကား

(၁) ဒိဗ္ဗစက္ခုအဘိဥာဉ်သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု သည်။

(၂) ဒိဗ္ဗသောတအဘိဉာဉ်သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသည်။

(၃) ဣဒ္ဓိဝိဓအဘိဉာဉ်သည် ပါဒကဈာန်နိမ္မိတ ရုပ်ကို အာရုံပြုသည်။

(၄) ပရစိတ္တဝိဇာနန အဘိဉာဉ်သည် ရှေ့နောက်(၇)ရက် အတွင်း သူတပါး၏စိတ်စေတသိက်ကို အာရုံပြုသည်။

(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဉ်သည် ရှေ့၌ သုံးနေဘူးသော မိမိ သူတပါး၏ ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်အမျိုးစသော ပညတ် နိဗ္ဗာန် ဤအာရုံ (၆)ပါးကို အာရုံပြုသည်။

(၆) ယထာကမ္မုပဂအဘိဉာဉ်သည်၊ အတိတ် ဖြစ်သော လောကီ ကုသိုလ်ကံ၊ အကုသိုလ်ကံ စိတ္တုပ္ပါဒ်ကို အာရုံပြုသည်။

(၇) အနာဂတံသ အဘိဉာဉ်သည်၊ အနာဂတ်ဖြစ်သော မိမိ သူတပါး၏ ခန္ဓာငါးပါးနှင့် စပ်သော ပညတ် နိဗ္ဗာန် အာရုံ (၆)ပါးကို အာရုံပြုသည်။

ဤအဘိဉာဉ် (၇)ပါးထဲက ယထာကမ္မုပဂနှင့် အနာဂတံသကို ဒိဗ္ဗစက္ခုသို့သွင်းလျှင် အဘိဉာဉ် (၅)ပါးဖြစ်သည်။ ဤအဘိဉာဉ် (၅)ပါးထဲသို့ အာသဝက္ခယ အဘိဉာဉ်ကို ထည့်လျှင် (၆)ပါး ဖြစ်သတည်း။ ဤသို့လျှင် အဘိဉာဉ် (၅)ပါး၊ (၆)ပါး၊ (၇)ပါးတို့ကို သိလွယ်မှတ်သားကြပါစေခြင်းငှါ ရေးသား ပေါ်ပြပါသည်။

ဤအပ္ပနာစျာန်စိတ်သည်၊ ကသိုဏ်း(၁၀)ပါးနှင့် အာနာပါ နှ(၁၁)ပါးသော၊ ကမ္မဋ္ဌာန်းတို့မှရသော စျာန်အဘိဉာဉ်တို့ဖြစ် သည်၊ တန်ခိုး အမျိုးမျိုးတို့ဖြင့်၊ ဖန်ဆင်း ပြုလုပ်နိုင်သော အကြောင်း အမျိုးမျိုးတို့ကို၊ အဘိဉာဉ်ငါးပါးဖြင့် ပြုလုပ်ပုံ ဝင်စားပုံ၊ ရှုမြင်ပုံ၊ အဓိဋ္ဌာန်ပြုပုံနည်းတို့ကို အောက်တွင် အဘိ ဉာဉ်ငါးပါးဖြင့် ပြုလုပ်သွားပုံကို ဖော်ပြထားသည်။

## အဘိဉာဉ်(၅)ပါး

၁။ ဒိဗ္ဗစက္ခု အဘိဉာဉ်၊
၂။ ဒိဗ္ဗသောတ အဘိဉာဉ်၊
၃။ ဣဒ္ဓိဝိဓ အဘိဉာဉ်၊
၄။ ပရစိတ္တဝိဇာနန အဘိဉာဉ်၊
၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဉ်၊

ဟူ၍ ဤငါးပါးဖြစ်သတည်း။

၁။ ဒိဗ္ဗစက္ခု အဘိဉာဉ်သည်ကား၊ ထိုဣဒ္ဓိမာ ပုဂ္ဂိုလ်သည်၊ နတ်မျက်စိကဲ့သို့ ကွယ်ခြားသော ဝေးရာအရပ်ရပ်တို့၌ ရှိသော အဆင်းဝတ္ထုတို့ကို မြင်လိုသောအခါ အကာယ်၍ နတ်ပြည်ကိုမြင် လိုအံ့၊ အလင်းကသိုဏ်းသုံးနှုတ်တွင် တခုခုကို ထိုမိမိမြင်လိုသော အရပ်သို့ဖြန့်ခင်း၍ နိုးစျာန်ကို အားထုတ်ဝင်စား၍ ထ၍ ပကတိ မျက်စိဖြင့်၊ ဤအနီး၌ရှိသော အဆင်းဝတ္ထုတို့ကို မြင်ရဘိသကဲ့ သို့၊ ဤနတ်ပြည်ကိုငါမြင်အံ့ဟု ရည်မှန်းဆင်ခြင်ခြင်း၊ ပရိကံကို ပြုပြီးလျှင် အဘိဉာဉ်ပါဒကစျာန်ကို ဝင်စား၍ ထပြီးလျှင် ဤ နတ်ပြည်ကို ငါမြင်စေသတည်းဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊

မြင်နိုင်သော အမိဋ္ဌာန် အာရုံဘော်ဆောင်ကျလာ၍ မြင်ရ၏၊ သို့အကာယ်၍ ပထမအကြိမ်ဖြင့်၊ မမြင်ရသေးလျှင်၊ ပါဒကာစျာန်ကို ဝင်စား၍ ဝင်စား၍ အဖန်ဖန် ဓိဋ္ဌာန်ခြင်းကို ပြုအပ်သည်၊ မြင်ရတော့၏၊ ငရဲကိုမြင်လိုပြန်လျှင်လည်း၊ ဤနည်းတူကြည့်ရှုပြုလုပ်အပ်သည်၊ မြင်ရတော့၏။ ဘယ်ဟာကိုမဆို မြင်လိုလျှင်၊ ဤနည်းတူကြည့်ရှုရသည်၊ မြင်ရတော့၏၊ ထိုထိုသော သတ္တဝါတို့ကို ကြည့်ရှု၍ မြင်ရလျှင်၊ ဤသတ္တဝါတို့သည် ဘယ်လိုကံကိုပြုခဲ့၍ ဤကဲ့သို့သော စည်းစိမ်ချမ်းသာကို ရပါသနည်းဟူ၍ လည်းကောင်း၊ ဒုက္ခကိုခံရပါသနည်းဟူ၍ လည်းကောင်း ထိုသတ္တဝါတို့၏ ကံကို ဆင်ခြင်ကြည့်ရှုလျှင် ကံကိုလည်းသိမြင်နိုင်တော့၏၊ ထိုကံကို သိမြင်နိုင်တဲ့ဉာဏ်ကို၊ "ယထာကမ္မုပဂ အဘိဉာဉ်"ဟု ခေါ်သည် ထိုသတ္တဝါတို့ကို နောင်ဖြစ်လတံ့သည်ကိုလည်း ဆင်ခြင်ကြည့်ရှုလျှင် သိမြင်နိုင်၏၊ ထိုသို့သိမြင်နိုင်သော ဉာဏ်ကို၊ "အနာဂတံသအဘိဉာဉ်"ဟု ခေါ်သည်၊ ဤအဘိဉာဉ်(၂)ပါးတို့ကိုလည်း ဒိဗ္ဗစက္ခုအဘိဉာဉ်သို့ သွတ်သွင်းထားသဖြင့်၊ လောကီအဘိဉာဏ် ငါးပါးဖြစ်သည်။ ဤတွင် ဒိဗ္ဗစက္ခုအဘိဉာဉ်ပြီး၏။

၂။ ဒိဗ္ဗသောတ အဘိဉာဉ်သည်ကား၊ ထိုဣဒ္ဓိမာ ပုဂ္ဂိုလ်သည် နတ်နားကဲ့သို့ သန့်ရှင်းကြည်လင်သော မြည်တွန်သံအစရှိသော အလွန်သိမ်မွေ့လှသောအသံ ဝေးစွာသော အရပ်၌ရှိသောအသံတို့ကို ကြားလိုသောအခါ အကာယ်၍ နတ်ပြည်က ပြောဆိုကြသော အသံကို ကြားလိုခဲ့ပါလျှင် ပေါ်ပါးသော ကသိုဏ်း တခုခုကို ထိုမိမိကြားလိုသောအသံရှိရာ အရပ်သို့ဖြန့်၍ တန်ခိုးနှိုစျာန်ကို ဝင်စား၍ ထ၍၊ ပကတိလူတို့စကားပြောသံကို နားကကြားရသကဲ့သို့၊ ဤနတ်ပြည်ကအသံကို ငါကြားအံ့ဟု ရည်မှန်းဆင်

မြင်ခြင်း၊ ပရိကံကိုပြု၍ တဖန်အဘိဥာဉ်ပါဒက ဈာန်ကိုဝင်စား၍ ထပြီးလျှင်၊ ဤနတ်တို့၏အသံကို ငါကြားစေသတည်းဟု ဓိဋ္ဌာန် ခြင်းကိုပြုအပ်၏၊ အဓိဋ္ဌာန် အဘိဥာဉ်ဇောကျသည်နှင့် တပြိုင် နက်ကြားရ၏၊ သို့အကယ်၍ မကြားရသေးလျှင် ဤနည်းတူ အဖန်ဖန်ဓိဋ္ဌာန်အင်၏၊ ကြားရသည်၊ ကြမ်းပိုး၊ သန်းစာမျဉ်းနီ မြည်တွန်သံ စသည်တို့ကို ဘယ်အသံမျိုးကိုမဆို မိမိကြားလိုသော အခါ ဤနည်းတူချည်း ပြုလုပ်အပ်သည်၊ထိုသို့အသံကိုကြားလာ ရာတို့၌ မိမိနားမလည်သော ဘာသာကွဲ အသံကိုကြားရလျှင် အသံကိုသာကြားရ၍ ဘာကို ဘယ်လိုဟှာကို ပြောသည်ဆိုတာ ကို ဟူ၍ကားမသိရသဖြင့်၊ ထိုအခါ ပရစိတ္တဝိဇာနနဉာဏ်ဖြင့် ထိုစကားပြောသောသူ၏ စိတ်အလိုကို သိအောင်လုပ်၍ စကား သံ၏ အဓိပ္ပာယ်ကိုလည်း သိအပ်နားလည်စေအပ်သည်၊ ဤကဲ့သို့ ပကတိနားဖြင့် မကြားကောင်းသော အသံတို့ကို ကြားနိုင်သော ဉာဏ်ကို နတ်နားကဲ့သို့ ကြားတတ်သဖြင့်၊ နတ်နားနှင့် တူခြင်း ကြောင့်၊ ဒိဗ္ဗသောတ အဘိဉာဉ်ဟု ခေါ်သည်။ ။ဒိဗ္ဗသောတ အဘိဉာဉ်ပြီး၏။

၃။ ဣဒ္ဓိဝိဓ အဘိဉာဉ်သည်ကား၊ ထိုဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မမြင်စေလိုသော အထည်ဝတ္ထုတို့ကို မမြင်ရအောင် ကွယ်ထား ခြင်း၊ ငယ်သော ဝတ္ထုကို ကြီးစေခြင်း၊ ကြီးသော ဝတ္ထုကို ငယ် စေခြင်း၊ နီးသောဝတ္ထုကို ဝေးစေခြင်း၊ ဝေးသောဝတ္ထုကို နီးစေ ခြင်း၊ သူတပါးတို့အား မေ့စေလိုသော အကြောင်းတို့ကို၊အမှတ် မရဘဲ သတိမေ့အောင် ပြုလုပ်ခြင်း၊ မိမိတကိုယ်တည်းက တရာ တထောင် စသည်တို့ကို ဖန်ဆင်းခြင်း စသည်တို့ကား၊ ရှေ့ပိုင်း၌ ရေးသားပြဆိုခဲ့ပြီးသော ကသိုဏ်း(၁၀)ပါးတို့၏ အစွမ်းသည်

ပင်လျှင်၊ ဖြစ်စေ ပြီးစီး စေနိုင်ကြကုန်သည်။ ။ဤတွင် တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းဟူသော ဣဒ္ဓိဝိဓ အဘိဉာဉ်ပြီး၏။

(၄) ပရစိတ္တဝိဇာနန အဘိဉာဉ်သည်ကား၊ ထိုဣဒ္ဓိမာပုဂ္ဂိုလ်သည်၊ သူတပါးတို့၏ စိတ်အကြံအစည်ကိုသိလိုသောအခါ တန်ခိုး၌ မနိုင်နင်းသေးသော အာဒိကမ္မိက အစပြုလုပ်သော ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု အဘိဉာဉ်ဖြင့်၊ သူတပါးတို့၏ နှလုံးသွေးကို ရှေးဦးစွာကြည့်ရှုရသည်၊ နှလုံးသွေးနီလျှင် ရာဂစိတ်ဘဲ၊ နှလုံးသွေးမည်းလျှင် ဒေါသစိတ်ဘဲ၊နှလုံးသွေးဝါလျှင် သဒ္ဓါစိတ်ဘဲ၊ နှလုံးသွေးဖြူလျှင် ပညာစိတ်ဘဲ စသည်ဖြင့် နှလုံးသွေးကိုမြင်သဖြင့် စိတ်ကိုလည်း ဘယ်လိုစိတ်ဘဲဟု သာမညအနုမာန နည်းအားဖြင့်သိရသည်၊ တန်ခိုးနှီး ဈာန်ကိုဝင်စား၍ ထပြီးလျှင် ဤသူ၏ စိတ်အကြံအစည်ကို ငါသိအံ့ဟု ရည်မှန်းဆင်ခြင်ခြင်း၊ ပရိကံကိုပြု၍အဘိဉာဉ်ပါဒကဈာန်ကို ဝင်စား၍ထပြီးလျှင် ဤသူ၏ အကြံအစည်ကို ငါသိစေသတည်းဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ ထိုစိတ်အကြံအစည်ကိုသိသော အဓိဋ္ဌာန် အဘိဉာဉ်စော ကျလာ၍သိရသည်။

သို့ အကယ်၍ ပထမအကြိမ်ဖြင့် မသိသေးငြားအံ့၊ ဤနည်းတူ အဖန်ဖန် ပြုလုပ်အပ်ကြသည်၊ သိရ၏၊ ဤကဲ့သို့ သိပါများ၍ နိုင်နင်းလာသောအခါကျလျှင် နှလုံးသွေးကို ကြည့်နေရန် မလိုတော့ဘဲ တခါတည်း စိတ်ကိုပင်ကြည့်၍ သိနိုင်တော့၏၊ နှလုံးသွေးမရှိတဲ့ အရူပဘုံ စိတ်ကိုလည်း သိနိုင်တော့၏၊ ဤ ပရစိတ္တဝိဇာနနအဘိဉာဉ်ကိုလည်း စေတောပရိယ အဘိဉာဉ်ဟူ၍လည်း ခေါ်သည်။ ။ပရစိတ္တဝိဇာနနအဘိဉာဉ် ပြီး၏။

(၅) ပုဗ္ဗေနိဝါသာ နုဿတိ အဘိဉာဉ်သည်ကား ထိုဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မိမိရှေးက ဖြစ်ခဲ့ဘူးသော ဘဝအစဉ်ကို သိလို အောက်မေ့လို အမှတ်ရလိုသောအခါ 'တေဇောကသိုဏ်း' ဩဒါတကသိုဏ်း 'အာလောက–ကသိုဏ်း' ဟု အလင်းရောင် ကသိုဏ်း သုံးခုတို့တွင် တခုခု၌ တန်ခိုးနှိုးစျာန်ကို ဝင်စား၍ထ၍ ယခုအခါမှစ၍ မိမိနို့စို့အခါ မိမိမွေးဖွားသောအခါကျအောင် နောက်ပြန် အစဉ်အတိုင်း မိမိနေဘူးပြုဘူး ဆိုဘူးသမျှအလုံးစုံကို ပရိကံစိတ်ဖြင့်ပင်လျှင် ဆင်ခြင်အောက်မေ့၍ အမှတ်ရ၍ သွားလျှင် နို့စို့အရွယ်ကျအောင် ပရိကံစိတ်မှာ ထင်ရှားအမှတ်ရနိုင်ပေသည်၊ ထို့နောက် အရင်းသို့ကျအောင် တိုး၍တိုး၍ ဆင်ခြင်အောက်မေ့အပ်၏၊ ထို့နောက် မသိနိုင်သော နေရာသို့ကျလျှင် ဤမွေးခါစအခါ ပဋိသန္ဓေ နေတဲ့အခါတို့ကို ငါသိအံ့ဟု ရည်မှန်းဆင်ခြင်ခြင်း၊ ပရိကံကိုပြု၍ အဘိဉာဉ် ပါဒကဈာန်ကိုဝင်စား၍ ထပြီးလျှင် ဤမွေးခါစအခါ၊ ပဋိသန္ဓေနေသောအခါကျအောင် ငါလာခဲ့သောအစဉ်ကို သိစေ အမှတ်ရစေသတည်းဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ သိနိုင်သော အဓိဋ္ဌာန် အဘိဉာဉ်ဇော ကျလာ၍ သိရပေသည်။

ထို့နောက် ငါသည် ဘယ်ဘဝ ဘယ်အဖြစ်က လာခဲ့သနည်း ငါလာခဲ့သော ရှေးဘဝကို သိစေအမှတ်ရစေသတည်းဟု ပရိကံပြုပြီးလျှင် စျာန်ကိုဝင်စား၍ထ၍ အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ ထိုအခါ ပဋိသန္ဓေမှ အရင်းသို့တိုးလျှက် ရှေးဘဝကို သိမြင်အမှတ်ရနိုင်သော အဓိဋ္ဌာန် အဘိဉာဉ်ဇောကျလာ၏၊ အကယ်၍ မသိနိုင် အမှတ်မရနိုင်သေးလျှင် နောက်ထပ်စျာန်ကို ဝင်စား၍ ဝင်စား၍ အဖန်ဖန်အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ သိမြင် အမှတ်

ရနိုင်တော့သည်၊ ဤယခုဘဝ၌ မိမိအဖြစ်အပျက် အကြောင်းအရာအလုံးစုံကိုလည်း အကုန်သိနိုင် အမှတ်ရနိုင်တော့သည်၊ ဤနည်းတူ ရှေးရှေးဘဝကိုလည်း သိအောင်အမှတ်ရအောင် နောက်ပြန်အောက်မေ့၍ သိအောင် ပြုလုပ်၍ သွားရသည်၊ ထိုသို့ ပြုလုပ်၍သွားသောအခါ မိမိ၏ စိတ်ဉာဏ် ထက်သန်သလောက် ဘဝများစွာကမ္ဘာများစွာ အောက်မေ့အမှတ်ရနိုင်ကြသည်၊ သိနိုင်ကြတော့၏၊ သာသနာပ ရသေ့ရဟန်းတို့က အောက်မေ့ကြသောအခါ ဉာဏ်အကြီးဆုံးပုဂ္ဂိုလ်သည် ကမ္ဘာကြီး လေးဆယ်ကျအောင် အမှတ်ရနိုင်သိနိုင်၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့ကား မိမိဆုတောင်းပါရမီ ဖြည့်ခဲ့သမျှ ကာလကုန်အောင် အမှတ်ရနိုင်သိနိုင်ကြ၏၊ သဗ္ဗညုဘုရားရှင်တို့ကား ကမ္ဘာ အသင်္ချေပေါင်း အနန္တအောက်မေ့ အမှတ်ရနိုင် သိနိုင်ကြ၏၊ စိတ်ဉာဏ် ထက်သန်ကြီးထွား သော ပုဂ္ဂိုလ်တို့သည် မိမိဘဝ အစဉ်ကိုသာမဟုတ် သူတပါးတို့၏ ဘဝအစဉ်ကိုလည်း အောက်မေ့ အမှတ်ရနိုင်သည်၊ သိနိုင်ကြသည်။ ။ဤတွင် ရှေးဘဝက ဖြစ်ခဲ့ဘူးသော ဘဝခန္ဓာအစဉ်ကို အောက်မေ့ အမှတ်ရနိုင် သိနိုင်သော ပုဗ္ဗေနိဝါသာ နုဿတိ အဘိဉာဉ်ပြီး၏။

ယောဂီအပေါင်းတို့။ အဘိဉာဉ် ငါးပါးထဲသို့ အရဟတ္တဖိုလ်ကို ထည့်လျှင် အဘိဉာဉ် ခြောက်ပါးဖြစ်သည်၊ ဤအဘိဉာဉ်ခြောက်ပါးတို့တွင် ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု၊ အရဟတ္တဖိုလ်၊ ဟူသောအာသဝက္ခယ ဤသုံးပါးကို ဝိဇ္ဇာသုံးပါးဟုခေါ်သည်၊ ဤအဘိဉာဉ် ခြောက်ပါးထဲကို ဝိပဿနာဉာဏ်နှင့်မနောမယိဒ္ဓိ တန်ခိုး ဤနှစ်ပါးကိုထည့်လျှင် ဝိဇ္ဇာရှစ်ပါးဟု ခေါ်ဆိုမှတ်သားအပ်သည်၊ မနောမယိဒ္ဓိ တန်ခိုးဟူသည်ကား မိမိကိုယ်

ထဲကို ကောင်းဇင်ဟု ဆင်ခြင်ဖန်ဆင်း၍ ထို ကိုယ်အခေါင်းထဲမှ မိမိကိုယ်ငယ်တခုကို ဖန်ဆင်း၍ ဓါးအိမ်မှဓါးကို ထုတ်နုတ် ဘိသကဲ့သို့ ထုတ်နုတ်၍ပြသောတန်ခိုးကိုခေါ်သည်။ ဤတန်ခိုး သည် ဣဒ္ဓိဝိဓတန်ခိုးပင်ဘည်း။ ယောဂီအပေါင်းတို့ ဤကဲ့သို့ ရေးသားပြဆိုထားသော အမည်အပိုင်းအခြား ဝေါဟာရခေါ် ဆိုပုံတို့ကို သိမှတ်ထားကြပါစေခြင်းငှာ တင်ပြ ရေးသားထား ပါသည်။

## အထူးမှတ်ချက် (၁၂)

ဤအာနာပါန ထွက်သက်ဝင်သက်၏
အပ္ပနာစျာန်ဖြင့်
အဘိဉာဉ်တန်ခိုးတို့ကို ဖြစ်စေနိုင်သည်

ယောဂီပုဂ္ဂိုလ် အပေါင်းတို့၊ ဤ ရေးသား ပြဆိုခဲ့ပြီးသော အကြောင်းတို့၌ ဣဒ္ဓိမာ ပုဂ္ဂိုလ်ဟု ခေါ်ဆိုသော စကားသည် အဘိဉာဉ်ငါးပါးတို့ဖြင့် တန်ခိုးအရာတွင် ပြုလုပ်ဆောင်ရွက်နိုင် သော ပုဂ္ဂိုလ်ကိုခေါ်သည်၊ နှီးစျာန်ကိုဝင်စား၍ ဟူသည်လည်း ကောင်း၊ တန်ခိုးနှီးစျာန်ကိုဝင်စား၍ ဟူသည်လည်းကောင်း၊ ခေါ်ဆို ရေးသားထားသောစကားသည် အဘိဉာဉ် ပြုလုပ်ခါ နီးတွင် စျာန်စိတ် ထက်သန် အားကောင်းလာအောင် ရှေးဦး စွာ ဝင်စားရသောစျာန်ဖြစ်၍ 'ပါဒကစျာန်' ပထမ အခြေခံ စျာန်ဖြစ်သည်၊ ဤစျာန်ကို နှီးစျာန်၊ သို့မဟုတ် တန်ခိုးနှီးစျာန်

ဟုခေါ်သည်၊ ဤဈာန်မှထ၍ မိမိအလိုရှိရာကို ရည်ညွှန်းဆင်ခြင်ခြင်းဖြစ်သော ပရိကံပြုခြင်းကို ပြုပြီးလျှင် 'ဒုတိယပါဒက' ဒုတိယအခြေခံဈာန်ဖြစ်သော အဘိညာဉ်၏ အခြေခံ ဖြစ်သည့် ဈာန်ကိုဝင်စား၍ ထ၍ အဓိဋ္ဌာန်ပြုကြရသည်၊ အဓိဋ္ဌာန်ဇော ကျလာ၍ မြင်ကြရသည်၊ ကြားကြရသည်ဟု ဆိုလိုရေးသားခြင်းဖြစ်သည်။

အဘိညာဉ်ပြုလုပ်ပုံအစီအရင်နည်းပြီး၏။

# စာရေးသူ၏ တင်ပြရှင်းလင်းချက်

ကျွန်တော်သည်၊ "အာနာပါနကမ္မဋ္ဌာန်းကို" နောက်နောင်သောအခါက လေ့လာလိုက်စားပြီး အနည်းငယ် အားထုတ်ခဲ့ဘူးပါသည်၊ ဤသို့ အားထုတ်ခဲ့ရာတွင် ကမ္မဋ္ဌာန်းဆရာများက အာနာပါန ထွက်သက်ဝင်သက်ကို ပြင်းပြင်းထန်ထန်နှင့် မြန်မြန် အချိန်တနာရီကြာအောင် အရှူခိုင်းသဖြင့်၊ အလွန်ပင်ပန်းဆင်းရဲပြီး၊ အချိန်ကိုပြည့်အောင် အားထုတ်ပြီး မရှူနိုင်တော့ဘဲလျက် မေ့လိုက်၍ ထွက်သက်ဝင်သက်ကို ရှူရခြင်းဖြစ်ခဲ့လေသည်။

ဤသို့ အာနာပါန ထွက်သက်ဝင်သက် အားထုတ်မှုသင်တန်းအကျင့် ယူခဲ့ရာတွင် အကျင့်မရှိသေးလို့ မရှူနိုင်တာဘဲဟု ထင်မှတ်ပြီး၊ အကျင့်ရအောင်(၁၅)ရက်လောက် အားထုတ်ပါသော်လည်း၊ ဤအချိန် တနာရီစခန်းပြည့်အောင် ထွက်သက်ဝင်သက်ကို ပြင်းပြင်းထန်ဆန်နှင့် မြန်မြန်ရှူခြင်းငှါ မလွယ်ကူသဖြင့် အားမထုတ်နိုင်တော့ဘဲလျက် အာနာပါန ထွက်သက်ဝင်သက် အားထုတ်မှုကမ္မဋ္ဌာန်းကို ရပ်ဆိုင်းလိုက်ရခြင်း ဖြစ်ခဲ့လေသည်။

ထိုသို့ ရပ်ဆိုင်းခဲ့ပြီးနောက် "ရှေ့ပိုင်း အတ္တုပ္ပတ္တိအကြောင်းမှာ" ရေးသားပြဆိုခဲ့သည့်အတိုင်း၊ နဝင်္ဂသီလကို ဟာအင်္ဂါပြည့်အောင် အဓိဋ္ဌာန်ဖြင့် ဆောက်တည် ခဲ့ပြီးနောက်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ တိုက်တွန်းနှိုးဆော်ချက်အရ တေဇောကသိုဏ်းကို အားထုတ်၍ အပ္ပနာဈာန်ကို ဝင်စားနိုင်ခဲ့ပါသည်၊ ယခုအချိန်အခါတွင်လည်း "အာနာပါန ကမ္မဋ္ဌာန်း အပ္ပနာဈာန်လမ်း"ကို အားထုတ်ရန် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က၊ ကျွန်ုပ်အား အချိန်တိုတိုနှင့် ပြုလုပ်အားထုတ်ပါရန် တိုက်တွန်း နှိုးဆော်စေခိုင်းချက်အရ အားထုတ်လာခဲ့ရာတွင် အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်လာသောအခါမှာ အာနာပါနဈာန်ကို ဝင်စားနိုင်ခြင်းဖြစ်လာသည်၊ ထိုအခါ၌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာ စကားဖြင့် ပြောသည်မှာ "သမ္ပန္နာဂတာယ ပဘာသေတ္တိ၊ ဈာနံဘဝိဿတိ" ဟူ၍ အာနာပါဈာန်၏ ဖြစ်ပေါ်လာမှုအကြောင်း စကားတော်ကို ဟောပြောပြသည်။

ဤသို့ ဟောပြောပြသော "မဂဓပါဠိစကား"ကို မှတ်သားထား၍ အနက်အဓိပ္ပာယ်တို့ကို မသိရသော အတွက်ကြောင့်၊ မှော စရိယဆရာတော်ထံသို့ သွား၍ အနက်အဓိပ္ပာယ်တို့ကို တောင်းယူသောအခါ ဆရာတော်ကပြောသည်မှာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သည့် နတ်သားကပြောသော ဤမဂဓ ပါဠိဘာသာစကားတို့ကို သဒ္ဒါနည်းဖြင့် အနက်ပေးလို့မရဘူး၊ အဓိပ္ပာယ်နက်သဘောအားဖြင့် ရေးမှတ်ယူသွားပါရန် ပြောပြပါသဖြင့်၊ ဘာသာပြန် အဓိပ္ပာယ်သဘောကို ရေးမှတ်ယူခဲ့ရပါသည်။

"သမ္ပန္နာဂတာယ ပဘာသေတ္တိ၊ ဈာနံဘဝိဿတိ"

အဓိပ္ပာယ်မှာ–

သမ္ပန္နာဂဘာသ..... သည်....(ပြည့်စုံသော) ....ဖြစ်သည်။

ပဘာ....သည်(အလင်းရောင်)ဖြစ်သည်။

သေန္တိ .. သည်(ကိန်းအောင်းကုန်၏)ဖြစ်သည်။

ဈာနံ....သည်(ဈာန်ကို) ဖြစ်သည်။

ဘဝိဿတိ....သည်(ဖြစ်လတ္တံ့) ဖြစ်သည်။

ဤသို့အဓိပ္ပါယ်ရသောစကားသည် ဘာသာပြန် အဓိပ္ပါယ်သဘောအရမှာ–

'ပြည့်စုံသော အလင်းရောင် ကိန်းအောင်းဖြစ်ပေါ်ကုန်၏။ ဈာန်ဖြစ်လတ္တံ့'ဟူ၍ ပြောပြခြင်းဖြစ်သည်။

ဤသို့ အာနာပါန ထွက်သက်ဝင်သက်ကို ရှုသောအခါ အလင်းရောင် ကိန်းအောင်းလျက် လာသည်တွင် ဈာန်ကိုဝင်စားလိုက်တိုင်း၊ ဝင်စားလိုက်တိုင်း၌ အခါတို့မှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က 'မဂဓပါဠိဘာသာစကားဖြင့် ဤအာနာပါနကမ္မဋ္ဌာန်း၏ဖြစ်ပေါ်လာမှုအကြောင်းတွေကို ဟောပြောပြသွားလေသည်။

ဤမဂဓစကားတွေကို အာနာပါန အားထုတ်မှုကို ဖော်ပြရေးသောစခန်းတွင် မရေးသားမဖော်ပြဘဲလျက် ဘာသာပြန်အဓိပ္ပါယ်သဘောအရကိုသာ တင်ပြရေးသားသွားပါမည် ဖြစ်သည်။ ယခုအမှာစကားတွင် အနည်းငယ် ဖော်ပြရေးသားထားခြင်းသည် စာပေကို လေ့လာလိုက်စားသူတို့အတွက် ဗဟုသုတဖြစ်ကြ၍ သိကြပါစေခြင်းငှါ လည်းကောင်း၊ မဂဓပါဠိစကား၏ စကားလုံးအသုံးအစွဲ အပြောအဆိုတို့ကို သဒ္ဒါနည်း

မကျပါသော်သည်း ဒီလိုဘဲ ရှေးအခါကာလက မဂဓတိုင်းသူ တိုင်းသားတို့ ခေါ်ဆို ပြောကြသည်ဟူ၍ မှတ်သားကြပါရန်လည်းကောင်း၊ ထိုအကြောင်းတို့ကို သိကြပါစေရန် ရည်သန်လျက် အနည်းငယ်သော 'မဂဓပါဠိဘာသာစကား' အချို့တို့ကို ရေးသားတင်ပြပါမည်။

အာနာပါန ထွက်သက် ဝင်သက်ကိုရှု၍ အလင်းရောင် ကိန်းအောင်း ဖြစ်ပေါ်လာသောအခါ ဝင်သက်ဖြင့် ရှုရှိုက်ပြီး အာနာပါနစျာန်ကို ခင်စားလိုက်သည်တွင် ထိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က 'မဂဓပါဠိဘာသာစကား'ဖြင့် ဟောပြောပြသည်မှာ....

၂။ ဣမံအာနာပါန၊ ကာယသတိပဋ္ဌာန စိတ္တံဘာဝန္တု၊ တေစိတ္တံ၊ သြဘာသေ ပဘာသေန္တော ဃေဝ၊ ရက္ခိဘဗ္ဗံ။

ဘာသာပြန် အဓိပ္ပာယ်အနက်

ဤထွက်သက်ဝင်သက်သည် ကိုယ်ကို သတိပြဋ္ဌာန်းသောစိတ် ဖြစ်ပေါ်ကုန်၏။ ထိုစိတ်သည် အလင်းရောင် ကိန်းအောင်းခြင်း သာလျှင် စောင့်ရှောက်အပ်ကုန်၏ဟူ၍ ဟောပြောပြခြင်း ဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ဟောပြောပြသောတရားကို သိမှတ်ကြပါစေရန် ရေးသား တင်ပြအပ်ပါသည်။

၃။ စျာနံ စျာနံဇနေတိ၊ ဉာတိသဗ္ဗအာရမ္မဏေန၊ ဝိဇ္ဇန္တိ၊ သဗ္ဗလောကေနဝိဇ္ဇန္တိ၊ သဗ္ဗသတ္တောနဝိဇ္ဇန္တိဟောတိ။ စျာနံ စျာနံဘာဝေထတုမှေ၊ သဗ္ဗဝိဇ္ဇာဓရဉာဏ၊ သိပ္ပံ ဘဝတိ။

## ဘာသာပြန် အဓိပ္ပာယ်အနက်

ဈာန်ကို ဈာန်ကိုဖြစ်စေတော်။ ထို့ကြောင့် အလုံးစုံသော အာရုံတို့ကို သိကုန်သည်ဖြစ်၍။ အလုံးစုံသော လောကတို့ကို သိကုန်သည်ဖြစ်၍။ အလုံးစုံသော သတ္တဝါတို့ကို သိကုန်သည် ဖြစ်၍။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ကြပါကုန် သော သင်'ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည်' ဈာန်ကို၊ ဈာန်ကို ပွါးများအားထုတ်ကြပါကုန်လော့၊ အလုံးစုံသောဝိဇ္ဇာထိုရ်တို့၏ ဉာဏ်အတတ်ကို ဖြစ်ပေါ်စေဘတ်ကုန်၏ဟူ၍ ဟောပြောပြခြင်း ဖြစ်သည်။

ဘနည်းအားဖြင့်လည်း ပုဂ္ဂိုလ်သူ၊ပုဂ္ဂိုလ်မြတ်က ဟောပြော ပြသော တရားကို သိမှတ်ကြပါစေရန် ရေးသားတင်ပြအပ်ပါ သည်။

၄။ ဘာဝေထ၊ ဘာဝေထ၊ ဈာနံဘာဝေထ၊ ဣဘိ ဘရိယန္တိ ယော၊

ဣမံဈာနစိတ္တံ၊ ဝိပဿနာဉာဏောဟောတိ၊ မဂ္ဂဉာဏော ဘဝိဿန္တိ။

## ဘာသာပြန် အဓိပ္ပာယ်အနက်

'ပွါးများကြ၊ 'ပွါးများကြ'ဈာန်ကို ပွါးများအားထုတ် ကြပါကုန်လော့။ ဤသို့ပြုလုပ်ခြင်းသည်သာလျှင် ဤဈာန်၏ စိတ်သည် ဝိပဿနာဉာဏ်သည်ဖြစ်၏။ မဂ်ဉာဏ်သည် ဖြစ်ပေါ် ကြကုန်လတံ့ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ဟောပြောပြသောတရားကို သိမှတ်ကြပါစေရန် ရေးသားတင်ပြအပ်ပါသည်။

၅။ ဣမံပရိဉ္ဇတ္တာမဝိဇ္ဇာဉာဏံ၊ မဂ္ဂေါ်ဝိမုတ္တော၊ သမုဒ္ဒါနန္တိ အတ္တိ၊
ဝိပဿနာဉာဏော၊ ပရိယုဋ္ဌာန၊ ဝိပ္ပမုတ္တောတိ အတ္တိ၊ တေ ဓမ္မာ၊ ဣစ္စန္တံ စိတ္တံဘာဝန္တု။

ဘာသာပြန် အဓိပ္ပာယ်အနက်

ဤအလွန်မြတ်သော ဝိဇ္ဇာဉာဏ်သည် မဂ်ကိုလွတ်မြောက်ကြောင်းရှိသည်။ ဝိပဿနာဉာဏ်သည် ယကြွသောင်းကျန်းခြင်းမှ ကင်းလွတ်သည်ရှိသည်။ ထိုတရားတို့ကို အလိုရှိတိုင်း စိတ်၌ဖြစ်ပေါ်လာကြကုန်၏ဟူ၍ ဟောပြောပြခြင်း ဖြစ်သည်။

မှတ်ချက်။ ။ဤတရားကို ဥဂ္ဂဟာနိမိတ်ကိုရသောအခါ၌ ဟောပြောပြခြင်းဖြစ်သည်။ 'ပရိဉ္ဇတ္တာဝိဇ္ဇာဉာဏ်' ဟုဆိုသည်မှာ ဥဂ္ဂဟာနိမိတ်ရင့်သန် အားကောင်းလာသောအခါမှာ ဖြစ်ပေါ်ရရှိလာသော 'ဝိဇ္ဇာဉာဏ်' ဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ဟောပြောပြသော တရားကို သိမှတ်ကြပါစေရန် ရေးသား တင်ပြအပ်ပါသည်။

၆။ သုဂတံဝစနတ္တာယဝေနံ၊ အဟံဒါမိ၊ ယေဓမ္မာ၊ ဣမံ အာနာပါန ဩဘာသေန္တသုဝိဇ္ဇာနာမစိတ္တံ၊ သဗ္ဗသော

ကောနဝိဇ္ဇန္တိ၊ သဗ္ဗေသဗ္ဗော နဝိဇ္ဇန္တိ။ သဗ္ဗဓမ္မေနဝိဇ္ဇန္တိ၊ သဗ္ဗ အာဂတာနဘယံဝိဇ္ဇန္တိ။ သဗ္ဗအာနေဟိသာဘံဝိဇ္ဇန္တိ၊ တေ နတုမေ၊ တေဝိဇ္ဇာနာမစိတ္တံ၊ သမ္ဗုဒ္ဓာဂတသာ ပဘာ သေနန္တောယေဝ၊ ရက္ခံ တဗ္ဗန္တိဒိ နေဒိ နေ။ ။

## ဘာသာပြန်အဓိပ္ပါယ်အနက်

ကောင်းသောစကားကို ပြောဆိုခြင်းငှာ 'ငါသည်' ဟော၍ ပြောကုန်၏။ အကြင်တရားတို့သည် ဤ ထွက်သက်ဝင်သက် အ လင်းရောင်ကိုန်းအောင်းသည့် ဝိဇ္ဇာမည်သောစိတ်သည် အလုံးစုံ သောလောကတို့ကို သိကုန်သည်။ အလုံးစုံသော သတ္တဝါတို့ကို သိကုန်သည်။ အလုံးစုံသောတရားတို့ကို သိကုန်သည်။ အလုံးစုံ သောလာလတံ့သော ဘေးတို့ကို သိကုန်သည်။ အလုံးစုံသော ဆောင်ယူလာသောလာဘ်တို့ကို သိကုန်သည်။ ထို့ကြောင့် 'သင်' ယောဂီအပေါင်းတို့သည် ထိုဝိဇ္ဇာမည်သောစိတ်ကို ပြည့်စုံသော အလင်းရောင် ကိန်းအောင်းခြင်းသာလျှင် နေ့တိုင်း နေ့တိုင်း စောင့်ရှောက်အပ်ကုန်၏ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြော ပြသောတရားကို သိမှတ်ကြပါစေ၍ ရေးသား တင်ပြအပ်ပါ သည်။

၇။ ဣမံအာနာပါန သြဘာသေန္တသစိတ္တံ၊ ပရိကုလ္လာလဝိဇ္ဇာ နာမဥာဏံဟောတိ၊ ဇောဥာဏံ၊ ဇေဂ္ဂဝိမုတ္တောပိ၊ ဖလ သမာပတ္တိစိတ္တံဟောန္တိ၊ အရဟတ္တမဂ္ဂဝိမုတ္တောပိ၊ ဖလ သမာပတ္တိစိတ္တံဘဝန္တု၊ တေဓမ္မံ ဝေံအာဟံဝဒါမိ။ ။

## ဘာသာပြန်အဓိပ္ပါယ်နက်

ဤထွက်သက်ဝင်သက် အလင်းရောင် ကိန်းအောင်းသောစိတ်သည် အလွန်စင်ကြယ်သည့် ဝိဇ္ဇာမည်သောဉာဏ်ဖြစ်သည်။ ထိုဉာဏ်သည်မဂ်မှလွတ်မြောက်သော်လည်း(ဖလသမာပတ်)ဖိုလ်ဝင်စားခြင်းစိတ်ကို ဖြစ်ကုန်၏။ အရဟတ္တမဂ်မှ လွတ်မြောက်သော်လည်း(ဖလသမာပတ်) ဖိုလ်ဝင်စားခြင်းစိတ်ကို ဖြစ်ပေါ်ကြကုန်သည်။ထိုတရားတို့ကို ဤသို့'ငါသည်'ဟောပြောကုန်၏ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

(မှတ်ချက်) ဤတရားကို ပဋိဘာဂနိမိတ်ကို ရသောအခါ၌ ဟောပြောပြခြင်းဖြစ်သည်။ 'ပရိကုဏ္ဍလဝိဇ္ဇာနုမဉာဏ' ဟုဆိုသည်မှာ ပဋိဘာဂနိမိတ်ကိုရ၍ ရင့်သန်အားကောင်းလာသော အခါမှာ ဖြစ်ပေါ်ရရှိလာသော 'ဝိဇ္ဇာဉာဏ်'ဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကဟောပြောပြသောတရားကို၊ သိမှတ်ကြပါစေရန်၊ ရေးသားတင်ပြအပ်ပါသည်။

၈။ မဂ္ဂဉာဏသမ္ပန္နဂတာသ စိတ္တံ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိမောက္ခန္တိ၊ စိတ္တန္တိအတ္ထို၊ တေနစိတ္တေန မမ္မေန၊ နတ္ထိ ဇာလံ၊ နတ္ထိဘူတံ၊ နတ္ထိဝေကိစ္ဆ၊ ဒုက္ခ၊ ဒေါမနဿ သောကာ ရိဒေဝ၊ ဗျာပါဒေါ ဟောတိ။

## ဘာသာပြန် အဓိပ္ပာယ်အနက်

မဂ်ဉာဏ်နှင့်ပြည့်စုံသောစိတ်သည် အထူးသီလ၊ အထူးစိတ်၊ အထူးလွတ်မြောက်သော စိတ်ဖြစ်ဟူ၍ရှိ၏။ ထို့ကြောင့် စိတ်ဖြင့်

တရားဖြင့် ကိလေသာကွန်ရက်မရှိ၊ ဖြစ်ခြင်းမရှိ၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပူပန်ငိုကြွေးခြင်း၊ ပူဆွေးဒုက္ခရောက်ခြင်း တစုံတခုမျှ မရှိသည်သာလျှင်ဖြစ်၏ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟောပြောပြသောတရားကို သိမှတ်ကြပါစေရန် ရေးသားတင်ပြအပ်ပါသည်။

၄။ ဣမံ့အာနာပါနမဂ္ဂဉာဏစိတ္တံ၊ အသခ်တနိဗ္ဗာနသုခံ၊အာရမ္မဏ ကတွာနဟောတိ၊ အရဟတ္တမဂ္ဂဉာဏစိတ္တံ၊ အသခ်တနိဗ္ဗာနသုခံ၊ အာရမ္မဏကတွာနဟောတိ၊ တေစိတ္တံ ဖလသမာပတ္တိစိတ္တန္တိ၊ ဝိသုံ ဝိသုံ ဘဝန္တုဟောတိ၊ တုမ္ဟေဣမံ အာနာပါနမ္မံ၊ အာရမ္မဏေန ရက္ခန္တုနိစ္စံ။

## ဘာသာပြန် အဓိပ္ပာယ်အနက်

ဤထွက်သက်ဝင်သက် မဂ်ဉာဏ်စိတ်သည် ပြုပြင်စီရင်ခြင်း မရှိသော နိဗ္ဗာန်ချမ်းသာကို အာရုံပြုခြင်းသည်ဖြစ်၏။အရဟတ္တမဂ်ဉာဏ်စိတ်သည် ပြုပြင်စီရင်ခြင်းမရှိသော နိဗ္ဗာန်ချမ်းသာကို အာရုံပြုခြင်းသည်ဖြစ်၏။ ထိုစိတ်သည် (ဖလသမာပတ်) ဖိုလ်ဝင်စားခြင်းစိတ်ဟူ၍ အသီးအသီး ဖြစ်ပေါ်ကြကုန်သည်ဖြစ်၏။ 'အာနာပါနကမ္မဋ္ဌာန်း စျာန်လမ်းကို စီးဖြန်းအားထုတ်ကြပါကုန်သော သင်တို့သည်' ဤထွက်သက်ဝင်သက်တရားကို အာရုံပြု၍ အမြဲစောင့်ရှောက်သွားကြပါကုန်လော့ ဟူ၍ ဟောပြောပြခြင်းဖြစ်သည်။

တနည်းအားဖြင့်လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဟော ပြောပြသောတရားကို သိမှတ်ကြပါစေရန် ရေးသားတင်ပြအပ် ပါသည်။

၁၀။ ဣမံ့မမ္မာနံ့ပဘာသေန္တသာအာနာပါနုစျာနဥာဏံ၊ သဗ္ဗ လောက နိရုဇ္ဈိတ္ဝာန၊ မဂ္ဂမမ္မာနံ၊ ဓမ္မသဘာဝံ၊ ဝိဇ္ဇန္တိ ဟောတိ၊ တေနမဂ္ဂဥာဏောဥဂ္ဂစ္ဆတိ။

## ဘာသာပြန် အဓိပ္ပာယ်အနက်

ဤတရားသည် အလင်းရောင်ကိန်းအောင်းသော ထွက်သက် ဝင်သက်စျာန်ဥာဏ်ဖြစ်သည်၊ အလုံးစုံသော လောကကို ချုပ် ငြိမ်း၍ မဂ်တရားကိုလည်းကောင်း၊ တရားသဘောကို လည်း ကောင်း၊ သိကုန်သည်ဖြစ်၏။ ထို့ကြောင့် မဂ်ဉာဏ်ကို တက် ရောက်၏ဟူ၍ တရားနိဂုံးချုပ်သဘောအားဖြင့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ်က ဟောပြောပြသွားသည်။

ဤသို့ဟောပြောသော 'မဂဓေါင္ဂ'စကားတို့ကို အာနာပါန အားထုတ်မှုစခန်းကိုရေးသော 'ပထမဆင့်' 'ဒုတိယဆင့်'တို့တွင် မဖော်ပြဘဲလျက် ဖြစ်ပေါ်လာမှု အတွေ့အကြုံ၊ အမြင်တွေ့နှင့် ကြားသိလာခဲ့ရသောတရား စကားတွေကို ဘာသာပြန်အဓိပ္ပါယ် သဘောအရလောက်သာ ရေးသားဖော်ပြသွားပါမည်ဖြစ်သည်။

ယခုတင်ပြရှင်းလင်းချက်ကို ရေးသားဖော်ပြခြင်းမှာ မဂဓ ပါဠိဘာသာစကားကို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က အာနာပါန

ဈာန်ကိုဝင်စာ နေစဉ်အခါ၌ ဤသို့ ဟောပြောသည့်အကြောင်းကို စာပေကိုလေ့လာသူတို့ သိမှတ်ကြရန် ရည်သန်လျက် ထည့်သွင်းရေးသားလိုက်ရခြင်းဖြစ်ပါသည်။

# နိဂုံး

ဤအာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းသည်၊ လောက ဓမ္မ နှစ်ဋ္ဌာနအကျိုးကို တိုးတက်အောင်မြင် စေတတ်သော သမထလမ်းကြောင်းတခုဖြစ်သဖြင့် ယောဂီပုဂ္ဂိုလ် အပေါင်းတို့သည် ထက်ထက်သန်သန် မွန်မွန်မြတ်မြတ် အားကြိုးမာန်တက် ပြုလုပ်အားထုတ်သွားကြပါရန်၊ ညွှန်ကြားပြသ နည်းပေး လမ်းပြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က မဂဓပါဠိဘာသာစကားတို့ဖြင့် ဟောပြောညွှန်ကြားပြသခဲ့ခြင်း ဖြစ်သည်၊ ဤသဘော လမ်းကြောင်းဖြစ်သော အာနာပါန ကမ္မဋ္ဌာန်းလမ်းကို တကယ်တမ်း အားကိုးပြီး၊ တရားအကျိုးကို အားကိုးမျှော်လင့်လျက် အားထုတ်ကြပါလျှင် တမဂ်ဘဖိုလ်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ လမ်းကောင်းအမှန်ဖြစ်သည်၊ သို့တည်းမဟုတ် စျာန်ကို အခြေခံ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အလိုရှိကြကုန်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့သည်၊ အပ္ပနာစျာန်ကိုတက်၍ အားထုတ်ပြုသုပ်ခဲ့ကြ ပါသော် အပ္ပနစျာန်မှ ဖြစ်ပေါ်ရရှိလာသော ဝိပဿနာဉာဏ်ဖြစ်ပေါ်လာမှုတွေ့ စျာန်စိတ်၌ တဖွားဖွား ဖြစ်ပေါ်လာမှုတို့ကြောင့် တမဂ်တဖိုလ်သို့လည်း ဆိုက်ရောက်နိုင်ကြောင်း ရှိသည်၊ ဤသို့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆိုက်ရောက်သေးမူ၍ လောက၌ အကြွင်းမရှိသော စျာန သုခဖြင့် ခံစားလျက် ခံစားလျက် နေနိုင်ကြဖြစ်သည်။

ဤသို့သော သမထလမ်းကြောင်းတခုကို အားထုတ်ကြရန် အထူးတလည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က တိုက်တွန်းညွှန်ကြား လျက်ဟောပြောပြသစေကာမူ အားမထုတ်ကြလျှင် အကျိုးကျေးဇူးကို မဖြစ်ပေါ် မခံစားရဘဲ ရှိပေသည်၊ ၎င်းအပြင် သဘာဝအလျောက် ဖြစ်ပေါ်၍ နေသော ပတ္တမြားကျောက်ရိုင်းတခုကို မြေမှတူးဖော်၍ ရရှိသောအခါ ထိုပတ္တမြားကျောက်ရိုင်းကို ရှေးဦးစွာမြင်ရသည်မှာ အပြင်က အမြှုပ်အကာတွေ ပေါ်ရှိနေသဖြင့် တန်ဘိုးမရှိဘူးဟူ၍ ထင်မှတ်ရသည်။ ရောင်းသူတို့၏ လက်ထဲသို့ ရောက်သွားသော အခါတွင် အမြှုပ်အကာတွေ လွှတ်အောင် လုံးချောကလေး သွေးလိုက်သောအခါ ထိုပတ္တမြား ကျောက်မျက်ရတနာသည် အရောင်အသွေး အလွန်ကောင်းပြီး၊ တန်ဘိုးများစွာယိုက်ဘန်သည့် ကျောက်မျက်ရတနာ တခုဖြစ်လာလေသည်။

ဤသို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ညွှန်ကြားဟောပြောသော အာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းသည် ယောဂီတို့၏ လက်ထဲသို့ ရောက်သောအခါတွင် အားထုတ်ပွားလုပ်ကြသောအခါ အလွန်တရာ တန်ဘိုးကို မဖြတ်နိုင်သော မဂ်ရတနာ ဖိုလ်ရတနာတို့ဖြစ်ပေါ်ဆိုက်ရောက်လာမည် အမှန်ဖြစ်သည်၊ သို့ပါသောကြောင့် ပတ္တမြားကျောက်ရိုင်းကို သွေးယူရဘိသကဲ့သို့ ဤအာနာပါန ကမ္မဋ္ဌာန်းစျာန်လမ်းကို အလင်းရောင်တွေ ကိန်းအောင်း၊ ကွန့်မြူးအစူးသဖြင့် ပေါ်ထွက်လာအောင် နေ့တိုင်း နေ့တိုင်း ထွက်သက်ဝင်သက်ကိုရှုပြီး အားထုတ်ပွားလုပ်ကြပါ ကုန်လော့ဟူ၍ နိဂုံးချုပ်အမှာစကားတရပ်ကို ရေးသားတင်ပြအပ်ပါသည်။

# သစ္စာပြု၍ဆုတောင်းခြင်း

ကျွန်ုပ်သည် ရှေ့ပိုင်း၌ ရေးသားဖေါ်ပြခဲ့သော တောဇော ကသိုဏ်းကမ္မဋ္ဌာန်းနှင့် အပွန်းဈာန်လမ်းကိုလည်းကောင်း၊ ယခု နောက်ပိုင်း၌ရေးသားဖေါ်ပြသော အာနာပါနကမ္မဋ္ဌာန်း ဈာန် လမ်းနှင့်အပွန်းဈာန်လမ်းကိုလည်းကောင်း ဤကမ္မဋ္ဌာန်းတို့သည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ညွှန်ကြားတိုက်တွန်း စေခိုင်းသော ကမ္မဋ္ဌာန်းလမ်းစဉ်တို့ ဖြစ်ပါသည်။ ဤကမ္မဋ္ဌာန်းတို့ကို ကျွန်ုပ် ကိုယ်တိုင် အားထုတ်ပြုလုပ်လာခဲ့ပါသဖြင့် ကိုယ်တိုင် ဖြစ်ပေါ် ရရှိကြားသိလာခဲ့ရသော လက်တွေ့အကြောင်းတို့သာလျှင် ဖြစ် ပါသည်။

ဤသို့ရေးသားဖေါ်ပြခဲ့သော တရားအားထုတ်မှုလမ်းစဉ်နှင့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်က ဟောပြောပြသထားသော တရားတို့ကို တင်ပြရေးသားခြင်းသည် မဟုတ်မမှန် လုပ်ကြံပြီး ရေးသားခဲ့ပါ လျှင် ကျွန်ုပ်သည် အပါယ်ငရဲသို့ ကျရောက်ပါစေသတည်း။ ဤသို့ဟုတ်မှန်သည့်အတိုင်း အမှန်ကိုသိကြပါစေဟူသော စေတ နာဖြင့် ရေးသားဖေါ်ပြခြင်းသည် ဘာအသချေမှစ၍ ယခု ဘဝသို့တိုင်အောင် ဖြည့်ကျင့်လာခဲ့ရသော ပါရမီပန်ဆင်လာခဲ့ သော 'လက်ဝဲရံ ဘဝက'၏ ဆုထူးဆုမြတ်ကို ဆောလျှင်မြန် ပြည့်စုံပါစေသတည်း။

ဦးမင်းရှိန်

# အင်းယားကန်သို့ ဒိုကျိုတို့

## မင်းသုဝဏ်

(၁၉၂၆ မှ ၁၉၇၂ ထိ)

ကဗျာများ

ပြန်လည်ရိုက်နှိပ်ရန် စီစဉ်နေပြီ

နှယ်ကိုယ်စားလှယ်များ စာရင်းပေးသွင်းကြပါ။



ဦးသိန်းမောင်

ဗုဒ္ဓ၏

# ပညတ်တော်သာဓကများ

ဆရာပါရဂူ အမှာရေးသည်



တအုပ် ၃ ကျပ်

ရှေ့လထွက်မည်။

အပြည့်စုံဆုံး အကောင်းမွန်ဆုံး ဖြစ်အောင်

အသစ်တဖန် ထပ်မံရိုက်နှိပ်နေပါပြီ

# ဆယ်စောင်တွဲ

ဆယ်စောင်တွဲဟုဆိုသော်လည်း

ဆယ်စောင်မကပါ မျိုးပေါင်းစုံလှပါသည်။

နယ်ကိုယ်စားလှယ်များ စာရင်းပေးကြပါ။

တအုပ် ၅ ကျပ်




တအုပ် ၅ ကျပ်

ရွှေ့လထွက်မည်

လိပ်ခေါင်းရောဂါရှင်များတို့ ဝမ်းမြောက်ဘွယ်ရာ

**ဆေး စွမ်း ကောင်း ကြီး ပေါ်ထွက်လာပြီ**

# လိပ်ခေါင်းရောဂါပြေဆေး

ဤလိပ်ခေါင်းရောဂါ ပြေဆေးသည် လိပ်ခေါင်း ရောဂါကြောင့်ဒုက္ခဝေဒနာများ ခံစားနေရသူများအတွက် အထူးသဖြင့် လတ်ဆတ်သော ဆေးမြစ်စုံဖြင့် ဖော်စပ်ထားပါသည်။

ထိုလိပ်ခေါင်းရောဂါများတို့ကြောင့် ခါးနာ၍နောက်ကျောတက်ခြင်း၊ ဇက်ထိုး ခေါင်းကိုက်ခြင်း၊ ဒူးနာပေါင်ကိုက်ခြင်း၊ စအိုအတွင်းမှကိုက်ခြင်း၊ စအိုဆောင့်၍ မထိုင်နိုင်ခြင်း၊ သွေးယိုသွေးထွက်ခြင်းတို့ကို အထူးသဖြင့် ပျောက်ကင်း ချမ်းသာစေနိုင်သည်။

(၇) ရက်စာအတွက်ဆေးတထုပ် ၃/ကျပ်

# လိပ်ခေါင်းရောဂါအမြစ်ဖြတ်ဆေး

ဤဆေးသည် လိပ်ခေါင်းရောဂါများတို့ကိုဖြတ်၍ မကုသနိုင်သောဘဲလျှက် အတွင်းစားဆေးကို စားကာမျှနှင့် အမြစ်ပြတ်အောင် ပျောက်ကင်း ချမ်းသာစေနိုင်သည်။

အချက်(၂၀)အတွက်၊ နံနက်စားရန်အမြစ်ဖြတ်ဆေး တထုပ်၅-ကျပ်

အချက်(၂၀)အတွက်၊ ညစားရန်အမြစ်ဖြတ်ဆေးတထုပ် ၁၀-ကျပ်

စုံစမ်းရန်နှင့်ဆေးကိုဝယ်ယူရနိုင်သောနေရာဌာန

ဦးဘရှိန်၊ အမှတ် ၁၉/၃-လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ အောက်ကြည့်မြင်တိုင်။

## ငွေစာပေရိပ်မြုံမှ

## ဆက်လက်ထွက်လာမည့် စာအုပ်များ

၁။ ဗုဒ္ဓဘာသာတို့၏ အိမ်တိုင်းတွင်ရှိနေရမည်ဖြစ်သော
ဗုဒ္ဓေ-မူမှန်မူသန့် ဆယ်စောင်တွဲ ၅-ကျပ်

၂။ မြန်မာရာဇဝင်တွင် ထွန်းပြောင်တောက်ပခဲ့သော
ရှေးမြန်မာစာ အရေးအသား စံပြကျမ်းတစောင်
ဖြစ်သည့် ရာဇဓိရာဇ်အရေးတော်ပုံ ၆-ကျပ်

၃။ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေစဉ်က ရက်သတ္တ
တပတ်အတွင်း ကုန်သွားသဖြင့် မရလိုက်ကြသော
ပရိသတ်များ၏ တောင်းဆိုချက်ကြောင့် ပြန်လည်
ရိုက်နှိပ်ထုတ်ဝေရပြန်သည့် (မင်းသုဝဏ်)
အင်းယားကန်သို့အိုကုတို့ ၅-ကျပ်

၄။ သဒ္ဒါမပိုင်စာမကိုင်နှင့် သတ်ပုံမတတ်စာမစပ်နှင့်
ဆိုရိုးစကားကို လေးစားသူတိုင်း လက်ကိုင်ပြုရမည့်
(မောင်သုတ)မြန်မာစာမြင့်ချင်လွန်းလို့ ၁၅-ကျပ်

၅။ ဆန်းကျယ်သောဖြစ်ရပ် လျှိုဝှက်သောဇာတ်လမ်း
ကြင်နာဘွယ် ရင်နာဘွယ်တို့ဖြင့် ရောစွက်ချယ်မှုန်း
ထားသောဝတ္ထု (တင့်ဆန်း)
တိမ်းမူးညွတ်ကြင် ၄-ကျပ်